# ဘာဝနာဖလလုပ္ပဋ္ဌိကျမ်း

# ဝံသာနု-ဦးမြိုင



၁-နံပါတ်
၂-နံပါတ်
၃-နံပါတ်

အရောင်ခိုင် အာမခံ သင်္ကန်းများကို
အလိုရှိရာ လက်လီ-လက်ကားရနိုင်ပါသည်။
ဖေါက်သည်ဈေး စုံစမ်းပါ။

●

လောကီ-လောကုတ္တရာ ကျမ်းစာအမျိုးမျိုးကို
ဖေါက်သည်ဈေး မေးမြန်းစုံစမ်းပါ။

ခပ်သိမ်းသော အမျိုးကောင်းသားတို့

ကြည့်ရှုမှတ်သားလွယ်ရန်

ကျမ်းဂန်အရပ်ရပ်မှ ထုတ်နှုပ်အပ်သော

ဘာဝနာအမျိုးမျိုးတို့၏ အကျိုးပေးဟန် အတ္ထုပ္ပတ္တိကို

ပြရာဖြစ်သော

ညောင်ကန်ဆရာတော် ဦးဗုဓ်

၏

# ဘာဝနာဖလပ္ပတ္တိကျမ်း

●

ခေတ်-စာပြင်မှူး ဦးတင့်လွင်

ကြပ်မပြင်ဆင်သည်။

●

ဝံသာနု-ဦးပျိုင်

စာအုပ်နှင့် သင်္ကန်းပရိက္ခရာဆိုင်ကြီး။

အမှတ်-၃၇-၃၀၊ ရွှေတိဂုံ ဘုရားကြီးဈေး

ရန်ကုန်မြို့။

116-A

ခေတ်-စာပုံနှိပ်လုပ်ငန်း
အမှတ်-၉၀၊ ကွမ်းရွှဲတန်း၊ ကြည်မြင်တိုင်။

၁၃၁၉-ခု၊ နတ်တော်လ ၁၉၅၇-ခု၊

# မာတိကာ

●


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း .... .... .... | (င) |
| ၁ | ခန္ဓာငါးပါးကို လက္ခဏာသုံးပါးနှင့် ပွားများပုံ .... | ၁ |
| ၂ | သင်္ခါရတို့ကို လက္ခဏာသုံးပါးနှင့် ပွားများပုံ .... | ၃ |
| ၃ | ယောဂီအား လျော်သောဝိပဿနာကို ပြဆိုခြင်း .... | ၅ |
| ၄ | ပဋိစ္စသမုပ္ပါဒ် လည်ပုံ-ဖြတ်ပုံကို ပြဆိုခြင်း .... | ၇ |
| ၅ | ဣရိယာပုထ်လေးပါးနှင့် လက္ခဏာသုံးပါးကို ပြဆိုခြင်း .... .... .... | ၈ |
| ၆ | သစ္စာလေးပါး ပွားများပုံကို ပြဆိုခြင်း .... | ၁၁ |
| ၇ | ကလျာဏမိတ္တပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါတို့ကို ပြဆိုခြင်း | ၁၃ |
| ၈ | ဝေဒနာသုံးပါးကို လက္ခဏာသုံးပါးဖြင့် ဆင်ခြင်ပုံ | ၁၅ |
| ၉ | ဥပဓိလေးပါးကိုလက္ခဏာသုံးပါးဖြင့်ဆင်ခြင်ပုံကို ပြဆိုခြင်း .... .... .... | ၂၀ |
| ၁၀ | တဏှာပယ်ရမည့်အကြောင်းကို ပြဆိုခြင်း .... | ၂၃ |
| ၁၁ | ကမ္မဋ္ဌာန်းပွားများပုံကို အကျဉ်းပြဆိုခြင်း .... | ၂၆ |
| ၁၂ | အနုဿတိ ၁၀-ပါး စီးဖြန်းပုံ .... .... | ၂၈ |
| ၁၃ | ပဋိကူလသညာ၌ ဆင်ခြင်ပုံ .... .... | ၂၉ |
| ၁၄ | ဝဝတ္ထာန် ဗြဟ္မဝိဟာရလေးပါး,အရူပဈာန်လေးပါး ပွားများပုံ .... .... .... | ၃၀ |
| ၁၅ | မရဏာနုဿတိ ပွားများပုံနှင့် အကျိုးအပြစ်ကို ပြဆိုခြင်း .... .... .... | ၃၁ |
| ၁၆ | ရူပ-အရူပကမ္မဋ္ဌာန်း နှလုံးသွင်းပုံ .... .... | ၃၃ |
| ၁၇ | အို,နာ,သေခြင်းတရားတို့ကို နှလုံးသွင်းပုံ ... | ၃၅ |
| ၁၈ | ဓါတ်လေးပါးကို မြွေလေးစင်းဥပမာဖြင့် ပြဆိုပုံ.... | ၄၄ |
| ၁၉ | သတ္တဝါတို့၏အရိုးစုကို ဝေဘူလတောင်နှင့်ဥပမာပြပုံ | ၅၆ |
| ၂၀ | ဘေးလေးပါးကို နွားကျောင်းသားဥပမာနှင့်ပြဆိုပုံ | ၄၉ |

မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁ | ရာဂ, ဒေါသ, မောဟာဘကျွာတရားတို့၏ဖမ်းဆီးပုံကို ပြဆိုခြင်း .... .... .... | ၅၀ |
| ၂၂ | စကားပြောဆိုရာ၌ ဘာဝနာမယုံကြည်လိမ်ဖြစ်အောင် ပြောဆိုနည်းကိုပြဆိုခြင်း .... .... | ၅၁ |
| ၂၃ | ဓမ္မာနုဂ္ဂဟာအကျိုးကြီးပုံကို ပြဆိုခြင်း .... | ၅၄ |
| ၂၄ | အရိယာမဂ်သို့ရောက်ရန် အားထုတ်ပုံကို ပြဆိုခြင်း | ၆၁ |
| ၂၅ | သံသရာတခွင်၌ဆွေမျိုးမတော်စပ်ဘူးသူမရှိကြောင်း ကို ပြဆိုခြင်း .... .... .... | ၆၄ |
| ၂၆ | လူလေးမျိုးကို ပြဆိုခြင်း .... .... | ၆၅ |
| ၂၇ | ရာဂ, ဒေါသ, မောဟတရားတို့ကိုမီးသုံးပါးဥပမာနှင့် ပြဆိုခြင်း .... .... .... | ၆၈ |
| ၂၈ | တနည်း မီးသုံးပါးကို ပြဆိုခြင်း .... .... | ၆၉ |
| ၂၉ | ဇာတိ, ဇရာ, မရဏ တို့ကို ရန်သူသုံးဦးပမာ ရှုဆင်ခြင်ပုံ .... .... .... | ၇၀ |
| ၃၀ | ယောကျ်ား-မိန်းမဘာသာအမျိုးမျိုးဖြင့် သံသရာလည်ပုံ | ၇၃ |
| ၃၁ | ပရမေါ်ရက်ကြောင့် အရှင်အနန္ဒာ၏ အတိတ်ဘဝကို ပြဆိုခြင်း.... .... .... .... | ၇၅ |
| ၃၂ | သံသရာ၌ ပညာမဲ့-ပညာမဲ့ဘို့၏ အနည်းအများကို ရှုဆင်ခြင်ပုံ .... .... .... | ၇၇ |
| ၃၃ | သူတော်ကောင်းဥစ္စာ ခုနစ်ပါးနှင့် ပြည့်စုံသူကို ပြဆိုခြင်း .... .... .... | ၈၁ |
| ၃၄ | အပ္ပမာဒ တရားနှင့် ပြည့်စုံသော သူတို့ ပစ္စုပ္ပန်, သံသရာ၌ အကျိုးရှိပုံကို ပြဆိုခြင်း .... .... | ၈၄ |
| ၃၅ | တဏှာသည်မိမိကိုယ်ကိုဖျက်ဆီးတတ်ပုံကိုပြဆိုခြင်း | ၈၇ |
| ၃၆ | ပစ္စည်း၌ တပ်မက်ခြင်း ကာမကြောင့် သက်နိုး၌ သန်းဖြစ်ရသော တိဿမထေရ် ဝတ္ထု .... | ၈၈ |
| ၃၇ | ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအကျိုးကိုပြသောဝတ္ထု .... | ၉၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၇ | တရားနာကြားရသော ဘာဝနာ ကုသိုလ်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ဘူးသော အဝရောဇ ဝတ္ထု .... .... .... | ၁၂၁ |
| ၃၉ | ဝိပဿနာ ဘာဝနာကို ပွား များ ခြင်း ကြောင့် ရဟန္တာဖြစ်ဘူးသော မိတ္တကာလိဝတ္ထု .... | ၁၂၃ |
| ၄၀ | အပ္ပရာဇိတ ဒါယကာဝတ္ထု .... .... | ၁၂၅ |
| ၄၁ | အကျိုးလေးပါးကိုရသော ပုဏ္ဏားရှစ်ယောက်ဝတ္ထု | ၁၂၇ |
| ၄၂ | ချမ်းသာသုခနှင့်ပြည့်စုံသော သမ္မာဒိဋ္ဌိသူငယ်ဝတ္ထု | ၁၂၉ |
| ၄၃ | ရှိခိုးခြင်း ဘာဝနာမယကုသိုလ်ကြောင့် ရဟန္တာ ဖြစ်ဘူးသော ဧကဋ္ဌလိဒထေရ်ဝတ္ထု .... | ၁၃၀ |
| ၄၄ | ပါဒသညိကထေရ်ဝတ္ထု .... .... | ၁၃၁ |
| ၄၅ | အရှင်သောပါကထေရ်ဝတ္ထု .... .... | ၁၃၂ |
| ၄၆ | ဘဒ္ဒဇိမထေရ်ဝတ္ထု .... .... | ၁၃၄ |
| ၄၇ | ဒါသကထေရ်ဝတ္ထု .... .... | ၁၃၈ |
| ၄၈ | သုပ္ပိယမထေရ်ဝတ္ထု .... .... | ၁၄၀ |
| ၄၉ | ဆိဂ်ါလဗိတာဝတ္ထု .... .... | ၁၄၃ |
| ၅၀ | မာဏဝကမထေရ်ဝတ္ထု .... .... | ၁၄၄ |
| ၅၁ | ပုဏ္ဏမာသ ရဟန္တာဝတ္ထု .... .... | ၁၄၅ |
| ၅၂ | ရှိခိုးခြင်း,ကြည်ညိုခြင်း ဘာဝနာမယကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော မထေရ်လေးပါးဝတ္ထု .... | ၁၄၆ |
| ၅၃ | မုတ္တာထေရီ ဝတ္ထု .... .... .... | ၁၄၈ |
| ၅၄ | ဘာဝနာပွားများမှု၌ မွေ့လျော်ခြင်းကြောင့် ဇိဝိ ငရဲသို့ ကျရောက်သော ရဟန်းပြိတ္တာဝတ္ထု .... | ၁၄၉ |
| ၅၅ | ကျိုးကန်းပြိတ္တာဝတ္ထု .... .... | ၁၅၀ |
| ၅၆ | အကုသိုလ်ကို ပွားစေခြင်းကြောင့် ဆင်းရဲကြီးစွာ ရောက်သော လယ်သမားဝတ္ထု .... .... | ၁၅၁ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇ | အယောနိသော မနသိကာရကြောင့် ပျက်စီးခြင်းသို့ ရောက်သော ဒေဝဒတ်ဝတ္ထု .... .... | ၁၅၃ |
| ၅၈ | အလိုရမ္မက်နှိပ်စက်၍ပျက်စီးခြင်းသို့ ရောက်သော ဓမ္မကထိကရဟန်းဝတ္ထု .... .... | ၁၅၃ |
| ၅၉ | မိတ်ကိုစွန့်၍ ဝိပဿနာကိုပွားစေခြင်းဖြင့်ရဟန္တာ ဖြစ်ဘူးသောဝတ္ထု .... .... | ၁၅၉ |
| ၆၀ | သိချင်းသံကိုစွဲ၍ပွားစေအပ်သောဘာဝနာကြောင့် ပစ္စေကဗုဒ္ဓါဖြစ်ဘူးသောဝတ္ထု .... .... | ၁၆၀ |
| ၆၁ | သိချင်းသံကိုစွဲ၍ပွားများအပ်သောဘာဝနာကြောင့် ရဟန္တာဖြစ်သောဝတ္ထု .... .... | ၁၆၀ |
| ၆၂ | ဘုရားရှင်ကိုချီးမွမ်းခြင်းဖြင့်ပွားအပ်သောဘာဝနာ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသောထေရ်ဝတ္ထု | ၁၆၁ |
| ၆၃ | ပန်းပူဇော်ခြင်း, တံမြက်လှည်းခြင်းဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော ဝနဝစ္ဆ မထေရ်ဝတ္ထု .... .... .... | ၁၆၂ |
| ၆၄ | ဘာရဒွါဇမထေရ်ဝတ္ထု .... .... | ၁၆၃ |
| ၆၅ | ဘုရားရှင်၏ ချီးမွမ်းခြင်းခံရသော ရက်ကန်းသည် သမီးဝတ္ထု .... .... .... | ၁၆၄ |
| ၆၆ | သာသနာပအခါ၌ တရားနာရခဲ့ကြောင်းကိုပြသော ဓမ္မသုန္ဒရမင်းဝတ္ထု .... .... .... | ၁၇၁ |
| ၆၇ | နိဂုံး .... .... .... .... | ၁၇၅ |

# နိဒါန်း

ဇေယျတု။ ။ဗုဒ္ဓေါ တိလောကဒီပေါစ၊ ဗုဒ္ဓေါ သူရိယော
တမောနုဒေါ။ ဂန္ထာနံ့သရဏံဂတော၊ နတ္ထိ မယှံ ဘယံ သဒါ။ ။
ဂါထာညွှန်းပြ၊ ခွန်းအရဖြင့်၊ ထွန်းပပြောင်ပြီး၊ တန်ဆောင်မီးသို့၊
ရောင်ညီးလင်းပ၊ အကျဉ်းပြသော်၊ လောကသင်းကျစ်၊ ဓမ္မရာဇ်
ဥက္ကဋ္ဌ၊ ဘုရားမြတ်သည်၊ လူ နတ်၊ ဗြဟ္မာ၊ သတ္တဝါအဦးဦးတို့၏၊
ညစ်ညူးတိုက်ဆောင်၊ အမိုက်မှောင်ကို၊ ဉာဏ်ရောင်ပွားလျက်၊
ထားလက်နက်ဖြင့်၊ ရှာဖျက်ပေါက်ထွင်း၍ အလင်းစင်စစ်၊ ဖြစ်
တော်မူသဖြင့်၊ မဘူအံ့ဘွယ်၊ ကြီးကျယ်သောအရောင်တော်လည်း
ရှိသသော။ ဘာဝကမ္မာ၊ ရှည်ကြာမြင့်ပြီး၊ ပါရမီသမ္မာ၊ ရင့်မာ
သန်ကြောင်း၊ ကောင်းမွာဆော်နှိုး၊ ဗိုက်မျိုးအပ်သော၊ ဒါန၊ သီလ၊
ဘာဝနာဘို့သည်၊ အခါသခယ၊ ကာလသမ္ပတ်၊ ပြည့်စုံလတ်မူ၊
ထောက်မ အပ်သော။ ဥပထမ္ဘက၊ ဗလပွမ်းဟုန်၊ လမ်းကုန်အဆုံး၊
ပိုက်ကျုံးမလင့်၊ အရှင့်ဆိုက်သျှာ်၊ တပြိုင်နက်ဖြင့်၊ ဂရက်ရိုက်ချိ၊
ပထဒီသိမ့်သိမ့်၊ ငြိမ့်ငြိမ့် ပဲ့တင်၊ လျောင်တော်လဲ၊ ပြိုကွဲ့မတတ်၊
ရပာတ်စကြာ၊ ပမာတသီး၊ မီးသဘော်ဝစက်ကြီးကဲ့သို့၊ ဟီးဟီး
သွက်သွက်၊ ခါတုန်လျက်ဖြင့်၊ အောက်ထက်ဗီလာ၊ ဒိသာဆယ်ရပ်၊
မလပ်ညိုးညံ့၊ အရဟံတံဆိပ်၊ ရွှေဘွဲ့တော်နှိပ်ရသော၊ ဓမ္မိဿရ၊
သဗ္ဗညုတဉာဏ်တော်သည်၊ မှောင်အဝိဇ္ဇာ၊ ပိတ်ကာနှောင်သွင်း၊
လူတသင်းတို့အား၊ အလင်းပြပြီး၊ ရွှေဉာဏ်တော်ဆီမီးတို့ကို၊ ညီး
ညီးပြောင်နှန်း၊ ထွန်းတော်မူတတ် ဂုဏ်ဒြပ်ကြောင့် သကတ်
ပေါက်ထွင်း အလင်းစင်စစ်၊ ဖြစ်တော်မူပြီးထသော။ ထိုမှတဖန်၊
နဘံမိုးမြင့်၊ တန်ခိုးတင့်၊ မြိုးစွင့်တောက်လင်း ဒေါင်းပျံမင်းသည်၊
ခပင်းလူနတ်၊ ပရိသတ်ဘို့အား မှောင်ဖြတ်ပယ်ထွင်း၍ အလင်းစင်
စစ်၊ မဖြစ်နိုင်ရာ၊ ပိတ်ကာဖွဲ့နှောင်၊ မှောင်အတိသာ၊ ဖြစ်ချေပါသ
ဖြင့်၊ ရတနာအနှစ်၊ သင်းကျစ်ဥဿျှောင်၊ ငါးမာရ်အောင် ရှင်တော်
ဘုရားသာ၊ သတ္တဝါခပင်းတို့၊ အလင်းစင်စစ်ဖြစ်တော်မူ၏။ သင်းသို့
လျှင်၊ အလင်းစင်စစ်၊ ဓမ္မရာဇ်ခေါင်ဖျား၊ မြတ်ဘုရားနှင့်၊ တရား
သံဃာ၊ ရတနာသုံးဦး၊ ဂုဏ်အထူးကို၊ ရှိဦးကော်ရော်၊ ပူဇော်ပြီးခါ

မည်၏၊ သဘောတရားဟူသမျှတို့သည် အနိစ္စသာ ဖြစ်ကုန်သော
ကြောင့် ထိုအနိစ္စသဘောဖြင့်သာလျှင် အတ္တအားဖြင့်၊နိစ္စအဖြစ်ကို
ပယ်သည်ပင်မည်သောကြောင့် သဝိညာဏက သင်္ခါရ, အဝိညာ
ဏက သင်္ခါရသည် နိစ္စပဋိပက္ခဘာ မည်ကုန်၏။ မပြတ် နှိပ်စက်
သော အခြင်းအရာအားဖြင့် ဒုက္ခမည်၏၊ ခန္ဓာငါးပါးမည်သည်၊
ဥပါဒ်,ဌီ,ဘင်အားဖြင့် မပြတ်သာလျှင် နှိပ်စက်ခြင်း သဘောရှိ၏၊
ခန္ဓာငါးပါးသည်၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ အစရှိသည်တို့ဖြင့်
ပူပန်စေသော သဘောရှိသောကြောင့် လည်းကောင်း, ထိုဒုက္ခ
ဒုက္ခ, ဝိပရိဏာမဒုက္ခ အစရှိသည်တို့ကြောင့် သာလျှင် သည်းခံ
သောကြောင့်လည်းကောင်း, ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရ
ဒုက္ခဟူသော ဒုက္ခသုံးပါးတို့၏ လည်းကောင်း, သံသရ ဒုက္ခ၏
လည်းကောင်း, တည်ရာဖြစ်ခဲ့ရကား၊ ဒုက္ခအပေါင်း၏ တည်ရာ
ဖြစ်သောကြောင့် လည်းကောင်း, အတ္တသဘော မရှိသောကြောင့်
လည်းကောင်း, သုခ သဘော မရှိသောကြောင့် လည်း ကောင်း,
သုခ၏ ဆန့်ကျင်ဘက်ဟူသော အနက်ကြောင့်လည်းကောင်း၊ ဤ
လေးပါးသော အကြောင်းလည်း ဒုက္ခမည်၏၊ အကျဉ်း အားဖြင့်
ကား။ ဥပါဒါဝယဝန္တတာ အစ ရှိသော လေးပါးသော
အကြောင်း တို့ကြောင့် အနိစ္စ ဖြစ်ရကား၊ မြဲသော သဘော မရှိ
သည်၏အဖြစ်၊ သန္တာပဏာသ အစရှိသော အကြောင်းတို့ကြောင့်
ဒုက္ခဖြစ်ခဲ့ရကား၊ အလွန်ဆင်းရဲခြင်းသဘောရှိသည်မည်၏။ ဝိပရိ
ဏာမဓမ္မ ဟူသည်ကား၊ အိုခြင်းသဘော,သေခြင်းသဘော အား
ဖြင့် ဖေါက်ပြန်တတ်၏။ အကယ်၍ နိစ္စ သုခ ဖြစ်တုံအံ့။ အိုခြင်း
သဘော, သေခြင်း သဘော မဖြစ်တုံရာ။ နိစ္စ သုခ မဟုတ်သော
ကြောင့်သာလျှင်၊ အိုခြင်းသဘော, သေခြင်းသဘော အစဉ် အ
တိုင်း အလုံးစုံသော သတ္တဝါသင်္ခါရဟုဆိုအပ်သော ခန္ဓာငါးပါး
တို့သည်ဖေါက်ပြန်ခြင်းသို့ ရောက်ကုန်၏။ ။ထိုကြောင့် သုတ္တ
သင်္ဂဟ၌ "ရုပံ ဘိက္ခဝေ နိစ္စံ ဝါ" စသည်ဖြင့် လာ၏။

# သင်္ခါရတို့ကို လက္ခဏာသုံးပါးနှင့် ပွားများပုံ

ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည်၊ ပြုပြင်အပ်သော ခန္ဓာငါးပါး၊ အာယတန တဆဲ့ နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါး၊ ဤအလုံးစုံသော တရားအပေါင်းတို့ သည် အနိစ္စာ သာတည်း၊ ။အကြောင်း တရား လေးပါးချုပ် သဖြင့် အကျိုးဖြစ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် စသော သင်္ခါရ အပေါင်းတို့သည် ချုပ်ကုန်သည် သာတည်း။ တပါးတစုံ တခုမျှသော မြဲသောသဘောမရှိ။ ဥတုစသော ရွှေ, ငွေ, ရတနာ အစ ရှိသော အဝိညာဏက ရတနာသင်္ခါရ တို့သည် အမြဲမတည်တတ် အနိစ္စသာတည်း။ ထိုကြောင့်၊ သဝိညာဏက သင်္ခါရအပေါင်းတို့ကို၊ အနိစ္စဟူ၍သာ မှတ်လေအပ်၏၊ အကယ်၍ အနိစ္စဟုမှတ်၍၊ ချစ်ခြင်း မြတ်နိုးခြင်း သဘောကို ဖြစ်စေသည် ဖြစ်အံ့။ ထိုသင်္ခါရတို့သည်၊ အနိစ္စဖြစ်၍ ပျောက်ကုန် ချုပ်ကုန် လေသော၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာ ခြင်း, ပင်ပန်းခြင်း သဘောဖြစ်၏။ ပင်ပန်းခြင်းသဘောဖြစ်လတ္တံ့ သော တွေဝေခြင်း မောဟအဝိဇ္ဇာဖြစ်၏၊ မောဟ အဝိဇ္ဇာဖြစ်ခြင်း ကြောင့် သင်္ခါရ, ဝိညာဉ်, နာမ်, ရုပ်, သဠာယတန, ဖဿ-ဝေဒနာ တဏှာ-ဥပါဒါန်၊ ဘဝ-ဇာတိ-ဇရာ-မရဏ, သောက-ပရိဒေဝ, ဒုက္ခ-ဒေါမနဿ, ဥပါယာသတည်းဟူသော ပဋိစ္စသမုပ္ပါဒ်စက် လည်၍ ဘယ်ခါကာလ၌ ဘဝဆုံးခြင်းသို့ ရောက်နိုင် လတ္တံ့နည်း။ ထိုကြောင့် သင်္ခါရတို့သည် အနိစ္စသာတည်းဟုမှတ်၍၊ ချစ်ခြင်း ဆန္ဒ စသည်ကို မဖြစ်စေအပ်။ ထိုသို့ အနိစ္စ သညာကို ပွားစေ သော သူအား၊ ငါ၏ ဥစ္စာစသည် ဖြစ်ခြင်း သဘော မရှိသော်၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်မဖြစ်ကုန်။ ဥပါယာသ မဖြစ်သော်၊ အဝိဇ္ဇာ မောဟမဖြစ်၊ မောဟ မဖြစ် သော်၊ သင်္ခါရဝိညာဉ်စသော ပဋိစ္စသမုပ္ပါဒ်စက်ပြတ်၍ ဆင်းရဲ ၏ ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ထိုသို့အနိစ္စဟု ရှုခြင်း၌

များစွာသော အကျိုးရှိခြင်းကြောင့်၊ ဖြစ်ခြင်းပျက်ခြင်း သဘော ရှိသော သင်္ခါရ သဘောတရား အပေါင်းတို့ကို အနိစ္စဟူ၍သာ မှတ်အပ်၏။ ထိုသင်္ခါရတို့သည်လည်း ဖြစ်ခြင်း၌ ဥပါဒက္ခဏာ သဘောရှိ၏၊ ဥပါဒက္ခဏာသို့ ရောက်သော သင်္ခါရသည် ဌီ ဟူ သောသဘောသို့ရောက်၏၊ ဌီဟူသော သဘောသို့ ရောက်သော သင်္ခါရသည် ဘင်္ဂက္ခဏ်ဟူသော မရဏ သဘောသို့ ရောက်၏။ ဥပါဒ်ဖြစ်သော အခါ၊ သင်္ခါရသည် ဌီသို့ မရောက်ပါ စေလင့်။ ဌီသို့ရောက်သော သင်္ခါရသည်လည်း၊ဘင်္ဂက္ခဏဟူသော မရဏ အနိစ္စ သဘောသို့ မရောက် ပါစေ လင့်ဟု တောင့်တ သော် လည်း၊ တောင့်တတိုင်းမဖြစ်။ တစုံတယောက်သောသူ၏ အလိုသို့ မလိုက်သည်သာတည်း။ ဖြစ်တတ် ပျက်တတ်သော သဘောရှိ သော သင်္ခါရတရားတို့သည်၊ ဖြစ်တတ် ပျက်တတ်သည်သာတည်း ဟူ၍ မှတ်အပ်၏။ အလုံးစုံသော သင်္ခါရတရားတို့ကို၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍သာ ရှုအပ်၏၊ အလုံးစုံသော သင်္ခါရတရားတို့သည်၊ ထိုထိုသို့သော အရာတို့၌ ချုပ်တတ်သည်သာတည်းဟူ၍ မှတ်အပ် ၏၊ အလုံးစုံသော သင်္ခါရတရားတို့ အမြဲမရှိကုန်။ တခဏမျှသာ တည်တတ်ကုန်သောကြောင့် ကာလမည်ကုန်၏၊ မြဲသောသဘော မရှိကုန်။ အနှစ် မရှိကုန်၊ တခဏမျှသာ တည်တတ် ကုန်သော ကြောင့်၊ပျက်လွယ်သည်၊တံလျှပ်, ရေမြှုပ်စိုင်တို့နှင့်လည်း တူကုန် ၏။ ထိုကြောင့် အလုံးစုံသော သဝိညာဏက, အဝိညာဏက သင်္ခါရတို့ကို၊သုခ,သုဘ-နိစ္စ,အတ္တဟူ၍မမှတ်လင့်။ထိုအလုံးစုံသော သင်္ခါရတို့၏ငြိမ်းရာ၊သင်္ခတဓာတ်နိဗ္ဗာန်ကိုသာ စင်စစ်သုခ,သုဘ, နိစ္စဟူ၍ မှတ်လေလောဟု၊ နိဗ္ဗာန်အဆုံးရှိသော စကားဖြင့် ဆိုပြီး၍၊ အလုံးစုံသော ဆင်းရဲ အပေါင်းတို့၏ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက် ကြောင်း ဗောဓိပက္ခိယ တရားတို့ကို အခါခါဆိမ်း ပွားများစေ ကုန်ရာသည်။ ။ထိုကြောင့်၊ ဓမ္မပဒ၌။

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပါဒ ဝယ ဓမ္မိနော၊
ဥပၸဇ္ဇိတွာ နိရုဇ္ဈန္တိ။ ။
ဟူသော ဂါထာကို ဟောတော်မူ၏။

သင်္ခါရာ၊ အလုံးစုံသော သင်္ခါရတရားတို့သည်။ တဝ၊ စင်စစ်။ အနိစ္စာ၊ အမြဲမရှိကုန်။ ကုတိစ၊ ဤသို့သာလျှင်၊ ဝဒ္ဓံ၊ သင်သည်၊ ဂဏှ၊ မှတ်ယူလော့၊ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား၊ ယသ္မာ၊ အကြင်မှုလောက်၊ သဝိညာဏက, အဝိညာဏက ဖြစ်သော သင်္ခါရတို့သည်၊ သန္တိ၊ ရှိကုန်၏။ တေသမ္ဗေ၊ ထိုအလုံးစုံသော၊ သဝိညာဏက, အဝိညာဏက သင်္ခါရတို့သည်၊ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်းသဘော-ပျက်ခြင်းသဘော ရှိကုန်သောကြောင့်။ အနိစ္စာတိ၊ အနိစ္စာဟူ၍သာလျှင်။ ဂဏှ၊ မှတ်ယူလော့။ တသ္မာ၊ ထိုကြောင့်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ဆဲ ဖြစ်၍သာလျှင်။ နိရုဇ္ဈန္တိ၊ တဖန် ချုပ်ကုန်သာလျှင်ကတည်း။

---

## ယောဂီအားလျော်သော ဝိပဿနာကို ပြဆိုခြင်း

နေ့အရက်ဖြင့် သုံးတို့၊ ည၌အရက်ဖြင့် နှစ်တို့၊ ဤငါးတို့သော ကာလပတ်လုံး။ ဒွတ္တိံသာကာရ အစရှိသော ကမ္မဋ္ဌာန်းကို အားထုတ်လေ့ ရှိသော ယောဂါဝစရသည် ဓာဂရနှင့် ယှဉ်သည် မည်၏။ ထိုဓာဂရနှင့်ယှဉ်သည်ဖြစ်၍လည်းကောင်း၊ ကမ္မဋ္ဌာန်းကို ဖွင့်ခြင်း သတိရှိသည်ဖြစ်၍ လည်းကောင်း၊ အဘိက္ကန္တေ အစရှိသော စုနစ်ပါးသော အရာတို့၌၊ သပ္ပါယသမ္ပဇည, ဂေါစရသမ္ပဇည, အသမ္မောဟ သမ္ပဇည,ဤလေးပါးသော သမ္ပဇည ရှိသည် ဖြစ်၍ လည်းကောင်း၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ရှိသည် ဖြစ်၍ လည်းကောင်း၊ ပဋိပတ္တိ၏ အကျိုးဆက်ကို မြင်သဖြင့် လည်းကောင်း၊ လွန်စွာ ဈာန်,မဂ်,ဖိုလ် ဟူသော တရားအထူးကို ရသဖြင့် လည်းကောင်း၊ လုံ့လအားထုတ်ခြင်း အချည်းနှီး မဟုတ် သည်၏ အဖြစ်တို့ဖြင့်လည်းကောင်း၊ ဝမ်းမြောက်သည် ဖြစ်၍

နေရာ၏။ ထိုသို့ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍နေရာ၌ ပဋိပတ္တိဖြစ်သော သိက္ခာသုံးပါးတို့၌ လည်းကောင်း၊ သိက္ခာသုံးပါးတို့ကို ပြတတ်သော သဗ္ဗညု မြတ်စွာဘုရား၌ လည်းကောင်း၊ အလွန်ကြည်ညို ခြင်းရှိသည့်ဖြစ်၍ နေရာ၏။ ထိုသို့ကမ္မဋ္ဌာန်းကို အားထုတ်သော အခါ၊ ဝိပဿနာကို ဖြစ်စေ၍ ရုပ်ကလာပ်တို့ကို သိမ်းဆည်းခြင်း အစရှိသည်၏ အစွမ်းဖြင့် သုံးသပ်သည်ရှိသော်၊ အကြားခွဲလျော့ ခြင်းသို့ ရောက်စေ၍ စိတ်၏တည်ကြည်သော အခြင်းအရာကို မှတ်သျှက်၊ ရိုသေစွာ မပြတ် အနိစ္စာနုပဿနာ အစရှိသည်တို့ကို ဖြစ်စေသည်ရှိသော်၊ စိတ်သည်တွန့်ခဲ့အံ့။ ထိုသို့စိတ်၏ တွန့်သော အခါ၊ ဝိပဿနာစိတ်ကို ချီးမြှင့်ခြင်းငှာ၊ ဓမ္မဝိစယဝိရိယပီတိ ဟူသော ဗောဓိပက္ခိယ ကုသလဓမ္မတို့၌ ကာလအားလျော်စွာ ရှု၍နေရာ၏။ ဤစိတ်သည် တွန့်လျှင်လည်း တွန့်သော ကာလအားလျော်စွာ၊ ပြန့်လွင့်လျှင်လည်း ပြန့်လွင့်သော ကာလနှင့်လျော်စွာ ရှု၍နေခြင်း သည် ကာလဝိပဿီမည်၏။ ။ထိုကြောင့်၊ သုတ္တသင်္ဂဟ၌။

ဇာဂရောစ ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သတော
သမ္ပဇာနော သမာဟိတော ပမုဒိတော ဝိပ္ပသန္နော တတ္ထ
ကာလဝိပဿီစ ကုသလေသု ဓမ္မေသု ဇာဂရဿ ဘိက္ခ
ဝေ ဘိက္ခုနော စ ဝိဟာရတော၊ သတော သမ္ပဇာနဿ
သမာဟိတဿ ပမုဒိတဿ ပသန္နဿ။ ။အစရှိသည့်
ဖြင့်လာ၏။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသောသူသည်။ ဇာဂရော၊ အိပ်ခြင်းကိုပျောက်သဖြင့်၊ နိုးကြားခြင်းနှင့်ယှဉ် သည်ဖြစ်၍၊ နေ့ညဉ့် မပြတ် ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်။ ဝိဟရေယျ၊ နေရာ၏။ သတော၊ ကမ္မဋ္ဌာန်းကို အောက်မေ့ခြင်း သတိနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာ အဆင် အခြင်နှင့် ပြည့်စုံ သည်ဖြစ်၍။ သမာဟိတော၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ၌

တည်ကြည်သောစိတ်ရှိသည်ဖြစ်၍။ ပမုဒိတော၊ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိပ္ပသန္နော၊ အထူးအားဖြင့် ကြည်ညိုသည်ဖြစ်၍၊ ဝိဟာရေယျ၊ နေရာ၏။ တတ္ထ၊ ထိုသို့ကမ္မဋ္ဌာန်းကို ယှဉ်သောအခါ၌။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာဂရဿ၊ အိပ်ခြင်းကို နှောက်သဖြင့်၊ နိုးကြားခြင်းနှင့် ယှဉ်သည်ဖြစ်၍၊ နေ့ညဉ့် မပြတ် ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းရှိလျက်။ ဝိဟာရတော၊ နေသော။ သတဿ၊ သတိနှင့်ပြည့်စုံသော။ သမ္ပဇာနဿ၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသော။ သမာဟိတဿ၊ တည်ကြည်သော။ ပမုဒိတဿ၊ ဝမ်းမြောက်ခြင်း ရှိထသော။ ဝိပ္ပသန္နဿ၊ အထူးအားဖြင့် ကြည်ညိုခြင်းရှိသော။ ဘိက္ခုနော၊ သံသရာဘေးကို ရှုလေ့ရှိသောသူအား။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ ဗောဓိပက္ခိယဖြစ်သော အနိစ္စ အစရှိသော ကမ္မဋ္ဌာန်းတို့၌။ ကာလဝိပဿိစ၊ ကာလကို ရှုလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ်လည်ပုံ- ဖြတ်ပုံကို ပြဆိုခြင်း

ထိုထိုဘဝ အစ ရှိသော အလုံးစုံကို တောင့်တ တတ်သော ဣဿာ ဟူသော တဏှာသည်။ သည်၌ဆွဲ၍ ငင်အပ်သော ခွေးကိုယ်ကဲ့သို့၊ သတ္တဝါအပေါင်းတို့ကို၊ ထိုထိုဘဝသို့ ဝင်တတ်၏။ ထို့ကြောင့် တကျစ်နွားကဲ့သို့ တထောင်လည်လည် ချားရဟတ်ကဲ့သို့ သတ္တဝါတို့ကို ကျင်လည် စေတတ်သော တဏှာကို ဖြတ်ရအောင်၊ ကုသိုလ်တရားကို ပွားများစေကုန်၏။ ငံနက်ရေကို ဖြူစိမ့်သော ငှာ ဖွပ်လျှော်သော်လည်း မဖြူနိုင်သကဲ့သို့၊ ဣဿာ တဏှာကိုလည်း ဖွန့် နိုင်ခဲ၏။ အရဟတ္တမဂ်သို့ ရောက်မှပျောက်၏၊ ထို့ကြောင့် အရဟတ္တမဂ်ကို ရအောင် လုံ့လပြုကုန်ရာ၏။ လောက၌ သံကြိုး, ပိတ်ကြိုး အစရှိသော များစွာသော ကြိုးတို့ဖြင့် ဖွဲ့သော်လည်း၊ မနှိပ်စက်သော် မပြုနိုင်သော်၊ သား,မယား စည်းစိမ်ဥစ္စာတို့၌တပ်သော တဏှာဟူသော ကြိုးသည်သာလျှင် သတ္တဝါတို့ကို မြဲစွာ

နှောင်ဖွဲ့ဘတ်၏၊ တဏှာဟူသောအကြောင်းကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်၏။ ဇာတိကြောင့် ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဖြစ်၏၊ ဥပါယာသ-ပင်ပန်းခြင်းဟူသော အကြောင်းကြောင့် တွေဝေခြင်း မောဟဖြစ်၏၊ ထိုမောဟသည် အဝိဇ္ဇာမည်၏၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်။ ဝိညာဏ် ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတန ဖြစ်၏။ သဠာယတနဟူသော အကြောင်းကြောင့် ဖဿဖြစ်၏။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်၏၊ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ဟူသော အကြောင်းကြောင့် ကမ္မဘဝ,ဥပပတ္တိဘဝဖြစ်၏၊ ဤသို့အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်စက် လည်ခါ-လည်ခါဖြစ်၍၊ ဆုံသည်တကျစ်နွားကဲ့သို့ သာသျှင် ဖြစ်ကုန်၏၊ ထိုကြောင့် တဏှာ ဖြတ်မည့်အကြောင်း အရဟတ္တဖိုလ်ကို ရအောင် လုံ့လပြုကုန်ရာ၏။ အရဟတ္တမဂ်ကို ရသည်ရှိသော် တဏှာဖြတ်၏၊ တဏှာ ဖြတ်သည်ရှိသော် ဥပါဒါန်ပြတ်၏၊ ဥပါဒါန်ပြတ်သည်ရှိသော် ကမ္မဘဝ, ဥပပတ္တိဘဝ ပြတ်၏၊ ဤသို့အစရှိသဖြင့် ပဋိစ္စသမုပ္ပါဒ် တရားတို့သည်၊ ပဋိလောမအားဖြင့် အစဉ်အတိုင်း ချုပ်ကုန်၏၊ ထိုကြောင့် အရဟတ္တဖိုလ်ကို ရအောင် လုံ့လပြုကုန်ရာ၏။

---

## ဣရိယာပုထ်လေးပါးနှင့် လက္ခဏာသုံးပါးကို ပြဆိုခြင်း။

ဤခန္ဓာကာယသည် ဣရိယာပုထ်လေးပါးကို ပြုပြင်ခြင်း,တုန်လှုပ်ခြင်းဖြင့်ဖြစ်၏၊ စင်စစ်မူကား၊ ဣရိယာပုထ်ကိုပြုပြင်တတ်သော ကတ္တားတပါးမရှိ။ ဣရိယာပုထ်လေးပါးတွင် တပါးပါးကိုပြုအံ့ဟု စိတ်ဖြစ်သည်ရှိသော်၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည်

ကိုယ်အလုံးကုန်နှံ့၍ တည်၏။ ထိုစိတ္တသမုဋ္ဌာန် ဝါယောဓာတ် ကြောင့်သာလျှင် သွားခြင်း,ရပ်ခြင်း,လျောင်းခြင်း, တုန်လှုပ်ခြင်း တို့သည်ဖြစ်ကုန်၏။ ဤသို့သာလျှင်ဇုရိယာပုထ်လေးပါးကိုပြုတတ် သော သတ္တဝါဟူ၍လည်းကောင်း ဇီဝဟူ၍လည်းကောင်း၊ ပုဂ္ဂလ ဟူ၍လည်းကောင်းမရှိ။ ခင်စစ်ကား။ ဓာတ်ထူးသောကြောင့် ဝါယောဓာတ်ထူးသည်၊ ဝါယောဓာတ်ထူးသောကြောင့်သာလျှင် ဇုရိယာပုထ်လေးပါးထူးသည်။ သွားလိုသောစိတ်၊ ရပ်လိုသော စိတ် အစရှိသည် ထူးသောကြောင့် ဝါယောဓာတ်အထူး ဖြစ်ရ ကား။ ဇုရိယာပုထ်လေးပါး ဖြစ်သည်။ ဇုစ္ဆနာသာလျှင် ပရမတ္ထ တည်း။ တခုတခုသော ဇုရိယာပုထ်၌ ကြာမြင့်စွာ ဖြစ်မှုကား၊ ရုပကာယ၏ နာခြင်းဖြစ်၏။ ထိုကျင်နာခြင်းကို ပျောက်ခြင်းငှာ ဇုရိယာပုထ် တပါးသို့ပြောင်းရကား။ ဇုရိယာပုထ်ဖြင့် ဖုံးလွှမ်း သော်၊ ဒုက္ခလက္ခဏာကို၊ စရံဝါ-အစရှိသော လေးပုဒ် တို့ဖြင့် ပြတော်မူ၏။ သောကာယသဇ္ဇုစ္ဆ ဟူသောပါဠိဖြင့် အစဉ်သဖြင့် ဖုံးလွှမ်းသော အနိစ္စလက္ခဏာကိုပြတော်မူ၏။အကြောင်းညီညွတ် သည်ရှိသော်၊ ထိုသဝိညာဏကာယ၏ တုန်လှုပ်ခြင်းသည်ဖြစ်၏။ တုန်လှုပ်တတ်သော သတ္တဝါ မရှိဟု ပြတော်မူသဖြင့်၊ အတ္တမှ ဆိတ်သော တခဲနက်ဖြင့် ဖုံးလွှမ်းချင်သော အနတ္တလက္ခဏာကို ပြတော်မူ၏။ ဤသို့လက္ခဏာရေး သုံးပါးကို ပြတော် မူသဖြင့်၊ သုညတ ကမ္မဋ္ဌာန်းကို ပြတော်မူ၏။ ထိုသို့ညွှန်ပြတော်မူရာ ကမ္မ ဋ္ဌာန်း၌ ယောနိသောမနသိကာရ မရှိတော်မူ၍ သွားစဉ်,ရပ်စဉ်, ထိုင်စဉ်, အိပ်စဉ် သုံးပါးသောဝိတက်ကို ကြံသောပုဂ္ဂိုလ် ရပ် တော်မူလို၏။ အကျင့်ကိုမှီ၍ဖြစ်သော အရိယာတို့သည် သိအပ် သော မဂ်ဉာဏ်၏ လမ်းကြောင်း မဟုတ်သော အကျင့်ကို ကျင့် သည်မည်၏။ တွေဝေခြင်း နှိပ်စက်သဖြင့် ကာမဂုဏ် ငါးပါး၌၊ မွေ့လျော်ခြင်း မရှိသော ပုဂ္ဂိုလ်သည် မြတ်သော အရိယာမဂ်သို့ ရောက်ခြင်းငှာမထိုက်၊ ထိုသို့ အရိယာမဂ်သို့ ရောက်စေခြင်းငှာ

သုညတ ကမ္မဋ္ဌာန်း၌ လက္ခဏာရေးသုံးပါးတို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရာ၏။ ။သို့ကြောင့်၊ သုတ္တသဂ်ဟာ၌။

စရံဝါ ယဒိဝါ တိဋ္ဌံ၊
နိသိန္နော ဥဒ ဝါ သယံ။
ယော ဝိတက္ကံ ဝိတက္ကေတိ၊
ပါပကံ ဂေဟနိဿိတံ။ ။

ကုမဂ္ဂံ ပဋိပန္နော သော၊
မောဟနေယျ သမုစ္ဆိတော။
အဘဗ္ဗော တာဒိသောဘိက္ခု၊
ဖုဋ္ဌုံ သမ္ဗောဓိ မုတ္တမံ။ ။ဟူ၍လာ၏။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော သူတော်ကောင်း အပေါင်းတို့၊ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ စရံဝါ၊ သွားသည်လည်းကောင်း၊ယဒိ၊ထိုမှ၊ တိဋ္ဌံဝါ၊ ရပ်သည်လည်းကောင်း။ နိသိန္နောဝါ၊ ထိုင်သည်လည်းကောင်း။ ဥဒ၊ ထိုမှတပါး၊ သယံဝါ၊ အိပ်သည်လည်းကောင်း။ ဝိတက္ကံ၊ ကာမဝိတက်,ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့ကို၊ ဝိတက္ကေတိ၊ ကြံ၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပါပကံ၊ ယုတ်သော၊ ဂေဟနိဿိတံ၊ လူတို့၏ အကျင့်ကိုမှီ၍ ဖြစ်သော၊ ကုမဂ္ဂံ၊ အရိယာတို့သည် သိအပ်သော မဂ်ညာဏ်၏ လမ်းကြောင်းမဟုတ်သော အကျင့်ကို။ ပဋိပန္နော၊ ကျင့်သည်မည်၏။ မောဟနေယျ၊ တွေဝေသည်ဖြစ်၍၊ သမုစ္ဆိတော၊ ကာမဂုဏ် ငါးပါး၌ ဖြိုးစွာမိန်းမောလျက် မွေ့လျော်ခြင်းရှိသော။ တာဒိသော၊ ထိုသို့သဘောရှိသော၊ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ ရှိသော သူသည်၊ ဥတ္တမံ၊ မြတ်သော၊ သမ္ဗောဓိံ၊ အရိယာမဂ်သို့၊ ဖုဋ္ဌုံ၊ ရောက်ခြင်းငှာ၊ အဘဗ္ဗော၊ မထိုက်။

## သစ္စာလေးပါးပွားများမှုကိုပြဆိုခြင်း

အကြွင်ပုထုဇ္ဇဉ် ပုဂ္ဂိုလ်သည် အနုလောမ ပဋိပဒါကို ဖြည့်လေ့ရှိ၏။ သီလနှင့် ပြည့်စုံ၍၊ စက္ခုအစရှိသော ဣန္ဒြေကို စောင့်ရှောက်၍။ ပစ္စည်းကိုခံခြင်း၊ ပစ္စည်းကို သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကိုသိ၍။ နေ့နှင့် ညဉ့်ကို ခြောက်တို့တို့၍ တဘို့သာအိပ်ခြင်း၊ ညဉ့်ဦး ယံ,မိုးသောက်ပတ်လုံး ဗောဓိပက္ခိယတို့ကို ပွားစေခြင်းဖြင့် ယနေ့လည်းကောင်း၊ နက်ဖြန် လည်းကောင်း အရိယာမဂ်သို့ ရောက်လတ္တံ့ဟု ဝိပဿနာကို အဖန်ထလဲလဲ ကမ္မဋ္ဌာန်းရှုလျက် ပွားများစေသဖြင့်နေ၍၊ ထိုပုထုဇ္ဇဉ်သည် ကလျာဏပုထုဇ္ဇဉ်ဖြစ်၏။ ဤသို့ ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသော ကလျာဏပုထုဇ္ဇဉ်နှင့်တကွ ခုနစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည် သေက္ခမည်ကုန်၏။ ထိုသေက္ခပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်သို့ ရောက်ကြောင်းကား၊ အနိစ္စ,ဒုက္ခ,အနတ္တဟု အသင့် နှလုံးသွင်းခြင်း။ ဤတရားကား၊ ဒုက္ခ အရိယာသစ္စာ, ဤတရားကား သမုဒယ အရိယာသစ္စာ, ဤတရားကား ဒုက္ခနိရောဓ အရိယာသစ္စာ, ဤတရားကား မဂ္ဂသစ္စာဟု နှလုံးသွင်းခြင်း။ ယောနိသော မနသိကာရသည် အရဟတ္တဖိုလ်သို့ ရောက်ကြောင်းမည်၏။ ထိုကမ္မဋ္ဌာန်းတို့တွင် စတုသစ္စ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂါဝစရပုဂ္ဂိုလ်သည် တဏှာကြွင်းသော တေဘူမ္မက ဓမ္မအပေါင်းသည် ဒုက္ခသစ္စာမည်၏။ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော တဏှာသည် သမုဒယ သစ္စာမည်၏။ ထိုသစ္စာနှစ်ပါးတို့၏ ချုပ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ ထိုနိရောဓသစ္စာသို့ ရောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏ဟု ရှေးဦးစွာ လေ့လာအပ်ပြီးသော သစ္စာကမ္မဋ္ဌာန်းရှိသည်ဖြစ်အံ့။ ထိုပုဂ္ဂိုလ်သည် နောက်ကာလ၌ ဝိပဿနာ အစဉ်သို့ တင်လိုသည် ရှိသော်၊ တဏှာ ကြွင်းသော တေဘူမ္မက တရားအပေါင်းတို့ကို ဤတေဘူမ္မကတရားအပေါင်းတို့သည် ဒုက္ခသစ္စာမည်၏ဟု အသင့်အားဖြင့် နှလုံးသွင်း၍။ အနိစ္စ, ဒုက္ခ,အနတ္တ

ဟု ဝိပဿနာလည်းရှု၏။ အဘယ်သို့အစဉ်အားဖြင့် နှလုံးသွင်း၍ ဝိပဿနာ ရှုသနည်းဟူမူကား၊ ဤခန္ဓာကိုယ်၌ ပထဝီ,အာပေါ, တေဇော, ဝါယော ဟူသော ဓာတ်လေးပါးတို့ကို အစဉ်သျှောက်သဖြင့် ဥပါဒါနိရုပ်တို့ကိုသိမ်းဆည်း၍၊ဤမဟာဘုတ် ဥပါဒါနိရုပ် အပေါင်းသည် ရူပက္ခန္ဓာမည်၏ဟု မှတ်သဖြင့်သိ၏။ ထို့နောင် ထိုမဟာဘုတ် ဥပါဒါနိရုပ်လျှင် အာရုံရှိသောစိတ်,စေတသိက်တို့ကို သိမ်းဆည်း၍ စိတ်,စေတသိက်တို့သည် နာမက္ခန္ဓာ လေးပါး မည်ကုန်၏။ ထို့နောင် ဤခန္ဓာငါးပါး တရားအပေါင်းသည် ဒုက္ခသစ္စာမည်၏။ ဤခန္ဓာငါးပါး တို့သည်ကား အကျဉ်း အားဖြင့် နာမ်ရုပ်မျှသာတည်း။ ဤနာမ်ရုပ်သည်ကား အကြောင်းနှင့် တကွဖြစ်၏။ ထိုနာမ်ရုပ် အကြောင်းကား အဝိဇ္ဇာ, ဘဝ, တဏှာ, ကံ, အာဟာရတို့ပေတည်း၊နာမ်ရုပ်တို့၏အကြောင်းဖြစ်သော အဝိဇ္ဇာ, ဘဝ,တဏှာ,ကံ,အာဟာရတို့ကို။ဤလေးပါးသော တရားတို့သည်ကား၊ နာမ်ရုပ်တို့၏ အကြောင်းတည်းဟု မှတ်အပ်၏။ ထိုပုဂ္ဂိုလ်သည် တိုပွည်း ပစ္စယုပ္ပန် တရားတို့၏ မဖေါက် မပြန်သော ကိစ္စလက္ခဏာကိုမှတ်၍ ဤတရားတို့သည် ဥပါဒ်ပြီး၍ ဘင်,ဟု ချုပ်ခြင်းသို့ရောက်တတ်ကုန်သောကြောင့်၊ အနိစ္စတို့ သာတည်းဟု အနိစ္စလက္ခဏာသို့တင်၍ ဥပ္ပါဒကွဏ,ဘင်္ဂကွဏအားဖြင့် နှိပ်စက်တတ်သောကြောင့်၊ ဒုက္ခတို့သာတည်းဟု ဒုက္ခလက္ခဏာသို့တင်၏၊မိမိအလိုသို့ မလိုက်တတ်သောကြောင့် အနတ္တတို့သာတည်းဟု အနတ္တလက္ခဏာသို့တင်၏။ ဤသို့လက္ခဏာရေးသို့တင်၍။ ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေသဖြင့် ဖြစ်ကုန်သော ဩဘာသ အစရှိသော ဝိပဿနာကို ညစ်ညူးစေတတ်သော တရားတို့ကို ဤဩဘာသ အစရှိသော တရားတို့သည် အရိယာမဂ်၏ အကြောင်းမဟုတ်၊ဥဒယဗ္ဗယဉာဏ်သာလျှင် အရိယာမဂ်၏ အကြောင်းဖြစ်၍ ဖြစ်သော ပုဗ္ဗဘာဝမဂ်တည်းဟု အရိယာမဂ်၏အကြောင်းဖြစ်သော ဥဒယဗ္ဗယဉာဏ်ကို မှတ်၍၊ တဖန် ဥဒယဗ္ဗယ ဉာဏ်ကို လည်းကောင်း၊ အစဉ် အတိုင်း

ဘင်္ဂဏ္ဍဓာဉာဏ် အစရှိသည့် တို့ကို လည်း ကောင်း ဖြစ်စေလျက် သောတာပတ္တိမဂ် အစရှိသည့်တို့သို့ ရောက်၏။ ထိုပုဂ္ဂိုလ်တို့သည် ထိုခဏ၌ သစ္စာလေးပါးတို့ကို တခုသော ပဋိဝေဓဉာဏ်ဖြင့်သိ၏။ တခုသော အဘိသမယဉာဏ်ဖြင့်သိ၏၊ ထိုနှစ်ပါးတို့တွင် ဒုက္ခသစ္စာကို ပရိညာ ပဋိဝေဓဖြင့်၊ သမုဒယသစ္စာကို ပဟာန ပဋိဝေဓဖြင့် သိသည်ဖြစ်၍ အလုံးစုံသော အကုသိုလ်ကိုစွန့်၏။ နိရောဓသစ္စာကို မျက်မှောက်ပြုသဖြင့် မဂ္ဂသစ္စာကို ဘာဝနာ ပဋိဝေဓဖြင့် သိသည်ဖြစ်၍ အလုံးစုံသော ကုသိုလ်ကို ပွားစေ၏။ ထိုသို့ မဂ္ဂသစ္စာကို ပွားစေသည် ရှိသော်၊ အလုံးစုံသော အပြစ်မရှိသော ဗောဓိပက္ခိယ တရားတို့သည် ဘာဝနာ ဖြစ်၏။ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ဤသို့လျှင် အသင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရသည်အကုသိုလ်ကိုစွန့်၏၊ ကုသိုလ်ကိုပွားစေ၏။ ။ထို ကြောင့်၊ သုတ္တသင်္ဂဟ၌၊

“သေက္ခဿ တိက္ခဝေ ဘိက္ခုနော၊ အပတ္တဿ မာနသဿ အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနဿ ဝိဟရတော”

စသည်ဖြင့်လာ၏။

---

## ကလျာဏမိတ္တပုဂ္ဂိုလ်၏ဂုဏ်အင်္ဂါတို့ကိုပြဆိုခြင်း

အကြင် ပုဂ္ဂိုလ်သည် သီလ,သမာဓိနှင့် ပြည့်စုံ၍ အကျိုးမဲ့ကို ဖျောက်တတ်၏၊ အကျိုးစီးပွား ရှိရာ၌သာ စီရင်ပေတတ်၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကျေးဇူးရှိသည်ကို ပြုပေ တတ်၏။ ထိုပုဂ္ဂိုလ်သည် ကလျာဏမိတ္တပုဂ္ဂိုလ်မည်၏။ ကလျာဏ မိတ္တပုဂ္ဂိုလ်၏ လက္ခဏာကား၊ ချစ်အပ်သောဂုဏ်ရှိ၏၊ အလေး ပြုအပ်၏, မေတ္တာဖြင့် ပွားစေ အပ်၏၊ အပြစ် မရှိသည် ကိုသာ ဆိုတတ်၏, ဆိုခြင်းငှာခံ၏, နက်နဲသော စကားကို ပြောတတ်၏, အရာမဟုတ်သည်၌ မတိုက်တွန်းပေတတ်၊ ဤသို့သောဂုဏ်သည် ကလျာဏမိတ္တပုဂ္ဂိုလ်၏ လက္ခဏာမည်၏။ ထိုပုဂ္ဂိုလ်ကို အကြင်

သူသည် မှိဲ့သည်းကပ်သဖြင့် ပေါင်းဘော်ခြင်းကိုပြု၏။ ထိုသူသည် ကလျာဏမိတ္တရှိသည်မည်၏။ ထိုသို့ကလျာဏမိတ္တရှိသော ပုဂ္ဂိုလ်သည်ဆိုအပ်ခဲ့ပြီးသောလက္ခဏာနှင့်ပြည့်စုံသောကလျာဏမိတ္တကိုမှီ၍ ကံသာလျှင် မိမိဥစ္စာ ရှိ၏ဟု သိခြင်း၊ လက္ခဏာရှိသော ကမ္မဿကတာဉာဏ်ကို ဖြစ်စေတတ်၏၊ ဖြစ်ပြီးသည်ရှိသော သဒ္ဓါတရားကိုကို ပွားများစေ၏၊ ထိုသို့ ယုံကြည်ခြင်းသဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ ကလျာဏမိတ္တသို့ ချဉ်းကပ်သဖြင့် တရားဘော်ကိုနာရခြင်းကြောင့် သဗ္ဗညုမြတ်စွာဘုရား၌ ယုံကြည်ခြင်း သဒ္ဓါတရားကိုရ၏။ ထိုသို့ယုံကြည်ခြင်း သဒ္ဓါပသန္နရှိသဖြင့် ဃရာဝါသကို ပယ်သဖြင့် ရဟန်းပြု၏။ စတုပါရိသုဒ္ဓိကို ကောင်းစွာပြည့်စေ၏၊ အစွမ်းသတ္တိရှိသောအလျောက် ရူတင်တို့ကိုဆောက်တည်၍ကျင့်၏။ဆယ်ပါးသောဂါထာဝတ္ထုကိုရ၏။ အားထုတ်ခြင်းဝီရိယထင်သော သတိပညာရှိသည်ဖြစ်၍ ညွှတ်ဦးယုံမှိုးသောက်ယံပတ်လုံး ဗောဓိပက္ခိယတရားတို့ကို ပွားများစေလျက် မကြာမြင့်မီ ဝိပဿနာကိုလုံ့လပြု၍ အရိယာမဂ်ကိုရသဖြင့် အလုံးစုံသော ကိလေသာအပေါင်းပြတ်၏။ အလုံးစုံသောကုသိုလ်ဖြင့် ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်စေလျက် အရဟတ္တဖိုလ်ဟူသော သုခကိုခံစားရ၏။ ။ထိုကြောင့် သုတ္တသင်္ဂဟ၌။

"ကလျာဏမိတ္တော ဘိက္ခု၊ အကုသလံ ပဇဟတိ ကုသလံ ဘာဝေတိ"။ ။စသည်ဖြင့်လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ ကလျာဏမိတ္တော ဘိက္ခု၊ ကလျာဏမိတ္တရှိသောပုဂ္ဂိုလ်သည်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟတိ၊ စွန့်၏။ ကုသလံ၊ ကုသိုလ်ကို၊ ဘာဝေတိ၊ ပွားစေ၏။

# ဝေဒနာသုံးပါးကို လက္ခဏာသုံးပါးဖြင့် ဆင်ခြင်ပုံ

ဝေဒနာတို့သည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာအားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် သုခ
ဝေဒနာအားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် သုခ
ဝေဒနာ၊ ဒုက္ခဝေဒနာတို့၏ ဖြစ်ခြင်းသည်ထင်ရှား၏၊ အဒုက္ခမသုခဝေဒနာ၏ ဖြစ်ခြင်းသည်ကား မထင်ရှား၊ နှစ်ပါးသောဝေဒနာတို့၏ ဖြစ်ခြင်းသည် အဘယ်ကြောင့် ထင်ရှားသနည်း ဟူမူကား။ အကြင်အခါ၌ သုခဝေဒနာသည်ဖြစ်၏၊ ထိုအခါ၌ ကိုယ်အလုံးကို နှံ့စေလျက် အကြိမ်တရာစစ်ပြီးသော ထောပတ်ကို စားစေဘိသကဲ့သို့၊ အကြိမ်တရာချက်ပြီးသောဆီကို လိမ်းစေ၊ သုတ်စေဘိသကဲ့သို့၊ ရေအိုးအထောင်ဖြင့် ကိုယ်၏အိုက်ပူခြင်းကို ငြိမ်းစေဘိသကဲ့သို့၊ "အဟောသုခံ၊ အဟောသုခံ" ဟူ၍နှုတ်ထွက်လျက်ဖြစ်၏။ ထိုကြောင့် သုခဝေဒနာ၏ ဖြစ်ခြင်းသည်ထင်ရှား၏၊ အကြင်အခါ ဒုက္ခဝေဒနာဖြစ်၏၊ ထိုအခါ၌ ကိုယ်အလုံးကို ခြောက် စေလျက် နင်းနယ်လျက်၊ ရဲရဲညီသော သံချောင်းကို အတွင်းသို့ သွင်းဘိသကဲ့သို့၊ ပူလှစွာသောကြေးနီရေဖြင့် သွန်းဘိသကဲ့သို့ "အဟောဒုက္ခံ၊ အဟောဒုက္ခံ" ဟူ၍ ယောင်ယမ်း မြည်တမ်းလျက်ဖြစ်စေ၏။ ထိုကြောင့် ဒုက္ခဝေဒနာ၏ဖြစ်ခြင်းသည်လည်း ထင်ရှား၏၊ အဒုက္ခမသုခဝေဒနာ၏ ဖြစ်ခြင်းကိုကား သိနိုင်၊ မြင်နိုင်ခဲ၏၊ အမိုက်နှင့်တူစွာ၏။ ထိုအဒုက္ခမသုခဝေဒနာသည် သုခ၏ကင်းခြင်း ဒုက္ခ၏ကင်းခြင်း ဖြစ်လတ်သော်၊ သာတ-အသာတ၏ ဆန့်ကျင်ဘက်၏အစွမ်းဖြင့်မဇ္ဈတ္တကာယသဘောရှိ၏။ ကျောက်ဖျာ၌ တက်သောသမင်ခြေရာကဲ့သို့ နည်းယူသော သူအားသာလျှင် ထင်ရှား၏။ ကျောက်ဖျာ၌ခြေရာမမြင်သော်လည်း၊ ဤမှတက်၍ ဤသို့သက်လေသည်ရှိသော်၊ အလယ်ကား ကျောက်ဖျာဖြစ်၍ မထင်သည်။ ဤကျောက်ဖျာ၏ ဤမည်သောအရပ်သို့ နင်း၍သွားလေ၏ဟု နည်း

ယူ၍သွားသကဲ့သို့၊ သုခ, ဒုက္ခကင်းလတ်သော် သုခ,ဒုက္ခ၏ ဆန့်ကျင်ဘက်အားဖြင့် လျစ်လျူရှုသော အခြင်းအရာ မဇ္ဈတ္တဝေဒနာသည် အဒုက္ခမသုခဝေဒနာမည်၏ဟု နည်းယူသောသူ၏ ဉာဏ်အား ထင်၏။ ဤသို့အားဖြင့် ဖြစ်သော သုံးပါးသောဝေဒနာတို့တွင် သုခဝေဒနာကို ဝိပရိဏာမဒုက္ခ၏ အဖြစ်ကြောင့် လည်းကောင်း, ဥဒယဗ္ဗယစသော ဖြစ်ခြင်း-ပျက်ခြင်းနှိပ်စက်သောကြောင့်လည်းကောင်း, ဒုက္ခအဖြစ်ကြောင့် ဖြစ်သောကြောင့်လည်းကောင်း,ဒုက္ခသာဟူ၍ရှုအပ်၏၊ ထိုစကားသည်သင့်၏။ သုခဝေဒနာသည် အဆိပ်နှင့်ရောသော ဘောဇဉ်ကို စားသောကာလ၌ သြဇာရှိ၍ ကောင်းပြားသော်သည်း၊ နောက်အဘို့သို့ရောက်၍ဘောက်ပြန်သောကာလ သာယာအပ်ပြားသော်လည်း ဘောက်ပြန်သော ကာလ၌ ဒုက္ခ၏ အကြောင်းသာဖြစ်၏၊ ဥပါဒ်ခြင်း သဘောရှိသော ထိုသုခဝေဒနာသည် အကြင်ပုဂ္ဂိုလ်အား ဖြစ်၏၊ ထိုပုဂ္ဂိုလ်ကိုဥပ္ပါဒက္ခဏအားဖြင့်လည်းကောင်း, ဘင်္ဂက္ခဏအားဖြင့်လည်းကောင်း နှိပ်စက်၏၊ ထိုသုခဝေဒနာကိုလည်း ဥပ္ပါဒက္ခဏဘင်္ဂက္ခဏသည် နှိပ်စက်၏။ အဘိုးမသိ များစွာလှသော ဆင်းရဲခြင်းဒုက္ခ၏ အကြောင်းသာဖြစ်၏၊ ထိုကြောင့် သုခဝေဒနာ၌ ရာဂကင်းခြင်းငှာ၊ "ဒုက္ခသာတကား"ဟု ရှုအပ်၏။ ခြောင့်မည်သည်ကား ကိုယ်သို့ဝင်သည်ရှိသော်၊ နှုတ်ပါသော်လည်း ထိုသတ္တဝါကို နှိပ်စက်သည်သာ ဖြစ်သကဲ့သို့၊ ထိုအတူ ဒုက္ခဝေဒနာ ဖြစ်သည်ရှိသော် နှိပ်စက်ခြင်း သဘော ရှိသည်သာလျှင်တည်း၊ ဘာဝနာကို အားထုတ်သဖြင့် မကြာမြင့်သော ပုဂ္ဂိုလ်တို့သည် နှုတ်နိုင်ခဲ,ဖျောက်နိုင်ခဲကုန်၏၊ ထိုကြောင့် ဒုက္ခဝေဒနာကို ခြောင့် နှင့် တူသော အား ဖြင့် လည်းကောင်း, ဥပ္ပါဒက္ခဏဟူသော ဖြစ်ခြင်း-ပျက်ခြင်းရှိသောကြောင့် လည်းကောင်း, တသက်လျှာ မျှသာ တည်သောကြောင့် လည်းကောင်း, နိစ္စ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် လည်းကောင်း အနိစ္စသာတကားဟု ရှုအပ်၏။ အလုံးစုံသော ဝေဒနာ တို့ကိုပင် အနိစ္စဟူ၍သာ ရှုပြားသော်လည်း သုခကို,ဒုက္ခရှုခြင်းသည် အနိစ္စ

ဟူသောထက် ရာဂကင်းခြင်း၏ အကြောင်းလွန်စွာဖြစ်၏၊ ထို့ကြောင့် သုခဝေဒနာ၌ သုခဟူ၍လုံးသွင်းလေ့ရှိသော ပုဂ္ဂိုလ်တို့ကို သုခဝေဒနာ၌ ငြီးငွေ့ခြင်း နိဗ္ဗိန္ဒဉာဏ်ဖြစ်စေခြင်းငှာ "သုခဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ"ဟူ၍ ဟောတော်မူသည်၊ ဤသို့ ဟောတော်မူပြီး၍ သုခဝေဒနာကား ဤသို့သဘောရှိသည်ဖြစ်တန်စေ၊ ဒုက္ခဝေဒနာကား ဘယ်သို့ သဘောရှိသနည်းဟု ကြံကုန်သော ပုဂ္ဂိုလ်တို့အား ဒုက္ခဝေဒနာ၏ ဒုက္ခ,ဒုက္ခဖြစ်ရကား၊ "ဒုက္ခဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ"ဟူ၍ ဟောတော်မူသည်၊ အဒုက္ခမသုခဝေဒနာသည်ကား သင်္ခါရဒုက္ခ၏အဖြစ်ကြောင့်ဒုက္ခသာတည်းဟု ပြတော်မူခြင်းငှာ"အဒုက္ခမသုခဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ"ဟူ၍ ဟောတော်မူ၏။ "အနိစ္စတော ဒဋ္ဌဗ္ဗာ" ဟူ၍ ဟောငြားသော်လည်း" ယဒနိစ္စံ တံ ဒုက္ခံ"ဟူ၍ ဟောတော်မူသောကြောင့်၊ အနိစ္စမည်သောတရားသည် ဒုက္ခသဘောသည်သာဖြစ်၏၊ ဤဝေဒနာ၌ "သုခဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ" ဟူသောပါဠိဖြင့် ရာဂပျောက်ခြင်း၏အကြောင်းကို ပြတော်မူ၏၊ "ဒုက္ခဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ" ဟူသောပါဠိဖြင့် ဒေါသပျောက်ခြင်း၏ အကြောင်းကို ပြတော်မူ၏၊ "အဒုက္ခမသုခဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ" ဟူသော ပါဠိဖြင့် မောဟပျောက်ခြင်းအကြောင်းကို ပြတော်မူ၏၊ထိုစကားသည် သင့်၏၊ သုခဝေဒနာ၌ ရာဂါနုသယ ကိန်း၏၊ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကိန်း၏။ အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယ ကိန်း၏၊ ထို့ကြောင့် သုခဝေဒနာကို ဒုက္ခအားဖြင့် ရှုသည်ရှိသော် ရာဂပျောက်၏၊ ဒုက္ခဝေဒနာကို ငြောင့်အားဖြင့် ရှုသည်ရှိသော် ဒေါသပျောက်၏၊ အဒုက္ခမသုခဝေဒနာကို အနိစ္စအားဖြင့်ရှုသည်ရှိသော် မောဟပျောက်၏၊ ဤသို့သော"ဓမ္မ ဘိက္ခဝေ" အစရှိသော ဓမ္မဒေသနာတော်ကို ဝိပဿနာရှုသော ပုဂ္ဂိုလ်တို့အား ဒေသနာကိုအကြောင်းပြုသဖြင့် အရူပကမ္မဋ္ဌာန်းကိုပြခြင်းငှာ ဟောတော်မူသည်၊ကမ္မဋ္ဌာန်းသည်ကား၊ ရူပကမ္မဋ္ဌာန်း, အရူပကမ္မဋ္ဌာန်း အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရူပကမ္မဋ္ဌာန်းကို

ဟောတော်မူသော မြတ်စွာဘုရားသည် အကျဉ်း နှလုံးသွင်းခြင်း ဖြင့်လည်းကောင်း, စတုဓာတု ဝဝတ္ထာန် အစရှိသဖြင့် လည်း ကောင်း, ဖဿ၏အစွမ်းဖြင့်လည်းကောင်း,ဝေဒနာ၏အစွမ်းအား ဖြင့်လည်းကောင်း, ဝိညာဏ်၏ အစွမ်းအားဖြင့် လည်းကောင်း ဟောတော်မူ၏။ အချို့သော ပုဂ္ဂိုလ်အား အာရုံ ထင်လတ်သည် ရှိသော်၊ ထိုအာရုံ၌ ဝိတ် စေတသိက်ဘို၍ရှေးဦးစွာဖြစ်တတ်သော ဖဿသည် ထိုအာရုံကို ထိသည်ဖြစ်လျက် ထင်ရှား၏၊ အချို့သော ပုဂ္ဂိုလ်တို့အား ထိုအာရုံ ကိုခံစားတတ်သော ဝေဒနာသည်ထင်ရှား ၏။ အချို့သောပုဂ္ဂိုလ်တို့အား အာရုံကိုသိတတ်သောဝိညာဏ်သည် ထင်ရှား၏။ ဤသို့လျှင် ပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် ထင်သည်အား လျော်စွာ ဖဿ, ဝေဒနာ, ဝိညာဏ်တို့ကို အကြောင်း ပြုသဖြင့် အရူပကမ္မဋ္ဌာန်းကို ဟောတော်မူ၏။ ထိုဖဿ, ဝေဒနာ, ဝိညာဏ် တို့တွင် အကြင်ပုဂ္ဂိုလ်၌ ဖဿသည် ထင်၏။ ထိုပုဂ္ဂိုလ်အား စင်စစ် ဖဿသာလျှင်ဖြစ်သည်မဟုတ်၊ ဖဿနှင့်တကွ ထိုအာရုံကို ခံစား စေတတ်သော ဝေဒနာသည်လည်းဖြစ်၏။ ထို အာရုံကို သိသော သညာသည်လည်းကောင်း,စေ့ဆော်တတ်သော စေတနာ သည်လည်းကောင်း, သညာတို့ထက် အထူးအားဖြင့် သိသော ဝိညာဏ်သည်လည်းကောင်း, ဖြစ်၏ဟု ဖဿပဉ္စက တရားတို့ကို သိမ်းဆည်း၏။ အကြင်ပုဂ္ဂိုလ်အား ဝေဒနာသည်လည်းကောင်း, ဝိညာဏ်သည်လည်းကောင်း ထင်၏။ထိုပုဂ္ဂိုလ်သည်လည်း ရှေး၌ ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်နှင့် အတူ ဖဿပဉ္စက တရားတို့က သိမ်း ဆည်း၏၊ သိမ်းဆည်းပြီး၍လည်း ဤဖဿပဉ္စက တရားတို့သည် အဘယ်ကို မှီကုန်သနည်းဟု ရှုစမ်းဆင်ခြင်သည်ရှိသော် ဟဒယ ဝတ္ထုကိုမှီကုန်၏ဟု သိ၏၊ ဟဒယ ဝတ္ထုမည်သည်ကား ကာရဇကာယ တည်း၊ ထိုကာရဇကာယသည်လည်း သရုပ်အားဖြင့် မဟာဘုတ် ဥပါဒါရုပ်တို့သည်သာတည်း။ ဤတရား အပေါင်း တို့ တွင် မှီရာ ဟဒယဝတ္ထုကား ရုပ်တည်း။ ဖဿပဉ္စက တရားတို့ကား နာမ် တည်း။ဤသို့နာမ်ရုပ်မျှသာတည်းဟုရှု၏၊ထိုနာမ်ရုပ်နှစ်ပါးတို့တွင်

ရုပ်သည် ရုပက္ခန္ဓာမည်၏။ နာမ်သည် နာမက္ခန္ဓာလေးပါးမည်၏။ ဤသို့ခန္ဓာငါးပါးမျှသာတည်း။ ခန္ဓာငါးပါးမှလွတ်သော နာမ်ရုပ် မရှိပြီဟု သိမ်းဆည်းပြီးသော် ဤခန္ဓာငါးပါးတို့သည် အဘယ် သို့သော အကြောင်းရှိကုန်သနည်းဟု ရှုစမ်းဆင်ခြင်ပြန်သော်၊ ခန္ဓာငါးပါးတို့၏ အကြောင်းကား အဝိဇ္ဇာ,ဘဝ,တဏှာ,ကံ, အာဟာရတို့တည်းဟု မြင်၏။ ထိုနောင်မှ ဤကိုယ်ခန္ဓာငါးပါးကား ပစ္စယုပ္ပန်မျှသာတည်းဟုသိ၏။ ပစ္စည်းပစ္စယုပ္ပန်မှတပါး သတ္တဝါဟူ၍လည်းကောင်း, ဇီဝဟူ၍လည်းကောင်း, ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း မရှိပြီ၊ သက်သက် သင်္ခါရအစုမျှသာတည်းဟု အကြောင်းနှင့်တကွသော နာမ်ရုပ်၏အစွမ်းဖြင့် အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော လက္ခဏာရေးသုံးပါးကိုထင်၍ ဝိပဿနာအစဉ်ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်တလဲလဲရှုလျက် အောက်မေ့ဆင်ခြင်၏။ ထိုပုဂ္ဂိုလ်သည် ယနေ့ပင်ရဘော့မည်ဟူ၍ အရိယာမဂ်ကို တောင့်တ၏၊ ထိုအခါ ဥတုသပ္ပါယ, ပုဂ္ဂလသပ္ပါယ, ဘောဇနသပ္ပါယ, ဓမ္မသဝနသပ္ပါယကို ရ၍ တထိုင်တည်းဖြင့် နေလျက် ဝိပဿနာကို အပြီးသို့ရောက်စေ၍ အရဟတ္တဖိုလ် ကို ရသဖြင့် အလုံးစုံသော ကိလေသာအပေါင်းတို့သည် ငြိမ်းကုန်၏။ ဤသို့လျှင် သုံးယောက်သော ပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်သို့ ရောက်သည်တိုင်အောင်သော ကမ္မဋ္ဌာန်းကိုသိအပ်၏။ ။ထို့ကြောင့် သုတ္တပိဋကတ်သလ္လသုတ်၌။

"တိဿော ဣမာ ဘိက္ခဝေ၊ ကတမာ တိဿော။ သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာ၊ ဘိက္ခဝေ သုခဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။ ဒုက္ခဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ၊ အဒုက္ခမသုခဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ"။ ။ ဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော သူတော်ကောင်း အပေါင်းတို့။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဣမာတိဿော၊ ဤသုံးပါးတို့တည်း။ တိဿော၊ သုံးပါးတို့သည်။ ကတမာ၊ အဘယ်

သည်တို့နည်းဟူမူကား။ သုခဝေဒနာ၊ သုခဝေဒနာလည်းကောင်း။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာလည်းကောင်း။ အဒုက္ခမသုခဝေဒနာ၊ ဥပေက္ခာ ဝေဒနာလည်းကောင်း။ ဣတိ၊ ဤသို့၊ တိဿော၊ သုံးပါးတို့တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သုခဝေဒနာ၊ သုခဝေဒနာကို။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏-ရှုအပ်၏။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာကို။ သလ္လာတော၊ ငြောင့်အားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ အဒုက္ခမသုခဝေဒနာ၊ ဥပေက္ခာဝေဒနာကို။ အနိစ္စတော၊ အမြဲမရှိသောအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။

## ဥပမိလေးပါးကိုလက္ခဏာသုံးပါးဖြင့်ဆင်ခြင်ပုံကို ပြဆိုခြင်း

အင်္ဂါကြီး,ငယ်-ဆံ,အမွေး,ခြေသည်း,လက်သည်း အစရှိသော စက်ဆုပ် ရွံရှာ ဘွယ် ရှိသော သုံးဆယ့်နှစ်ပါးသော အစုတို့၏ အပေါင်းဖြစ်သော ဤကာယသည် ပျက်တတ်သောသဘောရှိ၏။ ဤကာယ၌မှီသော ဝိညာဏ်သည်လည်း အဖန်တလဲလဲ ပျက်တတ်သောသဘောရှိ၏။ ငါးပါးသော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ခန္ဓာပဋိလောဘ အစရှိသော ဆယ်ပါးသော ကိလေသာဟု ဆိုအပ်သော ကိလေသုပမိ ဘုံသုံးပါး၌ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်ဟုဆိုအပ်သော အဘိသင်္ခါရုပမိ,ကာမဂုဏ်ငါးပါးဟု ဆိုအပ်သော ကာမုပမိ,ဤလေးပါးသော ဥပမိတို့သည်ဖြစ်၍ ပြေ သောကြောင့် အနိစ္စ,မည်ကုန်၏။ ဖြစ်ခြင်း,ပျက်ခြင်း,နှိပ်စက်သော ကြောင့် ဒုက္ခမည်ကုန်၏။ အိုခြင်းဇရာလည်းကောင်း, သေခြင်း မရဏဖြင့်လည်းကောင်း ဘောက်ပြန်တတ်သော သဘောရှိကုန် ၏၊ ထိုဇရာ,မရဏတို့သည် ဘောက်ပြန်အပ်ကုန်၏။ ဤသို့လျှင် အနိစ္စာနုပဿနာ၏ အစွမ်းဖြင့် ရူပကာယကို အကြောင်းပြု၍ ရူပ ကမ္မဋ္ဌာန်းကိုလည်းကောင်း, ဝိညာဏ်ကို အကြောင်းပြု၍ အရူပ ကမ္မဋ္ဌာန်းကိုလည်းကောင်း ပြုတော်မူ၏။ တဖန် တောဘုမ္ပိက,ဓမ္မ

တို့ကို ဥပမိဟူသောပုဒ်ဖြင့် တပေါင်းတည်း ယူတော်မူ၍ အနိစ္စာ
နုပဿနာ, ဒုက္ခာနုပဿနာအားဖြင့် သိလတ္တံ့သော သတ္တဝါတို့၏
အဇ္ဈာသယ အားလျော်စွာ ဝိပဿနာဝါရကို ဟောတော်မူ၏။
အကျဉ်းအားဖြင့် ဝိပဿနာဝါရကား ဤသို့လျှင်တည်း။ ယောဂါ
ဝစရပုဂ္ဂိုလ်သည် ဥမိ၏ရူပကာယကိုဆင်ခြင်၏။ ခန္ဓာကိုယ်သည်
မဟာဘုတ်လေးပါးကို မှီလျက် မိဘတို့သုက်သွေးကြောင့်ဖြစ်၏၊
ထမင်း,ခဲဘွယ်,ဘောဇဉ်ကြောင့် ကြီးစွာဘွား၏။ မဟာဘုတ်လေး
ပါးကိုမှီ၍ဖြစ်သော ဥပါဒါရုပ်သာတည်း။ ဤရုပ်သည် နှစ်ဆယ့်
ရှစ်ပါး,ဤမျှသာတည်း။ ဤနှစ်ဆယ့်ရှစ်ပါးသက် အလွန်မရှိဟူ၍
တရားတို့ကိုပင်လျှင် လက္ခဏာရသ,ပစ္စုပဋ္ဌာန်အားဖြင့် ပိုင်းလျက်
မှတ်၍ ထိုရုပ်တရားကို အစဉ်မှီသဖြင့် ဝိညာဏ်ကို အကြောင်းပြု
လျက် နာမ်တရားအပေါင်းကို မှတ်၍ ဤသည်ကား ရုပ်,နာမ်
တည်းဟု ဝိပဿနာရှု၏။ ရှုပြီးသောဝါ၏ကိုယ်ကား နာမ်,ရုပ်မျှ
သာတည်း။ နာမ်,ရုပ်မှတပါး သတ္တဝါဟူ၍လည်းကောင်း, ဇီဝ
ဟူ၍လည်းကောင်း, ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း မရှိဟု ပညာ
စက္ခုဖြင့်မြင်၏။ အဖန်တလဲလဲရှု၏။ ထိုနောင်မှ အဝိဇ္ဇာ, ဘဝ,
တဏှာ,ကံ,အာဟာရဟူသော အကြောင်းတို့ကို သိမ်းဆည်း၍
အကြောင်းနှင့်တကွသော နာမ်,ရုပ်တို့ကို ''ဘိဒုရာယံ ကာယော
ဝိညာဏံ ဝိရာဂုဓမ္မံ'' ဟူ၍ အနိစ္စလက္ခဏာသို့တင်၏။ ဝိပဿနာ
အစဉ်အတိုင်းအရဟတ္တဖိုလ်သို့ရောက်၏။ ဤသို့လျှင် သမသနဝါရ
မည်၏။ တယောက်သောပုဂ္ဂိုလ်သည်ကား၊ ဥပမိတို့၏အစွမ်းအား
ဖြင့် နာမ်,ရုပ်ကို ဤသို့မှတ်အပ်၏။ ငါးပါးသော ဥပါဒါနက္ခန္ဓာဟု
ခန္ဓုပမိ,လောဘအစရှိသော ဆယ်ပါးသော ကိလေသာဟူသော
ကိလေသုပမိ, တေဘူမ္မကကုသိုလ်, အကုသိုလ် စေတနာတည်း
ဟူသော အဘိသင်္ခါရုပမိ,ကာမဂုဏ်ငါးပါးဟူသော ကာမုပမိ,
ဤသို့လေးပါးသော ဥပမိတို့ကိုမှတ်ပြီး၍၊ ထိုလေးပါးသော ဥပမိ
တို့တွင် ကိလေသုပမိ, အဘိသင်္ခါရုပမိတို့သည် သင်္ခါရက္ခန္ဓာ၌
အကျုံးဝင်ကုန်၏။ ကာမုပမိသည် ရူပက္ခန္ဓာ၌ အကျုံးဝင်ကုန်၏။

ဤသို့ ခင်သိမ်းသော ဥပဓိတို့သည် ခန္ဓာငါးပါးတို့သာတည်း။ ထို ခန္ဓာငါးပါးတို့တွင် ရုပက္ခန္ဓာတို့သည် ရုပ်မည်၏၊ လေးပါးသော နာမက္ခန္ဓာတို့သည် နာမ်မည်ကုန်၏။ ဤခန္ဓာငါးပါးသည် နာမ်,ရုပ် မျှသာတည်းဟု နာမ်, ရုပ်ကို မှတ်၍။ ထိုနောင်မှ ထိုနာမ်, ရုပ်၏ အကြောင်းဖြစ်သော အဝိဇ္ဇာ, ဘဝ, တဏှာ, ကံ,အာဟာရတို့ကို သိမ်းဆည်း၍ ခင်သိမ်းသောဥပဓိတို့သည် အနိစ္စ,ဒုက္ခ,ဝိပရိနာမ ဓမ္မတို့သာတည်းဟု အနိစ္စ,ဒုက္ခ,လက္ခဏာသို့သာတင်၍ ဝိပဿနာ အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်၏၊ ဤသို့လျှင် မြတ်စွာ ဘုရားသည် ဝေနေယျဇ္ဈာသယအားဖြင့် နှစ်ပါးသော သမသန ဝါရကို ဟောတော်မူ၏၊ ဤဒေသနာ၌ လက္ခဏာနှစ်ပါးကိုသာ ဟောတော်မူသော်လည်း "ယဒနိစ္စံ ဒုက္ခံ တဒနတ္တာ" ဟူ၍ ဟော တော်မူသောကြောင့်၊ အနိစ္စလက္ခဏာဖြင့် ဒုက္ခလက္ခဏာကိုလည်း ကောင်း၊ ဒုက္ခလက္ခဏာဖြင့် အနတ္တလက္ခဏာကို လည်းကောင်း ပြတော်မူ၏၊ ဤသို့လျှင် နှစ်ပါးသော ဝိပဿနာဖြင့် အားထုတ် သောပုဂ္ဂိုလ်သည် ပျက်တတ်သော ရူပကာယကိုလည်းကောင်း၊ အဖန်တလဲလဲပျက်တတ်သော ဝိညာဏ်ကိုလည်းကောင်း သိပြီး၍ ဥပဓိတို့ကို ဘေးအားဖြင့် ရှုလျက် ဇာတိ,ဇရာ, မရဏကိုလွန်၍ အသင်္ခတဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ကောင်းစွာ ရောက်၍ ခန္ဓ ပရိနိဗ္ဗာန် ပြုရအံ့သော ကာလကိုသာ တောင့်တ၏၊ တခုသောဘဝကို မတောင့်တပြီ။ ။ထိုကြောင့် သုတ္တသင်္ဂဟ၌။

"ဘိဒုရာယံ ဘိက္ခဝေ ကာယော ဝိညာဏံ ဝိရာဂုဓမ္မံ
သဗ္ဗေ ဥပဓိ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ"။

ကာယဉ္စ ဘိန္ဒနံ ဉတွာ ဝိညာဏဉ္စ ဝိရာဂုဏံ ဥပဓိသု
ဘယံ ဒိသွာ ဇာတိ မရဏ အစ္စဂါ။

သပတွာ ပရမံ သန္တိ ကာလံ ကင်္ခတိ ဘာဝိတတ္တော။
ဟု လာ၏။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော သူတော်ကောင်း အပေါင်းတို့၊ အယံကာယော၊ ခါတ်လေးပါးကို မှီရာ ရသော အဘ၏ သုက်,အမိ၏သွေး ဥတုကြောင့် ဖြစ်ခြင်းသဘောရှိသော ဤရုပ်ဟူသော ခန္ဓာကာယသည်။ ဘိဒုရော၊ ကြွင်နာတတ်,ပျက်စီး တတ်သောသဘောရှိ၏။ ဝိညာဏံ၊ ဝိညာဏ်ဟူသောစိတ်သည်၊ ဝိရာဂုဓမ္မံ၊ ပျက်တတ်,ကင်းတတ်သောသဘောရှိ၏။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ ဥပဓိ၊ ခန္ဓုပဓိ,ကိလေသုပဓိ,အဘိသင်္ခါရုပဓိ, ကာမု ပဓိဟု ဆိုအပ်သော လေးပါးသောဥပဓိတို့သည်၊ အနိစ္စာ၊ ကုန်၏။ ဒုက္ခာ၊ ကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဘောက်ပြန်တတ်သော သဘော ရှိကုန်၏။

ကာယဉ္စ၊ ခါတ်လေးပါးလျှင်မှီရာရှိသော အဘ၏ သုက်,အမိ၏ သွေး ဥတုကြောင့်ဖြစ်ခြင်းသဘောရှိသောရုပ်ဟူသောခန္ဓာကာယ သည်လည်း။ ဘိန္ဒနံ၊ ပျက် တတ် သော သ ဘော ၏။ ဝိညာဏဉ္စ၊ ဝိညာဏ်ဟူသော စိတ်သည်လည်း။ ဝိရာဂုဏံ၊ ပျက်တတ်,ကင်း တတ်သောသဘောရှိ၏။ ဥတွာ ဤသို့၊ ဉတွာ၊ ဝိပဿနာဉာဏ်ဖြင့် သိ၍။ ဥပဓိသု၊ လေးပါးသောဥပဓိတို့၌။ ဘယံ၊ ဘေးကို။ ဒိသွာ၊ မြင်၍။ ဇာတိတဉ္စော၊ ပွားစေအပ်သော ဝိပဿနာရှိသောပုဂ္ဂိုလ် သည်။ ပရမံ၊ မြတ်သော။ သန္တိံ၊ ကိလေသာအပေါင်းတို့ ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့။ သပတ္တာကာလံ၊ ကောင်းစွာရောက်လတ့်သော ကာလကို။ ကင်္ခတိ၊ တောင့်တရှေးရှုမျှော်လျက်၊ ဇာတိမရဏံ၊ ပဋိသန္ဓေနေခြင်း,သေခြင်း သဘောကို။ အစ္စဂါ၊ လွန်နိုင်၏။

## တဏှာပယ်ရမည့်အကြောင်းကိုပြဆိုခြင်း

တေဘုမ္မိက ဝဋ်ဒုက္ခ၏ အမြစ်ဖြစ်သော တဏှာကိုပယ်ခြင်း ဘာဝနာမယကုသိုလ်ဖြစ်ရာ၌ သတိ၏လွတ်ခြင်းလက္ခဏာရှိသော မေ့လျော့သော အကျင့်ရှိသောပုဂ္ဂိုလ်အား ဈာန်ဝိပဿနာ မဂ်ဖိုလ် တို့သည် မမှားကုန်။ ဥပမာကား၊ သစ်ပင်ကိုပတ်ရစ်၍ တက်သော

မာလောနွယ်သည် ပွားသကဲ့သို့, ထိုနွယ်သည်မှီရာ သစ်ပင်ကို ဖျက်သကဲ့သို့,ထိုအတူ နွါရခြောက်ပါးအစရှိသည်တို့ကိုမှီ၍ အဖန် တလဲလဲဖြစ်သဖြင့် တဏှာပွား၏၊ ထိုတဏှာသည် မိမိမှီ သော သဏ္ဌာဝါကိုဖျက်တတ်၏၊ ထိုတဏှာကိုစွဲလမ်းသော ပုဂ္ဂိုလ်သည် ဘဝတိုင်း-ဘဝတိုင်း တဏှာပွား၏။ ဥပမာကား၊ တောမျောက် သည် သစ်သီးကိုအလိုရှိ၍ တပင်မှတပင် ထိုမှ ဤမှ ခုန်တက်၍ တပင်မှတပင် တသုံးမှတသုံး ကောင်းနိုးရာရာရှာ၍ ပြေးသကဲ့သို့၊ ထိုတဏှာကို စွဲလမ်းသော ပုဂ္ဂိုလ်သည် ဘဝတိုင်း-ဘဝတိုင်း မျောက်ကဲ့သို့သွား၍ အာရုံကို မရနိုင် သဖြင့် တဏှာ၏အလိုကို မပြည့်နိုင်သဖြင့် ပင်ပန်းလေ၏၊ ထိုတဏှာ နှိပ်စက်သောသူအား ဝိုးရိမ်ခြင်းဖြစ်၏။ ဥပမာကား၊အလွန်မိုးရွာသဖြင့် မိန်းမြက်ပွား သကဲ့သို့၊ အကြင် သူသည်ကား ယုတ်မာသော စွန့်နိုင် ခဲသော တဏှာကိုနှိပ်စက်ညှဉ်းဆဲ၏၊ထိုသူအားစိုးရိမ်ခြင်းမပွား၊ ထိုသူမှာ သောကကင်းသည်ဖြစ်၍ ကျော့ကျလေ၏၊ ဥပမာကား၊ကြာဖက်မှ ရေပေါက် ကျော့ကျသကဲ့သို့တည်း။ ထိုကြောင့် သင်ပရိသတ် တို့ကို ငါဘုရား မိန့်တော်မူသည်၊ဤသို့လာကုန်သောသင်တို့သည် ဝန်ဆင်းရဲဖြစ်သော တဏှာကို အရဟတ္တမဂ်ပညာဖြင့် တူးဖြို ကြကုန်၊ ဖျက်ဆီးကြကုန်။ ဥပမာကား၊ ပန်းရင်းကို အလိုရှိသော သူသည် တူးဖြိုသကဲ့သို့ မြစ်ရေ အယဉ်၌ ပေါက်ရောက်သော ကျူပင်ကို ပြင်းစွာသော မြစ်ရေအယဉ်သည် ဖျက်ဆီးသကဲ့သို့၊ ထိုအတူ ဒေဝပုတ္တမာရ် ကိလေသမာရ်သည် အဖန်တလဲလဲ သင် တို့ကိုမဖျက်ဆီးစေလင့်ဟု သဗ္ဗညုတာဘုရားဆုံးမဩဝါဒပေးတော် မူသည်ကို။ သုတ္တန်ပိဋကတ်မြွေပဒပါဠိတော်၌။

''မနုဇဿ ပမတ္တစာရိနော တဏှာ ဝဍ္ဎတိ မာလုဝါ

ဝိယ၊ သော ပ္လဝတိ ဟုရာဟုရံ ဖလမိစ္ဆံဝ ဝါနရော။

ယံ ဧသာ သဟတေ ဇမ္မီ တဏှာလောကေ ဝိသတ္တိကာ

သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝုဋ္ဌံဝ ဗီရဏံ၊

ယော စ တံ သဟတေ ဇမ္မိံ တဏှာ လောကေ၊
ဒုရစ္စယံ သောကာ တံ တမှာ ပတန္တိ ဥဒကဗိန္ဒုု၊ စ ပေါက္ခ
ရဏာ။

တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ၊ ယာဝန္တေတ္ထ သမာဂတာ၊
တဏှာယ မူလံ ခနထ၊ ဥသီရတ္ထောဝ ဗီရဏံ၊ မာ ဝေါ နဠံဝ
သောတောဝ၊ မာရော ဘဉ္ဇိ ပုနပ္ပုနံ။ ၊ဟူ၍ ဟောတော်မူ၏။

ပမတ္တစာရိနော၊ မေ့လျော့သော အကျင့်ရှိသော၊ မနုဇဿ၊ ပုဂ္ဂိုလ်အား။ တဏှာ၊ တဏှာသည်။ ဝါ၊ လောဘတည်း။ ဝဍ္ဍတိ၊ ပွား၏၊ ဝါနရော၊ မျောက်သည်၊ ဖလံ၊ အသီးကို။ ဣစ္ဆံ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်၍၊ ဝနသ္မိံ၊ တော၌၊ မာသုဝ၊ လေသည်၊ ဓာဝတိ ဝိယ၊ ပြေးသကဲ့သို့။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဟုရာ ဟုရံ၊ ဘဝတိုင်း-ဘဝတိုင်း။ ဖလာဝတိ၊ တဏှာပွား၏။ လောကေ၊ လောက၌။ ဇမ္မိ၊ ယုတ်စွာသော။ ဝိသတ္တိကာ၊ လွန်စွာတပ်သော၊ သော တဏှာ၊ ထိုတဏှာသည်။ ယံ၊ အကြင်ပုဂ္ဂိုလ်ကို။ သဟတေ၊ နှိပ်စက်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ သောကာ၊ စိုးရိမ်ခြင်းတို့သည်၊ ဝဍ္ဍန္တိ၊ ပွားကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား၊ အဘိဝဋ္ဌံ၊ အလွန်မိုးသည်းရွာသည်ရှိသော်။ ဗီရဏံ၊ မြက်သည်၊ ပဝဍ္ဍတိဣဝ၊ ပွားသကဲ့သို့တည်း။

ယောစ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ လောကေ၊ လောက၌၊ ဒုရစ္စယံ၊ လွန်နိုင်ခဲသော၊ တံတဏှာ၊ ထိုတဏှာကို၊ ဟသတေ၊ နှိပ်စက်အံ့၊ သောကာ၊ စိုးရိမ်ခြင်းတို့သည်။ တမှာ၊ ထိုပုဂ္ဂိုလ်မှ၊ ပတန္တိ၊ ကျကုန်၏။ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ပေါက္ခရာ၊ ကြာဖက်မှ၊ ဥဒကဗိန္ဒု၊ ရေပေါက်သည်၊ ပတတိဣဝ၊ ကျသကဲ့သို့တည်း၊

တံတေန၊ ထိုကြောင့်။ ဝေါ၊ သင်တို့အား၊ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏၊ တေတုမှာကံ၊ သင်တို့အား၊ ဘဒ္ဒံ၊ ကောင်းခြင်းသည်၊ ဟောတု၊ ဖြစ်စေသတည်း၊ ဧတ္ထ၊ ဤပရိသတ်၌။ ယာဝန္တော၊ အကြင်မျှလောက်ကုန်သော၊ သမာဂတာ၊ အညီအညွတ်လာကုန်

သော။ တုဒေ၊ အသင်တို့သည်။ တဏှာဥယ၊ တဏှာ၏။ မူလံ၊ အမြစ်ကို။ ခနထ၊ တူးကြကုန်၊ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဥသိရတ္ထော၊ ပန်းရင်းကိုအလိုရှိသောသူသည်။ ဗိရဏံ၊ ပိန်းမြက်ကို။ ခဏတိဣဝ၊ တူးသကဲ့သို့တည်း။ သောတော၊ မြစ်ရေအယဉ်သည်။ နဠံ၊ မြစ်ရေအယဉ်၌ ပေါက်သောကျူကို၊ ဘဉ္ဇိဣဝ၊ ဖျက်ဆီးသကဲ့သို့၊ မာရော၊ ကိလေသမာရ်,ဝေဒပုတ္တမာရ်သည်။ ဝေါ၊ သင်တို့ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ၊ မာဘဉ္ဇိ၊ မပျက်စေလင့်။

---

## ကမ္မဋ္ဌာန်းပွားများပုံကို အကျယ်ပြဆိုခြင်း

ကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် သမထကမ္မဋ္ဌာန်း ဟူသော်ကား၊ ကမ္မဋ္ဌာန်း-၄၀,ဘာဝနာ-၄၀, ရဓော်ဟာရဏံ, ပုတိကာယံ, ခယဝယ အစရှိသောကမ္မဋ္ဌာန်းတို့သည် သမထကမ္မဋ္ဌာန်းမည်၏။

ဝိပဿနာကမ္မဋ္ဌာန်း ဟူသော်ကား၊ ၃၁တ္တိ သကာယကို အနိစ္စ, ဒုက္ခ,အနတ္တ ဟူ၍ စီးဖြန်းခြင်းသည် ဝိပဿနာ ကမ္မဋ္ဌာန်းမည်၏၊ ထိုသို့ စီးဖြန်းရာ၌လည်း ဝိပဿနာ, ဘာဝနာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် နိဝရဏ ခြောက်ပါးတို့၏ငြိမ်းရာဟူသော အနက်ကြောင့် ဝိပဿနာမည်၏။ အနိစ္စ, ဒုက္ခ, အနတ္တ အစရှိသည်ဖြင့် မြင်အပ်သော အနက်ကြောင့်လည်း ဘာဝနာမည်၏။ ထိုမှတပါးလည်း ပရိကမ္မဘာဝနာ, အပ္ပနာဘာဝနာ, ဥပစာရဘာဝနာဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် ဗုဒ္ဓါနုဿတိမှသည် မရဏာနုဿတိ တိုင်အောင် အနုဿတိ ၈စ်ပါး, ပတိကူလသညာတပါး၊ ဤကိုးပါးကို စီးဖြန်းခြင်းသည် ဥပစာရဘာဝနာမည်၏၊ ထိုဆယ်ပါးမှကြွင်းသော ကမ္မဋ္ဌာန်းသုံးဆယ်ကို စီးဖြန်းခြင်းသည် အပ္ပနာဘာဝနာမည်၏၊ ဘာဝနာလေးဆယ်ကို စီးဖြန်းခြင်းသည် ပရိကမ္မဘာဝနာမည်၏၊ ကသိုဏ်းဆယ်ပါး အာဏာပါဏာနုဿတိဆယ်ပါးကို စီးဖြန်းခြင်းသည်ကား၊ ရူပါဝစရဈာန် ငါးပါး၏ အာရုံဖြစ်၏။ အသုဘဆယ်ပါး, ကာယကတာ

နုဿတိ ဤတဆယ့်တပါးသည်ကား၊ ရူပါဝစရ ပဌမ ဈာန်၏ အာရုံဖြစ်၏။ မေတ္တာ,ကရုဏာ,မုဒိတာ ဤသုံးပါးသည်ကား၊ ရူပါဝစရ ပဌမဈာန်၊ ဒုတိယ,စတုတ္ထဈာန်၏ အာရုံဖြစ်၏။ ၎င်းလေးပါးသည်ကား၊အရူပါဝစရဈာန်၏ အာရုံသာဖြစ်သတည်း၊ထိုလေးပါးတို့တွင်လည်း အာရမ္မဏာကမ္မဋ္ဌာန်း, ဈာနကမ္မဋ္ဌာန်းဟူ၍ နှစ်ပါးရှိ၏။ထိုနှစ်ပါးတို့တွင်အာကာသာနဉ္စာယတန,အာကိဉ္စညာယတန နှစ်ပါးသည် အာရမ္မဏာ ကမ္မဋ္ဌာန်းလည်းမည်၏။ ဝိညာနဉ္စာယတန,နေဝသညာ နာသညာယတန နှစ်ပါးသည်ကား၊ဈာနကမ္မဋ္ဌာန်းမည်သတည်း။ နိမိတ်သုံးပါးတို့တွင်လည်း ကမ္မဋ္ဌာန်းလေးဆယ်၌ အာရုံကိုဖြစ်ထိုက်သည့်အားလျော်စွာ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးတို့ကို ရအပ်၏။ ပဋိဘာဂ နိမိတ်ကိုကား၊ ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး၊ ကာယဂတာသတိ, အာနာပါနဿတိတို့ဖြင့် သရဏ္ဍာယ်အပ်သတည်း။ အသုဘ ဆယ်ပါး,ကာယဂတာသတိ ဤတဆယ့်တပါးသော ကမ္မဋ္ဌာန်းသည် ရာဂပြောသောသူအား လျော်ပတ်၏။ ဖြူဝါညိုရဲလေးပါး“နီလ, ပီတ,လောဟိတ,ဩဒါတ,လေးပါး။ ဤရှစ်ပါးသည်ကား၊ဒေါသစရိုက်ပြောသောသူအား လျော်ပတ်၏။အာနာပါန ကမ္မဋ္ဌာန်းသည်ကား၊ မောဟ စရိုက် ပြောသောသူ, ဝိတက်ပြောသောသူအား လျော်ပတ်၏။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းမှသည် ဒေဝတာနုဿတိ တိုင်အောင် အနုဿတိ ခြောက်ပါးကား၊ သဒ္ဓါစရိုက် ပြောသောသူအား လျော်ပတ်၏။ မရဏာနုဿတိ, ဥပသမာနုဿတိနှစ်ပါး, ဝဝတ္ထာန်တပါး, ပဋိကူလသညာတပါး, ဤလေးပါးကား၊ ဗုဒ္ဓိစရိုက် ပြောသောသူအား လျော်ပတ်၏။ ပထဝီ, အာပေါ,ဝါယော, တေဇော, အာကာသ,အာလောက,အရူပဈာန်လေးပါး။ဤဆယ်ပါးသည်ကား၊ စရိုက်ခြောက်ပါးတွင် လျော်ပတ်သတည်း။ ဤသို့စရိုက်အား လျော်စွာ ကမ္မဋ္ဌာန်းကို စီးဖြန်းကျန်ရာသတည်း။

## အနုဿတိ ၁၀-ပါး စီးဖြန်းပုံ

ထိုသို့စီးဖြန်းသော ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အဘယ်သို့အာရုံပြုသနည်း ဟူမူကား၊ ရှတ်ဗိသော အစရှိသော ဘုရားဂုဏ်တော် ကိုးပါးကို အာရုံပြု၍ စီးဖြန်းရာ သည်၊ ဓမ္မာနုဿတိ၌လည်း သွာက္ခာတော အစရှိသောတရားဂုဏ် ခြောက်ပါးကို အာရုံပြု၍ စီးဖြန်းရာသည်။ သံဃာနုဿတိ၌လည်း သုပ္ပဋိပန္နော အစရှိသော သံဃာဂုဏ်ကိုးပါးကို အာရုံပြု၍ စီးဖြန်း ရာသည်။ သီလာနုဿတိ၌ကား မိမိဆောက်တည်သော သီလကို မြတ်၏ဟု နှလုံးသွင်း၍ စီးဖြန်းကုန်ရာ၏။ စာဂါနုဿတိ၌လည်း မိမိ လှူဒါန်း ပေးကမ်းစွန့်ကြဲသော ဒါနအကျိုး အာနိသံသည် ကောင်း ရ၏ဟု နှလုံးသွင်း၍ စီးဖြန်းရာ၏။ ဒေဝတာနုဿတိ၌ကား ဤသို့ သော ကုသိုလ်ကောင်းမှုတို့ကို ကျင့်ဆောင်သောကြောင့် နတ်တို့ ၏စည်းစိမ်ချမ်းသာကို ရသည်မှန်၏၊ ထိုနတ်တို့ကဲ့သို့ ငါသည် လည်း ကုသိုလ်ကောင်းမှုကိုပြုသောကြောင့် ထိုနတ်တို့ကဲ့သို့ မိမိ ဂုဏ်ကို နတ်တို့အား သက်သေအရာ၌ထား၍ ဆင်ခြင်ရာ၏။ ဥပ သမာနုဿတိ၌ကား ဆင်းရဲအပေါင်းတို့၏ ငြိမ်းရာနိဗ္ဗာန်ကို အာရုံ ပြု၍ ဆင်ခြင်ခြင်း၊ မရဏာနုဿတိ၌ကား သေရေးအဖို့သော အနိစ္စ တရားကိုနှလုံးသွင်းခြင်း၊ ကာယဂတာသတိ၌ကား ကိုယ်၏အဖြစ် အပျက်,ရုပ်၏အဖြစ်အပျက်,နာမ်တရားတို့ကိုဆင်ခြင်ခြင်း၊ အာနာ ပါနဿတိ၌ကား ထွက်သက်သည် နှာခေါင်းဝအလွန်၌ဆုံး၏၊ ဝင်သက်သည်လည်း ချက်တိုင်၌ဆုံး၏ဟု ထွက်သက်,ဝင်သက် တို့ကို ဆင်ခြင်ခြင်း၊ ဤသည်လျှင် အနုဿတိဆယ်ပါးတည်း၊

---

## ပဋိကူလသညာ၌ ဆင်ခြင်ပုံ

ပဋိကူလသညာ၌ကား ဤအစာအာဟာရသည် "ဝဏ္ဏာ ဂန္ဓ ရသ သမ္ဘန္နော အယံ အာဟာရော ပုတိကာယံ" အစရှိသည်ဖြင့် ဤအစာသည် အနံ့ အရသာနှင့် ပြည့်စုံပေသည်။ ငါ၏ ကိုယ်

သည် အပုဗ်အဘိသာဖြစ်၍ ငါ၏ကိုယ်တွင်းသို့ ရောက်ဘိမူကား၊ အပုဗ် အတိသာဖြစ်၏ဟု ဆင်ခြင်ခြင်းသည် ပဋိကူလသညာမည်၏။

## ဝဝတ္ထာန်၌ဆင်ခြင်ပုံ

ဝဝတ္ထာန်၌ကား၊ ပထဝီခေတ်နှစ်ဆယ်, အာပေါ်ခေတ်ဘဆယ့်နှစ်ပါး,ဝါယောခေတ်ခြောက်ပါး, တေဇောခေတ်လေးပါး တို့ကို ဆင်ခြင်ခြင်းသည် ဝဝတ္ထာန်မည်၏။

## ဖြဟ္မဝိဟာရလေးပါး၌ဆင်ခြင်ပုံ

ဖြဟ္မဝိဟာရလေးပါး၌လည်း ခပ်သိမ်းသောသတ္တဝါအပေါင်းတို့ကို ချစ်ခြင်းတည်းဟူသော မေတ္တာ၊ ဒုက္ခိတ သတ္တဝါတို့ကို သနားခြင်းတည်းဟူသော ကရုဏာ၊ထိုဒုက္ခိတနှလွတ်သောသတ္တဝါတို့အား ဝမ်းမြောက်ခြင်းတည်းဟူသော မုဒိတာ၊ မုန်း, ချစ်, လျစ်လျူသုံးပါးကိုမျှ ပြုခြင်းတည်းဟူသော ဥပေက္ခာ၊ဤလေးပါးသည် ဖြဟ္မာဝိဂုရကမ္မဋ္ဌာန်းမည်၏။

## အရူပဈာန်လေးပါးကို ပွားများပုံ

အရူပဈာန်လေးပါး ဟူသော်ကား၊ အာကာသာနဉ္စာယတန, အာကိဉ္စညာယတန,ဝိညာဏဉ္စာယတန, နေဝသညာ နာသညာယတနဟူ၍ လေးပါးတည်း၊ထိုလေးပါးတို့တွင် အာကာသာနဉ္စာယတန၌ ရုပ်ရှိသောကြောင့် ဖုံ့တိခံရခြင်း, လက် နက်ဖြင့် ဖြတ်ခြင်း, ဘောင်စီးခြင်း, ငြင်းခုံခြင်း, ထိပါးခြင်းတို့ သည်လည်း ကောင်း၊စက္ခုအစရှိသော တနထောင်မျှသော အနာတို့သည်လည်း ကောင်းဖြစ်၏။ ရုပ်မရှိလျှင် မဖြစ်ကုန်ပြီဟု ရုပ်၌ အပြစ်ကိုမြင်၍ ထိုရုပ်ကို လွန်သဖြင့်ထားဦး၍၊ အာကာသကသိဏ်း ကြဉ်အပ်သော ကိုးပါးသော ကသိဏ်းတို့တွင် တပါးပါးသောကသိဏ်း ဖြင့် စတုတ္ထဈာန်ကိုဖြစ်စေ၍၊ထိုဈာန်၏ အာရုံဖြစ်သောကသိဏ်း,

ဘူဘကသိုဏ်းကိုလွှတ်၍ စတုတ္ထဈာန်၌ ဝသီငါးပါးဖြင့် လေ့ကျက်စွာဖြစ်သော ထိုဈာန်မှထပြီးလျှင် ငါသည် စတုတ္ထ ဈာန်၌ ငြီးငွေ့ဘွယ်သော အာရုံကိုပြုသော မနုဿရန်သူလည်းနီး၏၊ ဤသို့ စတုတ္ထဈာန်အဖြစ်ကိုမြင်သည်ဖြစ်၍ ထိုဈာန်၌တပါးသော ရာဂကို ဆုံးစေလျက်၊ အာကာသာနဉ္စာယတန သိမ်မွေ့သောအားဖြင့် နှလုံးသွင်း၍ စကြဝဠာအဆုံးရှိသော ကောင်းကင်ကိုလည်းကောင်း, တစိတ်မျှသော ကောင်းကင်ကို လည်းကောင်း, ဒလိုရှိ ပိုင်းခြားမှတ်သားသော ကောင်းကင် ကသိုဏ်းကို နှလုံးပြုလျက်၊ နှလုံးတွေ့ရာ ကောင်းကင်ကို "အနန္တော အာကာသော" ဟူ၍ နှလုံးသွင်းလျက် စီးဖြန်းခြင်းသည် စတုတ္ထဈာန်ကသိုဏ်းကို ခွါသည်ဖြစ်၏။ ထို "အာကာသော-အာကာသော" ဟူ၍ နှလုံးပြုသော ဘဝင်ကိုဖြတ်၍ မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့သုံးချက်,လေးချက်သော မဟာကုသိုလ်ဇောတို့သည် ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်၏၊ ထိုသို့လျှင် အာကာသာနဉ္စာယတန စိတ်သည် လေးကြိမ်, ငါးကြိမ် ဝသီငါးပါးတို့ဖြင့် လေ့ကျက်စွာ ဖြစ်သတည်း။ ဤသို့ ဆို အပ် ပြီး သော အ ခြင်း အ ရာ တို့ ကို နှလုံးသွင်းသဖြင့် "အနန္တော အာကာသော, အနန္တော အာကာသော" ဟူ၍ စီးဖြန်းခြင်းသည် အာကာသာနဉ္စာယတန ကမ္မဋ္ဌာန်းမည်၏။ ဝိညာဏဉ္စာယတန၌လည်း ဆိုအပ်ပြီးသောနည်းဖြင့် ထို အာ ကာ သာ နဉ္စာယတနသည် ရူပါဝစရ ရန်သူနီး၏။ ဝိညာဏဉ္စာယတနကဲ့သို့မငြိမ်သက်၊ ချုနှိ့ရင်းကြမ်းတမ်းသောအဖြစ်ကိုမြင်၍ ထိုအာကာသာနဉ္စာယတန၌ တပ်ခြင်းကိုဖျောက်၏၊ ထိုဝိညာဏဉ္စာယတနဈာန်ကိုငြိမ်သက်၏ဟု နှလုံးသွင်း၍ အာကာသာနဉ္စာ ယ တန စိ တ် ကို ပင် "အနန္တော ဝိညာဏော"ဟူ၍ အနန္တအစွမ်းဖြင့် အဖန်တလဲလဲ ဆင် ခြင် ခြင်း သည် ဝိ ညာ ဏ ဉ္စာ ယ တ န ကမ္မဋ္ဌာန်းမည်၏။ အာကိဉ္စညာယတန ကမ္မဋ္ဌာန်းသည်ကား၊ ငြိမ် သက် ၏ ဟု ပဌမဝိညာဏ်၏ မရှိခြင်းကို "နတ္ထိ ကိဉ္စိ" ဟု အဖန်တလဲလဲ နှလုံးသွင်း၍ စီးဖြန်းခြင်းသည်အာကိဉ္စညာယတနကမ္မဋ္ဌာန်းမည်၏၊ နေဝသညာ

နာသညာယတန၌လည်း ထိုအာကိဉ္စညာယတန မှတ်ပြီးလျှင် "သညာ၊ သညာသည်။ ရောဂါ၊ နာကျင်တတ်၏။ သညာ၊ သညာသည်။ ဂဏ္ဍော၊ အနံ့နှင့်တူ၏။ သညာ၊ သညာသည်။ သလ္လ၊ မြားဆိပ်နှင့်တူ၏" ဟူ၍ နှလုံးသွင်း၍ စတုတ္ထဈာန်သည်ကား၊ ငြိမ်သက်၏, မြတ်၏ဟု အာကိဉ္စညာယတန အပြစ်ကိုလည်းကောင်း, နေဝသညာနာသညာယတန၌ အကျိုးကိုလည်းကောင်း နှလုံးသွင်းသဖြင့် ထိုအာကိဉ္စညာယတန၌ တပ်သောရာဂ နတ္ထိဘာဝပညတ်ကို ဖျောက်၍ အကြွင်းမရှိသော အာရုံကို အာရုံပြုသဖြင့် အာကိဉ္စညာယတနစိတ်ကို "သန္တမေတံ ပဏီတံ" ဟူ၍ အဖန်တလဲလဲ စီးဖြန်းခြင်းသည် နေဝသညာနာသညာယတန ကမ္မဋ္ဌာန်းမည်၏။

## မရဏာနုဿတိပွားများပုံနှင့် အကျိုးအပြစ်ကို ပြဆိုခြင်း

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေရာ၊ ဘာဝနာ၌ "ငါ၏ အသက်သည်အမြဲမရှိ၊ ငါ၏သေခြင်းသည်မြဲ၏၊ ငါသည် မချွတ်မလွဲသေရအံ့ သတည်း။ ငါ၏အသက်သေခြင်းသည်သာ အဆုံးရှိ၏၊ ငါ၏အသက်မမြဲ၊ ငါ၏သေခြင်းသည်သာ မြဲသည်။ ဤသို့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေကြကုန်အံ့။ အကြင် သူတို့သည် မရဏာနုဿတိကမ္မဋ္ဌာန်းကို မစီးဖြန်း မပွားစေကုန်။ ထိုသူတို့သည် သေခါနီးကာလ၌ မြွေကိုမြင်၍ကြောက်သော် တုတ်,လှံတံ လက်၌မရှိသော ယောကျ်ားသည် ကြောက်သကဲ့သို့ အလွန် ကြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ ကြောက်မက်ဘွယ်သော အသံကို မြည်တမ်း၍သေရလေ၏၊ အကြင်သူသည်ကား၊ မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားစေ၏၊ ထိုသူသည် အဝေးကသာ မြွေကိုမြင်လျှင် တုတ်,လှံတံယူ၍ ခွန့်လျက်တည်သော ယောကျ်ားသည် မကြောက်သကဲ့သို့ သေခါနီးသောကာလ၌ မကြောက်,

မလန့်သေရာ၏၊ ထိုကြောင့် မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း
ပွားစေကုန်ရာသည်၊ ။ သို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၌၊

ဣဓ ဓုဝံ ဇီဝိတံ၊ မေ ဓုဝံ မရဏံ အဝဿံ မယာ မရိတဗ္ဗ
မေဝ မရဏပရိယောသာနံ။ မေ ဇီဝိတံ ဇီဝိတမေဝ အနိ
ယတံ မရဏံ နိယတန္တိ၊ ဧဝံ မရဏာနုဿတိ ဘာဝေထ၊
ယေသံ ဟိ မရဏံ အဘာဝိတံ တေ ပစ္ဆိမေ ကာလေ အာသီ
ဝိသံ ဒိသွာ ဘီတာ အဒဏ္ဍဟတ္ထပုရိသော ဝိယ၊ သန္တာသံ ပတ္တာ
ဘေရဝံ ရဝန္တာ ကာလံ ကရောန္တိ ယေသံ မရဏံ ဘာဝိ
တံ တေ ဒူရတောဝ၊ အာသီဝိသံ ဒိသွာ ဒဏ္ဍကေန ဂဟေ
တွာ ဆဍ္ဍေတွာ ဌိတ ပုရိသော ဝိယ ပစ္ဆိမေ ကာလေ န
သန္တာသန္တိ တသ္မာ၊ မရဏာနုဿတိ ဘာဝေတဗ္ဗာတိ။
ဟု လာ၏။

ဘောဘန္တာ မနုဿာ၊ အိုလူအပေါင်းတို့၊ မေ၊ ငါ၏၊ ဇီဝိတံ၊ အသက်သည်၊ ဣဓ ဓုဝံ၊ မမြဲ၊ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသည်၊ ဓုဝံ၊ မြဲ၏၊ မယာ၊ ငါသည်၊ အဝဿံ၊ မချွတ်မလွဲ။ မရိတဗ္ဗမေဝ၊ သေရဖို့သတည်း၊ မေ၊ ငါ၏၊ ဇီဝိတံ၊ အသက်သည်၊ မရဏပရိယောသာနံ၊ သေခြင်းလျှင်အဆုံးရှိ၏၊ ဇီဝိတမေဝ၊ အသက်သည်သာ။ အနိယတံ၊ အမြဲမရှိ။ မရဏံ၊ သေခြင်းသည်၊ နိယတံ၊ မြဲ၏၊ ဣတိ၊ ဤသို့။ မရဏာနုဿတိ၊ မရဏာနုဿတိကမ္မဋ္ဌာန်းကို၊ ဘာဝိတံ၊ ပွားစေရာ၏၊ ဟိ၊ မှန်စွ၊ ယေသံ၊ အကြင်သူတို့အား၊ မရဏံ၊ မရဏာနုဿတိကမ္မဋ္ဌာန်းကို၊ အဘာဝိတံ၊ မပွားစေအပ်၊ တေ၊ ထိုသူတို့သည်၊ ပစ္ဆိမေကာလေ၊ သေခါနီး အခါ၌၊ အာသီဝိသံ၊ မြွေကို။ ဒိသွာ၊ မြင်၍၊ ဘီတအဒဏ္ဍဟတ္ထပုရိသော ဝိယ၊ ကြောက်သော လက်၌ တုတ်,လှံတံမရှိသောယောကျ်ားကဲ့သို့၊ သန္တာသံ၊ ပြင်းစွာ ထိတ်လန့်ခြင်းသို့၊ ပတ္တာ၊ ရောက်ကုန်သည်ဖြစ်၍။ ဘေရဝံ၊ ကြောက်မက်ဘွယ်သောအသံကို၊ ရဝန္တာ၊ မြည်တမ်းကုန်လျက်။ ကာလံ ကရောန္တိ၊ သေကုန်၏။ ယေသံ၊ အကြင်သူတို့သည်၊ မရဏံ၊ မရဏာနုဿတိကမ္မဋ္ဌာန်းကို၊ ဘာဝိတံ၊ ပွားစေ၏၊ ဝါ၊ စီးဖြန်း၏၊ တေ၊ ထို

သူတို့သည်၊ ရုရုတော၊ အဝေးကသာ၊ အာသိဝိသံ၊ မြွေကို၊ ဒိသွာ၊ မြင်၍၊ ဒဏ္ဍကေန၊ တုတ်,ယှံတံဖြင့်၊ ဂဟေတွာ၊ ယူ၍၊ ဆန္ဒေတွာ၊ စွန့်၍၊ ဌိတပုဂ္ဂိုလ်သောဝိယ၊ တည်သောယောကျ်ားကဲ့သို့။ ပစ္ဆိမေ ကာလေ၊ သေခါနီး၌၊ နသက္ကာသက္ကိ၊ မလန့်ကုန်။ တသ္မာ၊ ထိုကြောင့်၊ မရဏာနုဿတိ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို၊ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏၊

## ရူပ–အရူပကမ္မဋ္ဌာန်းနှလုံးသွင်းပုံ

ရူပကမ္မဋ္ဌာန်း,အရူပကမ္မဋ္ဌာန်းအားဖြင့် နှစ်ပါးအပြားရှိ၏၊ ရူပ ကမ္မဋ္ဌာန်းကိုဟောတော်မူသော မြတ်စွာဘုရားသည် အကျဉ်းနှလုံး သွင်းခြင်းဖြင့်လည်းကောင်း၊ စတုဓာတုဝဝတ္ထာန် အစရှိသည်ဖြင့် လည်းကောင်း ဟောတော်မူ၏။ အရူပကမ္မဋ္ဌာန်းကို ဟောတော်မူ သောမြတ်စွာဘုရားသည် ဖဿ၏ အစွမ်းအားဖြင့်လည်းကောင်း, ဝိညာဏ်၏ အစွမ်းအားဖြင့်လည်းကောင်း ဟောတော်မူ၏၊ အချို့ ပုဂ္ဂိုလ်အား အာရုံထင်လတ်သည်ရှိသော်၊ ထိုအာရုံ၌ စိတ်,စေ တသိက်တို့၏ ရှေးဦးစွာ ဖြစ်တတ်သော ဖဿသည် ထိုအာရုံကို သိသည်ဖြစ်၍ ဖြစ်လျက်ထင်ရှား၏။ အချို့သော ပုဂ္ဂိုလ်တို့အား ထိုအာရုံကိုခံစားတတ်သော ဝေဒနာသည်ထင်ရှား၏။ အချို့သော ပုဂ္ဂိုလ်အား ထိုအာရုံကိုသိတတ်သော ဝိညာဏ်သည်ထင်ရှား၏။ ဤသို့လျှင် ပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် ထင်သည့် အားလျော်စွာ ဖဿ,ဝေဒနာ,ဝိညာဏ်တို့ကိုအကြောင်းပြုသဖြင့် အရူပကမ္မဋ္ဌာန်း ကို ဟောတော်မူ၏။ ထိုဖဿ,ဝေဒနာ,ဝိညာဏ်တို့တွင် အကြင် ပုဂ္ဂိုလ်၌ ဖဿ သည်ထင်၏။ ထိုပုဂ္ဂိုလ်အား စင်စစ်ဖဿသာလျှင် ဖြစ်သည်မဟုတ်၊ ထိုဖဿနှင့်တကွ ထိုအာရုံကိုခံစားတတ်သော ဝေဒနာလည်းဖြစ်၏။ ထိုအာရုံကိုသိတတ်သော သညာသည်လည်း ကောင်း, စေ့ဆော်တတ်သော စေတနာ သည် လည်း ကောင်း, သညာတို့ထက် အထူးအားဖြင့် သိသော ဝိညာဏ်သည်လည်း ကောင်း ဖြစ်၏ဟု ဖဿပဉ္စကတရားတို့ကိုသိမ်းဆည်း၏၊ အကြင်

ပုဂ္ဂိုလ်အား ဝေဒနာသည်လည်းကောင်း, ဝိညာဏ်သည်လည်းကောင်း ထင်၏၊ ထိုပုဂ္ဂိုလ်သည်လည်း ရှေး၌ ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်နှင့်အတူ ဖဿပဉ္စကတရားတို့ကို သိမ်းဆည်း၏။ သိမ်းဆည်းပြီး၍လည်း ဤဖဿပဉ္စကတရားတို့သည် အဘယ်ကိုမှီကုန်သနည်းဟု ရှုစမ်းဆင်ခြင်သည်ရှိသော်၊ ဟဒယဝတ္ထုကိုမှီကုန်၏ဟု သိ၏၊ ဝတ္ထုမည်သည်ကား ကရဇကာယတည်း၊ ထိုကရဇကာယသည်လည်း ရုပ်အားဖြင့် မဟာဘုတ်ဥပါဒါရုပ်တို့သာတည်း၊ ဤတရားအပေါင်းတို့တွင် မှီရာဟဒယဝတ္ထုကား ရုပ်တည်း၊ ဖဿပဉ္စကတရားတို့ကား နာမ်တည်း၊ ဤသို့ နာမ်ရုပ်မျှသာတည်းဟု ရှု၏၊ ထိုနာမ်ရုပ်နှစ်ပါးတို့တွင် ရုပ်သည် ရူပက္ခန္ဓာမည်၏။ နာမ်သည် နာမက္ခန္ဓာလေးပါးမည်၏၊ ဤသို့ ခန္ဓာငါးပါးမျှသာတည်း။ ခန္ဓာငါးပါးမှလွတ်သော နာမ်ရုပ်မရှိပြီဟု သိမ်းဆည်းပြီးသော်၊ ဤခန္ဓာငါးပါးတို့သည် အဘယ်သို့သော အကြောင်းရှိသနည်းဟု ရှုစမ်းဆင်ခြင်ပြန်သော်၊ ခန္ဓာငါးပါးတို့၏ အကြောင်းကား၊ အဝိဇ္ဇာ,ဘဝ,တဏှာ,ကံ,အာဟာရတို့တည်းဟုမြင်၏။ ထိုနောင်မှ ဤခန္ဓာငါးပါးကား၊ ပစ္စည်း,ပစ္စယုပ္ပန် မျှသာတည်းဟု သိ၏။ ပစ္စည်းပစ္စယုပ္ပန်မှ တပါး သတ္တဝါဟူ၍လည်းကောင်း, ဇီဝဟူ၍လည်းကောင်း,ပုဂ္ဂိုလ်ဟူ၍သည်းကောင်းမရှိပြီ။ သက်သက်သော သင်္ခါရအစုမျှသာတည်းဟု အကြောင်းနှင့်တကွသော နာမ်ရုပ်၏ အစွမ်းအားဖြင့် အနိစ္စ,ဒုက္ခ,အနတ္တဟူသော လက္ခဏာရေးသုံးပါးသို့တင်၍ ဝိပဿနာအဆုံးဖြင့်၊ အနိစ္စ,ဒုက္ခ,အနတ္တဟု အဖန်တလဲလဲ ရှုလျက် အောက်မေ့ဆင်ခြင်၏။ ထိုပုဂ္ဂိုလ်သည် ယနေ့ပင်ရတော့မည်ဟူ၍ အရိယာမဂ်ကိုတောင့်တ၏။ ထိုအခါ ဥတုသပ္ပါယ,ပုဂ္ဂလသပ္ပါယ,ဘောဇနသပ္ပါယ,ဓမ္မသဝနသပ္ပါယကိုရ၍ တထက်ဝယ်ထည်းဖြင့် နေလျက် ဝိပဿနာကို အပြီးသို့ရောက်စေ၍ အရဟတ္တဖိုလ်ကိုရသဖြင့် အလုံးစုံသောကိလေသာ အာသဝေါအပေါင်းတို့သည် ငြိမ်းကုန်၏၊ ဤသို့သျှင် သုံးယောက်သော ပုဂ္ဂိုလ်တို့အား

အရဟတ္တဖိုလ်သို့ ရောက်သည့် တိုင်အောင်သော ကမ္မဋ္ဌာန်းကို သိအပ်၏။ ထိုကြောင့် ဓမ္မပဒ၌။

အန္ဓဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ ။

ဟူလာ၏။

ဥပါသကာ၊ဒါယကာတို့။အယံလောကော၊ဤလူအပေါင်းသည်။ အန္ဓဘူတော၊သူကန်းသဘွယ်ဖြစ်၏။ဧတ္ထ၊ဤလူအပေါင်းတို့တွင်။ တနုကော၊ အနည်းငယ်မျှသောသူသည်။ ဝိပဿတိ၊ အနိစ္စ အစရှိသဖြင့် ရှုနိုင်၏။ကိံဝိယ၊အဘယ်ကဲ့သို့နည်းဟူမူကား။ဇာလမုတ္တော၊ ပိုက်မှလွတ်သော။ သကုဏော၊ ငုံးငှက်သည်၊ အပ္ပေါဣဝ၊ နည်း သကဲ့သို့။ အပ္ပေါ၊အနည်းငယ်သော သတ္တဝါသည်။ သဂ္ဂါ၊နတ်ရွာ သုဂတိသို့၊ ဂစ္ဆတိ၊ရောက်၏။

---

## ဒိုဠ်,နာ,သေခြင်းတရားတို့ကို နှလုံးသွင်းပုံ

အိုခြင်း,သေခြင်းတို့ကိုအကြောင်းပြုသဖြင့်ဖြစ်သော ဘာဝနာ မယာဉ် အသင့်အားဖြင့် နှလုံးသွင်းရသည်ကား၊ သဗ္ဗညူ မြတ်စွာ ဘုရားသည် သံဃာတော်အပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ သည် သာဝတ္ထိပြည်သို့ ကြွတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်သူ- ပြည်သားအပေါင်းတို့သည် ပန်းနံ့သာလက်စွဲကုန်လျက် ခရီးဦး ကြိုဆိုလာကုန်သည်။ သုဒဿန,သုဘောဂ,သုမနအမည်ရှိသော ပုဏ္ဏားငယ်သုံးယောက်တို့သည်လည်း ပန်းနံ့သာလက်စွဲကုန်လျက် ခရီးဦးကြိုဆိုလာကုန်သည်။ ထိုအခါ ဘုရားသခင်သည် ပုဏ္ဏား ငယ်သုံးယောက်တို့၏အကြံကို သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူ၍ သုံးယောက်သောပုဏ္ဏားတို့တွင် သုဒဿန ပုဏ္ဏားငယ်ကို ရှေးဦး စွာခေါ်တော်မူ၍။အချင်းသုဒဿနပုဏ္ဏား၊ သင်၏အဘပုဏ္ဏားကြီး သည် ငါဘုရားအား အဘယ်ကြောင့် ခရီးဦးကြိုမဆိုလာသနည်း

မေးတော်မူသည်ကို ဘုန်းတော်အလွန်ကြီးမြတ်သော် မူလှသော
ဘုရား၊ အကျွန်ုပ်အဘ ပုဏ္ဏားကြီးသည် အိုခြင်း, ဆင်းရဲဒုက္ခ
သဘောကို မတွေ့လိုဟု မဏိဇောတ ပတ္တမြားကျောက်ကို ငုံ၍
အဇာဋာကာသ အနန္တ အတိုင်းမသိသော ကောင်းကင်ပြင်သို့
ပျံတက်သွားလျက် လှည့်ပတ်၍ နေလေသောကြောင့် ခရီးဦးကြို
မဆိုလာပါသည်ဟု ရွှေနားတော်ကြားလျှောက်ပါသည်။ ထိုနောင်၊
သုဘောဂကိုခေါ်၍ သင်၏အဘ ပုဏ္ဏားကြီးသည် ငါဘုရားအား
အဘယ်ကြောင့် ခရီးဦး မကြိုဆိုလာသနည်းဟု မေးသည်ရှိသော်၊
ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသောဘုရား၊ အကျွန်ုပ်
အဘပုဏ္ဏားကြီးသည် နာခြင်း, ဆင်းရဲဒုက္ခသဘောကို ကြောက်
သောကြောင့် သမုဒ္ဒရာ၌ ငုပ်လျှိုးပုန်းအောင်း၍ နေသောကြောင့်
ခရီးဦးမကြိုဆိုလာပါသည်ဟု ရွှေနားတော်လျှောက်ပါသည်။ ထို
နောင်၊ သုမနကိုခေါ်၍ သုမနပုဏ္ဏား သင်၏အဘပုဏ္ဏားကြီးသည်
ငါဘုရားအား အဘယ်ကြောင့် ခရီးဦးကြို မဆိုလာသနည်းဟု
မေးတော်မူသည်ကို ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော
ဘုရား၊ အကျွန်ုပ်အဘ ပုဏ္ဏားကြီးသည် သေခြင်း, ဆင်းရဲဒုက္ခ
သဘောကို မတွေ့လိုပြီဟု မဏိဇောတ ပတ္တမြားရတနာကို ငုံ၍
အသူတရာနက်သော နန္ဒမူလတောင်ခေါင်း၌ ဝင်လျှိုးပုန်းအောင်း၍
နေလေသောကြောင့် ခရီးဦးကြို မဆိုလာပါသည်ဘုရားဟု ရွှေနား
တော်ကြားလျှောက်သည်။ ဤပုဏ္ဏားငယ်သုံးယောက်တို့ လျှောက်
သည့် စကားကို သဗ္ဗညုတ မြတ်စွာဘုရား ကြားတော်မူလျှင်
အချင်းပုဏ္ဏားငယ်တို့၊ သင်တို့၏အဘပုဏ္ဏားကြီးကို လိုက်လံရှာဖွေ
သော် တွေ့အံ့လောမေးတော်မူသဖြင့်၊ လိုက်လံရှာဖွေသော် တွေ့ပါ
အံ့သောအကြောင်းကို ဘုရားသခင်အား လျှောက်သည်ရှိသော်၊
သင်တို့၏အဘပုဏ္ဏားကြီးဘို့ကို အသီးသီးလိုက်လံရှာဖွေလေဟုန်
ဟု မိန့်တော်မူ၏။ ပုဏ္ဏားငယ် သုံးယောက်တို့သည် သဗ္ဗညုတ
မြတ်စွာဘုရား အမိန့်တော်ကို ဦးထိပ်ထက်ဆင်၍ ရွက်ပြီးလျှင်
ပတ္တမြားမျက်ရှင်ကိုငုံ၍ မိမိတို့၏ အဘနေရာအရပ်သို့ အသီးသီး

လိုက်ကုန်သည်ရှိသော်၊ အိုခြင်း,ဆင်းရဲဒုက္ခသဘောကို ကြောက်သောကြောင့် ကောင်းကင်ပြင်သို့ ပျံသွားလျက် လှည့်ပတ်၍ နေသော ပုဏ္ဏားကြီးသည် အိုခြင်း,ဆင်းရဲဒုက္ခ၏ သဘောကိုတွေ့၍ အကြော, အရိုးတို့သည် ပြိုင်းပြိုင်းထခြင်း, အသားအရေ မိန့်ရှုံ့တွန့်ခြင်း, မျက်စိသိခြင်း, နားထိုင်းခြင်း, ဆံပင်ဖြူခြင်း, သွားကျိုးခြင်း, ခြေလက်စွဲခြင်း, သက်ကြီး ရှိက်တငင် ပင်ပန်း ခြင်းသို့ ရောက်သည်ကို တွေ့လေသည်။ နာခြင်း,ဆင်းရဲ ဒုက္ခသဘောကို ကြောက်သောကြောင့် သမုဒ္ဒရာ၌ ဂုပ်လျှိုးပုန်းအောင်း၍ နေသော ပုဏ္ဏားကြီးသည် နာခြင်း,ဆင်းရဲဒုက္ခသဘောကိုတွေ့လေ၍ အရိုး, အသား ထွားထွားညက်ညက် ကြေအံ့သကဲ့သို့ ဖိန့်ဖိန့်တုန်မျှနာခြင်း၊လက်ဝဲ,လကျာ်စောင်းဘိမပြန်နိုင်ခြင်း၊ ထွက်သက်,ဝင်သက် မဖြောင့်ခြင်း၊ မရဏာသန္တ ဇောဝေါးတနင်ငင်ခြင်းသို့ ရောက်သည်ကိုတွေ့လေသည်။ သေခြင်း,ဆင်းရဲဒုက္ခသဘောကို ကြောက်သောကြောင့်၊ အသူတရာနက်သော နန္ဒမူလတောင်ခေါင်း၌ ဝင်လျှိုးပုန်းအောင်း၍ နေသော ပုဏ္ဏားကြီးသည် သေခြင်း, ဆင်းရဲဒုက္ခသဘောကိုတွေ့၍ ဖူးဖူးရောင်ခြင်း,ယင်အုံခြင်း,လောက်တက်ခြင်း ရှိသော အကောင်ကို တွေ့လေသည်။ ထိုသို့ တွေ့လေသောအခါ ပုဏ္ဏားငယ် သုံးယောက်တို့သည် နှလုံး မသာခြင်းနှင့်တကွ မိမိအဘရှိသောအရပ်မှ သဗ္ဗညုမြတ်စွာဘုရား အထံတော်သို့ ပြန်ကာနေကုန်သည်ဖြစ်၍၊ တင့်တယ်အဝဲသော အရပ်၌ ရှိသေစွာ ရှိခိုးထျက် နေကုန်သည်ရှိသော်၊ ထိုပုဏ္ဏားငယ်တို့ကို ဘုရားသခင်မြင်တော်မူ၍ အကြောင်းကို သိတော်မူလျက်၊ အချင်းတို့ ပုဏ္ဏားကြီးကို တွေ့ခဲ့၏ လောဟု မေးတော်မူသည်။ ထိုသို့ မေးတော်မူသောအခါ သုဒဿန ပုဏ္ဏားငယ်သည် ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသောဘုရား၊ အိုခြင်း,ဒုက္ခသဘောကို ကြောက်သောကြောင့် ကောင်းကင်ပြင်သို့ ပျံသွားလျက် လှည့်ပတ်၍ နေသော အကျွန်ုပ်အဘ ပုဏ္ဏားကြီးသည် အိုခြင်း, ဆင်းရဲဒုက္ခသဘောကိုတွေ့၍ အကြောအရိုးတို့သည်ပြိုင်းပြိုင်းထခြင်း,အသား

တောင့်တအပ်သော ဝတ္ထုပစ္စည်း သတ္တဝါတို့ကို မရခြင်းသည်လည်း ဆင်းရဲ၏၊ အချုပ်အားဖြင့် ဥပါဒါန် လေးပါးတို့၏ အာရုံဖြစ်ကုန်သော ငါးပါးသော ခန္ဓာတို့သည်လည်း ဆင်းရဲကုန်၏။ ဤဒေသနာ၌ အစမထင် သံသရာကာလပတ်လုံး ဖြစ်သော၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ အစရှိသော တေဘုမ္မက ဝဋ်ဓမ္မအပေါင်းသည် ဒုက္ခသစ္စာမည်၏၊ ထိုဒုက္ခသစ္စာ၏ အကြောင်းရင်း ဖြစ်သော လူ့ဘုံ,နတ်ဘုံ၌ဖြစ်သော စည်းစိမ်ချမ်းသာ ဥစ္စာ, ရွှေ, ငွေ တို့ကို တပ်မက်မောသော ကာမတဏှာ, ဘဝတဏှာ ဝိဘဝတဏှာ ဟု ဆိုအပ်သော လောဘသည် သမုဒယသစ္စာမည်၏။ ထိုသစ္စာနှစ်ပါးတို့၏ ချုပ်ရာဖြစ်သော အလွန်ငြိမ်သက် ချမ်းမြေ့သော အသင်္ခတဓာတ် နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော အရိယာမဂ္ဂင် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ဤသို့လျှင် သစ္စာလေးပါး တရားကို ပြတော်မူသော အဆုံး၌ အညာတကောဏ္ဍည အစရှိသော ပဉ္စဝဂ္ဂီ ငါးယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏၊ များလှစွာသော နတ်,ဗြဟ္မာ အပေါင်းတို့သည်လည်း အကျွတ်တရား ရကုန်၏။ ။သို့ကြောင့် ဓမ္မစက္ကသုတ်၌။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ ။ဟု လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ခေါ ပန၊ ဤတေဘုမ္မက ဓမ္မအပေါင်းသည်ကား။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခအရိယသစ္စာမည်၏။ ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ နာရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ မရဏံပိ၊ သေရခြင်းသည်လည်း။ ဒုက္ခာ၊

ဆင်းရဲ၏။ အပ္ပိယေဟိ၊ မချစ်သောသူတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ နေရခြင်းသည်။ဒုက္ခော၊ဆင်းရဲ၏။ပိယေဟိ၊ ချစ်သော သူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်။ ဒုက္ခော၊ဆင်းရဲ၏။ ယံပိစ္ဆံ၊ အကြင်တောင့်တအပ်သော ဝတ္ထုကို။ နလဘတိ၊ မရ။ ထံပိ၊ ထိုတောင့်တအပ်သောဝတ္ထုကို မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာပိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ဆင်းရဲကုန်၏။

တေဘုမ္မက ဓမ္မတို့၏ အနှစ် မရှိသည်၏ အဖြစ်ကို၊ မိန်းမ, ယောကျာ်း, လူ, ရဟန်းတို့သည် နေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့အပ်၏။ ။

ထိုကြောင့်၊ သုတ္တန် ပိဋကတ် အဘိဏှ သုတ်၌။

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ၊ ပဗ္ဗဇိတေနဝါ။ ကတမာနိပဉ္စ ဇရာဓမ္မောမှိ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။ ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ မရဏဓမ္မောမှိ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ။ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။ သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါပဗ္ဗဇိတေနဝါ။ ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော ယံ ကမ္မံ ကရိဿာမိ။ကလျာဏံဝါ ပါပကံဝါ တဿကမ္မဿ၊ ဒါယာဒေါ ဘဝိဿာမိတိ။ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။ ။ဟု လာ၏။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော သူတော်ကောင်း
အပေါင်းတို့။ ကုမာနိပဥ္စဋ္ဌာနာနိ၊ ဤငါးပါးသောအကြောင်းတို့ကို။
ဣတ္ထိယာ ဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသေန ဝါ၊ ယောကျ်ား
သည်လည်းကောင်း။ ဂဟဋ္ဌေန ဝါ၊ လူသည်လည်းကောင်း။ ပဗ္ဗဇိ
တေန ဝါ၊ ရဟန်းသည်လည်းကောင်း။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိ
တဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။ ပဥ္စ၊ ငါးပါးတို့သည်။ ကတမာနိ၊
အဘယ်သည်တို့နည်းဟူမူကား။ ဇရာဓမ္မော၊ အိုခြင်းသဘောသည်။
အမှိ၊ ဖြစ်၏။ ဇရံ၊ အိုခြင်းကို။ အနတိတော၊ မလွန်နိုင်ဟူ၍။ ဣတ္ထိ
ယာ ဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်
လည်းကောင်း။ ဂဟဋ္ဌေန ဝါ၊ လူသည်လည်းကောင်း။ ပဗ္ဗဇိတေ
န ဝါ၊ ရဟန်းသည်လည်းကောင်း၊ အဘိဏှံ၊ မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ၊
ဆင်ခြင်အပ်၏။ ဗျာဓိဓမ္မော၊ နာခြင်းသဘောသည်။ အမှိ၊ ဖြစ်၏။
ဗျာဓိ၊ နာခြင်းကို။ အနတိတော၊ မလွန်နိုင်ဟူ၍။ ဣတ္ထိယာ ဝါ၊
မိန်းမသည်လည်းကောင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်လည်း
ကောင်း။ ဂဟဋ္ဌေန ဝါ၊ လူသည်လည်းကောင်း။ ပဗ္ဗဇိတေန ဝါ၊
ရဟန်းသည်လည်းကောင်း။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်
အပ်၏။ မရဏဓမ္မော၊ သေခြင်းသဘောသည်။ အမှိ၊ ဖြစ်၏။ မရဏံ၊
သေခြင်းကို။ အနတိတော၊ မလွန်နိုင်ဟူ၍။ ဣတ္ထိယာ ဝါ၊ မိန်းမ
သည်လည်းကောင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်လည်းကောင်း။
ဂဟဋ္ဌေန ဝါ၊ လူသည်လည်းကောင်း၊ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည်
လည်းကောင်း၊ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။
မေ၊ ငါအား။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ နှလုံးကို
ပွားစေအပ်ကုန်သော၊ သဗ္ဗေဟိ၊ အလုံးစုံကုန်သောသူတို့နှင့်၊ နာနာ
ဘာဝေါ ဝါ၊ အထူးအားဖြင့် အသက်ရှင်စဉ် ကွေကွင်းရခြင်းသည်
လည်းကောင်း၊ ဝိနာဘာဝေါ ဝါ၊ စုတိဘောက်ပြန်သောအားဖြင့်
ကွေကွင်းရခြင်းသည်လည်ကောင်း၊ အတ္ထိ၊ ရှိ၏၊ ဣတိ၊ ဤသို့၊ ဣတ္ထိ
ယာ ဝါ၊ မိန်းမသည်လည်းကောင်း၊ ပုရိသေန ဝါ၊ ယောကျ်ားသည်
လည်းကောင်း၊ ဂဟဋ္ဌေန ဝါ၊ လူ သည် လည်း ကောင်း၊ ပဗ္ဗဇိ

တေနဝါ၊ ရဟန်းသည်လည်းကောင်း။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ကမ္မဿကော၊ ကံဟူသောဥစ္စာရှိသည်။ အမှိ၊ ဖြစ်၏။ ကမ္မဒါယာဒေါ၊ ကံသာလျှင်အမွေခံရှိသည်။ အမှိ၊ ဖြစ်၏။ ကမ္မယောနိ၊ ကံဟူသောအမျိုးသည်။ အမှိ၊ ဖြစ်၏။ ကမ္မဗန္ဓု၊ ကံဟူသောအဆွေသည်။ အမှိ၊ ဖြစ်၏။ ကမ္မပဋိသရဏော၊ ကံ၏အစီအရင်ကိုခံရသည်။ အမှိ၊ ဖြစ်၏။ ကလျာဏံဝါ၊ ကောင်းသည်လည်းဖြစ်သော။ ပါပကံဝါ၊ မကောင်းသည်လည်းဖြစ်သော။ ယံကမ္မံ၊ အကြင်ကုသိုလ်ကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿကမ္မဿ၊ ထိုကုသိုလ်ကံ၏။ ဒါယာဒေါ၊ အမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့။ ဣတိ၊ ဤသို့။ ဣတ္ထိယာဝါ၊ မိန်းမသည်လည်းကောင်း၊ ပုရိသေနဝါ၊ ယောကျ်ားသည်လည်းကောင်း။ ဂဟဋ္ဌေနဝါ၊ လူသည်လည်းကောင်း။ ပဗ္ဗဇိတေနဝါ၊ ရဟန်းသည်လည်းကောင်း။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

များစွာသော အခြံအရံရှိသော မဟာသမ္မတမင်း အစရှိသော သူတို့သည် ထိုသို့သောအခြံအရံဖြင့် သေမင်းလက်မှ မလွတ်နိုင်ကုန်။ ဘုန်းတန်ခိုးအာနုဘော်ကြီးလှသော ဇောတိက အစရှိသော သူဌေးတို့သည်လည်း ထိုသို့သော ဘုန်းတန်ခိုးဖြင့် သေမင်းလက်မှမလွတ်နိုင်ကုန်။ ခွန်အားကြီးသော ဝါသုဒေဝအစရှိသော သူတို့သည်လည်း ထိုသို့သော ခွန်အားကြီးခြင်းဖြင့် သေမင်းလက်မှ မလွတ်နိုင်ကုန်။ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းသည်လည်း စကြာရတနာဖြင့် သေမင်းလက်မှ မလွတ်နိုင်သည်ဖြစ်၍ သေမင်းနိုင်ငံသို့သာ လိုက်တော်မူရကုန်၏။ အသက်ရှစ်သောင်း, လေးထောင်ရှည်သော မဟာဗြဟ္မာကြီးတို့သည်လည်း သေမင်းလက်မှ မလွတ်နိုင်ကုန်သည်ဖြစ်၍ သေမင်းနိုင်ငံသို့ လိုက်တော်မူရကုန်၏။ တန်ခိုးကြီးခြင်းစသော ဂုဏ်ဝိသေသနှင့် ပြည့်စုံသော အရှင်မဟာမောဂ္ဂလာန်၊ ပညာကြီးခြင်းအစရှိသော ဂုဏ်ဝိသေသနှင့်ပြည့်စုံသော အရှင်သာရိပုတ္တရာ အစရှိသော ရဟန္တာအရှင်မြတ်သည်လည်း သေမင်းလက်မှ မလွတ်နိုင်ကုန်သည်ဖြစ်၍

သေမင်း နိုင်ငံသို့သာ လိုက်တော်မူရ ကုန်၏၊ တဆူတည်းသာ ပွင့်တော်မူသဖြင့် သစ္စာလေးပါးတရားတို့ကို အလိုလိုသာသိတော်မူသော အရှင်ပစ္စေကဗုဒ္ဓါ ဘုရားသခင်တို့သည်လည်း သေမင်းလက်မှ မလွတ်နိုင်ကုန်သည်သာဖြစ်၍ သေမင်းနိုင်ငံသို့သာ လိုက်တော်မူရလေကုန်၏၊ လောကသုံးပါး၌ တူသသူမရှိ။ ဝိပဿီအစရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသော သဗ္ဗညု မြတ်စွာဘုရားတို့သည်လည်း သေမင်းလက်မှ မလွတ်နိုင်ကုန်သည်ဖြစ်၍ သေမင်းနိုင်ငံသို့သာ လိုက်တော်မူရကုန်၏၊ ခွန်အား ကြီးခြင်း, ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း, ပညာကြီးခြင်း အစရှိသောဂုဏ်ဝိသေသမှ ကင်းသော နှင်နှင်ဖြစ်သော ငါတို့သူငါကား အဘယ်မှာဆိုဘွယ်ရာရှိအံ့နည်း၊ "မရဏံ ရူဝံ ဇီဝိတံ အရူဝံ နဿန္ခမ္မော နာမ နဿတိ၊ ဘိန္ဒနခမ္မောနာမ တိဇ္ဇတိ" အစရှိသည်ဖြင့်၊မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အသင့်နှလုံးသွင်းကုန်ရာ၏၊ ။ထိုကြောင့် သုတ္တန်ပိဋကတ်၌၊

ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ အရဟန္တာ မဟိဒ္ဓိကာ မဟာဖြဟ္မာ
စက္ကဝတ္တိနော မစ္စုပဟတ္ထာ န မုစ္စတိ။ ။ဟု လာ၏၊

ဗုဒ္ဓါစ၊ သဗ္ဗညုမြတ်စွာဘုရားတို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါစ၊ အရှင် ပစ္စေကဗုဒ္ဓါ ဘုရား တို့ သည် လည်း ကောင်း၊ အရဟန္တာစ၊ ရဟန္တာ အရှင်မြတ်တို့သည်လည်းကောင်း၊ မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်သော။ မဟာဖြဟ္မာစ၊မြတ်သော ဗြဟ္မာမင်းတို့သည်လည်းကောင်း၊ မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်သော၊ စက္ကဝတ္တိနောစ၊စကြာဝတေးမင်း တို့သည်လည်းကောင်း။ မစ္စုပဟတ္ထာ၊ သေမင်းလက်မှ၊ နမုစ္စန္တိ၊ထွက်တော်မမူကုန်၊

## ခေတ်လေးပါးကို မြွေလေးစင်းဥပမာဖြင့်ပြဆိုပုံ

ပဋိသန္ဓေနေခြင်းသဘောရှိသောသူအား၊ မသေသောသူမည်သည်မရှိ။လောက၌ သတ္တဝါတို့၏ အသက်ရှည်ခြင်းသည် အမှတ်သညာမရှိ၊ ငါသည် ၅မည်သောအမှုကိုပြုပါဦးအံ့၊ ထိုလ၄ သင်

ကား သေပါ၊ ငါမျက်စိမမှိတ်မီ မသေပါလင့်၊ ဤသို့ အမှတ်မရှိသော အမှတ်သညာ ကင်း၏၊ ဤသူကား၊ ဤမျှလောက်သော ကာလတိုင်အောင် အသက်ရှည်လတ်မည်ဟု သိလည်း မသိနိုင်၊ ထိုအသက်သည်အဿာသ-ပဿာသနှင့်လည်းစပ်၏၊မဟာဘုတ်လေးပါးနှင့်လည်း စပ်၏။ ကဗဠိကာ အာဟာရနှင့်လည်း စပ်၏၊ ကမ္ဗဇတေဇောနှင့်လည်း စပ်၏။ ဝိညာဏ်နှင့်လည်း စပ်၏၊ ထိုခြောက်ပါးသော အကြောင်းတို့တွင် အဿာသ ချုပ်သော်လည်း သတ္တဝါတို့သည်သေကုန်၏။ ပဿာသချုပ်သော်လည်း သတ္တဝါတို့သည် သေကုန်၏။ ဓာတ်လေးပါးမှ သော်သာ ရှင်ကုန်၏၊ ဓာတ်လေးပါးတို့တွင် တပါးပါးဘောက်ပြန်သည်ရှိသော်၊သေခြင်းသဘောသို့ ရောက်ကုန်၏။ ကဋ္ဌမုခ၊မြွေကိုက်အပ်သော ကိုယ်သည် ခက်ထရော်ရှိသော အဖြစ်သို့ရောက်သကဲ့သို့၊ ပထဝီဓာတ်ပျက်သဖြင့် ထိုကိုယ်သည် ခက်ထရော်ရှိသော အဖြစ်သို့ရောက်၏။ ပုတိမုခ၊မြွေကိုက်အပ်သောကိုယ်သည်ပုပ်ခြင်းသဘောသို့ရောက်သကဲ့သို့၊ အာပေါဓာတ်ပျက်သဖြင့် ပုပ်ခြင်းသဘောသို့ရောက်၏။ အဂ္ဂိမုခ၊မြွေကိုက်အပ်သော ကိုယ်သည်၊ လောလောပူသကဲ့သို့ တေဇောဓာတ်ပျက်သဖြင့် ထိုကိုယ်သည် ပူပန်ခြင်းသဘောရှိ၏။ သတ္ထမုခ၊ မြွေကိုက်အပ်သောကိုယ်သည် အပိုင်းပိုင်းပြတ်သကဲ့သို့ ဝါယောဓာတ်ပျက်သဖြင့် သတ္တဝါတို့၏ကိုယ်သည် အပိုင်းပိုင်းပြတ်၏၊ ထိုကြောင့်၊ ဓာတ်လေးပါးမျှသော်သာ အသက်ရှည်ကုန်၏၊ ဓာတ်လေးပါးပျက်သည်ရှိသော် သေခြင်းသဘောသို့ရောက်၏၊ နှိက္ခကာလ အစရှိသည်တို့၌ အာဟာရ ပြတ်ခြင်းကြောင့် သေခြင်းသဘောကား၊အလွန်လျှင်ထင်ရှား၏၊ထိုကြောင့် သတ္တဝါတို့၏ အသက်ရှည်ခြင်းသည်၊ ကဗဠိကာရ အာဟာရနှင့်လည်းစပ်၏၊ စားတိုင်း,သောက်တိုင်း,ခဲတိုင်းသော အာဟာရကို ကြေစေတတ်သော ကမ္ဗဇတေဇော ကုန်သည်ရှိသော်၊ သတ္တဝါတို့သည် အသက်ကုန်ခြင်းသို့ရောက်ကုန်၏။ ထိုကြောင့်၊ကမ္ဗဇတေဇောနှင့်လည်းစပ်၏၊ ဝိညာဏ် ချုပ်သည်ရှိသော် သတ္တဝါတို့သည်

သေခြင်းသဘောသို့ ရောက်ကုန်၏။ ဝိညာဏ်ရှိသော်သာ ရှင်ကုန်၏။ ထိုကြောင့် ဝိညာဏ်နှင့်လည်းစပ်၏။ ဤသို့ ပဋိသန္ဓေ နေခြင်းရှိသော သတ္တဝါတို့၏အသက်သည် ခြောက်ပါးသော အကြောင်းတို့နှင့်သာလျှင် စပ်၍ဖွဲ့၏။ အကြောင်းခြောက်ပါး ချုပ်သော်လည်းကောင်း, တပါးပါး ချုပ်သော်လည်းကောင်း သေခြင်းသဘောသို့ရောက်ကုန်၏။ ထိုအသက်ရှင်ခြင်းသည်လည်း နတ်တို့၏အသက်ကို ထောက်ထားဆင်ခြင်သည်ရှိသော်၊ ဆိုးနှင်းပေါက်ပမာ ထားသာဖြစ်၏။ ဤသို့ တိုသွားသော အသက်ရှင်ခြင်းသည်လည်း "သိတဒုက္ခ, ဥဏှဒုက္ခ, ဒံသမကသာဒိ သမ္ဖဿဒုက္ခ, ခုပ္ပိပါသဒုက္ခ, သံသာရဒုက္ခ, ဝိပရိဏာမဒုက္ခ" ဟူ၍ များလှစွာသော ဆင်းရဲခြင်းအပေါင်းနှင့်သာ စပ်ခြင်းရှိ၏။ ။ထိုကြောင့် သုတ္တန်ပါဠိ၌။

ပဋိသန္ဓိကာသာ အမရဏာသတ္တောနာမနတ္ထိ။ ။ဟု လာ၏။

ပဋိသန္ဓိကာသာ၊ ပဋိသန္ဓေနေသောသူအား။ အမရဏာသတ္တောနာမ၊ မသေသော သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။

---

## သတ္တဝါတို့၏ အရိုးရကို ဝေဘူလတောင်နှင့် ဥပမာ ပြဆိုပုံ

ခန္ဓာငါးပါး, အာယတန တဆယ့်နှစ်ပါး, ဓာတ်တဆယ့်ရှစ်ပါးတို့၏ မပြတ်ဆက်ခါသက်ခါစုတေ နောင်ပဋိသန္ဓေအားဖြင့် ဖြစ်၏။ အစဉ်ကို သံသရာဟုဆိုအပ်၏။ ဤမည်သောကမ္ဘာ, ဤမည်သောဘုရား, ဤမည်သော မင်းတို့၏ လက်ထက်၌သာ ဖြစ်ကုန်၏။ ဤ၌ ရှေး၌ မဖြစ်ကုန်သေးဟု အစမရှိခဲ့ရကား၊ အဝိဇ္ဇာ သံယောဇဉ်, တဏှာသံယောဇဉ်တို့ကို အရဟတ္တမဂ်ဖြင့် မပြတ်ရကုန်သေးသော သတ္တဝါတို့အား၊ ရှေးသည်းအစမရှိသော, နောင်လာလတ့်သော ကာလလည်း အဆုံးမရှိသည်သာလျှင် ဖြစ်၏။ မဟာကပ်ကို လေးပုံ၍ တစုသော အသင်္ချေယျကပ်လုံး။ ဝါ၊ တကမ္ဘာပတ်လုံး ကျင်လည်သော သတ္တဝါတို့၏ အရိုးမရကောင်းသော

တိ, မြွေ့, ပက်ကျိ အစရှိသော သတ္တဝါ၊ အရိုး ရကောင်းသော ငါး, လိပ်, ဆင် အစရှိသော သတ္တဝါဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အရိုးမရကောင်းသော သတ္တဝါတို့ကို ထား၍၊ အရိုးရကောင်းသော ဘဝ၌ အရိုးကို ကောက်၍ လာသည်ဖြစ်အံ့၊ ထိုအရိုးသည်လည်း မပျောက်မပျက်တတ်သည် ဖြစ်ငြားအံ့၊ မပျောက် မပျက် တည် သည် ရှိသော်၊ ဤဝေပုလ တောင်နှင့်မျှသော ပမာဏ ရှိသည်ဖြစ်ရအံ့။ ဤဝေပုလတောင်ကား၊ အနှစ်လေးသောင်းအသက်ရှည်သော ကောက္ကသန်မြတ်စွာဘုရားလက်ထက်အား လျစ်လျူရှိသော သူတို့၏ လေးရက်တက်, လေးရက်သက်ရှိ၏၊ အနှစ် သုံးသောင်း အသက် ရှည်သော ကောဏဂုံမြတ်စွာဘုရားလက်ထက်အား လျစ်လျူရှိသော သူတို့၏ သုံးရက်တက်, သုံးရက်သက်ရှိ၏၊ အနှစ် နှစ်သောင်း အသက်ရှည်သော ကဿပ မြတ်စွာဘုရားလက်ထက်အား လျစ်လျူရှိသောသူတို့၏ နှစ်ရက်တက်, နှစ်ရက်သက်ရှိ၏၊ အနှစ်တရာ အသက်ရှည်သော ဂေါတမဘုရား လက်ထက်အား တမုဟုတ်တက်, တမုဟုတ်သက်ရှိ၏။ ဤသို့ တကမ္ဘာပတ်လုံးကျင်လည်သော အရိုးရကောင်းသော ဘဝ၌ ဖြစ်သော သတ္တဝါတို့၏ အရိုးသည် ဝေပုလ တောင်နှင့်မျှသော ပမာဏရှိ၏ဟု သဗ္ဗညုတဉာဏ်ဖြင့် ပိုင်းခြား၍ ဟောတော်မူသည်၊ ဤသို့လျှင် တကမ္ဘာမျှကျင်လည်သောသတ္တဝါတို့၏ အရိုးသည်လည်း ဤမျှရှိကုန်သေး၏။ လွန်လေပြီးသောသတ္တဝါတို့၏ အရိုး ကိုကား၊ ဘယ်မှာ အရေ အတွက် ရ နိုင် အံ့ နည်း၊ ထိုကြောင့် ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ခြင်း အစဉ်ကို အစမရှိသည် အဖြစ်ကြောင့် သံသရာဟု ဆိုအပ်၏။ ရဟန်းတို့၊ သင်တို့သည် ဤသို့လျှင် ကမ္ဘာအရှည်အလျား ဆင်းရဲ ကြီးစွာ ခံစားလာလေကုန်ပြီ၊ သင်းချိုင်းမြေ အပြင်ကို ပွားစေကုန်သလေပြီ။ ထိုကြောင့် တစုံတခုသော သတ္တဝါ သင်္ခါရတို့၌ တပ်ခြင်း, ငဲ့ကွက်ခြင်းကို မပြုမူ၍၊ ဝဋ်ဆင်းရဲ အပေါင်းတို့၏ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကမ္မဋ္ဌာန်း ဘာဝနာကို ပွားစေကုန်ရာသည်၊

ဤဒေသနာ၌ အစမထင် သံသရာကာလပတ်လုံး ဖြစ်သော ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခဒေါမနဿ, ဥပါယာသ အစရှိသော တေဘုမ္မိက ဝဋ္ဋအပေါင်းသည် ဒုက္ခသစ္စာမည်၏။ ထိုဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော အရဟတ္တမဂ်ဖြင့် မပြတ်ရလေသေး၊ အဝိဇ္ဇာတဏှာနုသယ အစရှိသည်တို့သည် သမုဒယသစ္စာမည်၏။ ထိုသစ္စာနှစ်ပါး၏ ချုပ်ရာဖြစ်သော အလွန်ငြိမ်သက်ချမ်းမြေ့သော အသင်္ခတဓာတ် နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော အရိယာ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ထိုသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာကား ပရိညေယျတည်း၊ သမုဒယသစ္စာကား ပဟာတဗ္ဗတည်း၊ နိရောဓသစ္စာကား သစ္ဆိကာတဗ္ဗတည်း၊ မဂ္ဂသစ္စာကား ဘာဝေတဗ္ဗတည်းဟု ပိုင်းခြား၍ သိမြင်သော သောတာပန် ပုဂ္ဂိုလ်သည်၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေဟု ဆိုအပ်သော ငါးပါးသော ဣန္ဒြေတို့သည် ထက်သည်ဖြစ်အံ့၊ ဧကဗီဇ သောတာပန်။ ထိုဣန္ဒြေငါးပါးတို့သည် မထက်လွန်း, မနုလွန်းသည် ဖြစ်အံ့၊ ကောလံကောလ သောတာပန်။ ထိုဣန္ဒြေ ငါးပါးတို့သည် အလွန်နုသည်ဖြစ်အံ့၊ သတ္တက္ခတ္တုပရမ သောတာပန်ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ဣန္ဒြေငါးပါးနုသော သောတာပန်ဖြစ်အံ့၊ ခုနစ်ဘဝသာလျှင် ကျင်လည်၍ သတ္တမ ဘဝ၌ တစုံတခုသော အကြောင်းကြောင့် ငြီးငွေ့သဖြင့် အထက်ဖိုလ်အကျိုးငှာ ဝိပဿနာ အားထုတ်သည်ရှိသော်၊ အစဉ်အတိုင်း အရဟတ္တမဂ်ကိုရ၏။ ဆယ်ပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဘဝအဆုံး ဆင်းရဲ အပေါင်းတို့၏ အဆုံးဖြစ်သော နိဗ္ဗာန် ရွှေပြည်သို့ ရောက်၏။ ။ထိုကြောင့် သတ္တဂ်ဟာ၌။ “မဂဓာသု ဂိရိဗ္ဗဇေ” စသည်ဖြင့် လာ၏။

## ဘေးလေးပါးကို နွားကျောင်းသား ဥပမာနှင့် ပြဆိုပုံ

ဇာတိ, ဇရာ, ဗျာဓိ၏ ကင်းရာနိဗ္ဗာန်ကို တောင့်တ၍ ဘာဝနာ မယ ကုသိုလ်ကို ပွားစေရာ၏၊ ဤသတ္တဝါတို့အား ဇာတိအစရှိ သော တရားတို့သည် တုတ်,လှံတံ လက်၌ရှိသော နွားကျောင်း သားနှင့်တူ၏။ ဇာတိသည် ဇရာ၏အထံသို့ တွန်းနှင်၍၊ ဇရာသည် ဗျာဓိ၏ အထံသို့ တွန်းနှင်၍၊ ဗျာဓိသည် မရဏ၏အထံသို့ တွန်း နှင်၍၊ထားမဖြင့် ဖြတ်သကဲ့သို့ အသက်ကို ဖြတ်လေကုန်၏။ ထိုသို့ ပင် ဖြစ်သော်လည်း၊ နိဗ္ဗာန်ကို တောင့်တသောသူ မည်သည်မရှိ၊ ဝဋ်တရားကိုသာ တောင့်တကုန်သည်။ ။ထိုကြောင့်၊ ဓမ္မပဒ အဋ္ဌကထာ၌။

ဝိသာခေ ဇရာမေသံ သတ္တာနံ ဇာတိအာဒယော နာမ ဒဏ္ဍဟတ္ထဂေါပါလကသဒိသာ ဇာတိဇရာယ သန္တိကံ။ ဇရာ ဗျာဓိနော သန္တိကံ၊ ဗျာဓိ မရဏဿ သန္တိကံ ပေသေ တွာ သန္တိကံ ဝါရိယာ ဆိန္ဒန္တာ ဝိယ ဇီဝိတံ ဆိန္ဒန္တိ၊ ဇီဝံ သန္တေပိ ဝိဝဋ္ဋံ ပတ္ထေန္တာ နာမ နတ္ထိ။ ဝဋ္ဋမေဝ ပန ပတ္ထေန္တိ၊ အနုသန္ဓိ ယောဇေတွာ ဓမ္မံ ဒေသေန္တော ဣမံ ဂါထံ အာဟ။ ။ဟု လာ၏။

ဝိသာခေ၊ ဝိသာခါ၊ ဣမေသံသတ္တာနံ၊ ဤသတ္တဝါတို့အား၊ ဇာတိအာဒယောနာမ၊ ဇာတိအစရှိသည် တို့သည်၊ ဒဏ္ဍဟတ္ထ ဂေါပါလကသဒိသာ၊ တုတ်,လှံတံ လက်၌ရှိသော နွားကျောင်း သားတို့နှင့်လည်း တူကုန်၏၊ ဇာတိ၊ ဇာတိသည်၊ ဇရာယ၊ ဇရာ ၏၊ သန္တိကံ၊ အထံသို့။ ဇရာ၊ ဇရာသည်၊ ဗျာဓိနော၊ ဗျာဓိ၏။ သန္တိကံ၊ အထံသို့။ ဗျာဓိ၊ ဗျာဓိသည်။ မရဏဿ၊ မရဏ၏။ သန္တိကံ၊ အထံသို့။ ပေသေတွာ၊ စေလွှတ်၍။ ဝါ၊ တွန်းနှင်၍။ ဝါရိယာ၊ ထားမဖြင့်။ ဆိန္ဒန္တာဝိယ၊ ဖြတ်သကဲ့သို့၊ ဇီဝိတံ၊ အသက် ကို။ ဆိန္ဒတိ၊ ဖြတ်၏။ ဇီဝံသန္တေပိ၊ ဤသို့ပင် ဖြစ်သော်လည်း။

ဝိဝဋ္ဋံ၊ နိဗ္ဗာန်သို့။ ပဏ္ဏတ္တာနုဂမ၊ တောင့်တသောသူတို့မည်သည်၊
နတ္ထိ၊ မရှိကုန်။ ပန၊ စင်စစ်သော်ကား။ ဝဋ္ဋမေဝ၊ ဝဋ်တရားကိုသာ။
ပဏ္ဏတ္တိ၊ တောင့်တကုန်၏။ ဣတိ၊ ဤသို့။ အနုသန္ဓိ၊ အနုသန္ဓေကို။
ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။
ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဓမ္မပဗ္ဗ ဟောတော်မူ၏။

ဝိသာခေ ယထာ ဒဏ္ဍေန ဂေါပါလော။ ဂါဝေါ ပါ
စေတိ ဂေါစရံ၊ ဧဝံ ဇရာစ မစ္စု စ အာယုံ ပါစေန္တိ ပါဏိနံ။

ဝိသာခေ၊ ဝိသာခါ။ ဂေါပါလော၊ နွားကျောင်းသားသည်။ ဒဏ္ဍေန၊ တုတ်လှံတံဖြင့်။ ဂါဝေါ၊ နွားတို့ကို။ ဂေါစရံ၊ ကျက်စားရာသို့။ ပါစေတိယထာ၊ နှင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇရာ၊ အိုခြင်းသည်လည်းကောင်း။ မစ္စု၊ သေခြင်းသည်လည်းကောင်း။ ပါဏိနံ၊ သတ္တဝါတို့၏။ အာယု၊ အသက်ကို။ ပါစေန္တိ၊ နှင်လေကုန်၏။

## ရာဂ၊ ဒေါသ၊ မောဟ တဏှာတရားတို့၏ ဖမ်းဆီးပုံကို ပြဆိုခြင်း

သတ္တဝါတို့၏ ဘုံသုံးပါး၌ ကျင်လည်ရခြင်းသည် ဝဋ်ဆင်းရဲ၏ အမြစ် မပြတ်ခြင်းကြောင့် ဖြစ်သတည်းဟု နှလုံးသွင်းသဖြင့် ဘာဝနာမယကုသိုလ်ကို ပွားစေရာ၌၊ ရာဂဟူသော မီးနှင့်တူသော မီးမရှိဟူသည်ကား၊ အခိုးအလျှံ အစရှိသည်တို့တွင် တစုံတခုကိုမျှ မမြင်စေမူ၍၊ အတွင်း၌ ထ၍လောင်သောကြောင့် ရာဂနှင့်တူသော မီးမရှိဟု ဟောတော်မူသည်။ ဒေါသနှင့်တူသော ဖမ်းဆွဲခြင်းမရှိ သည်ကား ဘီလူးဖမ်းခြင်း၊ စပါးကြီးဖမ်းခြင်း၊ မိကျောင်းဖမ်းခြင်း စသည်တို့ကား ဘဝ၌သာ ဖမ်းကုန်သည်။ ဒေါသနှင့် တူသော ဖမ်းဆွဲခြင်းသည်ကား အလုံးစုံသောဘဝတို့၌ ဖမ်းဆွဲတတ်သည်။ ထိုကြောင့် ဒေါသနှင့်တူသော ဖမ်းဆွဲခြင်းမရှိဟု ဟောတော်မူ သည်။ အလုံးစုံသော သတ္တဝါအပေါင်းတို့အား မောဟဟူသော

အရိုက်မှောင်ဖြင့် ဖုံးလွှမ်းပိတ်ပင်တတ်သောကြောင့်၊ မောဟနှင့် တူသော အမြွေးအသွက်မရှိဟု ဟောတော်မူသည်။ တဏှာနှင့် တူသော မြစ်မရှိဟူသည်ကား, ဂင်္ဂါ, ယမုနာအစရှိသော မြစ်တို့ အား ပြည့်သောအခါလည်း ရှိသည်၊ မပြည့်သောအခါသည်း ရှိသည်။ တဏှာဟူသော မြစ်သည်ကား ပြည့်သောအခါသည် လည်းကောင်း, ခန်းခြောက်သော အခါသည်လည်းကောင်း မရှိ။ အခါခပ်သိမ်း မပြည့်နိုင်သည်သာ။ ထို့ကြောင့် တဏှာနှင့်တူသော မြစ်မရှိဟု ဟောတော်မူ၏။ ။ထို့ကြောင့် ဓမ္မပဒ၌။

နတ္ထိ ရာဂသမော အဂ္ဂိ။ ။စသည်ဖြင့် လာ၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ရာဂသမော၊ရာဂနှင့်တူသော။အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ ဒေါသသမော၊ဒေါသနှင့်တူသော။ ဂါဟော၊ ဖမ်းဆွဲခြင်းသည်။ နတ္ထိ၊ မရှိ။ မောဟာသမံ၊ မောဟနှင့်တူသော။ ဇာလံ၊ အမြွေးအယှက် ကွန်ရက်သည်။ နတ္ထိ၊မရှိ။ တဏှာသမော၊ တဏှာနှင့်တူသော။ နဒီ၊မြစ်သည်။ နတ္ထိ၊ မရှိပြီ။

---

## စကားပြောဆိုရာ၌ ဘာဝနာမယ ကုသိုလ်ဖြစ်အောင် ပြောဆိုနည်းကိုပြဆိုခြင်း

မင်းစကား စသည်ကို ပြောရာ၌ ဂေဟာသိတဖြင့်ကား မပြော မဆိုသင့်။ အသင့်နှလုံးထား၍ ပြောရာ၌ ဘာဝနာမယ ကုသိုလ် ပွားရာသည်။ဆိုကား ရာဇကထာ၌မဟာသမ္မတမင်း,မန္ဓာတ်မင်း, ဓမ္မာသောကမင်းတို့သည် တန်ခိုးအာနုဘော်ကြီးသည် စသည်ဖြင့် ပြောသောစကားတည်း။ထိုမင်းတို့သည် အဆင်းလှသည်,ရှုဘွယ် ဘနန်းရှိသည်၊ ဤသို့ အစရှိသည်ဖြင့် ဂေဟာသိတပြောမှုသာ တိရစ္ဆာနကထာဖြစ်သည်။ ထိုသို့ ဘုန်းတန်ခိုးကြီးသော မင်းတို့ သည် ကုန်ခြင်း, ပျက်ခြင်းသို့ ရောက်လေသည်။ ဤသို့ ပြောမူ ကမ္မဋ္ဌာန်းပင်ဖြစ်သည်။ခိုးသူ၌လည်း မူလဒေဝခိုးသူ, မေဃမာလ ခိုးသူတို့သည် တန်ခိုးကြီး၏၊ ရဲပေစွ။ ဤသို့ ဂေဟာသိတနှင့်ပြောမှု

တိရစ္ဆာနကထာဖြစ်သည်။ ထိုခိုးသူတို့သည် ကုန်ခြင်း, ပျက်ခြင်းသို့ ရောက်လေပြီပြောလျှင် ကမ္မဋ္ဌာန်းပင်ဖြစ်သည်။ စစ်ထိုးရာ၌လည်း ဤမည်သောမင်းတို့သည် သတ်လေ၏၊ ထိုးလေ၏ဟု ကာမဿာဒနှင့်ပြောသော် တိရစ္ဆာနကထာဖြစ်သည်။ ထိုမင်းတို့သည် ကုန်ခြင်း, ပျက်ခြင်းသို့ ရောက်လေပြီပြောမူ ကမ္မဋ္ဌာန်းပင်ဖြစ်သည်။ ထမင်းစသည်၌ ကောင်းသောအဆင်း, အနံ့, အရသာရှိသောထမင်းကို ငါတို့စားရလေပြီဟု ကာမဿာဒဖြင့်ပြောသော် တိရစ္ဆာနကထာဖြစ်သည်။ ရှေး၌ ဤသို့အဆင်း, အနံ့, အရသာနှင့်ပြည့်စုံသော ထမင်း, အဖျော်, အဝတ်ပုဆိုး, အိပ်ရာ, နေရာ, ပန်းနံ့သာကိုရဟန်းတို့အား လှူရပြီ။ စေတီတော်ကိုပူဇော်ရပြီ။ ဤသို့ပြောသော် ကုသိုလ်ပင်ဖြစ်သည်။ အဆွေအမျိုးစသည်လည်း ငါတို့အဆွေအမျိုးရဲရင့်သည်, အစွမ်းရှိသည်, ပြောမူ မသင့်၊ ထိုသို့ စွမ်းသောရဲသောအမျိုးတို့သည် ခယဝယသဘောသာပြောမူ ကမ္မဋ္ဌာန်းပင်ဖြစ်၏။ ယာဉ်၌လည်း ငါတို့သည် ရှေး၌ဆန်းကြယ်သော ဆင်ယာဉ်, မြင်းယာဉ်, ရွှေထမ်းစင် သံလျင်တို့ဖြင့်လည်း ယဉ်လေပြီဟု သာယာသဖြင့်ပြောသော် မသင့်။ ငါတို့သည် တင့်တယ်သော ဘိနပ်ကို သံဃာအား လှူပြီးပြောသော် ကုသိုလ်ပင်။ ရွာ၌လည်း ဤရွာအနေအထားကောင်း၏၊ ဤရွာမကောင်း၊ ဤရွာဝပြော၏၊ ဤရွာငတ်မွတ်၏ ဟူ၍လည်းကောင်း, ဤရွာ နေသောသူတို့သည် ရဲ၏၊ အစွမ်းရှိ၏ ဟူ၍လည်းကောင်း, သာယာသဖြင့်ပြောသော် မသင့်။ ထိုရွာသားတို့သည် သဒ္ဓါတရားရှိ၏ ဟူ၍လည်းကောင်း, ခယဝယသဘောရှိ၏ ဟူ၍လည်းကောင်း ပြောသော် သင့်၏။ နိဂုံး, မြို့, ဇနပုဒ်တို့၌လည်း ဤနည်းတူသိအပ်၏။ မိန်းမ၌လည်း အဆင်းသဏ္ဌာန်စသည်ကိုစွဲ၍ သားမယားဖြင့်ပြောသော် မသင့်။ ဤမိန်းမသည်သဒ္ဓါရှိ၏။ ခယဝယသဘောသာတည်းဟု ပြောသော် သင့်၏။ သူရာကထာ၌လည်း၊ နန္ဒိမိတ္တမည်သော မင်းမှုထမ်းသည် ရဲရင့်၏, အစွမ်းရှိ၏ဟု သာယာသဖြင့်ပြောသော် မသင့်။ ထိုသူရဲသည် သဒ္ဓါတရားရှိ၏၊ ခယဝယသဘောတည်းဟုပြောမူ သင့်၏။ ခရီးလမ်းဆုံ၌လည်း ဤခရီး

လမ်းဆုံသည် အတည်အနေကောင်း၏, အတည်အနေမကောင်းဟု သာယာသဖြင့်ပြောသော် မသင့်။ ထိုခရီးလမ်းဆုံ၌ နေသောသူတို့ သည် သဒ္ဒါဘရေးရှိ၏၊ ခယဝယသဘောတည်းဟု ပြောမူ သင့်၏။ ကုမ္ဘဏ္ဍာနကထာ၌လည်း ရေဆိပ်ကို ဆိုသည်။ ဝါ၊ အိုးထိန်း မျှန်မကိုဆိုသည်။ ထိုကျွန်မသည် တင့်တယ်၏, ရူဘွယ်ဘနန်းရှိ၏, အကာ-တတ်၏, အသိ-တတ်၏, တေးချင်း-တတ်၏၊ ဤသို့ သာယာ သဖြင့် ချီးမွမ်းသော် မသင့်၊ သဒ္ဒါတရေးရှိ၏၊ ခယဝယသဘော တည်းဟု ပြောသော် သင့်၏။ ပုဗ္ဗေတကထာ၌လည်း ရှေးဖြစ်သော အဆွေ,အမျိုးတို့ကို ဆိုသည်၊ ရှေးညာတိကထာနှင့် အတူယူလေ။ နာနတ္တကထာ၌သိသာပြီ။ လောကက္ခာယိက၌လည်း ကျီးကားဖြူ၏ ဆိုသည်ကား၊ အရိုးဖြူ၍ဆိုသည်။ ဥဗျိုင်းနီ၏ဆိုသည်ကား၊ သွေးနီ ၍ဆိုသည်။ ဝါ၊ ဥဗျိုင်းနက်၏ဆိုသည်ကား၊ သွေးနက်၏ဆိုသည်။ ဤစကားကို ကေနပယ်အပ်သည်။ သမုဒ္ဒက္ခာယိက၌လည်း သမုဒ္ဒရာ ကို သာဂရမင်းသားတူးသောကြောင့် သာဂရမည်ပါ တုံသည်ဟု လက်ဆုပ် ပြသောကြောင့် သမုဒ္ဒရာမည်၏ ဆိုသည့်စကား တိရစ္ဆာနကထာဖြစ်၍ ကေနမသင့်။ ထိုကြောင့် သီလက္ခန် ပါဠိ တော် ပြဟ္မဇာလသုတ်စသည်၌ "အနေကဝိဟိတံ" စသည်ဖြင့် လာ၏။

ဗာလပုထုဇ္ဇနာ၊ ပုထုဇ္ဇဉ်ရိုက်တို့သည်။ အနေကဝိဟိတံ၊ များသော အပြားရှိသော။ တိရစ္ဆာနကထံ၊ နတ်ရွာ နိဗ္ဗာန်အား ဖီလာတားမြစ်တတ်သော တိရစ္ဆာနကထာကို။ ကထေန္တိ၊ ပြော ကုန်၏။ ကတမံ့ ဤတိရစ္ဆာနကထာတို့သည်။ သေယျထာ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ရာဇကထံ၊ မင်းစကား။ စောရကထံ၊ သူခိုးစကား။ မဟာမတ္တကထံ၊ အမတ်ကြီးစကား။ သေနာကထံ၊ စစ်သည်စကား။ ဘယကထံ၊ ဘေးဥပဒ္ဒဝေါစကား။ ယုဒ္ဓကထံ စစ်ထိုးစကား။ အန္နကထံ၊ ထမင်းစကား။ ပါနကထံ၊ အဖျော်စကား။ ဝတ္ထကထံ၊ အဝတ်-ပုဆိုးစကား။ သယနကထံ၊ အိပ်ရာ-နေရာစကား။ မာလာကထံ၊ ပန်းစကား။ ဂန္ဓကထံ၊ နံ့သာ

စကား။ ဉာတိကထံ၊ ပစ္စုပ္ပါန်၌ဖြစ်သော ဆွေမျိုးစကား။ ယာန ကထံ၊ ဘိနပ်အစရှိသော ယာဉ်စကား။ ဂါမကထံ၊ ရွာစကား။ နိဂမကထံ၊နိဂုံးစကား နဂရကထံ၊မြို့စကား၊ ဇနပဒကထံ၊ဇနပုဒ် စကား၊ ဣတ္ထိကထံ၊မိန်းမစကား၊ သူရကထံ၊သူရဲကောင်းစကား။ ဝါ၊အရက်စကား၊ ဝိသိခါကထံ၊ခရီးလမ်းဆုံစကား။ ကုမ္ဘဋ္ဌာန ကထံ၊ရေဆိပ်စကား။ ဝါ၊အိုးထိန်းကျွန်မစကား၊ပုဗ္ဗပေတကထံ၊ ရှေး၌ဖြစ်သော ဆွေမျိုးတို့စကား။ နာနတ္တကထံ၊ ရှေ့စကား, နောက်စကားမှလွတ်သော အထူးထူးသောစကားတို့သည်။ ဝါ၊ အနက်ဖြပ်မရှိသောစကား။ လောကက္ခာယိကံ၊လောကကို ဖြဟ္မာ ဖိရင်သည်ဆိုသည်စကား။ ဝါ၊ ကျီးဌက်ကားဖြူ၏၊ ဥမျိုးကား နီ၏ဟု ဆိုသောစကား။ သမုဒ္ဒက္ခာယိကံ၊ သမုဒ္ဒရာကို သာဂရ မင်းသားတူးသည်ဟု ဆိုအပ်သောစကား။ ဣတိဘဝ ဘဝကထံ၊ ပွားသည်,ယုတ်သည်ကို ဆိုသောစကား။ဝါ၊တသာတဖိဒ္ဓိ,ဥစ္စေဒ ဒိဋ္ဌိ၊ ပွားခြင်း, ယုတ်ခြင်း ကာမသုခအတွက်လမထ ၃ါခြောက် ပါးကိုဆိုသောစကား။

---

## ဓမ္မာနုဂ္ဂဟအကျိုးကြီးပုံကို ပြဆိုခြင်း

နှစ်ပါးသောအနုဂ္ဂဟဖြင့် ချီးမြှင့်ရာ ဘာဝနာမယ၌ အနုဂ္ဂဟ နှစ်ပါးလည်း ရှိသည်။ နှစ်ပါးဟူသော်ကား၊ အာမိသာ နုဂ္ဂဟ လည်းတပါး, ဓမ္မာနုဂ္ဂဟလည်းတပါး၊ ၃ါနှစ်ပါးတည်း။ထိုနှစ်ပါး တို့တွင် ဓမ္မာနုဂ္ဂဟာသည်မြတ်၏၊ များသော အကျိုးရှိ၏။ ပဥ္စင်း တကာ, ရှင်တကာတို့သည် ထိုနှစ်ပါးသော အနုဂ္ဂဟကို ပြုသည် မည်၏။ အဘယ်သို့မည်သနည်းဟူမူကား၊ ရဟန်းသစ်,ပဥ္စင်းသစ် တို့သည်ကား၊ သင်္ကန်း,သပိတ်စသော ပရိက္ခရာတို့ဖြင့် လှူဒါန်း ချီးမြှောက်ခြင်း၊ ရဟန်း,ပဥ္စင်း,ရှင်ပြုပေသော သံဃာတော်အား ဆွမ်းအစရှိသောပစ္စည်းဖြင့် ချီးမြှောက်ခြင်းသည် အာမိသာနုဂ္ဂဟ မည်၏။ ထိုရဟန်း,ပဥ္စင်း,ရှင်ပြုသည်ကို အကြောင်းစွဲ၍ သံဃာ တော်တို့ကို ဖူးမျှော် ပူဇော် ကန်တော့ခြင်း စသော သရဏဂုံ

ဆောက်တည်ခြင်း, ငါးပါးသော သီလဆောက်တည်ခြင်း,တရားတော်ကိုနာခြင်း, ကြီးသောသူတို့ကို အရိုအသေပြုခြင်း, နေရာပေးသင့်သောသူအား နေရာပေးခြင်း အစရှိသော အကျိုးသီလဟူသမျှသည်ကား ဓမ္မာနုဂ္ဂဟ မည်၏။ ထိုကြောင့် သာသနာသို့သွင်းသော ရဟန်း,ပဥ္စင်း,ရှင်ပြုသော တကာတို့သည် ထိုနှစ်ပါးသော အနုဂ္ဂဟကိုပြုသည်မည်၏၊ အကြင်သူသည် ဘုရားသခင်၏ရုပ်ပွားဆင်းတုတော်တို့ကိုမူလည်း ပြုရကိုးကွယ်ရာ၏။ ဘုရားဟောတော်မူသော ဓမ္မက္ခန္ဓာ ပိဋကတ်, စာပေကျမ်းဂန် တို့ကိုမူလည်း ပြုရကိုးကွယ်ရာ၏၊ မိမိချင်၌ဖြစ်သော သား, မြေးတို့ကိုလည်း ကောင်း, သူတပါး သား, မြေး တို့ ကို လည်း ကောင်း အကြောင်းနှင့်လျော်စွာ ပရိက္ခရာ ရှစ်ပါးနှင့်တကွ သာမဏေရပဗ္ဗဇ္ဇာဟုဆိုအပ်သော ရဟန်း,ပဥ္စင်း,ရှင်သာမဏေအဖြစ်၌ တည်စေလျက်၊ အဘိသမာစာရိက သီလကို စတုပါရိသုဒ္ဓိသီလ အစရှိသော အလုံးစုံသော စာရိတ္တသီလ, ဝါရိတ္တသီလတို့နှင့် ပြည့်စုံအောင် တိုက်တွန်းနှိုးဆော်ခြင်းကိုပြုရာ၏။ ထိုသူသည် သာသနာတော်ကို ဓမ္မဖြင့်ချီးမြှင့်ရသည်မည်၏။ ထိုနှစ်ပါးသောချီးမြှင့်ခြင်းတို့တွင် ဓမ္မအားဖြင့် ချီးမြှင့်ခြင်းသည်သာလျှင် မြတ်၏ ဟူ၍ဟောတော်မူသည်၊ ထိုသို့သော ဒေသနာနှင့် လျော်ညီစွာ အနာထပိဏ်သူဌေးသည် ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကိုစွန့်၍ဇေတဝန်ကျောင်းတော်ကိုဆောက်ပြီးသော်၊ ဘုရားအမှူးရှိသောသံဃာတော်တို့အား ကြီးစွာသောအလှူကိုပေး၍ သာသနာတော်ကိုချီးမြှင့်ခြင်းသည်။ ပစ္စယာနုဂ္ဂဟပစ္စည်းလေးပါးဖြင့် သာသနာတော်ကို ချီးမြှင့်ခြင်းသာ မည်၏၊ ဓမ္မာနုဂ္ဂဟတရားဓမ္မအားဖြင့်သာသနာတော်ကို ချီးမြှင့်ရသည် မမည်၊ဝိသာခါဒါယိကာမသည်ငါးဆယ့်နှစ်ကုဋေသော ဥစ္စာတို့ကို စွန့်၍ ပုဗ္ဗာရုံ ကျောင်းကိုဆောက်ပြီးသော်၊ဘုရားအမှူးရှိသောသံဃာတော်တို့အား ကြီးစွာသောအလှူကိုပေး၍ သာသနာတော်ကို ချီးမြှင့်ခြင်းသည်သည်းပစ္စယာနုဂ္ဂဟ,ပစ္စည်းလေးပါးဖြင့် သာသနာတော်ကို ချီးမြှင့်ခြင်း

မည််၏။ ဓမ္မာနုဂ္ဂဟတရားဓမ္မအားဖြင့် သာသနာတော်ကို ချီးမြှင့်ရသည် မမည်၊ အကြင်သူသည် ရုပ်ပွားဆင်းတု,စေတီ,ပုထိုးတို့ကို တည်ထားရ၏။ဓမ္မက္ခန္ဓာပိဋကတ် စာပေကျမ်းဂန်တို့ကို ရေးသားပြုရ၏။ မိမိသား,မြေး၊ သူတပါးသား,မြေးတို့ကို ရဟန်း,ပဉ္စင်း,ရှင်သာမဏေပြုရ၏။ထိုသူသာလျှင် ဓမ္မာနုဂ္ဂဟအားဖြင့် သာသနာတော်ကို ချီးမြှင့်ရသည်မည်၏။ထိုဓမ္မာနုဂ္ဂဟတို့တွင်လည်း ရုပ်ပွားဆင်းတု,စေတီ,ပုထိုးတို့ကို ပြုစုကိုးကွယ်ခြင်းဖြင့် သာသနာတော်ကို ချီးမြှင့်ရသောသူသည် ပစ္စုပ္ပန်အကျိုးစီးပွားကိုလည်း ပြီးစေနိုင်၏။ သာသနာတော်၏ စည်ပင်ပြန့်ပွားခြင်းဟူသော အကျိုးကိုလည်း ပြီးစေနိုင်၏၊အဘယ်သို့ သာသနာတော်၏ စည်ပင်ပြန့်ပွားခြင်းကို ပြီးစေနိုင်သနည်း ဟူမူကား၊ ဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူသည့်မှ ယခုထက်တိုင် ရှေးရှေး၌ ဖြစ်တော်မူကုန်သော ရဟန္တာ,ပုထုဇဉ်,သီလဝန္တရဟန်း,ပဉ္စင်း,သာမဏေတို့သည် စာပေကျမ်းဂန်တို့ကို သင်ကြားခြင်းဟူသော ဂန္ထဓုရ၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းဟူသော ဝိပဿနာဓုရကို ဖြစ်စေလျက်၊ ပရိယတ္တိသာသနာ,ပဋိပတ္တိသာသနာ,ပဋိဝေဓသာသနာဟူသော သုံးပါးသောသာသနာတို့ကို ရွက်ဆောင်တော်မူကုန်သည်ဖြစ်၍ အဆက်ဆက်သော ဆရာတို့သည် အဆက်ဆက်သော တပည့်တို့အား ပဗ္ဗဇ္ဇအဖြစ်သို့ ရောက်စေသောအားဖြင့် သာသနာတော် စည်ပင်ပြန့်ပွားလျက် အရှည်တည်သကဲ့သို့၊ ယခုပြုဆဲဖြစ်သော ပဗ္ဗဇ္ဇသာမဏေတို့သည်လည်း နောင်အဆင့်ဆင့် ဥပဇ္ဈာယ်ဆရာပြု၍ ပဉ္စင်းခံခြင်း,ကမ္မဝါဆရာပြု၍ ကမ္မဝါဖတ်ခြင်း,သရဏဂုံပေးသဖြင့် သာမဏေပြုခြင်းအစရှိသော ဓမ္မပဋိသန္ဓာရကို ရွက်ဆောင်သည် ရှိသော်၊ သာသနာတော်၏ စည်းပင် ပြန့်ပွားခြင်းဟူသောအကျိုးသည် ဧကန်စင်စစ်ဖြင့် ပြီးသည်သာလျှင်ဖြစ်၏။ ထိုကြောင့် ဒက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌၊

> ဒွေ မေ ဘိက္ခဝေ အနုဂ္ဂဟာ အာမိသာနုဂ္ဂဟောစ။ဓမ္မာနုဂ္ဂဟောစ၊ ဧတေဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာနုဂ္ဂဟောစ။ ၊ဟု လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အနုဂ္ဂဟာ၊ အနုဂ္ဂဟတို့သည်၊ ဣမေဒွေ၊ ဤနှစ်ပါး တို့ တည်း။ အာမိသာနုဂ္ဂဟောစ၊ အာမိသာနုဂ္ဂဟလည်း ကောင်း၊ ဝါ၊ ပစ္စည်းအာမိသဖြင့် ချီးမြှောက်ခြင်းလည်းကောင်း။ ဓမ္မာနုဂ္ဂဟောစ၊ ဓမ္မာနုဂ္ဂဟလည်းကောင်း၊ ဝါ၊ အကျင့်သီလဓမ္မ ဖြင့် ချီးမြှောက်ခြင်းလည်းကောင်း။ ဧတံ၊ ဤသို့၊ ဒွေ၊ နှစ်ပါးတို့ တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣမေသံဒွိန္နံအနုဂ္ဂဟာနံ၊ ဤနှစ်ပါး သောအနုဂ္ဂဟတို့တွင်၊ ယဒိဒံယောဧသော ဓမ္မာနုဂ္ဂဟော၊ အကြင် ဓမ္မာနုဂ္ဂဟသည်၊ အဂ္ဂံ၊ ရှိ၏။

ဧတံသော ဓမ္မာနုဂ္ဂဟော၊ ဤဓမ္မာနုဂ္ဂဟသည်။ အဂ္ဂံအဂ္ဂေါ၊ မြတ်၏။ စည်းစိမ်ရတနာတို့နှင့် ပြည့်စုံကုံလုံကြွယ်ဝသော အကြင် မင်း,ပုဏ္ဏား,သူဌေးတို့လည်းကောင်း၊ နည်းပါးသော ဥစ္စာရှိသော ဆင်းရဲသားတို့ သည်လည်းကောင်း၊ သာသနဒါယဒ-ဟူသော အကျိုးကိုတောင့်တ၍ မိမိကိုယ်တိုင်မူလည်း ရဟန်း, ပဉ္စင်း, ရှင် သာမဏေပြု၏။ မိမိရင်၌ဖြစ်သော သား,မြေးတို့ကိုလည်းကောင်း၊ သူတပါး သား,မြေးတို့ကိုလည်းကောင်း၊ ရဟန်း,ပဉ္စင်း, ရှင်သာ မဏေပြု၏။ ထိုသူသည် အလောဘပြဓာန်းသော စိတ္တုပ္ပါဒ်ဖြင့် ကာမဆန္ဒကိုပယ်၍ အထက်ဖြစ်သော ဂုဏ်အထူးသို့ ရောက်ခြင်း ဟူသော သာသနဒါယဒအကျိုး။ မေတ္တာဖြင့် ဒေါသကိုပယ်နိုင်ခြင်း ဟူသော သာသနဒါယဒအကျိုးဟူသော အာလောကသညာဖြင့် ထိနမိဒ္ဓကိုပယ်နိုင်ခြင်းဟူသော သာသနဒါယဒအကျိုး၊ သမာဓိဖြင့် ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်နိုင်ခြင်းဟူသော သာသနဒါယဒအကျိုး ကုသိုလ်စသော တရားတို့ကို ဆုံးဖြတ်ခြင်း အကြောင်းနှင့်တကွ သော နာမ်ရုပ်ကို ပိုင်းခြားခြင်းဖြင့် ဝိစိကိစ္ဆာကို ပယ်နိုင်ခြင်းဟူ သော သာသနဒါယဒအကျိုး၊ ဤသို့အစရှိသော ရှစ်ပါးသောသမာ ပတ်, တဆဲ့ရှစ်ပါးသောဝိပဿနာ လေးပါးမဂ်တို့ဖြင့် အလုံးစုံ သော ကိလေသာတို့ကို ဖြတ်နိုင်ခြင်းဟူသော သာသနဒါယဒ အကျိုးထူးကိုရ၏။ ။ထို့ကြောင့် ပါရာဇိကကဏ် အဋ္ဌကထာ၌။

ယောကောဝိ အနော၀ေါ ဒလိဒ္ဒေါဝ ေါ အတ္တနော ဩရ
သံ ပုတ္တံ၊ ပဗ္ဗဇေတိ ဥပသမ္ပာဒေတိ သာသနဒါယာဒေါ ။ ။
ဟု လာ၏။

ယောကောဝိ၊ အမှတ်မရှိသော၊ အနော၀ ါ၊ ကိုးလုံးကြွယ်ဝသော သူသည် လည်းကောင်း။ ဒလိဒ္ဒေါဝ ါ၊ ဆင်းရဲနွမ်းပါးသော သူသည်လည်းကောင်း။ အတ္တနော၊ မိမိ၏။ ဩရသံ၊ ရင်၌ဖြစ်သော။ ပုတ္တံ၊ သားကို။ ပဗ္ဗဇေတိ၊ ရဟန်းသာမဏေပြု၏။ ဥပသမ္ပာဒေတိ၊ ပဥ္စင်းခံ၏။ သော၊ ထိုသူသည်။ သာသနဒါယာဒေါ၊ သာသနာတော်ဟူသော [illegible]အမွေကိုခံရသည်။ ဟောတိ၊ ဖြစ်၏။

[illegible]ဦး[illegible]ကုန်ဆုံး[illegible]ဘော်နှင့်ပြည့်စုံသော အသက်တကမ္ဘာ ရှည်သော ဖြဟ္မာမင်းသည် ဘထောင်သောဦးခေါင်းကို ဘန်ဆင်း၍၊ တခုသောဦးခေါင်း၌ အရာအရာသော ခံတွင်းတို့ကို ဘန်ဆင်း၍၊ တခုသောခံတွင်းတို့၌ အရာအရာသောလျှာတို့ဖြင့် ဘန်ဆင်း၍၊ ဤသည်လည်း ဈာန်သမာပတ် အဘိညာဏ်အစရှိသော လောကီ, လောကုတ္တရာ ဂုဏ်အပေါင်းတို့ဖြင့် တင့်တယ်သော သာသနဒါယာဒဟူသောအကျိုး၊ ဤသည်လည်း ဈာန်သမာပတ် အဘိညာဏ်အစရှိသော လောကီ,လောကုတ္တရာ ဂုဏ်အပေါင်းတို့ဖြင့် တင့်တယ်သော သာသနဒါယာဒဟူသောအကျိုးတည်းဟု အသက်ထက်ဆုံး ရေတွက်သော်လည်း ဆုံးခြင်းငှာ မတတ်နိုင်ရာ၊ သဗ္ဗညု ဖြဉ်စွာ ဘုရားတို့သည်လျှင် သာသနဒါယာဒဟူသော အကျိုးကို ကုန်စင်အောင် ဟောတော်မူနိုင်ကုန်ရာ၏။ ထိုကြောင့် အပဒါန်၌။

သဟဿံပိ စ စေ ပေါ သော၊ သိသေ သိသေ သတံ
မုခေ၊ မုခေ မုခေ သတံ ဇိဝှေ။ ဇိဝိတံ ကပ္ပေါ မဟိဒ္ဓိကော
နဲ သင်္ကျာတိ စ ဂဟေတုံ။ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ၊ တသ္မာ
ကရေယျ ပဏ္ဍိတော၊ သမ္ပဿံ အတ္တမတ္တနော။ ။ဟူ၍
လာ၏။

မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးအာနုဘော်ရှိသော။ ဇိဝိတကပ္ပေါ၊ အသက်တကမ္ဘာရှည်သော။ ပေါသော၊ ဖြဟ္မာမင်းသည်။

စေ၊ အကယ်၍။ သဟာယံပိစ၊ တထောင်သောဦးခေါင်းတို့ကိုလည်း။ နိမ္မိနိတွာ၊ ဘန်ဆင်း၍၊ မုခေမုခေ၊ တခုတခုသော ခံတွင်း၌၊ သတံ ဇိဝှေ၊ တရာတရာသောလျှာတို့ကို။ နိမ္မိနိတွာ၊ ဘန်ဆင်း၍၊ ပဗ္ဗဇ္ဇာ ယ၊ ရဟန်းသာမဏေ၏၊ အနိသံသဥ္စ၊ သာသနဒါယာဒဟု ဆိုအပ် သော လောကီ, လောကုတ္တရာ အကျိုးတို့ကိုလည်းကောင်း။ ဥပ သမ္ပဒါယ၊ ပဥ္စင်းခံခြင်း၏၊ အာနိသံသဥ္စ၊ သာသန ဒါယာဒဟု ဆိုအပ်သော လောကီ, လောကုတ္တရာ အကျိုးကိုလည်းကောင်း။ ဂဏ္ဍောတုံ၊ ရေတွက်ပိုင်းခြားခြင်းငှာ၊ နသက္ကောတိစ၊ မတတ်နိုင် သည်သာလျှင်။ ဟောတိ၊ ဖြစ်၏၊ တသ္မာ၊ ထိုကြောင့်။ အတ္တနော၊ မိမိ၏၊ အတ္ထံ၊ အကျိုးစီးပွားကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်း စွာမြင်သော။ ပဏ္ဍိတော၊ ပညာစက္ခုရှိသောသူသည်။ ကရေယျ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှင့်ခြင်းကိုပြုရာ၏။

ဘုရားဟော ပိဋကတ်သုံးပုံကို ချီးမြှင့်ရာ ဓမ္မာနုဂ္ဂဟ ဖြစ်သော ဘာဝနာမယကုသိုလ်သည်၊ စကြဝဠာတိုက်ဘယ် ပြဟ္မ ပြည့်တိုင် အောင်အခြားမရှိ။ စည်းဝေးကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့အား ဧက်ပျော ဖူး ညွန့်နှင့် တူသော သင်္ကန်းဘို့ကို အကြွင်းသူသည်ကပ်လှူကြွားအံ့၊ ထိုအစည်းအဝေး၌ လေးပုဒ်ရှိသော တဂါထာဖြင့် အနုမောဒနာပြုသည်ဖြစ်အံ့။ ထိုအလုံးစုံသော အလှူ ဒါနသည် ထိုအနုမောဒနာဂါထာအကျိုးကို တဆဲ့ခြောက်စိတ် စိတ် ၍ တစိတ်ကိုမျှမမှီနိုင်။ ဤသို့လျှင် တပုဒ်, တဂါထာကိုမိမိဟောခြင်း, သူတပါးတို့ကို ဟောစေခြင်း၊ မိမိသင်ခြင်း, သူတပါးတို့အား ပို့သ သင်ကြားခြင်း၊ မိမိကိုယ်တိုင်နာခြင်း, သူတပါးတို့ကို နာစေခြင်း၊ မိမိကိုယ်တိုင် ရေးသားခြင်း, သူတပါးကိုအား ရေးသာ စေခြင်း သည်သာလျှင် လွန်မြတ်သောအကျိုးရှိ၏။ အကြွင်းသူသည်လည်း တပုဒ်တဂါထာသော တရားတော်ကို ရှိသေစွာ သဒ္ဓါကြည်ညို သောစိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာနာ၏၊ ထိုသို့ ရိုသေစွာ နာအပ် သော ဓမ္မသဝနကုသိုလ်သာလျှင် မြတ်၏၊ ထို စကြဝဠာတိုက်၌ စည်းဝေးသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား မွန်မြတ်

သော ဆွမ်းအမြိန်အရသာကို လှူရသောထက်လည်း ကောင်းမြတ်၏။သောပတ်,ဆိဦးအစရှိသည်ကို လှူရသောထက်လည်းကောင်း မဟာဝိဟာရကျောင်းနှင့် တူသော ကျောင်းအသိန်းကို လှူသော ထက်လည်းကောင်း၊ လောဟပါသာဒနှင့် တူသော ပြာသာဒ် အသိန်းကို လှူသော ထက်လည်းကောင်း, အနာထပိဏ်သူဌေး ဝိသာခါတို့သည် ကျောင်းကိုဆောက်၍ ထိုကျောင်းကို အာရုံပြုသဖြင့် များစွာသော ပစ္စည်းတို့ကို စွန့်သောထက်လည်းကောင်း, လေးပုဒ်ရှိသောဂါထာ အနုမောဒနာပြုရခြင်းဟူသော ဓမ္မဒေသနာ ကသိုလ်သည်သာလျှင် လွန်မြတ်သော အကျိုး ရှိ၏။ အဘယ် ကြောင့် နည်းဟူမူကား၊ ထိုသို့ဆိုအပ်ပြီးသော အလှူဒါန ကုသိုလ် ကောင်းမှုတို့သည်လည်း တရားတော်ကိုနာရမှသာပြုသည်၊တရား တော်ကို မနာရသည်ရှိသော် တဟင်းချို့,တယောင်းမျှ မျှကိုလည်း မလှူလေရာ။ဤသို့အကြောင်းရင်းဖြစ်သောကြောင့် လွန်မြတ်သော အကျိုးရှိ၏၊ အလုံးစုံသော အာယုဘဝပတ်လုံး ရှာသော မိုးစိုး ပေါက်ကို ရေတွက်ခြင်းငှာ စွမ်းနိုင်သော ပညာနှင့် ပြည့်စုံသော အရှင်သာရိပုတ္တရာလျှင်လည်း အရှင်အသဇိမထေရ် ဟောတော်မူသော''ယေ ဓမ္မာ ဟေတုပ္ပဘဝါ''ဟူသော ဂါထာကို နာရမှသာလျှင် သောတာပတ္တိဖိုလ်သို့ရောက်၏။ ပညာကြီးလှသော်လည်း မိမိ အလိုလိုအားဖြင့် သောတာပတ္တိဖိုလ်သို့ မရောက်နိုင်။ ထို့ကြောင့် အလုံးစုံသော အလှူတို့ထက် မြတ်သော အကျိုးအာနိသံရှိ၏။ ၊ ထိုကြောင့် ဓမ္မပဒ ပါဠိတော်၌''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ''ဟူ၍ လာ၏။

ပင်စည်အရသာ,အမြစ်-အသီးအရသာအစရှိသောအရသာဟူ သမျှတို့သည် အလွန်အားဖြင့် နတ်တို့၏သုဓာ္ဘောဇဉ်ဖြစ်သော်လည်း၊ သံသရာဝဋ်ဆင်းရဲ၌ဖြစ်၍ ဆင်းရဲကိုခံရခြင်းအကြောင်းသာဖြစ်၏။ သုံးဆယ်ခုနစ်ပါးသော ဗောဓိပက္ခိယတရား အရသာသည်လည်း ကောင်း၊ကိုးပါးသော လောကုတ္တရာတရား အရသာသည်လည်း ကောင်း၊သံသရာဝဲမှကယ်တင်၍ နိဗ္ဗာန်တည်းဟူသောကြည်းကုန်း

ထက်သို့ တင်တတ်သောကြောင့် အရသာတို့ထက် မြတ်လှစွာ၏။ ထိုကြောင့် ဓမ္မပဒ၌ ''သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ'' ဟူ၍လာ၏။

သား၌မွေ့လျော်ခြင်း, သမီး၌မွေ့လျော်ခြင်း, မယား၌မွေ့လျော်ခြင်း, ကိလေသာ ကာမကိုမှီ၍ မိန်းမ၌ မွေ့လျော်ခြင်း, ကခြင်း, သီခြင်း, တီးမှုတ်ခြင်းစသည်၌မွေ့လျော်ခြင်းသည် သံသရာဝဲဩဃ စသည်၌ဖြစ်၍ ဆင်းရဲကိုသာဖြစ်စေတတ်၏။ တရားဟောသော သူ၏လည်းကောင်း၊ တရားနာသောသူ၏လည်းကောင်း၊ တရားကို နာစေသောသူ၏ လည်းကောင်း၊ တရားကျမ်းဂန် သင်ကြား နေသောသူ၏လည်းကောင်း, တရားကျမ်းဂန်ကို သရဇ္ဈာယ်သော သူ၏လည်းကောင်း, ပီတိဟူသောနှစ်သက်ခြင်းသည် မွေ့လျော် ခြင်းသည်သာလျှင်၊ သံသရာအဆုံးကိုပြု၍ အရဟတ္တဖိုလ်သို့ရောက် စေတတ်ရကား ခပ်သိမ်းသော မွေ့လျော်ခြင်းတို့ထက် မြတ်လှ စွာ၏။ ။ထိုကြောင့်ဓမ္မပဒ၌ ''သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ'' ဟူ၍ လာ၏။ တဏှက္ခယဟူသော အရဟတ္တဖိုလ်သည်ကား၊ အလုံးစုံ သော ဆင်းရဲအပေါင်းတို့ကို နှိမ်နင်းသောကြောင့် လွန်မြတ်၏။ ထိုကြောင့် ဓမ္မပဒ၌ ''တဏှက္ခယော ဒုက္ခံ ဇိနာတိ'' ဟူ၍လာ၏။

## အရိယာမဂ်သို့ရောက်ရန် အားထုတ်ပုံကိုပြဆိုခြင်း

သုံးရာခြောက်ဆယ်သော အရိုး၊ ကိုးရာသော အကြော၊ ခြေ ချောင်းဖျားအရေ, လက်ချောင်းဖျားအရေ အစရှိသောအရေဖြင့် လည်းကောင်း၊ ကိုးရာသော အသားအတစ်ဖြင့် လည်းကောင်း၊ လိမ်းကျံသော်, ခွါ၍လုံးသော် ဇီးကင်းမျှလောက်သော အပေါ်ရေ ဖြင့် ဖုံးလွှမ်းအပ်သော ဤသဝိညာဏက ကာယသည် အာဂန္တုက ဖြစ်သော အဝတ်တန်ဆာဖြင့် လွှမ်းသောကြောင့် ပညာမျက်စိ ကင်းသော မလိမ္မာသောပုထုဇဉ်ပုဂ္ဂိုလ်တို့အားသာလျှင် အသုဘာ မထင်နိုင်။ ထိုသို့အပေါ်ရေစသည်ဖြင့် ဖုံးလွှမ်းနိုင်သောကြောင့် အသုဘာဟူ၍ မထင်နိုင်သော်လည်း၊ ဤကိုယ်၌ အဒ္ဒ, အသည်း,

အစာသစ်, အစာဟောင်း, နှလုံး, အဆုတ်, အညှို, အဖျဉ်း, နှပ်, တံထွေး, ချွဲကန်း, ချွေး, အဆီခဲ, ဆီကြည်, သွေး, ပြည်, သလိပ်, သည်းခြေ, အစေး စသည့်တို့ဖြင့် ပြည့်သောကြောင့် စက်ဆုပ်ဘွယ် အတိသာ တကားဟုရှုအပ်၏။ ဤခန္ဓာကိုယ်သည် ကိုးပါးသော အပေါက်တို့မှ အမြဲမပြတ်စက်ဆုပ်ဘွယ်သာယိုစီး၏။မျက်စိမှ မျက်ရေ-မျက်ချေး, နားတွင်းမှ နံဖါ, နှာခေါင်း၌ နှပ်, ခံတွင်းမှ ရံခါရံခါ သလိပ်, သွေး, အစာသစ်, တကိုယ်လုံးမှ ချွေး, ဆားလွှာနှင့်တူသော အညစ်အကြေး၊ ဤသို့ ကိုးပါးသော အပေါက်မှ စက်ဆုပ်ဘွယ် အတိသာ ယိုစီးခဲ့သောကြောင့် ဤခန္ဓာကိုယ်ကား စက်ဆုပ်ဘွယ်ရှိစွဟု ရှုအပ်၏။ ဤသို့ခန္ဓာကိုယ်သည် စက်ဆုပ်ဘွယ်သာဖြစ်လျက် ဦးချောက်ဖြင့်ပြည့်သောဥက္ကောင်းရှိသော ဤကိုယ်ကို အဝိဇ္ဇာမောဟဖုံးလွှမ်းသောကြောင့် ပညာမရှိသော သူသည်သာလျှင် သုဘ,အားဖြင့် နှလုံးသွင်း၏၊ ပညာအမြော်အမြင်ရှိသောသူတော်ကောင်းတို့ကား အသုဘ,ဟူ၍သာရှုကုန်၏။ ဤခန္ဓာကိုယ်ကိုအဓိ,အဘာဝသောအဆွေအမျိုးတို့သည်အလွန်ချစ်ခင်လေးမြတ်ကြသော်လည်း၊ သေ၍ ဖူး ဖူး ရောင် သ ဖြင့် ညိုညိုမဲမဲရှိသောအခါ၊ငဲ့ကွက်ခြင်း,ချစ်ခင်ခြင်းကင်းသည်ဖြစ်၏။သင်းချိုင်းသုသာန်၌စွန့်ပစ်လေသည်ကို အကြောင်းပြုသဖြင့် ဤခန္ဓာကိုယ်၌ ချစ်ခြင်း, တပ်ခြင်းကို မဖြစ်စေကုန်ရာ၊ ထိုသို့ စွန့်ပစ်သော အခါလည်း ထိုအကောင်ကို ခွေး, မြေခွေး, ကျီး, ထင်းတ အစရှိသော သတ္တဝါတို့သည်သာ စားအပ်သောအဖြစ်သို့ ရောက်လေ၏။ ထိုကြောင့် ခန္ဓာကိုယ်သည် သတ္တဝါနှင့်ဆက်ဆံ၏တကားဟု ငြီးငွေ့ခြင်းကို ဖြစ်စေကုန်ရာ၏။အကြင်အခါ ပညာသတိရှိသောသူတော်ကောင်းတို့သည်“ဤခန္ဓာကား အရိုး, အကြော, အသွေး,အသား, အရေမျှသာတည်း ဆံ,အမွေး,ခြေသည်း,လက်သည်းအစရှိသော သုံးဆယ့်နှစ်ပါးသော အစုမျှသာတည်း” ဟု ပညာ မျက်စိဖြင့် ရှုလျက် ဉာတပရိညာဖြင့် ပိုင်းခြားနိုင်၏။ ထို အရိုး, အသား အစရှိသော အစုတို့သည်ကား၊ အနိစ္စ,ဒုက္ခ,အနတ္တသာတည်းဟု နိုင်း

ယှဉ်လျက် တိရဏပရိညာဖြင့် ပိုင်းခြားနိုင်၏။ ဤသို့ပိုင်းခြား၍ အရိယာမဂ်သို့ရောက်သည်ရှိသော်၊ ထိုအရိုး,အသား အစရှိသော အစုမျှသာဖြစ်သော ခန္ဓာကိုယ်၌ ဆန္ဒရာဂကိုပယ်လျက် ပဟာနပရိညာဖြင့်ပိုင်းခြား၏၊ တနည်းအားဖြင့်ကား သဝိညာဏက အသုဘ, အဝိညာဏကအသုဘဖြင့်ကားရှုလျက် ဉာတပရိညာဖြင့် ပိုင်းခြား၏။ အနိစ္စ,ဒုက္ခ,အနတ္တ အားဖြင့် ရှုလျက် တိရဏပရိညာဖြင့် ပိုင်းခြား၏၊ အရဟတ္တမဂ်ဖြင့် ဆန္ဒရာဂကိုပယ်လျက် ပဟာနပရိညာဖြင့် ပိုင်းခြား၏။ ထိုသို့ ပိုင်းခြားနိုင်သောအခါ ဤသဝိညာဏကခန္ဓာသည် ဇိဝိတိန္ဒြေ ကမ္မဇတေဇောဝိညာဏ် မကင်းခြင်းကြောင့် ဣရိယာပုထ် လေးပါးအဖြစ်သို့ ထိုဝိသညာဏက ခန္ဓာသည် ဇိဝိတိန္ဒြေစသော သုံးပါးသော သဘောမကင်းသောကြောင့် ရှေး၌ ဣရိယာပုထ်ဖြစ်ဘူး၏၊ ယခုမူကား ထိုအဝိညာဏက ခန္ဓာသည် ဇိဝိတိန္ဒြေစသော သုံးပါးသော သဘောကင်းခြင်းကြောင့် ဣရိယာပုထ် လေးပါးတို့ကို မပြုတတ်သကဲ့သို့၊ ဤသဝိညာဏက ခန္ဓာသည်လည်း ဇိဝိတိန္ဒြေစသောသဘောမှ ကင်းသောအခါ၌ ဣရိယာပုထ်လေးပါးကို မပြုနိုင်သည်ဖြစ်လတံ့ဟု သဝိညာဏက နှင့် အဝိညာဏကကိုအတူတူသိသောအားဖြင့် ဟုတ်သောသဘောကို အမှန်သိမြင်၏။ ထိုသို့ဟုတ်သောအတိုင်းမြင်မှုကား မိမိကိုယ်, သူတပါးကိုယ်တို့၌ တပ်ခြင်းကင်းလတံ့။ ထိုကြောင့် ဣရိယာပုထ်၌ သုံးပါးသောဝိတက်ကို ဝိပဿနာဖြင့် ငြိမ်းစေအပ်၏။ ငြိမ်းငြိမ်းသော ဝိတက်ရှိသောပုဂ္ဂိုလ်သည် အရိယာမဂ်သို့ရောက်ခြင်းငှာထိုက်၏။ ထိုကြောင့် ဆန္ဒရာဂကင်းရာ အရိယာမဂ်သို့ ရောက်ကြောင်းဖြစ်သော ဝိပဿနာကိုအားထုတ်ရာ၏။ ။ထိုကြောင့် သုတ္တသင်္ဂဟ၌။

ယောစ စရံဝါ တိဋ္ဌံဝါ နိသိန္နော ဥဒ ဝါ သယံ ဝိတက္ကံ
သမယိတွာန ဝိတက္ကော ပသမေရတော ဘဗ္ဗော သော
တာဒိသော ဘိက္ခု ဖုဋ္ဌုံ သမ္ဗောဓိ မုတ္တမံ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောစပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ စရံဝါ၊ သွားသည်လည်းကောင်း။ တိဋ္ဌံဝါ၊ ရပ်သည်လည်း

ကောင်း၊ နိဿိန္နော ဝါ၊ ထိုင်သည်လည်းကောင်း။ ဥဒ၊ ထိုမြို့။ သယံဝါ၊ အိပ်သည်သည်းကောင်း။ ဝိဘင်္ဂံ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်ကို။ သမယိတွာန၊ အာတာပါတာဟူသော ထွက်သက် ဝင်သက်ကမ္မဋ္ဌာန်းဖြင့် ငြိမ်သက်စေ၏။ ဝိတက္ကောပသမေ၊ သုံးပါးသော ဝိတက်၏ငြိမ်းခြင်းကြောင့်။ ရတော၊ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ တာဒိသော၊ ထိုသို့သဘော ရှိသော။ ဘိက္ခု၊ အာတာပါတာကမ္မဋ္ဌာန်းကိုရှုလေ့ရှိသော။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ အရိယာ မဂ်သို့။ ဖုဋ္ဌုံ၊ ရောက်ခြင်းငှာ။ ဘဗ္ဗော၊ ထိုက်သည်။ ဟောတိ၊ ဖြစ်၏။

# သံသရာတခွင်၌ ဆွေမျိုးမတော်စပ်ဘူးသူ မရှိကြောင်းကို ပြဆိုခြင်း

ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, အပါယဒုက္ခ, အတိတ်၌ဖြစ်ပြီးသော ဝဋ္ဋဒုက္ခ, အနာဂတ်၌ဖြစ်လတ္တံ့သော ဝဋ္ဋဒုက္ခ, ပစ္စုပ္ပန်၌ ဝမ်းစာ ရှာမှီးခြင်းဒုက္ခ၊ ဤသို့လျှင် ရှစ်ပါးသော သံဝေဂ တရားတို့ကို ကြောက်ရွံ့ထိတ်လန့်လျက် သံဝေဂ ရသည်ဖြစ်၍ ထိုဝဋ္ဋဒုက္ခဆင်းရဲ, အပါယ်ဆင်းရဲ, ပစ္စုပ္ပန်၌ဝမ်းစာ ရှာမှီးခြင်း ဟူသော ဆင်းရဲ အပေါင်းတို့မှ လွတ်ရာ မဂ် ဖိုလ် နိဗ္ဗာန် ချမ်း သာကို အလိုရှိသည်ဖြစ်၍ ကုသိုလ် ကောင်းမှုတို့ကို ကြိုးစား အားထုတ်လျက် ကမ္မဋ္ဌာန်းဘာဝနာ၌ နှလုံးသွင်းသဖြင့် ဖြစ်သော ဘာဝနာမယကုသိုလ်အရာသည်၊ အစမထင်သောသံသရာ၌မယား မဖြစ်ဘူးသောသူ, မိဘ မဖြစ်ဘူးသောသူ, ညီ အစ်ကို,ညီ အမ, မောင်နှမ,မိထွေး,မိကြီး,ဝရီး,သားချင်း,ဘကြီး,ဘထွေး,မြေးမြစ်, အဘိုး, အဘွား မဖြစ်ဘူးသောသူမရှိ၊ ထိုသို့ပင် ဖြစ်သော်လည်း နီးသောကိုယ်၏ အဖြစ်၌ အဆွေအမျိုးတို့အား အလွန်ချစ်တတ်၏။ ထိုကြောင့် ဓမ္မပဒအဋ္ဌကထာ၌။

ကိဉ္စာပိ ဟိ အနမတဂ္ဂေ သံသာရေ ဇာယာဝါ ပတိဝါ၊
အဘူတပုဗ္ဗောနာမ နတ္ထိ အပိဒူရေ ပန အတ္တဘာဝေ ဉာတ
ကေသု အဓိမတ္တော သိနေဟော တိ။ ။ဟု လာ၏။

ဟိ၊ မှန်စွ။ အနမတဂ္ဂေ၊ အစမရှိသော။ ဝါ၊ အစမထင်သော။ သံသာရေ၊ သံသရာ၌။ ဇာယာဝါ၊ မယားသည် လည်းကောင်း။ ပတိဝါ၊ လင်သည် လည်းကောင်း။ အဘူတပုဗ္ဗောနာမ၊ ရှေး၌ မဖြစ်ဘူးသော သူတို့မည်သည်။ ကိဉ္စာပိနတ္ထိ၊ အကယ်၍မရှိကုန်။ ပန၊ ထိုသို့မရှိကုန်သော်လည်း၊ အပိဒူရေ၊ မဝေးသော။ ဝါ၊ နီးသော။ အတ္တဘာဝေ၊ အတ္တဘော၌။ ဉာတကေသု၊ အဆွေအမျိုးတို့၌။ အဓိမတ္တော၊ လွန်စွာသော။ သိနေဟော၊ ချစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏၊

---

## လူလေးမျိုးကိုပြဆိုခြင်း

နိဗ္ဗာန်မရသေးသရွေ့ ကာလပတ်လုံးအစမထင် သံသရာ ကျင်လည်သည့်ရှိသော်၊ လေးပါးသောသူတို့၏ ဖြစ်ခြင်းကိုစွဲ၍ ဘာဝနာ မယကာသိုလ်ကို ပွားစေရာ၌ လူအစားလေးပါးရှိသည်။ လေးပါးဟူသော်ကား၊ ငရဲလူလည်း တပါး, လူပြိတ္တာလည်း တပါး, လူတိရစ္ဆာန်လည်းတပါး, ပရမတ္ထလူလည်းတပါး၊ ဤသို့ လေးပါးဖြစ်သတည်း။ ထိုလေးပါးတို့တွင် အကြင်သူသည် ပါဏာတိပါတ,အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ,မုသာဝါဒ,သုရာမေရယ အစရှိသော မပြုအပ်သောအမှုကို ပြုကျင့်သောကြောင့် ဒဏ်ထိုက်သည်ဖြစ်၍၊ မင်းအစရှိသည်မှ လက်ကိုဖြတ်ခြင်း,ခြေကိုဖြတ်ခြင်း, နားကို ဖြတ်ခြင်း, နှာခေါင်းကို ဖြတ်ခြင်း, နှာခေါင်းနှစ်ဘက်စုံကို ဖြတ်ခြင်း အစရှိသော သုံးဆဲ့နှစ်ပါးသော မင်းဒဏ်ပေးခြင်းဟူသော ကြီးစွာသော ဆင်းရဲကို ခံရ၏။ ဤသူသည် လူပင်ဖြစ်ငြားသော်လည်း ငရဲသူနှင့်တူသောကြောင့် လူငရဲသူမည်၏။

အကြွင်းသူ တယောက်သည်ကား၊ ရှေး၌ပြုအပ်သော မကောင်း
မှုကြောင့် စားသောက်ရုံမျှမရ ဝတ်မွတ်ခြင်းဖြင့် နှိပ်စက်သည်
ဖြစ်၍ ဆင်းရဲခြင်းများစွာ တည်ရာမရ သွားလာ လှည့်ပတ်ရ၏။
ဤသူသည် လူပင်ဖြစ်ငြားသော်လည်း လူခြင်းမတူ ပြိတ္တာကဲ့သို့
ဝတ်ခြင်းတောင့်တ, စားခြင်းတောင့်တ, မစားရ,မဝတ်ရ ရှိသော
ကြောင့် လူပြိတ္တာမည်၏။

အကြွင်းသူတယောက်သည်ကား၊ သူတပါးနှင့်စပ်သော အသက်
မွေးခြင်းမရှိသည်ဖြစ်၍၊ သူတပါးတို့ဝန်ကို ရွက်ဆောင်ရသဖြင့်
ပျက်သော အပိုင်းအခြား ရှိသည်ဖြစ်၍၊ ယုတ်မာသော အကျင့်
ကောင်းသောအကျင့်ကို ပြုကျင့်သောကြောင့် သူတပါးတို့ ခြိမ်း
ခြောက်အပ်သည်ဖြစ်၍ ဆင်းရဲခြင်းသာ များစွာဖြစ်လျက် အစီး
အပွားရှိသည်ကို မသိသည်ဖြစ်၍ ရှက်ကြောက်လျက် စက်ဆုပ်
ရွံရှာဘွယ် ဆင်းရဲကို မပျောက်နိုင်။ ကြံမှိုင်ခြင်း, ပင်ပန်းခြင်း,
နှိပ်စက်သည်ဖြစ်၍ သွားလာကျင်လည်ရ၏။ ထိုသူသည် လူပင်
ဖြစ်ငြားသော်လည်း လူချင်းမတူ။ ကျွဲ,နွား,ဆင်,မြင်း အစရှိသော
တိရစ္ဆာန်တို့သည် သူတပါး တို့၏ ဝန်ကို ရွက်ဆောင်ရသဖြင့်
ဆင်းရဲသကဲ့သို့ ဆင်းရဲပင်ပန်းသောကြောင့် လူတိရစ္ဆာန်မည်၏။

အကြွင်းသူသည်ကား၊ စီးပွားမရှိသည်ကို သိမြင်သည်ဖြစ်၍
ကံ၏အကျိုးကို ယုံကြည်ကုန်လျက်၊ အရှက်အကြောက်တည်းဟူသော
ဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံသည်ဖြစ်၍ အလုံးစုံသော သတ္တဝါ
တို့၌ ချစ်ခြင်း, သနားခြင်းတည်းဟူသော မေတ္တာ,ကရုဏာတရား
တို့နှင့် ပြည့်စုံသည်ဖြစ်၍ သံသရာဝဋ်ဆင်းရဲတို့၌ ထိတ်လန့်ခြင်း
တည်းဟူသော သံဝေဂရခြင်းများသည်ဖြစ်၏။ အကုသိုလ် ကမ္မ
ပထတရားဆယ်ပါးတို့မှ ဝေးစွာရှောင်ကြဉ်၍ ဒါန,သီလ,ဘာဝ
နာ,အပစာယန,ဝေယျာဝစ္စ,ပတ္တိဒါန,ပတ္တာနုမောဒနာ,ဓမ္မသာဝန,
ဓမ္မဒေသနာ,ဒိဋ္ဌိဇုကမ္မတည်းဟူသော ပုညကြိယာဝတ္ထုဆယ်ပါး
တို့ကို ပြည့်စုံစေ၍ ကျင့်၏၊ ဤသူသည် လူတို့ကျင့်အပ်သောတရား
၌ တည်သောကြောင့် ပရမတ္ထလူမည်၏။ ဝါ၊ မြတ်သောလူမည်၏။

ထိုကြောင့် ဝိမာနဝတ္ထု အဋ္ဌကထာ၌ "စတုဗ္ဗိဓာ ဟိ မနုဿာ" စသည်ဖြင့် လာ၏။

ဟိ၊ မှန်စွ။ နေရယိကပေတ တိရစ္ဆာန ပရမတ္ထဝသေန၊ လူငရဲသူ, လူပြိတ္တာ, လူတိရစ္ဆာန်, ပရမတ္ထလူတို့၏ အစွမ်းဖြင့်။ မနုဿာ၊ လူတို့သည်။ စတုဗ္ဗိဓာ၊ လေးပါးအပြား ရှိကုန်၏။

ယော၊ အကြင်သူသည်။ ပါဏာတိပါတာ၊ အသက်သတ်ခြင်း အစရှိသော။ ဝါ၊ သတ္တဝါကို ဖိစီးခြင်း ညှဉ်းပန်းခြင်းဟု ဆိုအပ်သော။ အကုသလကမ္မံ၊ မပြုအပ်သောအမှုကို။ ကတွာ၊ ပြု၍။ ဒဏ္ဍာရဟော၊ ဒဏ်ထိုက်သည်ဖြစ်၍။ တတ္ထ-တတ္ထ၊ ထိုထိုသော အရပ်၌။ ရာဇာဒိတော၊ မင်းအစရှိသည်မှ။ ဟတ္ထစ္ဆေဒ ဒါတမ္ဗ ကရဏာ၊ လက်ဖြတ်ခြင်းအစရှိသော သုံးဆယ့်နှစ်ပါးသော မင်းဒဏ်ပေးခြင်းသို့။ ပတွာ၊ ရောက်၍။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘောမိ၊ ခံရ၏။ အယံ၊ ဤသူသည်။ မနုဿနေရယိကော နာမ၊ လူငရဲသူမည်၏။

ယော ပန၊ အကြင်သူသည်ကား။ ပုဗ္ဗေ၊ ရှေး၌။ ကတကမ္မုနာ၊ ပြုအပ်သော မကောင်းမှုကြောင့်။ ဃာသစ္ဆာဒနမ္ပိ၊ စားသောက် ဝတ်လောက်ရုံမျှကို။ နလဘတိ၊ မရ။ ခုပ္ပိပါသာဘိဘူတော၊ မွတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍။ ဒုက္ခဗဟုလော၊ ဆင်းရဲများလျက်။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ ပတိဋ္ဌံ၊ တည်ရာကို။ အလဘမာနော၊ မရသည်ဖြစ်၍။ ဝိစရတိ၊ သွားရ၏။ အယံ၊ ဤသူသည်။ မနုဿပေတော နာမ၊ လူပြိတ္တာမည်၏။

ယော စ၊ အကြင်သူကား။ ပရာဓိနဝုတ္တိ၊ သူတပါးနှင့်စပ်သော အသက်မွေးခြင်းရှိသည်ဖြစ်၍။ ပရေသံ၊ သူတပါး၏။ ဘာရံ ဝါ၊ ဝန်ကိုမူလည်း။ ဝဟန္တော၊ ရွက်ဆောင်ရသည်ဖြစ်၍။ ဘိန္နမရိယာဒေါ ဝါ၊ ပျက်သောအပိုင်းအခြားရှိသည်ဖြစ်၍။ အနာစရံ၊ မကောင်းသောအကျင့်ကို။ အာစရိတွာ၊ ကျင့်သောကြောင့်။ ဝါ၊ ကျင့်သည်ရှိသော်။ ပရေဟိ၊ သူတပါးတို့သည်။ သန္တဇ္ဇိတော၊ ခြိမ်းချောက်အပ်သည်ဖြစ်၍။ မရဏဘယတဇ္ဇိတော၊ သေဘေးမှ ကြောက်

သည်ဖြစ်၍၊ ဒုက္ခဘဟုလော၊ ဆင်းရဲခြင်းများလျက်။ ဟိတာဟိတံ၊ အစီးအပွားရှိသည်, မရှိသည်ကို၊ အဇာနန္တော၊ မသိသည်ဖြစ်၍၊ နိလဇ္ဇော၊ အရှက်မရှိသည်ဖြစ်၍၊ ဇိဂုစ္ဆော၊ စက်ဆုပ်ရွံရှာဘွယ်ရှိလျက်၊ ဒုက္ခဝိနောဒနာ အာဒိပရေတာ၊ ဆင်းရဲကို မဖျောက်နိုင်ခြင်း အစရှိသည်ဖြင့် နှိပ်စက်လျက်။ ဝိစရတိ၊ ကျင်လည်ရ၏။ အယံ၊ ဤသူသည်။ မနုဿတိရစ္ဆာနော နာမ၊ လူတိရစ္ဆာန်မည်၏။

ယော ဝါ ပန၊ အကြင်သူသည်ကား။ ဟိတာဟိတံ၊ အစီးအပွားရှိသည်,မရှိသည်ကို၊ ဇာနန္တော၊ သိ၍၊ ကမ္မဖလံ၊ ကံ၏အကျိုးကို။ သဒ္ဒဟန္တော၊ ယုံကြည်သည်ဖြစ်၍။ ဟိရောတ္တပ္ပသမ္ပန္နော၊ အရှက်အကြောက်နှင့်ပြည့်စုံစွာ။ သဗ္ဗသတ္တေသု၊ အလုံးစုံသောသတ္တဝါတို့၌။ ဒယာသမ္ပန္နော၊ ကရုဏာဖြင့်ပြည့်စုံသည်ဖြစ်၍။ သံဝေဂဗဟုလော၊ သံသရာဝဋ်ဆင်းရဲ၌ ထိတ်လန့်ခြင်းများသည်ဖြစ်၍၊ အကုသလကမ္မပထေ၊ အကုသိုလ်ကမ္မပထ တရားဆယ်ပါးတို့ကို၊ ပရိဝဇ္ဇန္တော၊ ရှောင်ကြဉ်လျက်။ ပုညကရိယဝတ္ထုနိ၊ ပုညကရိယဝတ္ထုဆယ်ပါးကို။ ပရိပူရေန္တော၊ ပြည့်စုံသည်ဖြစ်၍။ စရတိ၊ ကျင့်၏၊ အယံ၊ ဤသူသည်။ မနုဿပတိဋ္ဌိတော၊ လူ၏အဖြစ်၌တည်သော။ ပရမတ္ထမနုဿော နာမ၊ ပရမတ္ထလူမည်၏။ ဝါ၊ မြတ်သောလူမည်၏။

---

## ရာဂ, ဒေါသ, မောဟတရားတို့ကို မီးသုံးပါးဥပမာနှင့် ပြဆိုခြင်း

ပကတိမီးလောင်ခြင်းကဲ့သို့ သံသရာ၌ကျင်လည်၍ ဝဋ်မကင်းသော သတ္တဝါတို့အား ရာဂစသော မီး,နေ တို့ မပြတ်လောင်ခြင်းသည် ဝဋ်၏အဖြစ်သာဟုဆင်ခြင်သောပုဂ္ဂိုလ်အား၊ ဘာဝနာမယကုသိုလ်ဖြစ်ရာဝယ် ဤလောက၌ မီးအပြားသုံးပါးရှိသည်။ သုံးပါးဟူသော်ကား၊ ရာဂမီးလည်းတပါး, ဒေါသမီး လည်း တပါး, မောဟမီးလည်းတပါးဤသို့သုံးပါးတည်း။ ထိုသုံးပါးသည် သတ္တဝါတို့ကို ဖျက်ဆီး ညှဉ်းဆဲတတ်သောကြောင့်၊ ပစ္စုပ္ပန်ဆင်းရဲကို

ဖြစ်စေတတ်သောကြောင့် ပကတိမီးသည် သစ်,ဝါး,ထင်း,မြက်, သစ်ခက်,သစ်ရွက်,အိမ်,ကျောင်း,အုတ်,မဏ္ဍပ် အစရှိသည်တို့ကို လောင်တတ် ဖျက်ဆီးတတ်သကဲ့သို့၊ ထိုအတူ သတ္တဝါ တို့ကို လောင်တတ်ဖျက်ဆီးတတ်သောကြောင့် မီးမည်၏။ ။ထို့ကြောင့်၊ သုတ္တနိပိဋကတ် သုတ်ပါထေယျ ပါဠိတော်၌ "တယော အဂ္ဂိ ရာဂဂ္ဂိ ဒေါသဂ္ဂိ မောဟဂ္ဂိ"။ ။ဟု လာ၏။

ဘောဓ္နော္ဓာပရိသာ၊ အိုပရိသတ်တို့။ ရာဂဂ္ဂိ၊ ရာဂဟူသောမီး သည်လည်းကောင်း။ ဒေါသဂ္ဂိ၊ ဒေါသဟူသော မီးသည်လည်း ကောင်း။ မောဟဂ္ဂိ၊မောဟဟူသောမီးသည်လည်းကောင်း။ ဣတိ၊ ဤသို့။ အဂ္ဂိ၊မီးတို့သည်။ တယော၊ သုံးပါးတို့တည်း။

---

## တနည်း-မီးသုံးပါးကိုပြဆိုခြင်း

ထို့မှတပါး မီးသုံးပါးကိုဆင်ခြင်သဖြင့် ဘာဝနာမယ ကုသိုလ် ပွားရာ၌ မီးအပြားသုံးပါးရှိ၏။ သုံးပါးဟူသော်ကား၊ အမိ,အဘ တည်းဟူသော အာဟုနေယျဂ္ဂိလည်းတပါး, အိမ်၏အရှင်-လင် ဟူသော ဂဟပတဂ္ဂိလည်းတပါး, ရဟန်းသံဃာတည်းဟူသော ဒက္ခိဏေယျဂ္ဂိလည်းတပါး ဤသို့ အားဖြင့် သုံးပါးတည်း။ ထို သုံးပါးတို့တွင် အမိ,အဘတို့သည် သားသမီးတို့ အား များစွာ သော ကျေးဇူးရှိသောကြောင့် သားသမီးတို့၏ ပူဇော်သက္ကာရ အရိုအသေပြုခြင်း အစရှိသည်တို့ကို ခံထိုက်သောကြောင့်၊ အမိ, အဘတို့သည်အာဟုနေယျဂ္ဂိမည်၏။ ။ဂဟပတဂ္ဂိဟူသော်ကား၊ အိမ်၏အရှင် မိမိတို့လင်ကိုဆိုသည်။ ထိုလင်သည် မယားအား အိပ်ရာ, နေရာ, အဝတ်တန်ဆာအစရှိသည်တို့ကိုပေးသောကြောင့် များစွာ ကျေးဇူးရှိပေသည်။လင်ကိုလွန်ကျူး၍ ကျင့်သော မိန်းမ သည် ငရဲအစရှိသော အပါယ်လေးပါးတို့၌ဖြစ်လေ၏။ထို့ကြောင့် ထိုလင်သည် မရိုမသေ မထေမဲ့မြင် လွန်ကျူးသော မယားအား လောင်တတ်,ဖျက်ဆီးတတ်သော မီးနှင့်တူသောကြောင့်၊ ဂဟပ

တဂ္ဂမည်၏။ ဒက္ခိဏေယျဂ္ဂိ၌ ရဟန်းသံဃာသည် ပစ္စည်းလေးပါးကိုခံထိုက်သောကြောင့် ဒက္ခိဏေယျမည်၏။ ထိုရဟန်းသံဃာသည် လူတို့အား သရဏဂုံသုံးပါး,သီလငါးပါး, သီလဆယ်ပါးတို့ကို ဆောက်တည်စေခြင်း၊ အမိ,အဘကို မွေးကျွေးခြင်း၊ ရဟန်း ပုဏ္ဏားတို့အား လုပ်ကျွေးခြင်းအစရှိသော ကောင်းသော အကျင့်တို့၌ ရှည်စေသောကြောင့် များသော ကျေးဇူးရှိ၏။ ထိုသို့ များသောကျေးဇူးရှိသော ရဟန်းသံဃာ၌ မရိုမသေကျင့်သောကြောင့် လူသည် ရဟန်းသံဃာကို ဆဲရေးရေရွတ် ကဲ့ရဲ့သည်ရှိသော်၊ ငရဲအစရှိသော အပါယ်လေးပါးသို့လားလေ၏။ထိုကြောင့် ရဟန်းသံဃာကို မရိုမသေ မထေမဲ့မြင်ပြုခြင်း,ဆဲရေး ရေရွတ်ခြင်းသည် လောင်တတ်,ဖျက်ဆီးတတ်သည်ဖြစ်၍ ဒက္ခိဏေယျဂ္ဂိမည်၏။ ။ထိုကြောင့် သုတ်ပါထေယျပါဠိတော်၌ "အပရေပိ တယော အဂ္ဂိ အာဟုနေယျဂ္ဂိ ဂဟပတဂ္ဂိ ဒက္ခိဏေယျဂ္ဂိ"။ ။ဟု လာ၏။

အာဟုနေယျဂ္ဂိ၊ ဆောင်ခဲ့သော ပူဇော်ခြင်းကို ခံထိုက်သော အမိ,အဘဟူသော မီးလည်းကောင်း။ ဂဟပတဂ္ဂိ၊ အိမ်၏ အရှင်လင်ဟူသော မီးလည်းကောင်း။ ဒက္ခိဏေယျဂ္ဂိ၊ မြတ်သောအလှူကို ခံထိုက်သော ရဟန်းသံဃာဟူသော မီးလည်းကောင်း။ ဣတိ၊ ဤသို့။ အပရေပိ၊ တပါးတည်းဖြစ်ကုန်သော။ အဂ္ဂိ၊ မီးတို့သည်။ တယော၊ သုံးပါးတို့တည်း။

## ဓာတိ,ဓရာ,မရဏတို့ကို ရန်သူသုံးဦးပမာ ရှုဆင်ခြင်ပုံ

ဓာတိ, ဓရာ, မရဏကိုစွဲ၍ ဘာဝနာမယ ကုသိုလ်ပွားရာ၌၊ ဓာတိ, ဓရာ, မရဏတို့သည် သတ္တဝါတို့အား သတ်တတ်သော ရန်သူကိုယ်ကဲ့သို့ ယုတ်မာသောအခွင့်ကိုသာ ရှာလျက်သွားကုန်၏။ ထိုစကားကိုချဲ့အံ့၊ တယောက်သောသူကို ရန်သူ သုံးယောက်တို့သည် ယုတ်မာသော အခွင့်ကို ငဲ့လျက် သွားကုန်သည် ရှိသော် တယောက်သော ရန်သူသည် ဤသို့ဆို၏။ ငါသည် ဤမည်သော

တောမှ ကျေးဇူးကို ချီးမွမ်း၍ ထိုသူကို ဆောင်လျက် ထိုတောသို့ သွားမည်။ ထိုသို့လာခြင်း၌၊ "ပြေဒ်-ခဲခက်သည်မဟုတ်၊ အလွယ် သာ" ဟု ဆို၏။ နှစ်ယောက်မြောက်သော ရန်သူ သည် လည်း ဤသို့ ဆို၏။ "သင် ထိုသူကို တောသို့ဆောင်ခဲ့သောအခါ ပုတ်ခတ် ၍ အားနည်းအောင် ငါပြုမည်၊ ငါလည်း စေမည်။" ထိုသို့လည်း စေခြင်း၌ "ပြေဒ်-ခက်ခဲသည်မဟုတ်၊ လွယ်သည်သာ" ဟု ဆို သော်၊သုံးယောက်မြောက်သောရန်သူလည်း"သင်တို့ထိုသူကိုပုတ် ခတ်ခြင်းဖြင့် အားနည်း၍ လဲသည်ရှိသော် ထက် လှ စွာ သော သံလျက်ဖြင့် ဥက္ကောင်းကို ဖြတ်ခြင်းသည် ငါ၏ဝန်ဖြစ်စေ"ဟု ဆို ၏၊ ထိုရန်သူ သုံးယောက်တို့သည် ထိုသို့ ဆိုတိုင်း ပြုကုန်ရာ၏။ ထိုရန်သူ သုံးယောက်တို့တွင် ပဌမရန်သူသည် တောကိုချီးမွမ်း၍ ထိုသူကို ဆောင်ယူခဲ့၍ တောသို့ ရောက်သော အခါနှင့်ကား၊ ချစ်လှစွာသောအဆွေအမျိုးအပေါင်းမှ နှင်ထုတ်၍ အမှတ်မရှိသော ဘဝ၌ဖြစ်သော ဇာတိ၏ကိစ္စနှင့်တူ၏၊ နှစ်ယောက်မြောက် ရန်သူ သည် ပုတ်ခတ်ခြင်းဖြင့်အားနည်း၍ လဲသောအခါနှင့်ကား၊ ဖြစ် သောခန္ဓာ၌ ထိုး၍ သူတပါးနှင့်စပ်သော လက်ကို ဆွဲငင်ခြင်း, တောင်ဝှေးစွဲကိုင်ခြင်း, သေမင်းလျှင် လည်းလျောင်းရာ ရှိသော အဖြစ်သည် ဇရာကိစ္စနှင့်တူ၏။ သုံးယောက်မြောက် ရန်သူသည် ထက်လှစွာသော သံလျက်ဖြင့် ဥက္ကောင်းကို ဖြတ်သည်နှင့်ကား၊ အသက်ကုန်ခြင်းသို့ရောက်သော် မရဏာကိစ္စနှင့်တူ၏၊ ထိုကြောင့် အဘိဓမ္မာဝိဘင်းကျမ်း၌"အပိ ဝိမာနိ ဇာတိ ဇရာ မရဏာနိ နာမ ဣမေသံ သတ္တာနံ"။ ။စသည်ဖြင့်လာ၏။

အပိစ၊ စင်စစ်သော်ကား၊ ဣမာနိ၊ ဤဇာတိ,ဇရာ,မရဏာ တို့ မည်သည်ကား၊ဝါ၊ ပဋိသန္ဓေနေခြင်း,အိုခြင်း တို့မည်သည်ကား၊ ဣမေသံသတ္တာနံ၊ ဤသတ္တဝါတို့အား၊ ဝဓကပစ္စာမိတ္တာဝိယ၊ သတ် သောရန်သူကဲ့သို့၊ ဩကာရံ၊ အခွင့်ကို၊ ဂဝေသန္တာနိ၊ ရှာကုန် သည်ဖြစ်၍၊ ဝိစရန္တိ၊သွားကုန်၏၊ ဟိ၊ ချဲ့အံ့၊ ယထာ၊ ဥပမာကား၊ ပုရိသဿ၊ လူတယောက်အား၊ တိသုပစ္စာမိတ္တေသု၊ ရန်သူ သုံး

ယောက်တို့သည်။ ပြကာရပေကြသော၊ ယုတ်သောအခွင့်ကိုရှာ
ကုန်လျက်။ ဝိစရင်ကြသော၊ သွားကုန်သည်ရှိသော်၊ ဧကော၊ ရန်သူ
တယောက်သည်။ ဝဒေယျ၊ဆိုရာ၏။ အဟံ၊ငါသည်။ အသုကဿ
နာမ၊ ဤအမည်ရှိသော။ အရညဿ၊ တော၏။ ဝဏ္ဏံ၊ ကျေးဇူးကို။
ကထေတွာ၊ ဆို၍။ ဝါ၊ ချီးမွမ်း၍။ တေ၊ ထိုသူကို။ အာဒါယ၊
ယူ၍။ တတ္ထ၊ထိုတောသို့။ ဂမိဿာမိ၊သွားအံ့။ ဧတ္ထ၊ ဤသွားခြင်း၌။
မယှံ၊ ငါ့အား။ ဒုက္ကရံ၊ ခဲခက်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။
ဝဒေယျ၊ ဆိုရာ၏။ ဒုတိယော၊ နှစ်ခုမြောက်သော ရန်သူသည်။
ဝဒေယျ၊ ဆိုရာ၏။ အဟံ၊ ငါသည်။ တေ၊ ထိုသူကို။ ဂဟေတွာ၊
ယူ၍။ တဝ၊ သင်သည်။ ဂတကာလေ၊ လာသောအခါ၌။ ပေါ
ထေတွာ၊ ပုတ်ခတ်၍။ ဒုဗ္ဗလံ၊ အားနည်းသည်ကို။ ကရိဿာမိ၊
ပြုအံ့။ ဧတ္ထ၊ ဤသို့အားနည်းအောင်ပြုခြင်း၌။ မယှံ၊ ငါ့အား။ ဒုက္ကရံ၊
ခဲခက်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ ဝဒေယျ၊ဆိုရာ၏။ တတိယော၊
သုံးခုမြောက်သောရန်သူသည်။ ဝဒေယျ၊ ဆိုရာ၏။ တယာ၊ သင်
သည်။ ဗောဓိတံ၊ ထိုသူကို။ ပေါထေတွာ၊ ပုတ်ခတ်၍။ ဒုဗ္ဗလံ၊
အားနည်းသည်ကို။ ကတေ၊ ပြုသည်ရှိသော်။ တိခိဏေန၊ ထက်လှ
စွာသော၊ အသိနာ၊ သန်လျက်ဖြင့်။ သီသစ္ဆေဒနံ နာမ၊ ဦးခေါင်း
ဖြတ်ခြင်းမည်သည်။ မယှံ၊ ငါ၏။ ဘာရော၊ ဝန်သည်။ ဟောတု၊
ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ တေ၊ ထိုရန်သူ
သုံးယောက်တို့သည်။ ဧဝံ၊ဤသို့။ ဝတွာ၊ဆို၍။ တတ္ထ၊ထိုဆိုတိုင်း။
ကရေယျုံ၊ပြုကုန်ရာ၏။ တတ္ထ၊ ထိုရန်သူသုံးယောက်တို့တွင်။ ပဌမ
ပစ္စာမိတ္တသဒိသ၊ ပဌမရန်သူ၏။ အရညဝဏ္ဏံ၊ တော၏ ကျေးဇူးကို။
ကထေတွာ၊ချီးမွမ်း၍။ တံ၊ထိုသူကို။ အာဒါယ၊ယူ၍။ တတ္ထ၊ထိုတော
သို့။ ဂတကာလေဝိယ၊ရောက်သောအခါကဲ့သို့။ သုဟဇ္ဇဉာတိဝဂ္ဂ
တော၊ ချစ်လှစွာသော အဆွေ အမျိုး အပေါင်းမှ၊ နိက္ခမိတွာ၊
ငင်ထုတ်၍။ ယတ္ထကတ္ထစိ၊ အကြောင်းအမှတ်မရှိသောအရပ်၌။ နိဗ္ဗတ္တာ
ပန နာမ၊ ဖြစ်စေခြင်းမည်သည်ကား။ ဓာတိယာ၊ ဓာတိ၏။ ဝါ၊
ပဋိသန္ဓေနေခြင်း၏။ ကိစ္စံ၊ ကိစ္စဘည်း။ ဒုတိယဿ၊ နှစ်ယောက်

မြောက်သောရန်သူ၏၊ ပေါ်ထေတွာ၊ ပုတ်ခတ်၍၊ ဒုဗ္ဗလကရဏီ ဝိယ၊ အားနည်းအောင်ပြုသောအခါ ကဲ့သို့၊ နိဗ္ဗတ္တက္ခန္ဓသု၊ ဖြစ်သော ခန္ဓာကိုယ်၌၊ နိပ္ပတိတွာ၊ ကျ၍၊ ပရာဒိနပစ္စုပရာယနာဘာဝကရဏံ၊ သူတပါးနှင့်စပ်သည်ဖြစ်၍ လက်ဆွဲငင်တောင်ဖေးဆွဲခြင်း,သေမင်း လျှင် လည်းပျောင်းချရှိသော အဖြစ်ကိုပြုခြင်းသည်၊ ဇရာယ၊ ၏၊ ဝါ ...ခြင်း၏၊ ကိစ္စံ၊ ကိစ္စမည်၏၊ တတိယသံ၊ သုံးခုမြောက်သော ရန်သူ၏၊ တိမိကော့၊ ထက်လှစွာသော၊ အသိနာ၊ သံလျက်ဖြင့်၊ သိသန္တေဒနံ ဝိယ၊ ဦးကျောင်းကိုဖြတ်သကဲ့သို့၊ ဇီဝိတက္ခယပါပနံ၊ အသက်ကုန်ခြင်းသို့ရောက်ခြင်းသည်၊ မရဏဿ၊ မရဏ၏၊ ဝါ၊ သေခြင်း၏၊ ကိစ္စံ၊ ကိစ္စမည်၏၊ ဣတိ၊ ဤသို့၊ ပေဒိတဗ္ဗံ၊ သိအပ်၏၊

---

## ယောကျ်ားဖြစ်ခြင်း-မိန်းမဖြစ်ခြင်းစသောဘဝအမျိုးမျိုး ဖြင့် သံသရာကျင်လည်ပုံရှုဆင်ခြင်ခြင်း

အမှန်ရှည်ကြာသံသရာ၌ ကျင်လည်သောအခါ ယောကျ်ားတို့၏ မိန်းမဖြစ်ခြင်း,မိန်းမတို့၏ ယောကျ်ားဖြစ်ခြင်းတို့ဖြင့် သံသရာ ၌ကြာသည့် နှစ်မွန်းချခြင်း ဝဋ်၏အဖြစ်ကို ဆင်ခြင်သဖြင့်ဖြစ်သော ဘာဝနာမယကုသိုလ်၌ ယောကျ်ားတို့အား မိန်းမဖြစ်သောအခါ လည်းရှိသည်၊ မိန်းမတို့အားလည်း ယောကျ်ားဖြစ်သော အခါ လည်းရှိသည်၊ မိန်းမ မဖြစ်ဘူးသော ယောကျ်ားမည်သည်မရှိ၊ သတ္တဝါတို့သည်ဤစကြဝဠာ၌ တပါးသောစကြဝဠာ၌လည်းဖြစ် သည်၊ တပါးသောစကြဝဠာ၌လည်း ဤစကြာဝဠာ၌ဖြစ်ရသည် ကျင်လည်ရသည် တယောက် တယောက်သော သတ္တဝါတို့သည် အနန္တစကြဝဠာတို့တွင် တခုသောစကြာဝဠာ၌ မဖြစ်ဘူးသည်ဟူ၍ မရှိ၊ ထိုသတ္တဝါအပေါင်းတို့တွင် ဤစကြဝဠာ၌ မိန်းမ မဖြစ်ဘူး သောအခါ၌သာ အသုံးသုံးသော အမည်ရှိသည်ကိုထား၍ တခု သော မိန်းမတယောက်သည် အမိဖြစ်၍ ဝမ်း၌ ဖြစ်သောအခါ၊ ထယောက်သောသူသည် ဖိုအင်သောနှိုသည် မဟာသမုဒ္ဒရာလေး

စင်းရေထက် အလွှန်တရာသာ၍များ၏။ ။ထိုကြောင့် သံယုတ္တ နိကာယ် အနမတဂ္ဂသုတ် အဋ္ဌကထာ၌။

"ပုရိသာနံ မာတုဂါမကာလေသာ မာတုဂါမာနဉ္စ ပုရိသ ကာလေသာ အတ္တိ ရှုမဗှာ စက္ကဝါဠာ သတ္တာ ပရစက္ကဝါဠံ သံသရန္တိ တေသု ရှုမသို့ စက္ကဝါဠေ မာတု ဂါမကာလေ ယေဝ။ နွပေတွာ နာနာနာမံ ကေနာမိကာယ မနုဿမာတု ယာ၊ ကုန္တိယံ နိဗ္ဗတ္တကာလေ ကေနပိ တံ ထည့် စတုသု မဟာသမုဒ္ဒေသု ဥဒကတော ဗဟုတရံ"။ ။ဟုလာ၏။

ပုရိသာနံ၊ ယောကျ်ားတို့အား။ မာတုဂါမကာလေ၊ မိန်းမဖြစ် သောအခါသည်။ အတ္တိ၊ ရှိ၏။ မာတုဂါမာနဉ္စ၊ မိန်းမတို့အား လည်း။ ပုရိသကာလေ၊ ယောကျ်ားဖြစ်သောအခါသည်။ အတ္တိ၊- ရှိ၏။ ရှုမဗှာစက္ကဝါဠာ၊ ဤစကြဝဠာမှ၊ သတ္တာ၊ သတ္တဝါတို့သည်၊ ပရစက္ကဝါဠံ၊ တပါးသောစကြဝဠာ၌။ သံသရန္တိ၊ ကျင်လည် ကုန်၏။ တေသု၊ ထိုကျင်လည်ကုန်သည်ရှိသော်။ ရှုမသို့စက္ကဝါဠေ၊ ဤစကြဝဠာ၌၊ မာတုဂါမကာလေယေဝ၊ မိန်းမဖြစ်သောအခါ၌ သာလျှင်၊ နာနာနာမံ၊ အထူးထူးသောအမည်ကို။ နွပေတွာ၊ ထား၍၊ ကေနာမိကာလေ၊ တခုသော အမည်ရှိသော၊ မနုဿမာတုယာ၊ လူဖြစ်သောအမိ၏၊ ကုန္တိယံ၊ ဝမ်း၌၊ နိဗ္ဗတ္တကာလေ၊ ဖြစ်သော အခါ၌၊ ကေန၊ တယောက်သောသူသည်၊ ပိတထည့်၊ ရှိအစ် သောနို့ရည်သည်၊ စတုသုမဟာသမုဒ္ဒေသု၊ မ ဟာ သ မုဒ္ဒ ရာ လေးစင်းတို့၌၊ ဥဒကတော၊ ရေထက်၊ ဗဟုတရံ၊ များ၏။

## ပရဒါရကံကြောင့် ယောကျ်ားဘဝ-မိန်းမဘဝတို့ဖြင့် သံသရာကျင်လည်ခဲ့ရသော အရှင်အာနန္ဒာ၏ အတိတ်ဘဝကို ပြဆိုခြင်း

သံသရာ၌ ကျင်လည်သောသတ္တဝါတို့အား မမြဲသောဖြစ်ခြင်း, ယောကျ်ားဖြစ်တုံ, မိန်းမဖြစ်တုံ ရှိသဖြင့် ငြီးငွေ့ခြင်းငှာသင့်၏ဟု နှလုံးသွင်းရာ ဘာဝနာမယကုသိုလ်ပွားရာ၌၊ ယောကျ်ားတို့သည် မိန်းမမဖြစ်ဘူးသောသူ မည်သူ မရှိကုန်။ သတ္တဝါတို့သည် ဤစကြဝဠာ၌ မိန်းမဖြစ်တုံ, ယောကျ်ားဖြစ်တုံ ကြိမ်ဖန်များစွာကျင်လည်ရသည်။ ထိုသို့ဖြစ်ကြရာတွင် ယောကျ်ားတို့သည်ကား၊ သူတပါးမယားကို ဖြစ်မှားလျက် လွန်ကျူးသောကြောင့် သေလေလျှင် များစွာသော အနှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ဖြစ်၍ ဤလူ့ပြည်သို့ တဖန်ပြန်ရသည်ရှိသော် တရာသောဘဝ၌ မိန်းမဖြစ်ရချေသည်။ ကမ္ဘာတသိန်းပတ်လုံး ပါရမီဖြည့်၍ မဟာသာဝက ဖြစ်သော အရှင်အာနန္ဒာသော်လည်း သံသရာ၌ကျင်လည်ရှိသော်၊ တခုသော ဘဝ၌ ပန်းထိမ်သည်အမျိုး၌ဖြစ်၍ မကောင်းသူနှင့်ပေါင်းမိ၍ ပရဒါရကံကို ပြုမိသောကြောင့် ရောရုဝငရဲ၌ ခံရ၏။ ထိုမကောင်းမှုအကြွင်းဖြင့်ပင် တဆယ့်လေးဘဝမိန်းမဖြစ်ရချေသည်၊ ခုနစ်ဘဝတို့၌ မိဇထုတ်သော သင်းကွပ်သော ဆင်းရဲကို ခံရချေသည်တကား။ အလှူဒါန ကောင်းမှုတို့ကို ပြု၍ မိန်းမအဖြစ်၌ တပ်ခြင်းကင်း၍ ဤကောင်းမှုသည် ယောကျ်ားအဖြစ်ကို ရခြင်းငှာ ဖြစ်စေသတည်းဟု စိတ်ကိုဆောက်တည်၍ သေလေသည်ရှိသော် ယောကျ်ားအဖြစ်ကိုရကုန်၏။ သိကြားမင်း၏ မိဖုယားသည် သိကြားမင်းကို ရှိခိုးသသကဲ့သို့ မိမိလင်ကို ရှိခိုးသသောအကျင့်ဖြင့် ယောကျ်ားအဖြစ်ကို ရ၏။ ။ထိုကြောင့် ဓမ္မပဒအဋ္ဌကထာ၌။

ပုရိသာ ဟိ ဣတ္ထိယော၊ ဣတ္ထိယောစ ပုရိသော အဘူဘ
ပုဗ္ဗာနာမနုတ္ထိ၊ ပုရိသော ဟိ ပရဿ ဒါရေ၊ အတိစရိတွာ
ကလက်တွာ၊ ဗဟူနိ ဝဿသတသဟဿာနိ၊ နိရယေ ပစိ

တွာန၊ မနုဿဇာတိယာ ဂန္တွ တိ၊ အတ္တဘာဝသတေ၊ ဣတ္ထိ
ဘာဝံ အာပဇ္ဇန္တိ အာနန္ဒတ္ထေရောပိ၊ ကပ္ပသတသဟဿံ။
ပူရိတပါရမီ အရိယသာဝကော ပိ သံသရေ သံသရန္တော
ဧကသ္မိံ အတ္တဘာဝေ ကမ္မာရကုလေ နိဗ္ဗတ္တော ပရဒါရိက
ကမ္မံ ကတွာ နိရယေ ပက္ကဝသေ သေန အကုသလေန
စုဒ္ဒသသု အတ္တဘာဝေသု ပရဿ ပါဒပရိစာရိကာ ဣတ္ထိ
အဟောသိ။ သတ္တသု အတ္တဘာဝေသု ဗီဇုဒ္ဓရဏံ ပါပုဏိ၊
ဣတ္ထိယော ပန ဒါနာဒီနိ ပုညာနိ ကတွာ ဣတ္ထိဘာဝေ ဆန္ဒ
ဝိရာဇေတွာ၊ ဣဒံ နောပုညံ ပုရိသတ္တဘာဝပဋိလာဘာယ
သံဝတ္တတူတိ စိတ္တံ အဓိဋ္ဌဟိတွာ ကာလံ ကတွာ ပုရိသတ္တ
ဘာဝံ ပဋိလဘန္တိ။ ပတိဗ္ဗတာ ဟုတွာ သာမိကံ သမ္မာပဋိ
ပတ္တိဝသေန ပိ ပုရိသတ္တဘာဝံ ပဋိလဘန္တေဝ။ ။ဟု
လာ၏။

ဟိ၊ မှန်စွ။ ပုရိသာ၊ ယောကျာ်းတို့သည်။ ဣတ္ထိယောအဘူတ ပုဗ္ဗံနာမ၊ မိန်းမ မဖြစ်ဘူးသောသူမည်သည်။ နတ္ထိ၊ မရှိကုန်။ ဣတ္ထိယာစ၊ မိန်းမတို့သည်လည်း။ ပုရိသာအဘူတပုဗ္ဗာနာမ၊ ယောကျာ်း မဖြစ်ဘူးသောသူမည်သည်၊ နတ္ထိ၊ မရှိကုန်။ ဟိ၊ ချဲ့၍ဆိုအံ့။ ပုရိသာ၊ ယောကျာ်းတို့သည်။ ပရဿ၊ သူတပါး၏။ ဒါရေ၊ မယားတို့ကို။ အတိစရိတွာ၊ လွန်ကျူးသောကြောင့်။ ကာလံကတွာ၊ သေသည် ရှိသော်။ ဗဟူနိဝဿသတသဟဿာနိ၊ များစွာကုန်သော အနှစ်တသိန်းပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစိတွာ၊ ကျက်၍။ မနုဿဇာတိံ၊ လူ၏အဖြစ်သို့။ အာဂန္တွာ၊ လာကုန်၍။ အတ္တဘာဝသတေ၊ တရာသောကိုယ်အဖြစ်၌။ ဣတ္ထိဘာဝံ၊ မိန်းမအဖြစ်သို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ။ဟိ၊ ချဲ့၍ဆိုဦးအံ့။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်းပတ်လုံး။ ပူရိတပါရမီ၊ ဖြည့်ပြီးသောပါရမီရှိသော။ အရိယသာဝကော၊ အရိယာသာဝကဖြစ်သော။ အာနန္ဒတ္ထေရောပိ၊ အရှင်အာနန္ဒာထေရ်သည်လည်း။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်သည်ရှိသော်။ ဧကသ္မိံ အတ္တဘာဝေ၊ တခုသောကိုယ်အဖြစ်၌။ ကမ္မာ

ရကုသေ၊ပန်းထိမ်သည်အမျိုး၌။ နိဗ္ဗတ္တော်တွာ၊ဖြစ်၍။ ပရဒါရိကမ္မံ၊ သူ့မယားကိုဖြစ်မှားခြင်းကံကို။ကတွာ၊ပြုမိသောကြောင့်။ နိရယေ၊ ရောရုဝရဲ၌။ ပက္ကဝသေသေန၊ခံရသောအကြွင်းဖြစ်သော။ အကုသလေန၊အကုသိုလ်ကံကြောင့်၊ ဧဠကသသုအဋ္ဌာဘာဝေသု၊တဆယ့်လေးဘဝတို့၌။ ပရသ၊ သူတပါး၏။ ပါဒပရိစာရိကာ၊ ခြေရင်းအလုပ်အကျွေးဖြစ်သော။ ဣတ္ထိ၊ မိန်းမသည်။ အဟောသိ၊ ဖြစ်၏။ သတ္တသုအတ္တဘာဝေသု၊ ခုနစ်ဘဝတို့၌။ ဗီဇုဒ္ဓရဏံ၊ ဗီဇထုတ်ခြင်းသို့။ ဝါ၊သင်းကွပ်ခြင်းသို့။ ပါပုဏိ၊ရောက်လေ၏။ ဣတ္ထိယောပန၊ မိန်းမတို့သည်ကား။ဒါနာဒိနို၊အလှူပေးခြင်းအစရှိကုန်သော။ ပုညာနိ၊ကောင်းမှုတို့ကို၊ ကတွာ၊ပြု၍၊ ဣတ္ထိဘာဝေ၊မိန်းမအဖြစ်၌။ ဆန္ဒံ၊ တပ်မက်ခြင်းကို၊ ဝိရာဇေတွာ၊ ကုန်စေ၍။ နော၊ ငါတို့အား၊ ဣဒံ ပုညံ၊ဤကောင်းမှုသည်။ပုရိသတ္တဘာဝပဋိလာဘာယ၊ယောကျ်ား၏အဖြစ်ကို ရစေခြင်းငှာ။ သံဝတ္တတု၊ဖြစ်စေသတည်း၊ ဣတိ၊ဤသို့။ စိတ္တံ၊စိတ်ကို။ အဓိဋ္ဌဟိတွာ၊ဆောက်တည်၍။ကာလံကတွာ၊သေ၍။ ဝါ၊သေသည်ရှိသော်။ ပုရိသတ္တဘာဝံ၊ယောကျ်ား၏အဖြစ်ကို။ ပဋိလဘန္တိ၊ ရကုန်၏။ ပတိဗ္ဗတာ၊ လင်၏ကျင့်ဝတ်နှင့် ပြည့်စုံကုန်သည်၊ ဟုတွာ၊ဖြစ်၍။ သာမိကေ၊လင်၌၊ သမ္မာပဋိပတ္တိဝသေနာပိ၊ ကောင်းသောအကျင့်၏အစွမ်းဖြင့်လည်းကောင်း၊ ပုရိသတ္တဘာဝံ၊ ယောကျ်ား၏အဖြစ်ကို။ လဘန္တေဝ၊ ရကုန်သည်သာတည်း။

---

## သံသရာကျင်လည်ရာ၌ ပညာမရှိ-ပညာမဲ့တို့၏ အနည်းအများစသည်ကို ရှုဆင်ခြင်ပုံ

သံသရာ၌ ကျင်လည်၍ အပါယဒုက္ခ၌ နစ်မွန်းမျောပါးသော သူတို့ကို စွဲ၍ဖြစ်သော ဘာဝနာမယကုသိုလ်၌၊ ဘုရားသခင်သည် လက်သည်းခွံ၌ မြေမှုန့်ကိုထားတော်မူ၍ "ချစ်သားရဟန်းတို့" ဤလက်သည်းခွံ၌ရှိသော မြေမှုန့်ကဲ့သို့ ကြည်း၌ဖြစ်သော သတ္တဝါ အနည်းငယ်သာဖြစ်သည်။ ရေ၌ဖြစ်သောသတ္တဝါကား၊ နှစ်သိန်းလေးသောင်း အထုရှိသော မြေ၌ကဲ့သို့ အလွန်များ၏။ ထိုအတူ

ပညာရှိသော သူသည် လက်သည်း ခွံ၌ ပါသော မြေမှုန့် ကဲ့သို့ အနည်းငယ်သာဖြစ်သည်၊ ပညာမရှိသောသူကား၊ မြေအထုကဲ့သို့ အလွန်များ၏၊ ထိုအတူ အမိ၌လည်းကောင်း, အဘ၌လည်းကောင်း ရဟန်း ပုဏ္ဏား၌လည်းကောင်း ကောင်းစွာ ကျင့်သော သူသည် လက်သည်းခွံ၌ပါသော မြေမှုန့်ကဲ့သို့ အနည်းငယ်သာဖြစ်သည်။ ငါးပါးသီလ၌ မတည်သောသူကား၊ မြေအထု၌ မြေမှုန့်ကဲ့သို့ အမိ, အဘ, ရဟန်း,ပုဏ္ဏား၌ ကောင်းစွာမကျင့် မရိုသေသောသူကား၊ မြေကြီးအထု၌ မြေမှုန့်ကဲ့သို့အလွန်များ၏။ ထိုအတူ ငါးပါးသီလ၌တည်သောသူသည် လက်သည်းခွံ၌ပါသော မြေမှုန့်ကဲ့သို့ အနည်းငယ်သာဖြစ်သည်။ သီလငါးပါး၌ မတည်သောသူကား၊ မြေ အထု၌ မြေမှုန့်ကဲ့သို့ အလွန်များ၏။ ထိုအတူ ဖရုသဝါစာ လွှသွားကဲ့သို့ကြမ်းသော နင်ဟယ် မိဘအစရှိသော စကားကိုဆိုခြင်းမှရှင်း၊ ပိသုဏဝါစာ၊ ချောပစ်သောစကား, ကုန်းတိုက်သော စကားကိုဆိုခြင်းမှရှင်း၊ သမ္ဖပ္ပလာပ၊ အနက်ဒြပ်မရှိသော, တည်ရာမရှိသောစကားမှလည်းကောင်း၊ ရှောင်ကြဉ်သောသူသည် လက်သည်းခွံ၌ပါသော မြေမှုန့်ကဲ့သို့ အနည်းငယ်သာ ဖြစ်သည်၊ ထိုစကားသုံးပါးမှ မရှောင်ကြဉ်သောသူကား၊ မြေကြီးအထု၌ မြေမှုန့်ကဲ့သို့ အလွန်များသည်။ ထိုအတူ၊ သုဂတိဟုဆိုအပ်သော လူပြည်၌ဖြစ်သော သတ္တဝါနည်းသည်၊ အပါယ်လေးပါးဟုဆိုအပ်သော ဒုဂ္ဂတိဘုံ၌ဖြစ်သော သတ္တဝါများသည်၊ ထိုသို့ နည်းသောဖြစ်ခြင်းရှိသော လူ၌ပင်သော်လည်း ကြွယ်ဝသောလူနည်းသည်၊ ဆင်းရဲသောသူများသည်၊ အဘယ်ကြောင့် ဆင်းရဲသောသူ, ဥစ္စာနည်းသောသူ,မကြွယ်ဝသောသူသာများလေသနည်းဟူမူကား၊ လူတို့သဘောသည် တဦးပြုသောအမှုကို တဦးက မနှစ်သက်၊ တဦးကြွယ်ဝ ကောင်းစားသည်ကို တဦးကမနှစ်သက်၊ မနာလိုဝန်တိုခြင်း, ငြူစူခြင်း, စောင်းမြောင်းကဲ့ရဲ့ခြင်း, ရှုတ်ချခြင်းအစရှိသော မကောင်းမှု၌သာ မွေ့လျော်ကုန်သည်။ ထိုကြောင့် ဆင်းရဲသောသူ, ဥစ္စာနည်းသောသူ စသည်ကများ၏။ ချမ်းသာသောသူ, ဥစ္စာများ

သောသူက နည်းလေသည်၊ ထိုဥစ္စာနည်းသောသူ,မချမ်းသာသော သူတို့သည်မိမိ၌ရရှိသောစည်းစိမ်ဥစ္စာဖြင့်ရောင့်ရဲလွယ်ခြင်းသည် မြတ်သောဥစ္စာမည်ကြောင်းကို—

အာရောဂျံ ပရမံလာဘာ၊ သန္တုဋ္ဌိ ပရမံဓနံ။
ဝိဿာသာ ပရမာဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။ ။
ဟူ၍ ဟောတော်မူ၏။

အာရောဂျံ၊ အနာရောဂါကင်းခြင်းသည်၊ ပရမံ၊ မြတ်သော။ လာဘာ၊ လာဘ်မည်၏။ သန္တုဋ္ဌိ၊ ရောင့်ရဲလွယ်သည်။ ပရမံ၊ မြတ် သော။ ဓနံ၊ ဥစ္စာမည်၏။ ဝိဿာသာ၊ အကျွမ်းဝင်ခြင်းသည်။ ပရမာ၊ လွန်မြတ်သော။ ဉာတိ၊ အဆွေအမျိုးမည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ လွန်စွာသော။ သုခံ၊ ချမ်းသာ မည် ၏။ နှစ်ပါးသော အကြောင်းကိုစွဲ၍ဖြစ်သော ချစ်ခြင်းတဏှာပေမသည်၊ ဝန်ဆင်း ရဲ၏ အကြောင်းသာဟု ဆင်ခြင်သဖြင့် ဖြစ်သော်၊ ဘာဝနာမယ ကုသိုလ်၌ မဖြစ်ဘူးသော်လည်း အကြင်ပုဂ္ဂိုလ်၌ နှလုံးဝင်၍ စိတ် ကြည်ညို၏၊ ထိုပုဂ္ဂိုလ်၌ စင်စစ်အကျွမ်းဝင်၏။ ချစ်သားတို့-ရေ ကြောင့်လည်းကောင်း,ညွန်ကြောင့်လည်းကောင်း ဤနှစ်ပါးသော အကြောင်းတို့ကြောင့် ကြာဖြစ်သကဲ့သို့၊ထိုအတူ ရှေးဘဝ၌ အတူ တကွနေကြဘူးခြင်း၊ ပစ္စုပ္ပန်၌ အကျိုးစီးပွားကိုဆောင်ခြင်း၊ ဤ နှစ်ပါးသော အကြောင်းကြောင့် ချစ်ခြင်းဖြစ်၏။ ။ထိုကြောင့် ဓမ္မပဒ၌။

ယသ္မိံ မနော နိဝိသတိ၊ စိတ္တဉ္စာပိ ပသီဒတိ၊
အဒိဋ္ဌပုဗ္ဗကေ ပေါသေ၊ ကာမံ တသ္မိံ ဝိ ဝိဿာသေ။
ပုဗ္ဗေဝသန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ၊
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝယထောဒကံ။ ။
ဟု လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ၊ အကြင်သူ၌။ မနော၊ စိတ်သည်။ နိဝိသတိ၊ ဝင်၏။ တသ္မိံ၊ ထိုသူ့အို၌။ စိတ္တဉ္စာပိ၊ စိတ်သည်လည်း။ ပသီဒတိ၊ ကြည်၏။ အဒိဋ္ဌပုဗ္ဗကေ၊ မမြင်ဘူးသော၊ တသ္မိံ ပိ ပေါသေ၊

ထိုပုဂ္ဂိုလ်၌လည်း၊ ကာမံ၊စင်စစ်။ ဝိသာသော၊အကျွမ်းဝင်၍။ပုဗ္ဗေ၊ ရှေးဘဝ၌။ သန္နိဝါသေနဝါ၊ အတူတကွ နေကြဘူးသည်လည်းကောင်း၊ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်ဘဝ၌။ ဟိတေနဝါ၊ အကျိုးစီးပွားကို ဆောင်သဖြင့်လည်းကောင်း၊ ပေမံ၊ ချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ကိမိဝ၊အဘယ်ကဲ့သို့ဟူမူကား။ဥဒကံ၊ရေကိုလည်းကောင်း၊ ကဒ္ဒမံဝါ၊ ညွန်ကိုလည်းကောင်း၊ ပဋိစ္စ၊ စွဲ၍။ ဥပ္ပလံ၊ ကြာသည်။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့၊ ဧဝံ၊ ဤအတူ၊ ဒွိဟိကာရဏေဟိ၊ ရှေးဘဝ၌ အတူတကွ နေကြဘူးခြင်း။ ပစ္စုပ္ပန် အကျိုးစီးပွားကို ဆောင်တခြင်းဟူသောအကြောင်းနှစ်ကြောင့်။တံပေမံ၊ထိုချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။

ရန်တုံ့ရူသဖြင့် တရံတဆစ်မျှမငြိမ်းခြင်းသည် ဝဋ်မကင်းသော သူတို့၏ သဘောသာ ဖြစ်သည်ဟု ဆင်ခြင်သဖြင့် ဘာဝနာမယ ကုသိုလ်ဖြစ်ရာ၏၊ ဤလောကဝယ် ထိုသူရန်တုံ့ပြုသဖြင့် ရန်ငြိမ်းသောအခါသည် တရံတဆစ်မျှမဖြစ်ဘူးကုန်။ ဥပမာကား၊ တံထွေး, နှပ်, ကျင်ကြီး, ကျင်ငယ် အစရှိသော မသန့်စင်သော ဝတ္ထုဖြင့် လိမ်းကျံသောအရပ်ကို၊ထို နှပ်,တံထွေး,ကျင်ကြီး,ကျင်ငယ် အစရှိသည့်တို့ဖြင့် ဆေးသော်၊ စင်ကြယ်ခြင်းငှာ, အနံ့မရှိစိမ့်သောငှာ မတတ်နိုင်။စင်စစ်သော်ကား၊ထိုအရပ်သည် အတိုင်းထက်အလွန်ပင် မစင်ခြင်း၊ အနံ့မကောင်းခြင်းဖြစ်သကဲ့သို့၊ ထိုအတူ ဆဲသောသူကို အတုံ့ပြု၍ဆဲသော် ပုတ်ခတ်သော်သူကိုအတုံ့ပုတ်ခတ်သည်ရှိသော် ရန်ငြိမ်းသည်ဟူ၍မရှိ။ စင်စစ်သော်ကား၊ လွန်စွာရန်ကိုပြု၍ တရံတဆစ်မျှမငြိမ်း။ စင်စစ်သော်ကား၊ သာ၍သာ ရန်ပွားလေသည်၊ ရန်တုံ့မပြုသဖြင့်ကား၊ ရန်သည်ငြိမ်း၏။ ဥပမာကား၊ နှပ်,တံထွေး,ကျင်ကြီး,ကျင်ငယ် အစရှိသည်တို့ကို ကြီးစွာသော ရေဖြင့် ဆေးသည်ရှိသော် စင်ကြယ်သကဲ့သို့၊ ထိုအတူ ရန်တုံ့မပြုဘဲ သည်းခံခြင်း မေတ္တာပွားစေခြင်းဟူသော ခန္တီမေတ္တာရေဖြင့် အသင့်နှလုံးသွင်း၍ ဆင်ခြင်သဖြင့် ရန်တို့သည် ငြိမ်းကုန်၏။ ထိုသို့

ရန်ငြိမ်းခြင်းသည် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ ကြွတော်မူသော ခရီးသဘွယ်ဖြစ်၏။ ။ထိုကြောင့် ဓမ္မပဒပါဠိတော်၌။

န ဟိ ဝေရေန ဝေရာနိ သမ္မန္တီဓ ကုဒါစနံ၊
အဝေရေ န စသမ္မန္တိ ဧသဓမ္မော သနန္တနော။ ။
ဟု လာ၏။

ယက္ခိနီ၊ကာလမည်သောဘီလူးမ။ ဣဓ၊ ဤလောက၌။ ဝေရာနိ၊ ရန်တို့သည်။ ဝေရေန၊ ရန်တို့ကိုပြုသဖြင့်။ ကုဒါစနံ၊ တရံတဆစ်မျှ။ န ဟိ သမ္မန္တိ၊ မငြိမ်းကုန်သည်သာတည်း။ အဝေရေနစ၊ ရန်တို့ကို မပြုသဖြင့်ကား။ သမ္မန္တိ၊ ငြိမ်းကုန်၏။ ဧသဧသောဓမ္မော၊ ဤရန်ကို ရန်တုံ့မပြုသဖြင့် ရန်ငြိမ်းခြင်းသဘောသည်။ သနန္တနော၊ ရှေး၌ဖြစ်သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့၏ ကြွရာခရီးတည်း။

---

## သူတော်ကောင်း ဥစ္စာ ခုနစ်ပါးနှင့် ပြည့်စုံသူသည် ပစ္စည်းဆင်းရဲသော်လည်းဆင်းရဲသည် မမည်ပုံကို ပြဆိုခြင်း

သူတော်ကောင်းဥစ္စာခုနစ်ပါးနှင့်ပြည့်စုံသောအားဖြင့် ဖြစ်ခြင်းသည် ပစ္စုပ္ပန်သံသရာ၌ ချမ်းသာခြင်း၏ အကြောင်း ဖြစ်၏ဟု ဆင်ခြင်ခြင်း။ ဘာဝနာမယကုသိုလ်၌ အကြင်သို့သော မိန်းမ, ယောကျာ်းအား သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ တည်းဟူသော သူတော်ကောင်းဥစ္စာခုနစ်ပါးနှင့်ပြည့်စုံ၏။ ထိုသို့သော မိန်းမ, ယောကျာ်းတို့အား၊ သံသရာအဆက်ဆက် လူ့ဘုံ, နတ်ဘုံ၌ များစွာသော စည်းစိမ်ချမ်းသာကို ရကြောင်း ဖြစ်သော သူတော်ကောင်းဥစ္စာတည်းဟူသော ကုသိုလ်စေတနာ ရှိသောကြောင့် သူဌေးကြီး, သူကြွယ်ကြီး ဟူ၍သာလျှင် ဘုရားအစရှိသော အရိယာတို့သည် ချီးမွမ်းကုန်၏။

ယဿ စ ဝသာသတံ ဗီဇဝ၊ ဒုဿီလော အသမာဟိတော၊
ကောဟံ ဗီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။ ။

ဟု ဟောတော်မူသောကြောင့်၊ ထိုခုနစ်ပါး သော သူတော်ကောင်းဥစ္စာနှင့်ပြည့်စုံသော သူ၏အသက်ရှည်ခြင်းကို မြတ်သောအသက်ရှည်ခြင်း၊ အကျိုးရှိသောအသက်ရှည်ခြင်းဟူ၍ ဆိုအပ်ကုန်၏၊ ထိုခုနစ်ပါးတို့တွင် ကံကိုလည်းကောင်း, ကံ၏အကျိုးကိုလည်းကောင်း, ဂုဏ်တော်ကျေးဇူးတော်ကိုလည်းကောင်း ယုံကြည်ခြင်းသည် သဒ္ဓါမည်၏၊ ကိုယ်, နှုတ်, နှလုံးတို့ကိုဖရိုဖရဲမရှိစေမူ၍တရားနှင့်လျော်ညီစွာရှာ၍ အသက်မွေးခြင်း၊ ပါဏာတိပါတစသည်မှကြဉ်ခြင်းကြောင်းဖြစ်သောကုသိုလ်စေတနာသည် သီလမည်၏။ အမျိုးမြတ်သည်၏အဖြစ်လည်းကောင်း, အရွယ်ကြီးသည်၏အဖြစ်လည်းကောင်း, ရဲရင့်သည်၏ အဖြစ်လည်းကောင်း, အကြားအမြင်များသည်၏ အဖြစ်လည်းကောင်း ဤအဇ္ဈတ္တတရား လေးပါးကိုအကြောင်းပြု၍ မကောင်းမှု ဒုစရိုက်ဆယ်ပါးမှ ရှက်ခြင်းသည်ဟိရီမည်၏၊ ငါသည် မကောင်းမှု ဒုစရိုက်ပြုချေသော်၊ တန်ခိုးအဘိညာဏ်ရှိသော နတ်, ရဟန်း, ပုဏ္ဏားတို့သိကုန်ရာ၏ဟု ဗဟိဒ္ဓဖြစ်သော ရဟန်းပုဏ္ဏားတို့ကို အကြောင်းပြု၍ မကောင်းမှုဒုစရိုက်တို့မှ ထိတ်လန့်ခြင်းသည် ဩတ္တပ္ပမည်၏၊ ကြားနာအပ်သောသူတော်ကောင်းတရားကို များစွာ ကြားနာ ဆည်းပူးခြင်းသည်သုတမည်၏။ နည်း, များ, ယုတ်, မြတ် တတ်အားသမျှ ပေးလှူစွန့်ကြဲခြင်းကြောင့်ဖြစ်သော ကုသိုလ်စေတနာသည် စာဂမည်၏။ အကျိုးမရှိသောအမှု, အကျိုးရှိသောအမှု အစရှိသည်ကို အကြောင်းအားဖြင့် သိကြောင်းဖြစ်သော သဘောတရားသည် ပညာမည်၏၊ ရွှေ, ငွေ, ရတနာ အစရှိသောဥစ္စာပင် မရှိသော်လည်း၊ သဒ္ဓါ, သီလစသောဥစ္စာနှင့် ပြည့်စုံသောကြောင့် လူ့ဘုံ, နတ်ဘုံ၌ ကြီးစွာချမ်းသာနှင့် ပြည့်စုံ၏၊ အဆုံးစွန်သောဘဝ၌ လောကုတ္တရာ ဥစ္စာကိုရကြောင်းဖြစ်ရကား၊ သူကြွယ်ချည်းသာဟု ဆိုအပ်၏၊ ။ ထိုကြောင့် ဓမ္မပဒ၌။

သဒ္ဓါဓနံ သီလဓနံ၊ ဟိရီဩတ္တပ္ပိယံဓနံ၊
သုတဓနဉ္စ စာဂေါစ၊ ပညာ ဝေ သတ္တမံဓနံ၊ ။

ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ၊
အဒလိဒ္ဒေါတိ တံ အာဟု အမောဃံ တဿ ဇီဝိတံ။ ။

ဟု လာ၏။

ယဿဣတ္ထိယာဝါ၊အကြင်မိန်းမသည်လည်းကောင်း။ ယဿ ပုရိသဿဝါ၊အကြင်ယောကျ်ားသည်လည်းကောင်း။ သဒ္ဓါဓနဥ္စ၊ အကြင်ကံ-ကံ၏အကျိုးကိုယုံကြည်ခြင်း၊ပစ္စုပ္ပန်လောက-တမလွန်လောကကို ယုံကြည်ခြင်း၊ ဂုဏ်တော် ကျေးဇူးတော်ကို ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါဥစ္စာ လည်း ကောင်း၊ ယံသီလဓနဥ္စ၊ အကြင်ပဉ္စသီလ-အဋ္ဌင်္ဂသီလတည်းဟူသော ဥစ္စာလည်းကောင်း။ ယံဟိရိဓနဥ္စ၊ အကြင်မကောင်းမှုဒုစရိုက်မှ ရှက်ခြင်းတည်းဟူသော ဟိရိဥစ္စာလည်းကောင်း။ ယံဩတ္တပ္ပဓနဥ္စ၊အကြင်မကောင်းမှုဒုစရိုက်မှ ထိတ်လန့်ခြင်းဟူသော ဩတ္တပ္ပ ဥစ္စာလည်းကောင်း၊ ယံသုတဓနဥ္စ၊အကြင်ကြားနာဆည်းပူးအပ်သော ဗဟုသုတတည်းဟူသော ဥစ္စာလည်းကောင်း။ ယံစာဂေါစ၊အကြင်ပေးလှူစွန့်ကြဲခြင်းဖြစ်သော စေတနာတည်းဟူသော ဥစ္စာလည်းကောင်း။ ဧကန္တေန၊ စင်စစ်သဖြင့်။ သတ္တမံ၊ ခုနစ်ခုမြောက်သော။ ယံပညာဓနဥ္စ၊ အကြင်အကျိုးရှိသည် မရှိသည်ကို သိကြောင်းဖြစ်သော ဥစ္စာလည်းကောင်း၊ ဣတိ၊ ဤသို့။ ဧတေဓနာ၊ ထိုခုနစ်ပါးသော တရားတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တံဣတ္ထိံဝါ၊ ထိုခုနစ်ပါး သောဥစ္စာနှင့် ပြည့်စုံသော မိန်းမကိုလည်းကောင်း။ တံပုရိသံဝါ၊ ထိုခုနစ်ပါးသော ဥစ္စာ နှင့် ပြည့်စုံ သော ယောကျ်ား ကို လည်း ကောင်း၊ အဒလိဒ္ဒေါတိ၊ လူဆင်းရဲမဟုတ် များစွာဥစ္စာရှိသော သူဌေး,သူကြွယ်ကြီးဟူ၍။ ပဏ္ဍိတာ၊ ဘုရားအစရှိသော အရိယာ တို့သည်၊ အာဟုကထေန္တိ၊ ဆိုကုန်၏။ တဿ၊ ထိုခုနစ်ပါးသော သူတော်ကောင်းဥစ္စာနှင့် ပြည့်စုံသောသူ၏။ ဇီဝိတံ၊ အသက်ရှည်ခြင်းကို။ အမောဃံ၊ အချည်းနှီးမဟုတ်။ သဖလံ၊ အကျိုးရှိသော အသက်ရှည်ခြင်းဟူ၍ အာဟုကထေန္တိ၊ ဆိုကုန်၏။

## အပ္ပမာဒတရားနှင့်ပြည့်စုံသောသူတို့သည် ပစ္စုပ္ပန် သံသရာ၌အကျိုးရှိပုံကို ပြဆိုခြင်း

မမေ့မလျော့ သတိမကင်းသဖြင့် ပွားစေအပ်သော ဘာဝနာ ကုသိုလ်၌၊ ဒါန, သီလ, ဘာဝနာအစရှိသော ကုသိုလ်ကောင်းမှုတို့ ၌ မမေ့မလျော့သောသူသည် မဂ်ဖိုလ်နိဗ္ဗာန်တရားကို ပွားစေအပ်, မျက်မှောက်ပြုစေအပ်သော အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း မရှိ။ ပဋိသန္ဓေနေခြင်းမရှိသော်၊ အိုခြင်းသဘော, သေခြင်းသဘော မရှိသည်သာ ဖြစ်၍၊ ကုသိုလ် ကောင်းမှုတို့၌ မေ့လျော့သောသူ ကား ကုသိုလ်ပါရမီမရှိသောကြောင့် မဂ်ဖိုလ်ကို မပွားစေနိုင်ခဲ့ ရကား၊ ပဋိသန္ဓေနေခြင်းသဘောတည်းဟူသော ဇာတိဒုက္ခသို့ ရောက်၏။ ဇာတိဒုက္ခရောက်သော်၊ အိုခြင်းတည်းဟူသော ဇရာ ဒုက္ခရောက်၏၊ ဇရာဒုက္ခသို့ ရောက်သော်၊ သေခြင်းတည်းဟူ သော မရဏဒုက္ခသို့ အဖန်တလဲလဲရောက်၏။ သူသေအား စိတ် ဝိညာဏ်မရှိသကဲ့သို့၊ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့သောသူတို့ အား ဒါနကိုပြုအံ့, သီလကိုဆောက်တည်အံ့ဟူသော စိတ်ဝိညာဏ် မရှိ၊ ရဟန်းတို့အားလည်း ဆရာဥပဇ္ဈာယ်တို့၏ ဝတ်ကြီး, ဝတ် ငယ် ပြည့်စုံအံ့, ဂုဏ်ဆောက်တည်အံ့၊ ဤသို့စသော ကုသိုလ် ဝိညာဏ်မရှိခဲ့ရကား၊ ထိုသူတို့သည် တပါးဝိညာဏ်ရှိသော်လည်း ကုသိုလ်ဝိညာဏ် မရှိသောကြောင့် သူသေအတူ ဖြစ်ကုန်၏။ ထို ကြောင့် သူသေမည်ကုန်၏။ ဒါန, သီလအစရှိသော ကုသိုလ်ကောင်း မှုတို့၌ မမေ့မလျော့ သတိမကင်းခြင်း၊ အပ္ပမာဒတရားနှင့် ပြည့်စုံ သော လူ, ရဟန်းတို့သည်ကား၊ ဒါန, သီလစသော ကုသိုလ်ကို အားထုတ်အံ့၊ ဝတ်ကြီး, ဝတ်ငယ်ကိုပြည့်စုံအံ့၊ ဂုဏ်ဆောက်တည် အံ့ဟူသော ကုသိုလ်ဝိညာဏ် ရှိရကား၊ ရုပ်ကျသော အားဖြင့် သေသော်လည်း ကုသိုလ်အားဖြင့်သေရကား၊ သေသည် မမည် ကုန်။ ဤသို့အပ္ပမာဒ၏ အထူးကိုသိကုန်၍ အပ္ပမာဒတရား၌ မမေ့ မလျော့ကုန်သော ပညာရှိတို့သည် မျက်မှောက်၌ဖြစ်သောအကျိုး

တမလွန်၌ ဖြစ်သော အကျိုး, နိဗ္ဗာန် ဟူသော မြတ်လှစွာသော ပရမတ္ထအကျိုးသို့ရောက်၏။ ။ထိုကြောင့် မြွေပဒ၌။

အပ္ပမာဒေ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေရတာ။
တေ ဈာယိနော သာတတိကာ နိစ္စံ၊ ဒဠှပရက္ကမာဖုသန္တိ။
ဓီရာ နိဗ္ဗာနံ ယောဂက္ခေမံအနုတ္တရံ။ ။
ဟု လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမာဒေါ၊ ဒါန,သီလ,ဘာဝနာအစရှိသော ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည်၊ အမတံ၊ သေခြင်းကင်းသော အသင်္ခတဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်၏။ပဒံ၊ အကြောင်းသည်၊ဟောတိ ဖြစ်၏။ဝါ၊ အပ္ပမာဒေါ၊ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည်။ အမတံ အမတာသာ၊နိဗ္ဗာန်ကို၊ ပဒံ အဓိဂမုပါယော၊ ရခြင်း၏အကြောင်း ပါရမီကိုဖြည့်သောသူသည်၊ ဟောတိ၊ဖြစ်၏။ ပမာဒေါ၊ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်းသည်၊ မစ္စုနော၊အဖန်တလဲလဲသေရခြင်း၏၊ပဒံ၊အကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ပမတ္တာ၊ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့သော သူတို့သည်၊မတာယထာ၊ရှင်သော်လည်း သေသည်မည်ကုန်သကဲ့ သို့၊ ယေဇနာ၊ အကြင်သူတော်ကောင်းတို့သည်၊ အပ္ပမတ္တာ၊မမေ့ မလျော့ကုန်၊ တေဇနာ၊ ထိုကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ သော သူတော်ကောင်းတို့သည်၊ မီယန္တိ၊ သေသော်လည်း သေ သည် မမည်ကုန်၊ ဇီဝန္တိယေဝနာမ၊ ရှင်သည်မည်ကုန်၏၊ ဧဝံ၊ ဤသို့။ ဝါ၊ ဧဝံတသ္မာ၊ ထိုကြောင့်။ အပ္ပမာဒမှိ၊ သတိမကင်းခြင်း အပ္ပမာဒတရား၌၊ ပဏ္ဍိတာ၊လိမ္မာကုန်သော။ ယေဇနာ၊ အကြင် သူတို့သည်၊ ဝိသေသတော၊အထူးအားဖြင့်၊ ဉတွာ၊သိ၍၊ အပ္ပမာ ဒေ၊ အပ္ပမာဒတရား၌၊ ပမောဒန္တိ၊ ဝမ်းမြောက်ကုန်၏။ အရိယာနံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏။ ဂေါစရေ၊ အာရုံဖြစ်

သော ဗောဓိပက္ခိယတရား, ကိုးပါးသော လောကုတ္တရာ တရား၌။ ရတာ၊ မွေ့လျော်ကုန်သည်။ ဟောန္တိ၊ ဖြစ်၏။ ဈာယိနော၊ အာရမ္မဏူပ နိဇ္ဈာနဈာန်ရှိကုန်သော။ သာတတိကာ၊ မပြတ်အားထုတ်သော ကာယိက, စေတသိက, ဝီရိယရှိကုန်သော။ နိစ္စံ၊ အမြဲ။ ဒဠှပရက္ကမာ၊ ခိုင်ခံ့သော လုံ့လရှိကုန်သော။ ဓီရာ၊ ပညာရှိကုန်သော။ ဘောဖုနာ၊ ထိုအပ္ပမာဒတရား၌ လိမ္မာကုန်သော ပညာရှိ သူတော်ကောင်းတို့သည်။ ယောဂက္ခေမံ၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော။ အနုတ္တရံ၊ အတုမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဖုသန္တိ၊ ရောက်ကုန်၏။

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် ပဏ္ဍိတဖြစ်၍ ပညာရှိတို့၏ ချီးမွမ်းခြင်းအကျိုးကိုရ၏ဟု အသင့် နှလုံးသွင်းရာ၊ ဘာဝနာမယ၌ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်တရားတို့၌ မမေ့မလျော့သူသည် ပညာရှိတို့၏ ချီးမွမ်းခြင်းကိုခံရခြင်း။ မျက်မှောက်၌ ဖြစ်သောအကျိုး, သံသရာ၌ ဖြစ်သောအကျိုး, လောကုတ္တရာဟူသော မြတ်လှစွာသော အကျိုးကိုခံရ၏။ မြဲမြံသော ပညာရှိဟူ၍ ဆိုအပ်၏။ ထိုသို့ ဒါန, သီလ အစရှိသော အပ္ပမာဒတရားနှင့် ပြည့်စုံခြင်းကြောင့် မျက်မှောက်၌ဖြစ်သောအကျိုး, သံသရာ၌ဖြစ်သောအကျိုးကို ခံရ၏။ ။သို့ကြောင့် ဓမ္မပဒ၌။

အပ္ပမာဒံ ပသံသန္တိ၊ ပုညကိရိယ ဝတ္ထူသု ပဏ္ဍိတာ
အပ္ပမတ္တော ဥဘော အတ္ထေ၊ အဓိဂဏှာတိ ဒိဋ္ဌဓမ္မိကံ
သမ္ပရာယိကာဥ္စာပိ ဒိဋ္ဌဓမ္မော စ ယော အတ္ထော၊ ယောစ
အတ္ထော သမ္ပရာယိကော အတ္ထာဘိသ မယာဓီရော
ပဏ္ဍိတောတိ ပဝုစ္စတိ၊ ။ဟု လာ၏။

အပ္ပမတ္တော၊ မမေ့မလျော့သော သူသည်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်၌လည်း ဖြစ်သော။ သမ္ပရာယိကဥ္စ၊ တမလွန်ဘဝ၌လည်း ဖြစ်သော။ ဥဘောအတ္ထေ နှစ်ပါးသော အကျိုးတို့ကို။ အဓိဂဏှာတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပုညကိရိယ ဝတ္ထူသု၊ ပုည

ကရိယာဝတ္တုတို့၌။ အပ္ပမာဒံ၊ မမေ့မလျော့သောသူကို၊ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဒိဗ္ဗေဝမ္မေ၊ မြတ်သော ကိုယ်၏ အဖြစ်၌။ ယောဂအတ္တော၊ အကြင် အကျိုးသည်လည်း ကောင်း။ သမ္ပရာယိကော၊ တမလွန်ဘဝ၌ ဖြစ်သော။ ယောဂ အတ္တော၊ အကြင်အကျိုးသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အတ္ထာ ဘိသမယာ၊ အကျိုးနှစ်ပါးကို သိမြင်ခြင်းကြောင့်။ ဓီရော၊ ပြိမ်သော သူကို။ ပဏ္ဍိတော၊ ပဏ္ဍိတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

---

## မိမိသဏ္ဍာန်မှဖြစ်သောတဏှာသည် မိမိကိုယ်ကို ကြိမ်ဖန်များစွာ ဖျက်ဆီးတတ်ပုံကို ပြဆိုခြင်း

မိမိသဏ္ဍာန်မှဖြစ်သောတဏှာသည်၊ မိမိကိုယ်ကို အဖန်တလဲလဲ ဖျက်ဆီးခြင်းရှိ၏ဟု ဆင်ခြင်သဖြင့်ဖြစ်သော ဘာဝနာမယ ကုသိုလ်၌ သံမှ ဖြစ် သော သံချေး သည် သံကို ဖျက်သကဲ့သို့၊ သတ္တဝါတို့၏ ကိုယ်မှဖြစ်သော တဏှာသည် သတ္တဝါကို ဖျက် တတ်၏။ ရဟန်းတို့မှာ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင် ခြင်ဘဲ သုံးဆောင်သည်ရှိသော်၊ ထိုမကောင်းမှုသည် ရဟန်းတို့ ကို အပါယ်လေးပါးသို့ ဆောင်တတ်၏။ ထိုကြောင့် ဓမ္မပဒ၌။

အယသာဝ မလံ သမုဋ္ဌာယ တမေဝ ခါဒတိ၊
ဧဝံ အတိတောန စာရိနံ တာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိ။ ။

ဟု လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အယသာ၊ သံမှ။ သမုဋ္ဌာယ၊ ဖြစ်၍။ မလံ၊ သံချေးသည်။ သတော၊ ထိုသံချေးမှ။ ဥဋ္ဌာယ၊ ဖြစ်၍။ တမေဝ၊ ထိုသံကိုသာ။ ခါဒတိ ဣဝ၊ စားသကဲ့သို့။ ဧဝံ၊ ဤအတူ။ အတိ တောန၊ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲလွန်သဖြင့်။ စာရိနံ၊ ကျင့်သောရဟန်းကို။ တာနိကမ္မာနိ၊ ထိုမကောင်းမှုတို့သည်။ ဒုဂ္ဂတိံ၊ အပါယ်သို့။ နယန္တိ၊ ဆောင်ကုန်၏။

## ပစ္စည်း၌ တပ်မက်ခြင်းကာမကြောင့် သက်နိုး၌ သန်းဖြစ်ရသော တိဿမထေရ်ဝတ္ထု။

သာဂတ္တိပြည်၌နေသောအမျိုးသားတယောက်သည် သာမဏေပြုပြီးသော်၊ နောက်အဘို့၌ ပဉ္စင်းအဖြစ်သို့ရ၍ တိဿထေရ်ဟူ၍ ထင်ရှားလေ၏။ ထိုတိဿထေရ်သည် နောက်အဘို့၌ ဇနပုဒ်ရွာ၀ယ် ဝါဆို၍ ရှစ်တောင်သော သင်္ကန်းလျာကြမ်းကိုရ၍ ဝါကျွတ်လေသော်၊ ထိုဖျင်ကိုယူ၍ နှစ်မလက်၌ထားလေသော်၊ ဤဖျင်သည် မောင်နှင့်မလျော် ကြမ်းလှသည်ဟု ထိုဖျင်ကို ထက်လှစွာသော ထားဖြင့် စဉ်းဖြတ်၍ အမျှင်အမျှင်ပြုပြီးသော်၊ ထောင်း၍ ဝါကဲ့သို့ ဖန်ပြီးသော်၊ ဂွမ်းဖန်လျက်တိုင်းလှိမ့်၍ သိမ်မွေ့စွာသော ချည်ချောငင်၍ ဖျင်ရက်လေ၏။ မထေရ်သည် သင်္ကန်းချုပ်အပ်တို့ကိုစီရင်၍ သင်္ကန်းချုပ်တတ်သောရဟန်းငယ် သာမဏေတို့ကိုခေါ်ပင့်၍ နှစ်မ အထံသို့သွားသေသော်၊ ငါ့ဖျင်ကိုပေးလော့ သင်္ကန်းချုပ်မည်ဆိုသော်၊ နှစ်မလည်းချောချောသောကြောင့် ကိုးတောင်ရှိသောဖျင်ကို ထုတ်၍ပေးလေသော်၊ မောင်ရဟန်းလည်း ထိုဖျင်ကိုယူပြီးမှ ဖြန့်လျက်ကြည့်လတ်သော်၊ ငါ့ဖျင်လည်းကြမ်းသည် ရှစ်တောင်သာလည်းဖြစ်သည်။ ဤဖျင်ကား ချည်ထည်းချောသည်။ ကိုးတောင်လည်းရှိသည် ငါ့ဖျင်မဟုတ်ဆိုလျှင်၊ နှစ်မက အလုံးစုံမိမိပြုသောကိစ္စကိုပြောကြား၍ အကျွန်ုပ်မောင်-ဖျင်ပင် ဆို၍ ပေးလျှင် ထိုရဟန်းလည်းယူလျက် ကျောင်းသို့သွား၏။ ရောက်လျှင် သင်္ကန်းချုပ်လေ၏။ ထိုရဟန်း၏နှစ်မလည်း သင်္ကန်းချုပ်သော သာမဏေတို့၏အလို့ငှာ ယာဂုဆွမ်းအစရှိသည်တို့ကို လှူလေ၏။ သင်္ကန်းပြီးသည့်နေ့၌ လွန်စွာ ပူဇော်သက္ကာရကိုပြုလေလျှင်၊ ထိုရဟန်းသည် သင်္ကန်းကိုကြည့်၍ နှစ်မ၌ ချစ်ခြင်းဖြစ်လတ်သော်၊ နက်ဖြန် ဤသင်္ကန်းကို ငါဝတ်မည်ဟု ချောက်၍ သင်္ကန်းတန်း၌ တင်၍ထားသော်၊ ထိုညဉ့်၌ စားသောအစာကို မကြေနိုင်၊ စားပိုးနင့်သဖြင့် သေလေလျှင် ထိုသင်္ကန်း၌ သန်းဖြစ်လေ၏။ နှစ်မလည်း မောင်သေသောအဖြစ်ကိုကြား၍ ရဟန်းတို့၏ခြေရင်း၌လဲလျက်ငိုလေ၏။

ရဟန်းတို့လည်း ထိုတိဿရဟန်း၏ အလောင်းကို သင်္ဂြိုဟ်ခြင်း ကိစ္စပြီးလေသော်၊ လူနာကို လုပ်ကျွေးသော ဂိလာနုပဋ္ဌာကမရှိ သောကြောင့် ထိုသင်္ကန်းသည် သင်္ဃာအားသာ ရောက်လေ၏။ ထိုသင်္ကန်းကို ဝေဘန်အံ့ဟု ထုတ်ကုန်သည်ရှိသော်၊ ထိုသင်္ကန်း သည် ရဟန်း ငါ့ဥစ္စာကို လုယက်ကုန်၏ဟု မြည်တမ်းလျက် ထိုမှ ဤမှပြေးလေ၏။ ဘုရားသခင်လည်း ဂန္ဓကုဋိတိုက်၌ နေတော်မူ လျက်သာ ဒိဗ္ဗသောတအဘိညာဉ်ဖြင့်ထိုသင်္ကန်းအသံ၏ကိုကြား၍ ရှင်အာနန္ဒာကိုခေါ်ပြီးလျှင်၊အာနန္ဒာ-တိဿ၏သင်္ကန်းကို ခုနစ်ရက် မျှထားစေဦး။ သင်-ဆိုချေဟု မိန့်တော်မူချေလျှင်၊ အရှင်အာနန္ဒာ လည်း ဘုရားမိန့်တော်မူတိုင်းဆိုလေ၏။ ထိုသန်းသည် ခုနစ်ရက် မြောက်သောနေ့၌သေလေ၍ တုသိတာနတ်ဗိမာန်၌ ဖြစ်လေလျှင် ဘုရားသခင်သည် ရှစ်ရက်မြောက်သောနေ့၌ တိဿ၏သင်္ကန်းကို ဝေဘန်၍ ယူကြလေဟု စေတော်မူလျှင် ရဟန်းတို့လည်း ဘုရား မိန့်တော်မူတိုင်း ဦးထိပ်ထက်ဆင်ရွက်၍ ဝေဘန် လေကုန် ၏။ ရဟန်းတို့သည်လည်း တရားနာရာကျောင်း၌ စကားစပ်ပြောကုန် ၏။ ဘုရားသခင်သည် အဘယ်ကြောင့် တိဿ၏သင်္ကန်းကို ခုနစ် ရက်ထားစေတော်မူသည်။ ရှစ်ရက်မြောက်မှ ဝေဘန်ခြင်းကို ခွင့် ပြုတော်မူသည်အကြောင်း အဘယ်သို့နည်းဟု ပြောကုန်သော်၊ ဘုရားသခင်ကြွတော်မူလာ၍ ချစ်သားရဟန်းတို့၊ ယခုအခါ ငါ ကြွတော်မူသောအခါ၌ အဘယ်စကားကိုပြော၍ အဘယ်စကား ကြောင့် ရဝေးကုန် သနည်း မေးတော်မူလျှင်၊ တိဿရဟန်း၏ သင်္ကန်းစကားကြောင့် ရဝေးကုန်သည် ရှေ့နားတော် လျှောက် လတ်သော်၊ ချစ် သား ရ ဟန်း တို့ ထိုတိဿသည် မိမိသင်္ကန်း၌ တပ်သောကြောင့် သင်္ကန်း၌ သန်းဖြစ်လေသည်။ ထိုသင်္ကန်းကို ဝေဘန်မည်ထုတ်သောအခါ၊ဤရဟန်းတို့ ငါ့ဥစ္စာကို လုယက်ဘိ သည် မြည်တမ်းလျက်၊ထိုမှ,ဤမှပြေးသည်ပင်၊ထိုသင်္ကန်းကို ဝေ၍ ယူကြလျှင် တိဿရဟန်းသည် ထိုသင်္ကန်း၌ မနောပဒေါသဖြင့် ဖြစ်မှား၍ ငရဲလားလေတော့မည်။ ထိုငရဲလားမည်ကို မြင်သော

ကြောင့် သက်နိုးကိုင်ါမဝေစေသည်။ ယခုအခါမူကား၊ တုဿိတာ နတ်ပြည်၌ ဖြစ်လေပြီ၊ ထိုကြောင့် ငါဘုရားလည်း ၇စ်ရက်နေ့၌ သက်နိုးဝေဘန်ခြင်းကို ခွင့်ပြုသည်ဟု မိန့်တော်မူ၍၊ ထိုရဟန်းတို့က ၍ဘာဏ္ဍာသည် အလွန်ဝန်လေးစွဟု ဖြွနားတော်သျှောက်ကုန် ၏။ ။ထိုကြောင့် ဓမ္မပဒ အဋ္ဌကထာ၌။

အာမိသာ ဘိက္ခဝေ ဂုမေသံ သဏ္ဍာနံ တဏှာနာမ။ ။ စသည်ဖြင့် လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ တဏှာဝန်ကား လေးသည်မှန်၏။ ဂုမေသံသဏ္ဍာနံ၊ ၍သတ္တဝါတို့အား။ တဏှာနာမ၊ တဏှာမည်သည်။ ဘာရိယာ၊ ဝန်လေးစွာ၏။ ယထာ၊ ဥပမာမည်သည်ကား။ အယတော၊ သံမှ။ မလိ၊ သံချေးသည်။ ဥဋ္ဌဟိတွာ၊ တက်၍။ အယမေဝ၊ သံကိုသာ။ ခါဒတိယထာ၊ စားသကဲ့သို့။ အပရိဘောဂံ၊ မသုံးဆောင်ကောင်းသည်ကို။ ကရောတိယထာ၊ ပြုသကဲ့သို့။ ဧဝမေဝ၊ ၍အတူသာလျှင်။ အယံတဏှာ၊ ၍တဏှာသည်။ ဂုမေသံသဏ္ဍာနံ၊ ၍သတ္တဝါတို့၏။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ တေသတ္တေ၊ ထိုသတ္တဝါတို့ကို။ နိရယာဒိသု၊ ငရဲအစရှိသည်တို့၌။ နိပ္ပဇ္ဇာပေတိ၊ ဖြစ်စေ၏။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။

---

## ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအကျိုးကိုပြသောဝတ္ထု၊

ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်းကြောင့် ချမ်းသာသုံးပါးကို ရဘူးသော သက်သေဝတ္ထုကား၊ ကိုးဆယ့် လေးကမ္ဘာထက်၌ သိဒ္ဓတ္ထ ဘုရား လက်ထက်၊ ရသေ့တဦးသည် မြတ်စွာဘုရားကို အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိနှင့် သေလွန်သည်ရှိသော်၊ နတ်ရွာ၌ဖြစ်၏၊ ထိုဘုရားကို အောက်မေ့ခြင်းစေတနာကြောင့် လူ့ဘုံ, နတ်ဘုံ၌ ကျင်လည်၍ ငါတို့ဘုရား ပရိနိဗ္ဗာန်လွန်သည့်နောက်၌၊ နှစ်ရာ့တဆယ်ရှစ်နှစ်ထက်၌ ဓမ္မာသောကမင်း၏ညီ ဝိတသော

တကမည်သော မင်းသားဖြစ်၍ လူ့လက်ထက်ကပင် သုတ္တန်ပိဋကတ်,အဘိဓမ္မာပိဋကတ်ကိုအကုန်တတ်၍ နောက်အဘို့၌ မိမိ၏ဆံပြူခြင်းအစရှိသည်ကိုမြင်လျှင် အနိစ္စကမ္မဋ္ဌာန်းသက်၍ လူသောတာပန်ဖြစ်ပြီးသော်၊ ဂိရိဒဏ္ဍမထေရ်၏ အထံ၌ ရဟန်းပြု၍ အဘိညာဉ် ခြောက်ပါးနှင့် တကွ ရဟန္တာဖြစ်လျက် ဝိတသောတကမထေရ်ဟု ထင်ရှားစွာ ဖြစ်၏။ ထိုကြောင့် ချမ်းသာ သုံးပါးကို အလိုရှိကြသော သူတော်ကောင်းတို့သည် ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်း၊ ဗုဒ္ဓါနုဿတိကို ပွားစေကုန်ရာ၏။

ဒါယိကာမ ဘာဝနာ ပွားစေခြင်းကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ ငါတို့ဘုရား သဗ္ဗညု လက်ထက်တော်၌ မုဏ္ဍာမည်သော် ရဟန္တာ မိန်းမသည် ရှေး ဘုရား တို့၌ လည်းကောင်း အမှုကိုပြု၍ ထိုထိုဘဝတို့၌ နိဗ္ဗာန်ရောက်ကြောင်းကောင်းမှုကိုသာ ပြုလျက်၊ ဤကမ္ဘာမှသည် ကိုးဆယ့် တကမ္ဘာထက်၌ ဝိပဿီဘုရား သဗ္ဗညုလက်ထက် အမျိုးသမီးဖြစ်၍၊ထိုသမီး-သိ,ကြားလိမ္မာသော အရွယ်သို့ ရောက် သော အခါ၊ တနေ့ သ၌ ဝိပဿီ မြတ်စွာဘုရားကို ခရီးလမ်းမ၌ကြွတော်မူသည်ကိုမြင်၍ ကြည်ညိုသောစိတ်ဖြင့် ငါးပါးသောထိခြင်းဖြင့် ရှိသေစွာရှိခိုး၍ နှစ်သက်ခြင်း ပီတိအာရုံဖြင့် မြတ်စွာဘုရားခြေတော်ရင်း၌ဝပ်၏။ ထိုအမျိုးသမီးသည် ထိုမြတ်စွာဘုရားကို ရှိခိုးသောကောင်းမှုကြောင့် တုသိတာနတ်ပြည်၌ဖြစ်၏။ ဤသို့သောနည်းဖြင့် ကိုးဆယ့်တကမ္ဘာပတ်လုံးအပါယ်မလားဘဲ လူ့ဘုံ,နတ်ဘုံ၌ စည်းစိမ်ချမ်းသာကိုသာခံစားလျက် ကျင်လည်သည်ရှိသော်၊ ငါတို့ဘုရားလက်ထက် သာဝတ္ထိပြည်၌သုံးဆောင်၍ မကုန်နိုင်သော စည်းစိမ်ဥစ္စာ ရွှေရံပရိသတ်နှင့်တကွ ပြည့်စုံသော ပုဏ္ဏားသူကြွယ်သမီးဖြစ်၏၊ မုဏ္ဍာဟူသော အမည်ကိုမှည့်၏။ ထိုမုဏ္ဍာမည်သော ပုဏ္ဏားသမီးသည် ဘာဝနာ စီးဖြန်းခြင်းဖြင့် အားကြီးသောကောင်းမှု ဥပနိဿယရှိသောကြောင့် အသက်နှစ်ဆယ်ပြည့်သောကာလဝယ်၊ မဟာပဇာပတိဂေါတမီအထံ၌ ရှင်ပြု၍ သိက္ခာမာန်အဖြစ်ဖြင့်ပင်လျှင် ဝိပဿနာကမ္မဋ္ဌာန်းကို

အားထုတ်၏။ သိုမှတ္တာမည်သော သာမဏေမိန်းမသည် တနေ့သ၌ ဆွမ်းစားပြီးသော်၊ ဆွမ်းစားစရပ်မှ တည်း၍ သတင်းကြီးသော ထေရီတို့ကိုဝတ်ပြုလျက်နေ့သန့်စင်ရာအရပ်၌ဆိတ်ကွယ်ရာအရပ် ဝယ် ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ဘာဝနာကို အားထုတ်၏။ ထိုအခါ မြတ်စွာဘုရားသည် နံ့သာပန်းတို့ဖြင့် မွှေးမွှေး, ကြိုင် ကြိုင်, လှိုင်သော ဂန္ဓကုဋိ၌ နေတော်မူလျက်ပင် အရောင်တော်ကို လွှတ်၍ ထိုမှတ္တာမည်သော သာမဏေမိန်းမ၏ ရှေ့၌ ရပ်တော်မူ သဖြင့် ဆုံးမတော်မူ၏၊ ထိုမှတ္တာမည်သော သာမဏေမိန်းမသည် ဘုရား၏ဩဝါဒ၌တည်၍ မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါ အဘိ ညာဉ်တန်ခိုးနှင့်တကွ ရဟန္တာမိန်းမဖြစ်၏။

ဒါယကာယောကျ်ား ဘာဝနာကို အဖန်တလဲလဲ ပွားစေခြင်း ကြောင့် ရဟန္တာဖြစ်ဘူးကြောင်း သက်သေတဦးကား၊ ကိုးဆယ့် တကမ္ဘာထက်ဝယ် ဝိပဿီမြတ်စွာဘုရား သာသနာတော်၌ ကဉ္စီး သောရဟန်းသည် ပိဋကတ်သုံးပုံကို သင်ခြင်း,နာခြင်း,သူတပါး တို့အား ဟောခြင်းကို အားထုတ်၏။ ထိုမထေရ်သည် ထိုကိုယ်၏ အဖြစ်၌ ပိဋကတ်တော်ကို ကောင်းစွာ သင်၍ ဟောကြားခြင်း စသော ကောင်းမှုကြောင့် အသက်တိုင်းနေ၍ စုတေလတ်သော် ကံအားလျော်စွာ လားရ၏။ နှောင်ကာလရှည်လတ်သော်၊ သိခီ ဘုရားလက်ထက်၌လည်း ထိုရှေ့ သင်ခဲ့,ကြားခဲ့,ဟောခဲ့ဘူးသော ကောင်းမှုကြောင့် ပိဋကတ်သုံးပုံကို တတ်ပြန်၏။ ဤနည်း အတူ ဝေဿဘူ, ကောဏ္ဍာဂုံ, ကောဏာဂုံ, ကဿပ, ငါတို့ဘုရား လက် ထက်၌လည်း ပိဋကတ်သုံးပုံကို သင်ပြန်၏။ များစွာသောတပည့် တို့အား ဟောကြားပို့ချ သင်ကြားခြင်းကိုပြု၍ နောက် အဘို့၌ မြတ်စွာဘုရားသည် တုဋ္ဌပေါဋ္ဌိလဟု ချီးမွမ်း မောင်းရာတွင်မှ နောက်အဘို့၌ ရဟန္တာ သာမဏေငယ်အထံ၌ ကမ္မဋ္ဌာန်း ယူ၍ အားထုတ်သဖြင့် ပဋိသမ္ဘိဒါ အဘိညာဉ် သမာပတ် နှင့် တကွ ရဟန္တာအဖြစ်သို့ရောက်၏။

ဒါယိကာမ ဘာဝနာကို ပွားစေခြင်းကြောင့် ရဟန္တာမိန်းမ ဖြစ်ဘူးသော ဝတ္ထုသက်သေကား၊ ငါတို့ဘုရားလက်ထက် သုမေဓာမည်သော ထေရီမသည် ထိုထိုဘဝတို့၌ နိဗ္ဗာန်၏အကြောင်းကောင်းမှုကို အားထုတ်ဆည်းပူးလျက် ရှိသေစွာ နိဗ္ဗာန်မဂ်ဖိုလ်၏ အကြောင်းကောင်းမှုကို ဘာဝနာပွားစေလျက် ဆည်းပူးသည်ရှိသော်၊ ဤကမ္ဘာ၌ ကောဏာဂုံ ဘုရားလက်ထက်တော်၌ အမျိုးသမီးဖြစ်၍ အရွယ်ရောက်လတ်သော်၊ အဆွေခင်ပွန်း မိန်းမတို့နှင့်တကွ ငါတို့သည် ဝင့်ဆင်းရဲ၏, ငြိမ်းရာနိဗ္ဗာန်၏ အကြောင်းကောင်းမှုကိုသာ ပြုကုန်အံ့ဟု တိုင်ပင်၍ ကြီးစွာသောကျောင်းကို ဆောက်လျက် ဗုဒ္ဓပမုခသံဃာအား ဒါနလှူ၏။ ထိုအမျိုးသမီးသည် ထိုကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ဖြစ်၏၊ တာဝတိံသာနတ်ပြည်၌ အကြိမ်အရာ အထောင်ဖြစ်၍ တာဝတိံသာမှသည် ယာမာဘုံ, တုသိတာဘုံ ဤနတ်ပြည် ခြောက်ထပ်တို့၌ စည်းစိမ် ချမ်းသာကြီးစွာစံစား၏။ ဖြစ်လေတိုင်းသောဘဝတို့၌ ကြီးမြတ်သည်သာ ဖြစ်၏၊ ယုတ်နှိမ်းခြင်းမည်သည်မရှိ။ ဤသို့ လူဘုံ၌ ဘဝများစွာ ကျင်လည်၍၊ တဖန်လျှင် ကဿပ ဘုရားရှင်လက်ထက် ကုဋေအရာမကသော စည်းစိမ်ဥစ္စာ ကြွယ်ဝသော သူ၏သမီး ဖြစ်ပြန်၏။ အရွယ်ရောက်လတ်သော်၊ ကိကီ မင်းသမီး ခုနစ် ယောက် တို့နှင့် အဆွေခင်ပွန်းဖြစ်၍ ရတနာသုံးပါး အလွန်ကြည်ညိုသောကြောင့် ရတနာသုံးပါးအား ဆွမ်း,သင်္ကန်းအစရှိသော အလှူဒါနကောင်းမှုတို့ကိုပြု၍ ထိုကိုယ်၏အဖြစ်မှစုတေသော်၊တာဝတိံသာနတ်ပြည်၌ဖြစ်၏။ ဤသို့လျှင် သိကြားမင်း၏ မိဖုယား, စကြဝတေးမင်း၏ မိဖုယားအဖြစ်၌တည်လျက် စည်းစိမ်ကြီးစွာ သုဂတိဘုံ၌သာလျှင် ခံစား၍၊ပါရမီပြည့်စုံသဖြင့် ငါတို့ဘုရား သဗ္ဗညုလက်ထက် မန္တာဝတီမြို့၌ ကောဉ္စမည်သော မင်းသမီးဖြစ်လာ၏၊ ထိုမင်းသမီးအား မိဘတို့သည် သုမေဓာဟူသောအမည်ကိုမှည့်၏။ ထိုသုမေဓာမည်သော မင်းသမီးကို အရွယ်ရောက်သောအခါ မိဘတို့သည် အရဏဝတီမြို့၌ အမိကရဋ္ဌမည်သောမင်းအား ပေးအံ့ဟု တိုင်ပင်ကုန်၏။

ထိုသုမေခါမည်သော မင်းသို့ကား၊ ငယ်သောကာလမှစ၍ မိမိနှင့် အရွယ်တူသော မင်းသို့းတို့နှင့် လည်းကောင်း, ကျွန်မိန်းမတို့နှင့် လည်းကောင်း၊ ဘိက္ခုနီမတို့၏ကျောင်းသို့သွား၍ ဘိက္ခုနီမတို့၏ အထံ၌ တရားနာလျက် ရှည်စွာသောကာလပတ်လုံး ဆည်းပူးအပ်သော ကောင်းမှုရှိသောကြောင့်၊ သံသရာ၌ ကျင်လည်ရအံ့သည်မှ သံဝေဂထိတ်လန့်၍ သာသနာတော်၌ အလွန် ကြည်ညို သဖြင့် အရွယ်ရောက်သောအခါ၌ ကာမဂုဏ်ငါးပါးတို့ကို အလွန် စက်ဆုပ်သောကြောင့် မိဘအဆွေညာတကာတို့သည် ထိမ်းမြားအံ့ဟု ကြံကြသောအခါ "ငါကား-ကာမဂုဏ်ဖြင့် အလိုမရှိပါ၊ ရဟန်း ပြုစိမ့်သောငှာ ခွင့်လွှတ်ပါကုန်"ဟု တောင်းပန်သော်လည်း၊ မိဘတို့သည် ကာမဂုဏ်ဖြင့်သာ ပိတ်ကုန်သည်ကို အထူးထူးအပြားပြား အပြစ်များသောအကြောင်းကိုဆို၍ ငါသည် ငါ့အလိုလိုဆံကို ဖြတ်သည်ရှိ၍ ရဟန်းပြုပါတော့မည်ဟု သံလျက်ကိုယူ၍ အလိုလိုပင်လျှင် မိမိဆံတို့ကို ဖြတ်၍ ထိုဆံတို့ကိုပင် ဤဆံကား စက်ဆုပ်ဘွယ်ရှိ၏။ အဆင်းအားဖြင့်လည်းကောင်း, အနံ့ အားဖြင့်လည်းကောင်း ရွံရှာဘွယ်ရှိ၏။ ဤဆံကား စိတ်လည်းမရှိ၊ အဗျာကတ တရားသာတည်း။ စက်ဆုပ်ရွံရှာဘွယ်ရှိသောအဖြစ်ကို နှလုံးသွင်း၍ ရှေးကောင်းမှုရှိသောကြောင့်လည်းကောင်း, ဘိက္ခုနီမတို့အထံ၌ အသုဘကို နှလုံးသွင်းခြင်း အစီရင်ကို ကြားဘူးသောကြောင့် လည်းကောင်း၊ အသုဘအာရုံဖြစ်စေ၍ ထိုဆံပင်၌ပင်လျှင် ပဌမဈာန်ကိုရ၏။ ပဌမဈာန်ကိုရပြီးသော် ၊မိမိကိုယ်ကို အိမ်ရာထောင်နှင်းခြင်းငှာလာကုန်သောမိဘအဆွေညာတကာမှစ၍အလုံးစုံသော မင်းအပေါင်းကို သာသနာတော်၌ ကြည်ညိုစေ၍ ဘိက္ခုနီမတို့၏ ကျောင်း၌ ရဟန်းဖြစ်ပြီး၍လည်း မမြဲ့မငြော့ ဝိပဿနာကို အားထုတ်သည်ရှိသော်၊ အရဟတ္တဖိုလ်၏အကြောင်းဖြစ်သော သဒ္ဓိန္ဒြေ အစရှိသော ငါးပါးသောဣန္ဒြေတို့သည် ရင့်သောကြောင့် မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ ရဟန္တာဖြစ်၍ သုမေခါထေရီဟု ထင်ရှားစွာဖြစ်၏။ များစွာသောသူအပေါင်း

တို့၏ စီးပွားချမ်းသာကို ဆောင်လျက် သာသနာတော်ကို ထွန်းလင်းစေ၏။

ဒါယကာယောက်ျား ကမ္မဋ္ဌာန်းကိုယူ၍ ဘာဝနာကို အားထုတ်ခြင်းကြောင့် ရဟန္တာဖြစ်ဘူးသော်သော်သော်ကား၊ မြတ်စွာဘုရားသည် ကိုယ်တော်ထင်ရှား ရှိတော်မူစဉ် တယောက်သောရဟန်းသည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းယူလျက် တောသို့ဝင်၍ စီးဖြန်းသော်လည်း အရဟတ္တဖိုလ်မရောက်နိုင်ဘဲ မြတ်စွာဘုရားအထံတော်သို့ ပြန်ခဲ့ရာတွင်၊ ခရီးအကြား၌ တောမီးလောင်သည်မြင်သဖြင့် အလုံးစုံသောမီးစာကို လောင်သကဲ့သို့ အရဟတ္တမဂ်သည် အလုံးစုံသောကိလေသာကို လောင်လတံ့ဟု အာရုံရှုလတ်သော်၊ မြတ်စွာဘုရားသည် ထိုရဟန်းစိတ်ကို သိတော်မူ၍ "ရဟန်း-သင်ကြိတ်ိုင်းဟုတ်၏" မိန့်တော်မူ၍ ရှေ့၌ ရပ်သကဲ့သို့ ရောင်ခြည်လွှတ်လျက်၊—

> အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿာဝိ။
> သံယောဇနံ အဏုံ ထူလံ၊ အယံ အဂ္ဂိဝ ဂစ္ဆတိ။ ။
> ဟူသော ဂါထာကို ဟောတော်မူ၏။

ဘိက္ခု၊ ရဟန်း။ အပ္ပမာဒရတော၊ အပ္ပမာဒ၌မွေ့လျော်သော။ ပမာဒေ၊ မေ့လျော့ခြင်း၌။ ဘယဒဿာဝိ၊ ဘေးအားဖြင့် ရှုလေ့ရှိသောသူသည်။ အဏုံထူလံ၊ငယ်ငယ်-ကြီးကြီးသော။ သံယောဇနံ၊ သံယောဇဉ်ကို။ ဒဟန္တော၊ လောင်စေလျက်။ ဂစ္ဆတိ၊ သွားရ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အယံအဂ္ဂိ၊ဤတောမီးသည်။ ဥပါဒါနာနိ၊ မီးစာတို့ကို။ ဒဟန္တော၊ လောင်လျက်။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့တည်း။ ထိုဂါထာ၏အဆုံး၌ မမေ့မလျော့အားထုတ်သော ထိုရဟန်းသည် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဒါယိကာမ ဘာဝနာကိုပွား၍ ရဟန္တာမိန်းမ ဖြစ်ဘူးသော သော်ကား၊ လွန်လေပြီးသောအခါ ကောဏ္ဍာဂုံမြတ်စွာဘုရား သာသနာတော်ဝယ် ဆွမ်းစား စရပ်အနီး၌ တခုသော ကြက်မ

ငယ်သည် ဝိပဿနာကမ္မဋ္ဌာန်း သရဇ္ဈာယ်သော ရဟန်းအသံကို တရားသံဖြစ်မည်ဟု စိတ်၌တရားနာလေ၏၊ ထိုအခါ စွန်သုတ်၍ သေလေသော်၊ ထိုတရားသံကို နာခြင်း စသော များစွာသော ကောင်းမှုကြောင့် ဥပရိမည်သော မင်းသမီးဖြစ်၏၊ ထိုမင်းသမီးအဖြစ်ဝယ် ရေအိမ်၌ ပိုးလောက်တို့ကိုမြင်လျှင် ပုဠုဝကသညာကို နှလုံးသွင်းသဖြင့် ပဌမဈာန်ကိုရ၍သေသည်မှ နောက်၌ ပဌမဈာန်ဘုံမှာဖြစ်လေ၏၊ ထိုပဌမဈာန်ဘုံမှ စုတေလေသော် သူဌေးအမျိုး၌ဖြစ်၏၊ ထိုသူဌေးသမီးအဖြစ်မှ စုတေပြန်သော် ဂတိလှုပ်ချောက်သည်ဖြစ်၍ ဝက်မငယ်ဖြစ်၏။ ဝက်မငယ်အဖြစ်မှ စုတေလေသော် သုဝဏ္ဏဘူမိ၌ မင်းသမီးဖြစ်၏၊ ထိုမင်းသမီးအဖြစ်မှ စုတေသည်ရှိသော် သောဘာကနဂ္ဂိုရွာ၌ သုမနသူကြွယ်သမီး သုမနဖြစ်လာ၏၊ တရံရောအခါ ထိုအဘ သုမနသူကြွယ်သည် သမီးနှင့်တကွ ဒီဃဝါပိတိုင်း၌နေ၏။ ထိုအခါ ဒုဋ္ဌဂါမဏိမင်း၏ အမတ်ကြီးသည် မြင်၍ ကြီးစွာသော မင်္ဂလာပွဲ ဆောင်ယူပြီးသော် မဟာပုဏ္ဏားရွာသို့ သွား၍နေ၏။ ထိုအခါ မဟာအနုရုဒ္ဓါအမည်ရှိသော ရဟန္တာသည် မြင်တော်မူလျှင် ရှေး၌တရားတော်ကို နှလုံးသွင်း၍ နာဘူးသော ကောင်းမှုကြောင့် အစဉ်အတိုင်း မင်းသမီး ဖြစ်ဟူ၍ ပြည်သို့ဖြစ်သည်ကို ဆင်ခြင်လျက် ဝက်မငယ်အဖြစ်ကို နှလုံးသွင်းသော်၊ "ငါ့ရှင်တို့-အံ့ဘွယ်သရဲရှိစွ၊ ဝက်မငယ်လျက်လည်း အမတ်ကြီးခင်ပွန်းအဖြစ်သို့ရောက်လေ၏"ဟု ဆိုတော်မူလေ၏။ ထိုသုမနမည်သော သူကြွယ်သမီးလည်းကြား၍ ထိုခဏပင် ဇာတိဿရဉာဏ်ကိုရသဖြင့် အစဉ်အတိုင်း ဆင်ခြင်လေသော်၊ ကြွက်မငယ်အဖြစ်မှသည် တပြောင်းပြန်ပြန် ဘဝနှစ်ဆယ်ပတ်လုံး အစဉ်အတိုင်း ကျင်လည်ရသည်ကိုမြင်၍ သံဝေဂ ဖြစ်ရကား၊ လင်ကိုတောင်းပန်သဖြင့် ပဥ္စဗလကထေရီတို့၏အထံ ရဟန်းပြု၍ တိဿကျောင်းကြီး၌ မဟာသတိပဋ္ဌာနသုတ်ကို နာသဖြင့် သောတာပန်ဖြစ်၏၊ ထိုနောင် အာသီဝိသူပမသုတ်ကိုနာသဖြင့် ရဟန္တာအဖြစ်သို့ ရောက်သဖြင့် နောင်ပရိနိဗ္ဗာန် လွန်ကာနီးကာလ၌ ရဟန်း

ယောက်ျား, ရဟန်း မိန်းမတို့ မေးလေသော်၊ အစဉ်အတိုင်း ကြွက်မငယ်အဖြစ်၌ တရားတော်သံဖြစ်မည်ဟု နှလုံးသွင်းသည်မှ ရဟန္တာ ဖြစ်သည်တိုင်အောင်ကြား၍ စည်းဝေးသော ရဟန်း အပေါင်း၏အလယ်၌ မဏ္ဍလာမည်သော ဝမ္ပါဘာနကမထေရ် နှင့် တကွ နှီးနှော၍ အစဉ်အတိုင်း ဘ၁ နှစ်ဆယ်ပတ်လုံး ကျင်လည်ရကြောင်းကို ကြားပြီးသော် အပ္ပမာဒေထဟု ထိတ်လန့် စေ၍ ပရိနိဗ္ဗာန်ပြုလေ၏။

ဒါယကာယောက်ျား ဝိပဿနာ အဆင့်ဆင့် ပွားခြင်းကြောင့် ရဟန္တာ ဖြစ်ဘူးသော သက်သေကား။ ကဿပ မြတ်စွာဘုရား လက်ထက် ရဟန်းတို့၏ ကမ္မဋ္ဌာန်းအိမ်နား၌ စပါးကြီးတခုသည် ရဟန်းတို့၏ စင်္ကြာယတနံအစရှိသည်ဖြင့် အာယတနကမ္မဋ္ဌာန်းကို သရဇ္ဈာယ်လတ်သော် တရားသံ ဖြစ်သည်ဟု ဆိတ်ဆိတ်နာ၏၊ ထိုစပါးကြီးသည် ထိုတရားတော် အသံကို နာသော ကောင်းမှု ကြောင့် နတ်ပြည်၌ ဖြစ်လေ၏၊ ဤသို့သော နည်းဖြင့် လူပြည်, နတ်ပြည် ကျင်လည်၍ ငါတို့ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ပြီးသော်၊ ဝေနေယျတို့ကို မဂ်ရေ တိုက်တော်မူပြီးလျှင် ပရိနိဗ္ဗာန် လွန်တော်မူသည် နောက် နှစ်ရာ့တဆယ်ရှစ်နှစ်ထက် ဓမ္မာသောက မင်းကြီး၏ အမိ ဓမ္မဒေဝီ၏ အိပ်မက်ကို ဘတ်သော်၊ ပညာရှိသည်ဖြစ်၍ အိပ်မက်ကိုဘတ်ပြီးသော် ယူဇနာတရာထက်၌ နေလေ၏၊ အစဉ်အတိုင်း ဓမ္မာသောက မင်းကြီးသည် အိပ်မက် ဘတ်ကြောင်းကို သိလျှင် ရွှေထမ်းစင်နှင့် ဆောင်ယူစေဟု စေလတ်သော်၊ ဆောင်ယူခဲ့သောသူတို့သည် ခရီးအကြား၌ မဟာ ကရုဏာ မည်သော ရဟန္တာကို တွေ့လေကုန်၏။ ထိုအခါ "ဤ မထေရ်အထံ၌ ငါ့ကို ချပါဦး"ဆို၍ မထေရ်အထံ၌ နေစဉ်၊ သမင်တို့ကို မြင်လျှင် "အရှင်ဘုရား ဤသတ္တဝါတို့ကား အဘယ် သတ္တဝါနည်း" မေးလေသော်၊ ထိုမထေရ်သည် "ဤသူကား ရှေးဘဝ၌ အဘယ်တရားကို နာဘူး ကြားဘူးသနည်းဟု ဆင်ခြင် လတ်သော်၊ အာယတနကမ္မဋ္ဌာန်းကိုနာဘူးကြားဘူးသည်ကိုမြင်၍

ဤသူအားဆိုသဗ္ဗဝါတို့ကား၊ အာယတနတည်းဟု ကြားသော် မဂ်ဖိုလ်ရမည်ဟု နှလုံးသွင်း၍ ထိုသဗ္ဗဝါတို့ကား အာယတနတည်းဟု ပြောလတ်သော်၊ ထိုသူ့ညဏ်၌ သဗ္ဗဝါဟူသည်ကား ပညတ်မျှသာတည်း၊ ပရမတ္ထအားဖြင့်ကား စက္ခာယတန အစရှိသော တဆယ်နှစ်ပါးသာတည်း။ အသင့်အားဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဒါယကာ ယောက်ျား၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားစေခြင်းကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေ တဦးကား၊ မြတ်စွာဘုရား ကိုယ်တော်မြတ် ထင်ရှားရှိစဉ်၊ ဝါဒတထောင်တတ်သော သစ္စကပရိဗိုဇ်သည် ငါထည်းပညာရှိဟု မြတ်စွာဘုရား အထံသို့ မချဉ်းကပ်ဘဲ နောက်မှ အစဉ်သဖြင့် ရောက်၍၊ မြတ်စွာဘုရားသည်လည်း၊ "ဤသူကား တရား နာရသော်လည်း ဤဘဝ၌ မဂ်ဖိုလ်မရလတ္တံ့"ဟု သိတော်မူသော်လည်း၊ နောင်ဝါသနာဘာဂီ ဖြစ်စိမ့်သောငှာ တရားဟောတော်မူ၏၊ ထိုသစ္စကပရိဗိုဇ်သည် ရှိသေစွာနာ၏၊ ထိုသို့ ရှိသေစွာ နာရသော ကောင်းမှုကြောင့် ထိုကိုယ်အဖြစ်မှ စုတေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ တာဝတိံသာ နတ်ပြည်၌လည်း သင်္ခါရ တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို ငြီးငွေ့၍ "ငါ့အသက်ကား ဤမည်မျှသာ ရှည်စေသတည်း"ဟု အဓိမုတ္တကာလကိရိယာဖြင့် သေ၍ ဘုရားပရိနိဗ္ဗာန် လွန်သည်မှ သီဟိုဠ်ကျွန်းဝယ် သူကြွယ်အမျိုး၌ဖြစ်သဖြင့်၊ သာသနာတော်၌ ရဟန်း ပြုပြီးသော်၊ ထိုတရားကို နာရသော ကောင်းမှုကြောင့် ပိဋကတ်သုံးပုံကိုတတ်၍၊ များစွာသောဂုဏ်ကို ဆောင်လျက် သာသနာတော်ကို ပြည့်၏။ နောက်အဘို့၌ ဆရာကြိမ်းမောင်းသဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်လေသော် လျင်စွာ ရဟန္တာအဖြစ်သို့ ရောက်၏။

အဘိဓမ္မာဒေသနာကို ကြားကာမျှဖြစ်သောဘာဝနာအစွမ်းဖြင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ ကဿပ မြတ်စွာဘုရား လက်ထက်အဘိဓမ္မာကိုသရဇ္ဈာယ်ကုန်သောရဟန်းတို့၏အသံကို

လိုက်၍ တွဲရရွဲဆွဲကုန်သော လင်းနို့တို့သည် "ဤအသံကား တပါးသောအသံမဟုတ် တရားသံဖြစ်မည်"ဟု အသံ၌ အာရုံကို ယူ၍ သေလေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေကုန်၏။ ဘုရားနှစ်ဆူတို့၏အကြား ကာလပတ်လုံး နတ်ပြည်၌ဖြစ်၍ ငါတို့ဘုရား လက်ထက် လူ့ပြည်၌ ဖြစ်သည်ရှိသော်၊ တန်ခိုးပြာဋိဟာ၌ ကြည်ညိုသဖြင့်ရဟန်းပြုကုန်၍အရှင်သာရိပုတ္တရာဟောဘော်မူရာ နာခံပြီးမှ မြတ်စွာဘုရား အဘိဓမ္မာကိုဟောတော်မူသည်၏အဆုံး၌ အဘိဓမ္မာ ဘတ်သည်နှင့် တပြိုင်နက် ငါးရာသောရဟန်းအဖြစ်သို့ ရောက်ကြကုန်၏။

တရားတော် အသံကို အာရုံပြု၍ ပွားစေအပ်သော ဘာဝနာကြောင့် ဘားနတ်သား ဖြစ်ဘူးသော သက်သေကား။ မြတ်စွာဘုရားသည် စမ္ပါပြည်သူတို့အား တရားဟောတော်မူစဉ်၊ဂဂ္ဂရကန်ကြီး၌ ဘားငယ်တခုသည် တရားတော်အသံကို အာရုံပြုခိုက် နွားကျောင်းသား လှံထောက်မိသဖြင့် သေလေသော်၊ တာဝတိံသာနတ်ပြည်၌ ဇိမ်ပျော်သော ယောကျ်ားနိုးသကဲ့သို့ တဆယ့်တယူဇနာ ရှိသော ရွှေဗိမာန်၌ နတ်သမီးတထောင် အခြံအရံနှင့်တကွဖြစ်၍၊ "ငါသည် အဘယ် ကောင်းမှုကြောင့် ဤသုံးဘုံ၌ ဖြစ်သနည်း"ဟု ဆင်ခြင်လေသော်၊ တရားတော် အသံကို အာရုံပြုသော ကောင်းမှုကြောင့် ဖြစ်သတည်းဟု သိ၍၊ ဗိမာန်နှင့်တကွ လာပြီးသော်၊ မြတ်စွာဘုရားသည် သိတော်မူလျက် မေးတော်မူ၏။ ထိုအခါ "အရှင်ဘုရား၊ တခဏမျှ အရှင်ဘုရား တရားကို နာသဖြင့် ဤသို့ ချမ်းသာကို ရပေ၏။ အရှည် အလျား နာရသော သူတို့ကား၊ နိဗ္ဗာန်ဘိုင်အောင် ရောက်ရာ၏"ဟု လျှောက်၏။ ထိုအခါ၊ဘားနတ်သားအားတရားဟောတော်မူသဖြင့်သောတာပတ္တိဖိုလ်သို့ရောက်၍၊ ရယ်ရွှင်ပြုံးသော မျက်နှာ ရှိသည် ဖြစ်လျက်၊ တာဝတိံသာ နတ်ပြည်သို့ ပြန်လေ၏။

ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်း ဆင်ခြင်ခြင်း ဘာဝနာကြောင့် ရဟန္တာ ဖြစ်ဘူးသော သက်သေကား။ လွန်လေပြီး

သောအခါ၊ ကဿပ မြတ်စွာဘုရား စေတီတော်ကို ဗာရာဏသီ ပြည်သား ဒါယကာ တယောက်သည် စန္ဒကူး နှစ်ကို လဝန်း သဏ္ဍာန် ပြု၍ တည်၏။ ထိုဒါယကာသည် ထိုကောင်းမှုကြောင့်၊ ထို၌ ရတေသော် နတ်ရွာ၌ ဖြစ်၏။ ဘုရား နှစ်ဆူ တို့၏ အကြား ပတ်လုံး နတ်ပြည်၌ နတ်ဖြစ်၍ ငါတို့ဘုရားလက်ထက် ရာဇဂြိုဟ် ပြည်ဝယ် ဗြာဟ္မဏမဟာသာလ အမျိုး၌ ဖြစ်၏၊ ထိုသူငယ်သည် ချက်အဝန်းမှ လဝန်းနှင့် တူသော အရောင် ထွက်၏။ ထိုကြောင့် စန္ဒာဘာ မည်၏။ ထိုအခါ ပုဏ္ဏားတို့သည် ထိုသူကို ယာဉ်၌ တင်၍ စန္ဒာဘာကို လက်ဖြင့် ထိရသော သူတို့အား ဤသို့သော စည်းစိမ်ကို ရ၏ဟု လူအပေါင်းတို့ လှည့်ပတ်၍ ဥစ္စာ အရာ အထောင် ယူလျက်၊ အစဉ် အတိုင်း လှည့်လာသော်၊ သာဝတ္ထိ ပြည်သို့ ရောက်၍၊ လူတို့သည် "စန္ဒာဘာပုဏ္ဏား အာနုဘော် ကြီး၏၊ ငါတို့ ဆရာဘုရား အာနုဘော် ကြီး၏" ဟု အငြင်းအခုံ ဖြစ်၏။ အစဉ် အတိုင်း ဇေတဝန် ကျောင်းတော်သို့ ရောက်လျှင်၊ မြတ်စွာဘုရား ရှေတော်၌ စန္ဒာဘာနေစဉ်၊ မီးသွေးကျီသို့ဝင်သော ကျီးကန်းငှက် ကဲ့သို့ အရောင် ပျောက်၏။ ဘုရားရှင် အထံမှ ပြန်လျှင် ပကတိ ဖြစ်၏။ ဤနည်းအတိုင်း သုံးကြိမ် စေ့မှ အရှင် ဂေါတမ ကား၊ အရောင်ကွယ် မန္တာန်တတ်သည် မည်၏ဟု နှလုံးသွင်း၍ မန္တာန် တောင်းသော် ရဟန်း ပြုမှ ပေးမည်ဟု အမိန့်တော်ရှိ၍ ရဟန်းပြု ပြီးသော်၊ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ပေးတော်မူ၍၊ မမေ့မလျော့ အားထုတ်သဖြင့် ပဋိသမ္ဘိဒါ အဘိညာဉ် သမာပတ်တို့နှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်၏။

ဒါယိကာမ ဘာဝနာကို ပွားစေခြင်းကြောင့် ရဟန္တာမိန်းမ ဖြစ်ဘူးသော သက်သေကား။ ငါတို့ ဘုရားလက်ထက် ဥတ္တရာ မည်သော ထေရီသည် ရှေးရှေးသော ဘုရား တို့၌ ကုသိုလ် ကောင်းမှုကို ဆည်းပူး၍၊ ထိုထို ဘဝ တို့၌ မဂ်ဖိုလ် နိဗ္ဗာန်၏ အကြောင်း မြတ်သော ကုသိုလ်ကောင်းမှုတို့ကို ကောင်းစွာဆည်း ပူးလျက် သာသနာတော်တည်းဟူသော လယ်ကောင်း၌ ကုသိုလ်

ကောင်းမှု တည်းဟူသော မျိုးစေ့ကို ကောင်းစွာ စိုက်ပျိုးလျက် ကာမသုဂတိ ခုနစ်ဘုံ၌သာလျှင် စည်းစိမ်ချမ်းသာကိုကောင်းစွာ ခံစားလျက် ကျင်လည် သည့်ရှိသော် ငါတို့ ဘုရားလက်ထက် သာဝတ္ထိပြည်၌ အမှတ်မရှိသော အမျိုး၌ဖြစ်၏။ အဆင်းသဏ္ဌာန် ပညာအဆင်အခြင်ရှိသောကြောင့် ဥတ္တရာဟုမှည့်၏။ ထိုဥတ္တရာ သည်'သိ,ကြွားလိမ္မာသောအရွယ်သို့ ရောက်လေသော်၊ ပဋာစာရီ ထေရီ၏အထံသို့ကပ်၍ ထေရီသည်ဟောအပ်သော သံသရာဒုက္ခနှင့် စပ်သော တရားစကားကိုနာ၍ သာသနာတော်၌ ကြည်ညိုသဖြင့် သံသရာ၌ သံဝေဂထိတ်လန့်၍ ရဟန်းပြုပြီးသော်၊ ပဋာစာရီအထံ ၌ ကမ္မဋ္ဌာန်းကို ယူလျက် ဝိပဿနာကို အားထုတ်သည်ရှိသော်၊ ရှေးရှေးသောဘဝတို့၌ ဆည်းပူးခဲ့သော အလှူဒါန,သီလစသော ကောင်းမှုကြောင့် မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါဉာဏ်လေးပါး နှင့်တကွ ရဟန္တာဖြစ်၍ ဥတ္တရာထေရီဟု ထင်ရှားစွာဖြစ်၏။ ထို ဥတ္တရာသည် ညဉ့်ဦးယံ၌ ရှေးရှေးဘဝတို့ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုရ၏။ သန်းခေါင်ယံ၌ စုတိ ပဋိသန္ဓေကိုသိသော ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရ၏။ မိုးသောက်ယံ၌ အာသဝေါတရားကို ကုန်စေတတ်သော အာသဝက္ခယဉာဏ်ကို ရ၏။ ဤသို့ ဝိဇ္ဇာသုံးပါးတို့နှင့်တကွသော ရဟန္တာဖြစ်၍ ဥတ္တရာ ထေရီဟု ထင်ရှားစွာဖြစ်၏။

အနိစ္စ,ဒုက္ခ,အနတ္တဟူသော ဝိပဿနာဘာဝနာကို ပွားစေခြင်း ကြောင့် အရဟတ္တဖိုလ်သို့ရောက်ဘူးသောသက်သေကား။ ပဉ္စဒီတ သာမဏေသည် ကဿပဘုရားသခင် သာသနာတော်၌ မထင် ရှားသော အမျိုးဝယ်ဖြစ်၍ ကဿပမြတ်စွာဘုရားအား ဆွမ်းအစ ရှိသော ဒါနဝတ္ထုတို့ဖြင့် တကြိမ်တခါ ပေးလှူပူဇော်၏။ ထိုသို့ တကြိမ်တခါသာ ပေးလှူဘူးသော ကံအထူး စေတနာကြောင့် မနှောင့်မယှက် နှစ်သက်ကြည်လင်စွာ အိပ်ပျော်သောယောကျ်ား နိုးသကဲ့သို့ ထိုတာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ ထိုတာဝတိံ သာနတ်ပြည်၌ ဘုရားနှစ်ဆူတို့၏ တရသောအကြား ကာလပတ်

လုံး၊ ချိုးမွမ်း၍ မဆုံးနိုင်သော ကြီးစွာသော နတ်၏ စည်းစိမ်ချမ်းသာကို ခံစားခဲ့ပြီးသောနောက်မှလျှင် အကြင်အခါ၌ သုံးခွင်ဘုံသူ နတ်,လူ မကိုဋ် ဦးတိုက်ဆင်ရာ ငါတို့မြတ်စွာဘုရားသည် ဖြစ်တော်မူ၏၊ ထိုအခါ သာဝတ္ထိပြည်တွင် ရှင်သာရိပုတ္တရာ၏ အလုပ်အကျွေး သူဌေးအမျိုးမှာ ဖြစ်လာသည်နှင့် ခုနစ်နှစ် အရွယ်သို့ ရောက်လျှင် ဆရာရှင်သာရိပုတ္တရာအထံ၌ ဒးပ်နှံ၍ ရှင်သာမဏေ ပြုလေလျှင်၊ နှစ်ရက်မြောက်သောနေ့၌ မိမိဆရာ ရှင်သာရိပုတ္တရာ နှင့် အတူ-တကွ သာဝတ္ထိပြည်သို့ ဆွမ်းခံကြွသွားတော်မူရာတွင် မြို့တွင်းသို့ မရောက်မီပင် ခရီးအကြား၌ မြှားသမား, တစည်းသမား, လမ်းလုပ်သမားတို့၏ မြှား, တစည်း, မြောင်း, ရေတို့ကို ဥဒါဟရဏ် ပုံသက်သေယူလေ၍ ဆွမ်းခံမလိုက်ဘဲ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ခဲ့သဖြင့် ကျောင်းတွင်းသို့ဝင်၍ အနိစ္စ, ဒုက္ခ,အနတ္တဟူသောလက္ခဏာရေးသုံးပါးတို့ကို အသင့်နှလုံးထား၍ ဆင်ခြင်စဉ်းစားသည်တွင်၊ဆိတ်ငြိမ်သောကာလကို ရလိုသော စိတ္တုပ္ပါဒ်သောအခါ၌ ထိုပဏ္ဍိတသာမဏေ၏ တန်ခိုးအာနုဘော်အားဖြင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာပလ္လင်သည် ပူပြင်းခက်မာသော အခြင်းအရာကို ပြုလေလျှင်၊ ငါ၏ကျောက်နေရာပလ္လင်သည် မည်သည့်အကြောင်းကြောင့် ပူပြင်းခက်မာ ရှိသနည်းဟု ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ပြန်၍ကြည့်လေလျှင် ပဏ္ဍိတသာမဏေသည် ဆိတ်ငြိမ်ရာအရပ်ကို အလိုရှိသောကြောင့်၊ နံနက်ဆွမ်းမစားမီကာလ သစ္စာလေးပါးတရားကိုသိမည်၊ အကျင့်အလုံးစုံ အမှုရပ်တို့ကို ကြပ်ကြပ်စဉ်းစဉ်းမြင်လေလျှင် နေနတ်သား,စတုမဟာရာဇ် နတ်သားလေးယောက်တို့ကို ခေါ်၍ အထံတော်သို့ ရောက်လျှင်၊ အစကိုနေနတ်သားမှာ နေမိမာန်ကို မထွက်,မသွားအောင်တားမြစ်လေ၊ အစကို စတုမဟာရာဇ် နတ်သားလေးယောက်တို့သည်လည်း လူပြည်သို့ အဆောတလျင် သွားကြ၍ ဇေတဝန်ကျောင်းတိုက်တော်မှာ လေးမျက်နှာက သင့်ရာ-သင့်ရာ နေကြ၍ မကောင်းသော အသံရှိကုန်သော သားငှက်တို့ကို မမြည်မတွန်ရ

အောင် စောင့်ရှောက် ကြည့်ရှုကြကုန်ရှေ။ ငါသိကြားမင်းလည်း နောက်မှ ရွှေစက်တော်ဖြန့်၍ စောင့်ရှောက်ရမည်။ ဤကဲ့သို့ ဝန်ခံသည်နှင့်လျော်စွာ နေနတ်သားသည် နေဗိမာန်ကို မသွားရအောင် တာ မြစ်လေ၏၊ စတုမဟာရာဇ် နတ်သားတို့လည်း သိကြားစေတိုင်း စောင့်ရှောက် လာရကုန်၏။ သိကြားမင်းလည်း များစွာသော နတ်အပေါင်းခြံရံလျက် စောင့်ရှောက်တော်မူလာ၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်ထည်း ယနေ့ မည်သည့်သူသည် သစ္စာလေးပါးတရားကို ရမည်နည်းဟု ဉာဏ်တော် ကွန်ရက်ကို ဖြန့်ကာ၍ တစမကျန် ကြည့်တော်မူရာတွင်၊ ပဏ္ဍိတ သာမဏေသည် နံနက်ဆွမ်းမစားမီခင် သစ္စာလေးပါးတရားကို သိမြင်မည့် အကြောင်းကို လည်းကောင်း, ရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည်တွင် ဆွမ်းခံ၍မပြန်မီခင် ပဏ္ဍိတ သာမဏေအား ကမ္မဋ္ဌာန်း ချွတ်ယွင်း၍ အန္တရာယ်ဖြစ်မည် အကြောင်းကိုရင်း မြင်တော်မူသည်ဖြစ်၍၊ဆွမ်းခံကြွတော်မမူဘဲ ဇေတဝန်ကျောင်းတော်တံခါးက ရှင်သာရိပုတ္တရာ ဆွမ်းခံအပြန်ကို ငံ့လင့်တော်မူသည်နှင့် မှာ၍ ထားဘိသကဲ့သို့ တွေ့တော်မူကြလျှင်၊ ဘုရားသခင်က အရှင်သာရိပုတ္တရာအား ပြဿနာတထောင်ကို မေးတော်မူ၍ ထိုပြဿနာကို ဖြေပြီးသည့်ရှိသော်၊ ပဏ္ဍိတသာမဏေသည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေ ခြင်း ဤ မဂ်ကိစ္စလေးပါးကို တပြိုင်နက်ပြီးစေလျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်လေ၏၊

ဘာဝနာကိုပွားစေ၍ အကျွတ်တရားကို ရဘူးသောသက်သေ တဦးကား၊ ရှေးလွန် လေ ပြီး သော အခါ သူဆင်းရဲ တယောက်သည် ဂန္ဓသူဌေး၏အံ့ဘွယ်သရဲ တကြိမ်သော ထမင်းစားခြင်းကို အလွန်တောင့်တ၍ သုံးနှစ်အစေအပါးခံသဖြင့် ဂန္ဓသူဌေးတကြိမ်စားသကဲ့သို့ ထမင်းကိုရ၍ စားမည်အစီရင်ပြုစဉ်၊ အရှင်ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှထ၍ ထိုသူဆင်းရဲကို မြင်တော်မူ

သဖြင့် ရပ်လာသည့်ရှိသော်''ငါကား-ရှေးကောင်းမှုမရှိချေသော ကြောင့် ဥစ္စာမရှိခဲ့ရကား၊သူ၏အိမ်၌ ထမင်းတပွဲကြောင့် သုံးနှစ် အစေအပါး ခံရချေသည်၊ ယခုစားသော်လည်း ခုနစ်ရက်သာ အာဟာရကိစ္စကိုပြီးစေနိုင်မည်၊လှူလိုက်မူကား အဆုံးမရှိ ချမ်းသာ မည်ဟု သဒ္ဓါစသောတရားကိုဖြစ်စေ၍ လှူလိုက်၏။'' နောင်ချမ်း သာသည့် ဖြစ်စေသောဝ်, အရှင်သုရား သိအပ်သော တရားကို သိစေသောဝ်-ဟူ၍လည်းဆုတောင်း၏။ ထိုသည်မှ နောက်အတ္တ၌ ဂန္ဓသူဌေးနှင့် တကွ နေရခြင်း ဒေတူတူ ချမ်းသာကို ခံစားလျက် ကောင်းမှုမပြတ်ပြု၍ သေလေသော် နတ်ပြည်၌ဖြစ်၏။ ဤသို့သော နည်းဖြင့် ကျင်လည်သည့်ရှိသော်၊ ငါတို့ဘုရားလက်ထက် အရှင် သာရိပုတ္တရာ၏အလုပ်အကျွေး သူဌေးအမျိုး၌ဖြစ်၏။ အတိုင်းမသိ သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံစွာ ချမ်းသာလှရကား၊ သုခ ကုမာရမည့်၏။ နောက် အရှင်သာရိပုတ္တရာအထံ၌ သာမဏေပြု၍ အဘိညာဉ်တန်ခိုးနှင့်တကွ ရဟန္တာဖြစ်လျက် သုခသာမဏေဟု ထင်ရှားစွာဖြစ်၏။

ဒါယိကာမ ဝိပဿနာ အားထုတ်ခြင်းကြောင့် ရဟန္တာမိန်းမ ဖြစ်ဘူးသော သက်သေဝတ္ထုကား။ တို့ဘုရား သဗ္ဗညုလက်ထက် တော်၌ တန်ခိုးကြီးသောအချာ လက်ဝဲရံ ဥပ္ပလဝဏ်ထေရီသည် ကမ္ဘာဘသိန်းထက်၌ ပဒုမုတ္တိုရ်ဘုရား လက်ထက်တော်၌ ဟံသာဝတီပြည်ကြီးဝယ် အမျိုးသို့ဖြစ်၏၊ သိ,ကြားလိမ္မာသော အရွယ်ရောက်လေသော်၊ လူအပေါင်းနှင့် တကွ မြတ်စွာဘုရား အထံ တရားတော်ကို နာ၍ မြတ်စွာ ဘုရား သည်၊ ဘိက္ခုနီမ တယောက်အား တန်ခိုး ကြီးသော အရာ၌ ဧတဒဂ် တင်တော်မူ သည်ကိုမြင်၍ ''ငါလည်း နောင်ဘုရားတို့ အထံ၌၊ ဤရဟန္တာ မိန်းမကဲ့သို့ တန်ခိုး ကြီးသော အရာ၌ ဧတဒဂ် ရသော ရဟန္တာ မိန်းမ ဖြစ်စေသောဝ်''ဟုဆုတောင်း၍ ဘုရားအမှူးရှိသော သံဃာ တော်အပေါင်းအား သပိတ်, သင်္ကန်း အစရှိသော များစွာသော အလှူကြီးကို ပေး၍ မိမိ တောင့်တသော အတိုင်း ဆုတောင်း၏။

မြတ်စွာဘုရားသည်၊ နောင် ကမ္ဘာတသိန်းထက် ဂေါတမဘုရား သာသနာတော်၌တန်ခိုးကြီးသောအရာ၌တေဒဂ်ရသောဥပ္ပလဝဏ် ဖြစ်လတ့်'' ဟု ဗျာဒိတ် ကြားတော်မူ၏။ ထိုသူကြွယ်သွီးသည် အသက်ထက်ဆုံးဒါန, သီလ, ဘာဝနာစီးဖြန်းခြင်းကုသိုလ်ကောင်း မှုကိုပြု၍ကမ္ဘာတသိန်းပတ်လုံး လူ့ဘုံ, နတ်ဘုံ၌သာကျင်လည် ပြီးသော် စည်းစိမ်ချမ်းသာကို ခံစားလျက် ဤကမ္ဘာ၌ ကဿပ ဘုရား လက်ထက်၊ ဗာရာဏသီပြည်၌ ကိကီမင်းကြီး ၏ သွီးခုနစ် ယောက်တို့တွင် တယောက်ဖြစ်၍၊ အသက် နှစ်သောင်းပတ်လုံး သီလဆယ်ပါးဆောက်တည်ခြင်း, ဘာဝနာစီးဖြန်းခြင်းကိုကောင်း စွာဆောက်တည်လျက် ရဟန်းသံဃာအပေါင်းတို့၏နေရာပရိဝုဏ် ကိုလည်းကောင်း၊ကောင်းစွာဆောက်လုပ်၍လှူ၏။ ထိုသူကြွယ်သွီး သည် သီလသိက္ခာ ဘာဝနာ ဆောက်တည်ခြင်း, သံဃာတို့၏ နေရာပရိဝုဏ်ဆောက်လုပ်ခြင်းကောင်းမှုကြောင့် ထိုကိုယ်အဖြစ် မှ ရတေသော် တာဝတိံသာနတ်ပြည်၌ဖြစ်၏။ ထိုနတ်ပြည်မှရတေ ၍ တဖန်လျှင် လူ့ပြည်ဝယ် ရွာငယ်တခု၌ လက်မှုလုပ်၍ အသက် မွေးရသော အမျိုးဝယ် ဖြစ်၏။ ထိုသတို့သမီးသည် တနေ့ သ၌ လယ်တောသို့ သွားသည်ရှိသော်၊ ခရီးအကြားဝယ် ရေအိုင်တခု၌ မပွင့်သော ပဒုမ္မာကြာကိုမြင်လျှင် အိုင်သို့ သက်၍ ထိုကြာပွင့်ကို လည်းကောင်း, ပေါက်ပေါက် ထည့်ခြင်းငှာ ပဒုမ္မာ ကြာရွက်ကို လည်းကောင်းယူ၍ လယ်၌ သလေးနှံတို့ကို ဆွတ်လျက် ပေါက် ပေါက် ငါးရာလှော်၍ ထား၏၊ ထိုခဏ၌ ဂန္ဓမာဒန တောင်ဝယ် နိရောဓ သမာပတ်မှထ၍ တပါးသော ပစ္စေကဗုဒ္ဓါလာသဖြင့် ထို သတို့သွီး အနီး၌ ရပ်၏။ ထိုသတို့သွီးသည် ပစ္စေကဗုဒ္ဓါ ဘုရားကို မြင်၍ ပေါက်ပေါက်နှင့် တကွ ပဒုမ္မာကြာပွင့်ကို ယူလျက် ကုန်းမှ သက်၍ ပေါက်ပေါက်ငါးရာတို့ကိုသပိတ်၌ထည့်ပြီးသော်၊ပဒုမ္မာ ကြာပွင့် ဖုံးသွပ်း၍ လှူ၏။ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါဘုရားသည် အတန်ငယ် ရွှေ့သွားသည် ရှိသော် ထိုသတို့သွီးသည် ဤသို့ ကြံ၏၊ ရဟန်းမည်သည်ကား၊ ပန်းဖြင့် အလိုမရှိ၊ ငါသည် ထိုပန်းကို ယူ

လျက် ပန်းဖုံ့ဟု ကြံလျက် အရှင်ပဗ္ဗကဗုဒ္ဓါ လက်မှ ပန်းကို ယူပြီးသော်၊ တဖန်ကြံပြန်၏။ အရှင်သည့် ပန်းဖြင့် အလိုမရှိသည် ဖြစ်အံ့ သပိတ်၌တင်၍ မသွားပေရာ၊ ကြံပြန်၍ တဖန်လျှင် သပိတ် ပေါ်၌ တင်ပြန်၏။ အရှင်ပဗ္ဗကဗုဒ္ဓါကို ကန်တော့ပြီးသော်၊ "အရှင်ဘုရား ဤပေါက်ပေါက်ငါးရာလှူရသောကောင်းမှုကြောင့် နောင်အခါ အကျွန်ုပ်အား သားငါးရာဖြစ်စေသတည်း၊ ပဒုမ္မာပွင့် လှူရသောကောင်းမှုကြောင့်ဖြစ်လေရာရာအရပ်၌ဘဝါးလှမ်းတိုင်းလှမ်းတိုင်းပဒုမ္မာကြာပွင့် မြေမှာပေါက်စေသတည်း"ဟုဆုတောင်း၏။ အရှင် ပဗ္ဗကဗုဒ္ဓါ ဘုရားလည်း "တောင်းတိုင်း ပြည့်စုံ စေသတည်း"ဟု အနုမောဒနာပြု၍ ထိုခဏ်းမမြင်စင်ပင်လျှင် ကောင်းကင်ဖြင့် ဂန္ဓမာဒန တောင်သို့ ကြွတော်မူ၍ ထိုပဒုမ္မာ ပန်းတို့ကို နန္ဒမူလ တောင်တန်း၌ အရှင်ပဗ္ဗကဗုဒ္ဓါ တို့၏ ခြေတော် နေရာစောင်းတန်းအနီး၌ ခြေသုတ် ကြိုးဝန်း ပြု၍ ထား၏။ ထိုသတို့သမီးလည်း ထိုပေါက်ပေါက်ငါးရာအလှူ, ပဒုမ္မာပန်း အလှူ ကောင်းမှုကြောင့်တာဝတိံသာနတ်ပြည်၌ဖြစ်၏။ ထိုဖြစ်စဉ်ခဏကာလမှစ၍ ထိုနတ်သမီး သည် ဘဝါးလှမ်းတိုင်း-လှမ်းတိုင်း ပဒုမ္မာပွင့်ပေါက်၍ ဤသို့သော နည်းဖြင့် နတ်တို့၏ အသက်အဘိုင်း စည်းစိမ်ကိုခံစားပြီး၍ တဖန်လျှင် နတ်ပြည်မှစုတေသော်၊ တောင်ခြေရင်းတွင် တခုသော ပဒုမ္မာအိုင်၌ ပဒုမ္မာပွင့်ဝယ် ပဋိသန္ဓေနေ၏။ ထိုပဒုမ္မာအိုင်ကိုမှီ၍ သော့ တဦးလည်း နေ၏။ ထိုရသေ့သည် နံနက် စောစောမျက်နှာသစ်ခြင်းငှာ ပဒုမ္မာအိုင်သို့ သွားလေလျှင် ထိုပဒုမ္မာပွင့်ကို မြင်၍ ဤပဒုမ္မာပွင့်ကား ကြီးလည်း ကြီး၏။ ကြွင်းသော ပဒုမ္မာပွင့်တို့သည် ပွင့်ကုန်ပြီ၊ ဤအပွင့်ကား ငုံ၍သာတည်း။ အကြောင်းရှိ၏ ဟုကြံ၍ ရေသို့ သက်ပြီးသော် ထိုပဒုမ္မာကိုကိုင်၏။ ကိုင်သော ခဏ၌ပင်လျှင် ထိုပဒုမ္မာသည်ကား ပွင့်၏။ ရသေ့သည် ပဒုမ္မာပွင့် အထဲ၌ ဝတ်မှုန့်တို့ဖြင့် ပြွမ်းဘိသကဲ့သို့ ပဒုမ္မာဝတ်ဆံတို့ဖြင့် ပြွမ်းသောသတို့ သမီးကို မြင်၏။ မြင်သော ကာလမှ စ၍ သမီး ဟူသော ချစ်ခြင်းကိုရလျက် ပဒုမ္မာပွင့်နှင့်တကွပင်လျှင် သင်္ခမ်းသို့ဆောင်၍

ညောင်စောင်းငယ်၌ ထင်ပေ၏။ ထိုအခါ သတို့သမီးငယ်၏ ရှေး
ကောင်းမှု အာနုဘော်ကြောင့် ရှင်ရသေ့သကျ ၌ နို့ရည်ထွက်၏။
ထိုရသေ့သည် ပဒုမ္မာ ကြာပွင့် ညှိုး သည် ရှိ သော်၊ တပါသော
ပဒုမ္မ ကြာပွင့်သစ်ကိုဆောင်၍ ထို ဒုမ္မာကြာပွင့်ပေါ်၌အိပ်စေ၏။
အစဉ်သဖြင့် ထိုသမီးငယ် သွားတတ်သော ကာလ၌စ၍ ကစားအံ့
သောအခါ ဘဝါးလှမ်း တိုင်း-လှမ်းဘိုင်း ပဒုမ္မာကြာပွင့် ပေါက်၏။
မလာကြီး ကြီးမှုနှံ့,အလွှမ်းနှံ့တို့ဖြန့် ပြွမ်းသကဲ့သို့ကိုယ်အဆင်းလည်း
အလွန်လျှင် တင့်တယ်၏။ ထိုသတို့သမီးသည် လူတို့၏ အဆင်း
လည်းမက၊ နတ်တို့၏ အဆင်းလည်းမမှီ၊ လူပြည်၌ အတုမရှိသော
အဆင်းသဏ္ဌာန် လက္ခဏာတို့နှင့် ပြည့်စုံ၏။ ထိုသတို့သမီးသည်
အဘရသေ့ သစ်းသီး ကြီးငယ် ရှာသွားသည် ရှိသော် သခင်း၌
တယောက်အထည်းတည်းနေရ၏။ အစဉ်သဖြင့် အရွယ် ရောက်
သောအခါ၌ အဘရသေ့ သစ်သီးကြီးငယ် အလို့ငှာ သွားသည်မှ
နောက်၌ ထိုအရပ်သို့ ရောက်လာသော မုဆိုး တယောက်သည်
သတို့သမီးကိုမြင်၍ လူတို့သမီး ဖြစ်အံ့။ ဤသို့ အဆင်းသဏ္ဌာန် မရှိ
ရာဟု ကြံ၍ စုံစမ်းအံ့ဟု ရသေ့ အလာကို မြှော်သင့်လျက် နေ၏။
ထိုသတို့သမီးသည် အဘရသေ့ လာသော ခါ ဆီးဦး ကြိုဆို၍
ထိုရသေ့ လက်မှ ပရိက္ခရာ,ထမ်းပိုး,ဗူး,ကရားဘူးကို လှမ်းယူ၏။
ရသေ့ ထိုင်သောအခါ၌လည်း ပြုရသော ဝတ်ကို ပြု၏။ ထိုအခါ
မုဆိုးသည်ဤသတို့သမီးကားလူပင်တည်းဟုသိ၍အဘရှင်ရသေ့
ကို ရှိသေစွာ ရှိခိုးလျက်နေ၏။ ထိုရသေ့သည် မုဆိုးကို သစ်သီးကြီး
ငယ်ပေး၍ ဤအရပ်၌ နေမည်လေးဟု မေးသော်၊ ယခုပင် သွား
ပါအံ့၊ ဤအရပ်၌ အဘယ်ပြုပါအံ့နည်းဟု ဆို၏။ ဒါယကာ သင်
သည် ငါ့သမီးကို မြင်ခဲ့သော အကြောင်းကို ရောက်ရာ အရပ်၌
မပြောဘဲ နေနိုင်မည်လောဟု မေးသည်ကို အရှင်ရသေ့ အလိုမရှိ
သည်ကိုလည်း အဘယ်မှာ ပြောအံ့နည်းဟုဆို၍ ရှင်ရသေ့ကို ရှိခိုး
ပြီးမှ တဖန် လာအံ့သော ကာလ၌ ခရီးကို သိခြင်းငှာ၊ သစ်ခက်
ချိုးခြင်း, သစ်ပင်ကို မှတ်ခြင်းပြုလျက် သွားလေ၏။ ထိုမုဆိုးသည်

လည်း ဗာရာဏသီပြည်သို့ ရောက်သောအခါ၊ သင်ကား အဘယ်သူနည်း။ အဘယ်ကြောင့် ရောက်လာသနည်းဟု မင်းကြီး မေးလေသော်၊ အရှင်မင်းကြီး အကျွန်ုပ်ကား မုဆိုးတည်း။ တော၌ အံ့ဩဘွယ်သော ဆုတ္တိ ရတနာကို မြင်ခဲ့ သောကြောင့် အရှင်မင်းကြီးအကျိုးငှါ လာသတည်းဟု လျှောက်၍ တော၌မြင်ခဲ့သော အလုံးစုံ အခြင်း အရာကို လျှောက်၏။ ထိုမင်းကြီးသည် မုဆိုးစကားကို ကြား၍ တောင် ခြေ သို့ သွားလျက် ရသေ့ သင်္ခမ်းနှင့် မနီး မဝေးသော အရပ်၌ သစ်ခက်တပ်ဖွဲ့၍ ထိုမုဆိုးနှင့် လည်းကောင်း, တပါးသော ယောကျ်ားတို့နှင့် လည်းကောင်း, အတူတကွ ရသေ့ ဆွမ်းစား၍ ပြီးချိန်ကို သွား၍ ရှိခိုးပြီးသော်၊ ပဋိသန္ထာရပြုလျက် လျှောက်ပတ်စွာနေ၏။ မင်းသည် ရသေ့ပရိက္ခရာတို့ကို ရသေ့ခြေရင်း၌ထား၍ အရှင်ဘုရား ဤအရပ်၌နေ၍ အဘယ်ပြုရဖွယ်နည်း၊ ကြွတော်မူပါဟု လျှောက်၏။ မင်းကြီးသာ သွားလေငါမသွားဟုဆိုလတ်သော်၊ အရှင်ဘုရားအကျွန်ုပ်မှုကား မသွားအံ့၊ အရှင်ဘုရားအနီး၌ ဆုတ္တိရတနာရှိသည်ဟု ကြား၏။ ရသေ့,ရဟန်းတို့အား မလျှောက်ပတ်၊ အကျွန်ုပ်နှင့်အတူ လိုက်ပါစေဟု လျှောက်လေသော်၊ လူတို့၏ စိတ်သည် မကောင်း၊ မချစ်မနှစ်လိုရာ ပြုရာ၏ဟု ဆိုလတ်သော်၊ အရှင်ဘုရား။ အကျွန်ုပ် နှစ်သက်သေးသော ကာလမှစ၍ များစွာ မောင်းမတို့၏ အကြီး အမြတ်အရာ ထားပါအံ့ဟု လျှောက်၏။ ထိုရသေ့သည် မင်းကြီး စကားကို ကြားလတ်သော်၊ ငယ်သောကာလ၌ ခေါ်သောနည်းဖြင့်၊ အမိပဒုမ္မဝတီလာလှည့်ဟုသမီးကိုခေါ်၏။ ထိုပဒုမ္မဝတီသည်လည်းတခွန်းတည်းသော စကားကို ကြားလျှင် သင်္ခမ်းမှ ထွက်၍ အဘ ရသေ့ကို ရှိခိုးလျက်နေ၏။ ထိုအခါ မင်းသည် ထိုအရပ်၌ပင်လျှင် အဘ ရသေ့ ဝမ်းမြောက်စိမ့်သောငှါ ရွှေ,ငွေအပုံပေါ်ထား၍ အဘိသိက်သွန်း၏။ ထိုပဒုမ္မဝတီကို ယူ၍ မိမိမြို့သို့ ရောက်သောအခါမှ စ၍ တပါးသော မိန်းမ တို့ကို မကြည်ညိုပြီ၊ ထို ပ ဒု မ္မ ဒေ ဝီ မိဖုယားနှင့်သာ ဝမ်းမြောက် ဝမ်းသာနေ၏။ ထိုအခါ ကြွင်းသော မောင်းမကိုယ်လုပ်

တို့သည် ပြုံးရွှင်ကုန်သည်ဖြစ်၍ ဤသို့ဆိုကုန်၏။ အရှင်မင်းကြီး၊ ဤ ပဒုမ္မဝတီသည် လူမိန်းမမဟုတ်၊ လူမိန်းမတို့အား သွားတိုင်း-သွားတိုင်း၊ အဘယ်မှာ ပဒုမ္မာပွင့်တို့သည် ခြေကို ခံ၍ ပေါက်ကုန်ရာသနည်း၊ ဤပဒုမ္မဝတီကား ဘီလူးမတည်း၊ နှင်ထုတ်ပါဟု ဆိုကုန်၏။ မင်းလည်း ထိုမောင်းမတို့စကားကို ကြား၍ ဆိတ်ဆိတ်နေ၏။ ထိုအခါ မင်းသည် ပစ္စန္တရာဇ်ပုန်ကန်သောကြောင့် မြို့၌ ပဒုမ္မဝတီကို ထားခဲ့၍ သွားလေ၏။ ထိုမောင်းမတို့သည် ပဒုမ္မဝတီ၏ အလုပ်အကျွေးကို တံစိုး ပေး၍ ဤပဒုမ္မဝတီ ဘွားသော ကာလပင် သူငယ်ကို ဘွားကာမျှ၌ တပါးသို့ ဆောင်၍ တခုသော သစ်တုံးကို သွေးဖြင့် လိမ်းကျံလျက် ပဒုမ္မဝတီ၏ အနီး၌ ထားဟု ဆိုကုန်၏။ ထိုပဒုမ္မဝတီသည် ကြာမြင့်မှ ဘွား၏။ မဟာ ပဒုမ မင်းသား တယောက် သာလျှင် ဝမ်းပိုက်၌ ပဋိသန္ဓေနေ၏။ ကြွင်းသော လေးရာကိုးကျိပ်ကိုးယောက်သော မင်းတို့သည်ကား၊ မဟာပဒုမ္မဝတီမင်းသားသည် ဝမ်းမှဘွား၍ လျောင်းသဖြင့် နေ သော အခါ၊ သံသေဒဇတို့ အဖြစ်ဖြင့် ဖြစ်ကုန်၏။ ထိုသို့ဘွားစ အခါ၌ ပဒုမ္မဝတီသည် သတိမရခင် ထိုတံစိုး စားသော အလုပ်အကျွေးမသည် သစ်တုံးတခုကို သွေးလိမ်းကျံ၍ ပဒုမ္မဝတီ၏ အနီး၌ ထားလျက် ကြွင်းသော မောင်းမ တို့အား အမှတ် သညာ ပေး၏။ ထိုငါးရာသော မိန်းမတို့သည်လည်း သူငယ် တယောက်စီ ယူ၍ ပန်းထိမ်သည်တို့အထံ ကြုတ်ကို ယူပြီးသော်၊ မိမိတို့ ယူအပ်သော သူငယ်တို့ကို ကြုတ်၌ အိပ်စေ၍ အပ၌ တံဆိပ်ခတ်လျက် ထား၏။ ပဒုမ္မဝတီ မိဖုယားသည်လည်း သားဖွေးသောအရှိန်ပြေ၍ သတိရသော အခါ၊ အိုအလုပ်အကျွေးမ သားဖွားသလောဟု မေး၏၊ ထိုအခါ အလုပ်အကျွေးမသည် မြန်စွာ ချိ၍ သင်သည် အဘယ်မှာ သားဖွားအံ့နည်း၊ ဤသစ်တုံးကို သင်၏ ဝမ်းမှ ဖွား၏ဟု သွေးလိမ်းကျံသော သစ်တုံးကိုပြ၏၊ ထိုပဒုမ္မဝတီသည် သစ်တုံးကို မြင်လျှင် နှလုံးမသာသည်ဖြစ်၍ လျင်စွာ ပစ်ခွဲပါဘိ၊ သူတပါးသိလျှင် ရှက်ဘွယ်ရှိ တော့မည်ဟု ဆိုလေ၏၊ ထိုအလုပ်အကျွေးမသည်လည်း

ဆိုတိုင်းခဲ့၍ စဖိုထဲ၌ မီးရှို၏။ မင်းသည်လည်း ပစ္စန္တရာဇ်မှ ပြန်လာလတ်သော် နက္ခတ် မကြိုက်သောကြောင့် မြို့ပ၌ သစ်ခက်တပ်ဖွဲ့၍နေ၏။ ထိုအခါ ငါးရာသော မောင်းမတို့သည်လည်း မင်းအားခရီးဦး ကြိုဆို၍ ပဒုမ္မဝတီ သစ်တုံး ဖွားကြောင်းကို ဆိုသော်၊ မင်းသည် မစူးစမ်း မဆင်ခြင် ဘီလူးမပင် ဖြစ်ရာ၏ဟု ဆိုလတ်သော်၊ အရှင်မင်းကြီး အကျွန်ုပ်တို့စကားကို မယုံပါမူ၊ ပဒုမ္မဝတီ အကြောင်းကို အလုပ်အကျွေးကို ခေါ်၍မေးတော်မူပါဟု လျှောက်သဖြင့် မေးသည်ရှိသော်၊ တံပိုး စားသောမိန်းမ ဖြစ်သောကြောင့် သစ်တုံးဖွားကြောင်းကိုဆိုလေသော်၊မင်းသည်မစူးစမ်းမဆင်ခြင် ဘီလူးမပင်ဖြစ်ရာချေ၏ဟုထိုပဒုမ္မဝတီကိုရွှေနန်းမှနှင်ထုတ်စေ၏။ ထိုပဒုမ္မဝတီသည်နန်းတော်မှထွက်သည်နှင့်တကွပင်လျှင်၊ပဒုမ္မာပွင့်တို့သည် ကွယ်ကုန်၏။ ထိုအဆင်းလည်း ပကတိ မဟုတ်ပြီ၊ တယောက်အထည်းတည်း ခရီးမ၌ သွား၍၊ ထိုအခါ ပဒုမ္မဝတီ မိဖုယားကို အသက်ကြီးမတယောက်သည် မြင်၍ သွီးဟူသော ချစ်ခြင်းကို ဖြစ်စေလျက် အမိ အဘယ်သို့သွားမည်နည်းဟုမေး၏။ ငါကား-အာဂန္တုကပေတည်း၊ နေရာအရပ်သို့ ရှာလျက်ပေးပါဟု ဆိုလေသော်၊ အမိ ဤအိမ်သို့ ဝင်ပါဟု အိမ်သွင်း၍ စားဘွယ်, သောက်ဘွယ်, နေရာ, အိပ်ရာ လျှောက်ပတ်စွာ ပေး၏၊ဤသို့သော အခွတ်ဖြင့် ထိုသက်ကြီးမအိမ်၌ ပဒုမ္မဝတီ နေသည်ရှိသော်၊ ထိုငါးရာသော မိန်းမတို့သည် မင်းကြီးကိုဆိုကုန်၏။ အရှင်မင်းကြီးသည်သစ်ခက်တပ်သို့ လာသောကာလ၌ ဂင်္ဂါစောင့်နတ်အား ငါတို့မင်းကြီးသည်စစ်အောင်၍ပြန်လာလျှင် ဗာလိနတ်စာပူဇော်ပါမည်ဟု ဝန်ခံပါကုန်၏၊ ခွင့်လွှတ်တော် မူပါဟု လျှောက်ကုန်၏၊ မင်းကြီးသည်လည်း ထိုမိန်းမ စကားကို ကြား၍ နှစ်သက်သည် ဖြစ်၍ ခွင့်လွှတ်ပြီးသော် မင်းလည်း မောင်းမတို့နှင့်တကွ လိုက်၍ မောင်းမတို့လည်း မိမိတို့ ယူအပ်သော ကြုတ်ကို ဖုံးလွှမ်း၍ ယူခဲ့ပြီးသော်၊ မြစ်ဆိပ်သို့ ရောက်လျှင် ထိုကြုတ်ကို ဖုံးလွှမ်းခြင်းငှာ ကောင်းစွာ ယူ၍ ရေသို့ ဆင်းကုန်ပြီးမှ ကြုတ်တို့ကို ရေ၌ မျှော

လိုက်ကုန်၏၊ ကြုတ်တို့လည်း မျောလေ၍ အောက်၌ တံငါတို့ ဖြန့်သော ကွန်၌ ငြိလေကုန်၏။ ထိုနောင်မှ မင်းသည် မောင်းမတို့နှင့် တကွ ရေကစား၍ ရေမှတက်သော အခါ၌ ကွန်ကို ငင်ကုန်သည် ရှိသော်၊ ထို ကြုတ် တို့ကို မြင်၍ ကြုတ်တို့ကို မင်း အထံ သို့ ဆောင်ခဲ့ကုန်၏၊ မင်းသည် မောင်းမတို့ကို ကြုတ်၌ အဘယ်ဝတ္ထု ရှိသနည်း မေး၏။ မင်းကြီး အကျွန်ုပ်တို့ မသိပါကုန်ဟု လျှောက်သောကြောင့် ထိုကြုတ်တို့ကို ဖွင့်စေ၍ ကြည့်သည်ရှိသော်၊ ရှေးဦးစွာ ပဒုမမင်းသားကြုတ်ကိုဖွင့်မိ၍ ထိုငါးရာသော သူငယ်တို့ကို ကြုတ်၌ ထည့်သည်နေ့ပင် ရှေးကောင်းမှု ရှိသူချင်း ဖြစ်ကြသောကြောင့် မိမိတို့၏ လက်မ၌ နို့ရည်ဖြင့် အသက် ရှည်ကြကုန်၏၊ သိကြားမင်း သည် လည်း ယုံမှား ကင်းစိမ့်သောငှာ ကြုတ်အတွင်း၌ ဤသို့ အက္ခရာ ရေး၏၊ "ဤသားငါးရာတို့သည် ပဒုမ္မဝတီ မိဖုယား၏ ဝမ်း၌ ဖြစ်သော သားတော်တို့တည်း၊ ဗာရာဏသီ မင်းကြီး၏ သားတော်တို့တည်း။ ထို ငါးရာသော သားတော်တို့ကို ပဒုမ္မဝတီ မိဖုယား၏ ရန်သူမိန်းမ ငါးရာတို့သည် ဖွားသည်ကာလ ၌ သတိမရခင်ယူ၍ ကြုတ်၌ ထည့်ပြီးသော် မြစ်ရေ၌ ပစ်ကုန်၏၊ ဤအကြောင်းကို မင်းကြီး သိစေသတည်း" ဟု အက္ခရာ ရေးသော ကြုတ်ကိုဖွင့်ကာမျှ မင်းသည် အက္ခရာတို့ကိုဘတ်၍ သူငယ် တို့ကို မြင်လျှင် မဟာပဒုမ မင်းသားကို ချီ၍ လျင်စွာ မြို့သို့ ဝင် လျက် ပြာသာဒ်ထက်သို့ တက်ပြီးသော် ဆင်ပေါ်၌ ဥစ္စာ ထောင် ထုပ်ကိုထား၍ ပဒုမ္မဝတီ မိဖုယားကို မြင်သည့်သူသည် ဤဥစ္စာကို ယူစေသတည်းဟု မောင်းခတ်စေ၏။ ထိုစကားကို ကြား၍ ပဒုမ္မ ဝတီသည် အမိအား ဆင်ပေါ်မှ ဥစ္စာကို ယူဟု အမှတ် သညာ ပေး၏၊ အသက်ကြီးမလည်း မယူဝံ့ဟု ဆိုသည်ကို ပဒုမ္မဝတီ သည် ငါသွား ဆိုလျက်သာ ယူဟူ၍ နှစ်ကြိမ်မြောက် ဆိုခဲ့မှ အသက်ကြီးမ ယူလေသော်၊ သင်ကား ဥစ္စာထောင်ထုပ်ကို ယူ လေသည်၊ ပဒုမ္မဝတီကို မြင်သလောဟု လူအပေါင်း မေးကုန်၏။ ငါကားမမြင် ငါ့သွီး မြင်၏ဟု ဆိုလတ်သော်၊ အမိ ယခု အဘယ်

မှာနည်းဟုမေး၏။ ထိုအသက်ကြီးမနှင့်တကွ သွားလျက် ကြည့်ကြကုန်သော် ပဒုမ္မဝတီကို သိ၍ ခြေရင်း၌ ဝပ်ကုန်၏။ ထိုအခါမှ သက်ကြီးမ၊ ပဒုမ္မဝတီအား ဤမိန်းမတည်းဟု သိ၍ ဤသို့သော မိဖုယားကြီးကိုလည်း အစောင့်အရှောက်မရှိဘဲ နေဘိ၏ တကားဟုဆို၏။ ထိုမင်း ချင်းယောကျ်ားတို့သည် ပဒုမ္မဝတီ နေသော အိမ်ကို တင်းတိမ်ကာ ရံ၍ အစောင့်အရှောက် စီရင်ပြီးသော် မင်းကြီးအား လျှောက်ကုန်ကြ၏။ မင်းသည်း ရွှေထမ်းစင်ကို ပို့လေစေ၍ ပဒုမ္မဝတီလည်း ဤမျှနှင့် ငါမလိုက်၊ ငါနေသော အိမ်မှစ၍နန်းတော်တိုင်အောင် အတွင်း၌ ခင်းနှီး ပြောက်ခင်းပြီး အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော မိတာန်ကြက်ဦး တန်ဆာ ဆင်ပြီးမှ ခြေဖြင့် သွားအံ့၊ ဤသို့ ခြေဖြင့် သွားသည် ရှိသော် ပြည်သူအပေါင်းတို့သည် ငါ၏ တင့်တယ် စမ္ပာယ်ခြင်းကို မြင်ရကြလတ့်ဟု ဆို၏။ မင်းကြီးသည် ပဒုမ္မဝတီဆိုတိုင်း ပြုဟုဆို၏။ ထိုနောင်မှ ပဒုမ္မဝတီသည် ခပ်သိမ်းသော တန်ဆာကို ဆင်လျက် နန်းတော်သို့ သွားအံ့ဟု ခရီးသို့ သွား၏။ ထိုပဒုမ္မဝတီ ခြေ၌ ဘဝါး ချလျှင်၂င် ပြတ်သော ခင်းနှီး တို့ကို ဖေါက်၍ ပဒုမ္မာပွင့် တို့သည် မြေမှပေါက်ကုန်၏။ ထိုပဒုမ္မဝတီသည် လူအပေါင်းတို့အား မိမိစည်းစိမ်ကို ပြလျက် နန်းတော်သို့ တက်ပြီးသော်၊ ထိုခင်းလေသမျှသော ခင်းနှီးပြောက် ရွှေကြယ်နှင့်တကွ မိတာန်တို့ကို အသက်ကြီးမအား မွေးပေသောအဘို့ပြု၍ ပေးလေဟု အလုံးစုံကို ပေးစေ၏။ မင်းသည်လည်း ငါးရာသောမောင်းမတို့ကိုခေါ်စေ၍။ ဤမောင်းမငါးရာတို့ကို ပဒုမ္မဝတီအား ငါကျွန်ပြု၍ ပေးသည်ဟုဆို၏။ ပဒုမ္မဝတီသည်း ကောင်းပြီ။ မင်းကြီး ဤမိန်းမငါးရာတို့ကို အကျွန်ုပ်အား ကျွန်အဖြစ်ဖြင့်ပေးသည်ကို တမြို့လုံးသိပါစေဟုဆို၏။ ပဒုမ္မဝတီကို ဖျက်ဆီးသော ငါးရာသောမောင်းမတို့သည်။ ပဒုမ္မဝတီမိဖုယား၏ ကျွန်မတို့တည်းဟု မောင်းခတ်စေ၏။ အရှင်မင်းကြီး ထိုမိန်းမငါးရာတို့ကို ကျွန်အဖြစ်မှလွှတ်သော် လွှတ်ရမည်လောဟု မင်းကြီးအား မေးပြန်၏။ သင့် အလို အတိုင်း ပြုလော့ဟု ဆို၍။

တဖန်လျှင် ထိုငါးရာသောမိန်းမတို့ကိုပဒုမ္မဝတီသည်ကျွန်အဖြစ်မှ လွှတ်စေပြီးလျှင် မောင်းခတ်စေပြန်၏၊ ထိုပဒုမ္မဝတီသည် ထိုမိန်းမ တို့ကို သူဘော်ကောင်းပြုပြီးသော်၊ လေးရာကိုးကျိပ်ကိုးယောက် သော သားတို့ကို မိန်းမတို့အား တယောက်စီအပ်ကုန်၏၊ မွေးစေ ကုန်၏၊ မိမိကား မဟာပဒုမမင်းသားတယောက်ကိုသာ ထိန်းရ၏။ နောက်အဘို့၌ ထိုမင်းသား တို့ကား အရွယ်ရောက် လတ်သော် ဥယျာဉ်၌ အတူတူ ကစားရာ အရပ်ကို ပြုစေ၏။ ထိုမင်းသားတို့ သည် တဆယ့်ခြောက်နှစ် ရောက်လတ် သော အခါ၌ တပေါင်း တည်း ပဒုမ္မာဖုံးလွှမ်းသော မင်္ဂလာရေကန်၌ ကစားကုန်သည် ရှိသော်၊ အသစ်သော ပဒုမ္မာတို့၏ ပွင့်ကုန်သည် တို့ကိုလည်း ကောင်း, အဟောင်းသော ပဒုမ္မာတို့၏ ကြွေသည် တို့ကိုလည်း ကောင်းမြင်၍ အနုပါဒိန္နကဖြစ်သော ဤသစ်ပွင့်တို့သည်လည်း ဖြစ်ခြင်း, ပျက်ခြင်း သဘောရှိသေး၏။ အသက်ရှည်ခြင်း ရှိသော ဥပါဒိန္နကဖြစ်သောငါတို့ကိုကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ ဤကိုယ်သည်လည်း ဤသစ်ပွင့်အတူ စင်စစ် ပျက်ခြင်း, ချုပ်ခြင်း ကုန်ခြင်းသဘော ရှိလတ့်ဟု အာရုံယူ၍ အလုံးစုံ ငါးရာ သော မင်းသားတို့သည် ပစ္စေကဗုဒ္ဓါဘုရားဖြစ်ကုန်၏။ ပဒုမ္မာပွင့်အပေါ် ၌ ထက်ဝယ်ဖွဲ့လျက်နေကုန်၏။ ထိုအခါ မင်းသားတို့နှင့် တကွ လာသော ယောကျ်ားတို့သည် အရှင်သားတို့ သွားချိန် တန်ပြီ၊ သွားချိန်ကို သိတော်မူကုန်ဆို၏။ ထိုမင်းသားတို့သည် ဆိတ်ဆိတ် နေကုန်၏။ မင်းချင်းတို့သည်သွား၍ မင်းကြီးအားလျှောက်ကုန်၏။ အရှင်မင်းကြီး-မင်းသားတို့သည်၊ ပဒုမ္မာ အချပ်၌ နေကုန်လျက် ကျွန်တော်တို့လျှောက်ပါသော်လည်း နှုတ်မမြွက် ဆိတ်ဆိတ်သာ နေကုန်၏ဟုလျှောက်၏၊ မင်းကြီးလည်း သားတော် အလိုအတိုင်း နေစေကုန်ဟု အစောင့်အရှောက်နှင့်တကွ ထား၏။ ထိုပဒုမ္မာချပ်၌ သာလျှင် မင်းသားတို့လည်း အရုဏ်တက်စေကုန်၏။ မင်းချင်း တို့သည် မိုးသောက်သောအခါ ထပ်ဖန် လျှောက်ပြန် ကုန်သော် လည်း၊ ငါတို့ငါးရာသည် ပစ္စေကဗုဒ္ဓါ ဘုရားဖြစ်ကုန်ပြီ၊ အိမ်သို့

သွားခြင်းငှာ မထိုက်ကုန်ပြီဟု ဆိုလတ်သော် အရှင်သားတို့သည် ဝန်လေးသောစကားကို ဆိုလေကုန်၏၊ အရှင်ပစ္စေက ဗုဒ္ဓါတို့၏ သဘောကား၊ လက်နှစ်သစ်မျှသာ ဆံရှိကုန်လျက် ကိုယ်၌ပရိက္ခ ရာရှစ်ပါးလွယ်လျက်သာ ဖြစ်ပါကုန်၏၊ ထို့ကြောင့် အရှင်သား တို့သည် ဝန်လေးသောစကားကို ဆိုဘိ၏ဟု မင်းချင်းတို့ ဆိုကြ ကုန်လေသော်၊ လကျ်ာလက်ဖြင့် ဦးကွောင်းကို သုံးသပ်ကုန်၏၊ ထိုအခါ လက်နှစ်သစ်မျှသော ဆံရှိလျက် ပရိက္ခရာရှစ်ပါး ကိုယ်၌ လွယ်လျက် ပစ္စေကဗုဒ္ဓါဘုရားအသွင်ဖြင့် ဖြစ်ကုန်၏၊ ထိုနောင် ထိုလူ အပေါင်း မြင်စဉ် ပင်လျှင် ကောင်းကင်၌ ဖြင့် နန္ဒမူလ တောင်သို့ ကြွတော်မူကုန်၏၊ ထိုအခါ ပဒုမဝတီ မိဖုယားသည် လည်း၊ ငါကား သားများ၏အမိဖြစ်ပါလျက် ယခုသားတယောက် မျှမရှိဖြစ်ပြန်ခဲ့ပြီ တကားဟု စိုးရိမ်သောက ပြင်းစွာဖြစ်၏၊ ထို သောကကြောင့် ဖြစ်သော အနာဖြင့်ပင် သေလေလျှင် ရာဇဂြိုဟ် ပြည်၏အနီး ဒွါရဂါမမည်သောရွာငယ်၌ လက်မှုလုပ်၍ အသက် မွေးရသော အမျိုး၌ ဖြစ်ပြန်လေ၏၊ အရွယ်ရောက်သောအခါ လင်အိမ်သို့ ရောက်၍ တနေ့သ၌ မိမိလင်ဆောင်ခဲ့သော ယာဂုကို၊ ထဘဝ၌မိမိ သားငါးရာသော ပစ္စေကဗုဒ္ဓါတို့တွင် ရှေးဦးဖြစ်သော ပစ္စေကဗုဒ္ဓါတို့ကို ကောင်းကင်ဖြင့် ဆွမ်းခံကြွလာသည်ကို မြင် သည်ရှိသော်၊ လျင်စွာသွား၍ မိမိလင်အားကြား၏၊ အရှင်ပစ္စေက ဗုဒ္ဓါဘုရားကို ရှုကြည့်ပါလော၊ ထိုအရှင်ပစ္စေက ဗုဒ္ဓါရှစ်ဦးတို့ကို ပင့်၍ ဆွမ်းကျွေးပါအံ့ဟုဆိုလျှင်၊ ထိုလင်ယောကျ်ားက ပစ္စေက ဗုဒ္ဓါ ဘုရားမဟုတ် ရဟန်းတို့တည်း၊ ရံခါရံခါ ဤသို့ကြွကုန်၏ ဟု ဆို၏၊ ထိုသို့ဆိုစဉ်ပင်လျှင် ထိုသူတို့၏အနီး၌ သက်လာ၏၊ ထိုဒါယိကာမသည် ထိုနေ့၌ မိမိ၏အတွက် ခဲဘွယ်ကိုလှူ၍ နက်ဖန် အရှင်ဘုရားတို့ ရှစ်ဦးပင် အကျွန်ုပ်အလှူကို ခံတော်မူပါဟု လျှောက် လေသော်၊ ဒါယိကာမ ကောင်း၏၊ သင်၏ပူဇော်ဘွယ် ဒ တဗ္ဗ ဝတ္ထုကား ရှစ်ပါးမျှလောက်ရုံပင်ဖြစ်စေ၊ နေရာလည်း ရှစ်ခုသာ ခင်းလော၊ ငါတို့ရှစ်ဦးမှတပါးသော များစွာသော ပစ္စေကဗုဒ္ဓါ

တို့ကို သင်၏စိတ်ကြည်ညိုပါဟု မိန့်တော်မူခဲ့၏။ ထိုဒါယိကာမ လည်း မိုးသောက်သောနေ့၌ ရှစ်ဦးသော နေရာကိုခင်း၍ ရှစ်ဦး သော ပစ္စေကဗုဒ္ဓါတို့အား မျှလောက်ရုံ ဆွမ်းခဲဘွယ်စီရင်သဖြင့် နေ၏။ ထိုပစ္စေကဗုဒ္ဓါရှစ်ဦးတို့သည်လည်း အရှင်တို့ ယနေ့တပါး သော အရပ်သို့ ဆွမ်းခံမကြွဘဲ အရှင်တို့အမိထံ၌သာဆွမ်းခံသော အားဖြင့် ချီးမြှောက်တော်မူပါကုန်ဟုဆို၏။ ထိုပစ္စေကဗုဒ္ဓါရှစ်ဦး တို့၏ စကားကိုကြား၍ ငါးရာသော ပစ္စေကဗုဒ္ဓါတို့သည် ကောင်း ကင်ဖြင့် ကြွသွားလျက်၊ ဒါယိကာမ၏ အိမ်တံခါး၌သက်၏။ ထို ဒါယိကာမသည်လည်း၊ များစွာသော ပစ္စေကဗုဒ္ဓါတို့ကို မြင်၍ အလွန်လျှင် ဝမ်းမြောက်၍။ ထို အရှင်ပစ္စေက ဗုဒ္ဓါ တို့လည်း ကိုးယောက်နေရာ တပါးစီတန်ဆင်း၍ နေကုန်၏။ နေရာပွားတိုင်း အိမ်လည်းပွား၏။ ဤငါးရာသော ပစ္စေကဗုဒ္ဓါတို့သည် စည်းဝေး ကုန်သော်၊ ရှစ်ဦးသောအရှင်ပစ္စေကဗုဒ္ဓါအား မျှလောက်ရုံ စီရင် သော ခဲဘွယ်ဘောဇဉ်သည် ငါးရာသော ပစ္စေကဗုဒ္ဓါတို့အား အလိုရှိတိုင်းမျှလောက်၏။ ဤသို့ဆွမ်းလှူပြီး၍ ထိုဒါယိကာမသည် ဘိတ်အပ်သော ပစ္စေကဗုဒ္ဓါ ရှစ်ဦးတို့အား ကြာညို ရှစ်ပွင့်တို့ကို လှူ၏၊ ကြာညိုပွင့်လှူရသောကောင်းမှုကြောင့် ဖြစ်လေရာရာသော ဘဝတို့၌ အကျွန်ုပ်၏ ကိုယ်အဆင်းသည် ကြာညိုပွင့်၏ အတွင်း၌ ဖြစ်သောအဆင်းကဲ့သို့ ဖြစ်စေသတည်းဟု ဆုတောင်း၏။ အရှင် ပစ္စေကဗုဒ္ဓါတို့သည်လည်း တောင်းတိုင်း ပြည့်စုံစေသတည်းဟု အနုမောဒနာပြု၍ ကြွတော်မူကုန်၏။ ထိုဒါယိကာမသည် အသက် ထက်ဆုံး အလှူဒါန၊ သီလ၊ ကမ္ဗုဒ္ဓါန်းဘာဝနာ စီးဖြန်းခြင်းစသော ကောင်းမှုကိုပြု၍ ထို ဘိုယ်၏အဖြစ်မှ ရွေတော်သော်၊ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရပါလို၏ဟု ဆုတောင်းသောအတိုင်း နတ်ပြည်၌ လည်း ထူးသောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။ ဤသို့သော နတ် စည်းစိမ်ကို ကောင်းစွာစံစားပြီး၍ ငါတို့ဘုရား ပွင့်တော်မူသော အခါ၌ ကုဋေကုဋာ မကသော ရွှေ ငွေ ရတနာ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော သူဌေးသို့ဖြစ်၏။ ကြာညိုအသွင်အဆင်းနှင့် တူသော

ကိုယ်အဆင်း ရှိသောကြောင့် ဥပ္ပလဝဏ်မည်၏။ အရွယ်ရောက်သောအခါ၌ လူပြည်ဝယ် အတုမရှိသော အဆင်းရှိသော ဥပ္ပလဝဏ်ဟု ဇမ္ဗူဒိပါကျွန်းလုံး၌ ကျော်စောထင်ရှားဖြစ်၏။ ထိုကြောင့်ဇမ္ဗူဒိပါကျွန်းလုံး၌မင်းအပေါင်း သူဌေးအပေါင်းတို့သည် ဥပ္ပလဝဏ်၏မိဘထံသို့ တမန်စေလိုက်ကုန်၏။ သမီးဥပ္ပလဝဏ်ကို ငါတို့အားပေးပါ၊ အရှင်သူဌေးအား များစွာသော ရွှေ ငွေ ရတနာ ဥစ္စာ အတိုင်းမသိပေးပါအံ့ဟု စေကုန်၏၊ ဇမ္ဗူဒိပါကျွန်း၌ မစေဘူးသောသူမရှိ၊ ထိုကြောင့် သူဌေးကြီးသည်။ ငါကား ခပ်သိမ်းသော သူတို့စိတ်ကို အလိုမလိုက်နိုင်ကြောင်းကို သိအောင်ပြုအံ့ဟု ကြံပြီးသော်၊ သမီးဥပ္ပလဝဏ်ကိုခေါ်၍ ချစ်သမီး-ရဟန်းပြုပါအံ့လောဟု မေး၏။ ထိုဥပ္ပလဝဏ်သည် ပစ္ဆိမဘဝ၌ ယှဉ်သောသူဖြစ်သောကြောင့်၊ ထိုစကားသည်ထိပ်၌ အကြိမ်တရာ ချက်သောဆီကြည်ကိုလောင်းဘိသကဲ့သို့ထင်၏။ဘခင် ရဟန်းပြုပါအံ့ဟု ဝန်ခံ၍၊ ထိုအဘသူဌေးသည် ထိုဥပ္ပလဝဏ်ကို ရွှေထမ်းစင်,ရွှေယာဉ်, ငွေသံလျှင် ခြံရံလျက် ဘိက္ခုနီမတို့၏ ကျောင်းသို့ပို့၍ ရဟန်းပြုစေ၏။ရဟန်းပြုသော် ကြာမြင့်မီပင်လျှင် ဥပုသ်သိမ်၌ဆီမီးထွန်းလှည့်ရောက်၍ ဆီမီးထွန်းသည်ရှိသော်၊ ထိုဆီမီးကို အဖန်တလဲလဲကြည့်လျက်သာ တေဇောကသိဏ်းဈာန်ကို ဖြစ်စေ၍ ထိုဈာန်ကိုပင် အခြေပြုလျက် ဝိပဿနာကို အားထုတ်သည်ရှိသော်၊ ပဋိသမ္ဘိဒါဉာဏ်လေးပါး အဘိညာဉ် ၆-ပါးနှင့်တကွ ရဟန္တာဖြစ်၍ ဥပ္ပလဝဏ်ထေရီဟု ထင်ရှားစွာဖြစ်၏။ရှေးပဒုမုတ္တိုရ်ရ ဘုရားလက်ထက် တော်၌ ဆုတောင်း အတိုင်း ဂဠုန်ယောင်, နဂါးယောင် ဖန်ဆင်းနိုင်ခြင်း၊ အဝေးကို အနီးပြုနိုင်ခြင်း၊ အနည်းကို အများပြုနိုင်ခြင်း အစရှိသည်ဖြင့် တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ရ၏။

ကမ္မဋ္ဌာန်း ဘာဝနာကိုအားထုတ်ခြင်းကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ ငါတို့ဘုရားလက်ထက် ခဒိုရရေဝတထေရ်သည် ပဒုမုတ္တိုရ်ရ ဘုရားလက်ထက် တော်ဝယ် လှေ

သူကြီးအမျိုး၌ဖြစ်သဖြင့်၊တခုသောနေ့ဝယ်သံဃာတော်နှင့်တကွသော ဘုရားရှင်ကို မြစ်ဆိပ်သို့ ကြွလာသည်ကိုမြင်လျှင် လှေဘောင်ဖွဲ့၍ ပူဇော်သက္ကာရဖြင့် မြစ်တဘက်သို့ ပို့လိုက်၍ အရှည်ကင် ရတင်ဆောင်ရဟန်းတို့တွင် ဧတဒဂ်ရပါလို၏ဟု ဆုတောင်း၏။ မြတ်စွာဘုရားလည်း ကမ္ဘာတသိန်းထက်၌ ပြည့်စုံလတံ့ဟု ဗျာဒိတ်ကြားခဲ့ပြီးသော် ကြွတော်မူ၏။ ထိုသူသည် ထိုနေ့မှစ၍ နိဗ္ဗာန်ရကြောင်း ဘာဝနာကို ပွားစေခြင်းဖြင့် ကောင်းမှုကုသိုလ်ကို ဆည်းပူး၍ ကမ္ဘာတသိန်းပတ်လုံး လူဘုံ, နတ်ဘုံ၌ ကျင်လည်လျက် ငါတို့ဘုရားလက်ထက် မဂဓရာဇ်တိုင်းဝယ် နာလကရွာ၌ ရူပသာရီမည်သောပုဏ္ဏေးမသားဖြစ်၍ ရေဝတဟုမှည့်၏။ အရွယ်ရောက်လတ်သော်၊ မိဘတို့သည် အိမ်ထောင်ဖြင့် နှောင်ဖွဲ့လိုကုန်သည်ရှိသော်၊ နောင်တော်အရှင်သာရိပုတ္တရာ ရဟန်းပြုသည်ကို အောက်မေ့၍ ငါ၏နောင်တော် ဥပတိဿသည် စွန့်လေပြီးသောတံထွေးပေါက်ကို ငါတဖန်မမျိုပြီဟု သံဝေဂဖြစ်၍ သွားလေသောအားဖြင့် မိဘအဆွေညာတိတို့ကို လှည့်စားလျက် ရှေးကောင်းမှုတိုက်တွန်းအပ် သည်ဖြစ်၍ ရဟန်းတို့အထံ ရောက်သော အခါ ဥပတိဿမထေရ် ညီဖြစ်ကြောင်းကိုကြား၍ လျှောက်၏။ ရဟန်းပြုသော အဖြစ်ကို သိစေ၏။ ရဟန်းသံဃာတို့သည် ရှင်ရဟန်းအဖြစ်ကိုပေး၍ ကမ္မဋ္ဌာန်းစီးဖြန်းစိမ့်သောငှာ တိုက်တွန်းသောကြောင့်၊ ကမ္မဋ္ဌာန်းယူ၍ ရှားတောသို့ ရောက်လေသောအခါ ရဟန္တာဖြစ်မှ နောင်တော်ကို လည်းကောင်း, ဘုရားကို လည်းကောင်း ဖူးမြင်အံ့ဟု မိဋ္ဌာန်၍ ဝိပဿနာအားထုတ်သည်ရှိသော်၊ မကြာမြင့်မီ အဘိညာဉ် ၆-ပါးနှင့်တကွ ရဟန္တာဖြစ်၍ ငါးရာသော သံဃာနှင့်တကွ ဘုရားကြွလာတော်မူသောအခါ၊ အလုံးစုံသော ရှားတောကို ရတနာခုနစ်ပါးဖြင့်ပြီးသော ကျောင်းဘန်ဆင်း၍တည်စေတော်မူ၏။ ဤသို့တန်ခိုးအဘိညာဉ်နှင့်ပြည့်စုံသော ခဒိရရေဝတထေရ်ဟု ထင်ရှားစွာဖြစ်၏။

ဥပရိ၊ ဥပရိမည်သော ဒါယိကာမ၊ တွံ၊ သင်သည်။ ဝနမှိ၊ သုသာန်အလယ်၌၊ အမ္မဇီဝါတိ၊ ချစ်သွေးဇီဝန္တီ ဟူ၍။ ကန္ဒသိ၊ ငိုကြွေး၏။ အတ္တာနံ၊ မိမိကိုယ်ကို။ အဓိဂစ္ဆ၊ ဟုတ်မှန်စွာ သိအောင်ပြုလော။ သဗ္ဗာ၊ အလုံးစုံသော။ ဇီဝသနာမိကာ၊ ဇီဝန္တီ ဟူသော အမည်နှင့်တူသော အမည်ရှိကုန်သော။ စုလ္လာသီတိသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော သင့်သမီးတို့ကို။ ဧတမှာဠဟနေ၊ ဤ အစိရဝတီမြစ်နားသင်းချိုင်း၌သာလျှင်။ ဍဍ္ဍာ၊ သင်္ဂြိုဟ်ကြလေကုန်ပြီ။ တာသံ၊ ထိုရှစ်သောင်း လေးထောင်သော ဇီဝန္တီတို့တွင်။ ကံ၊ အဘယ်မည်သော ဇီဝန္တီကို။ အနုသောစသိ၊ အဖန်တလဲလဲ စိုးရိမ်သနည်း။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရား သည်။ ပုဋ္ဌာ၊ မေးတော်မူ၏။

ဤသို့ မေးတော်မူရာ ဒေသနာပါဠိဝယ် အဓိပ္ပါယ်သော်ကား၊ သင်သည် သုသာန်အလယ်၌ ချစ်သွေး ဇီဝန္တီ ဟူ၍ ငိုကြွေး၏။ မိမိကိုယ်ကို သိအောင်ပြုပါလော။ ဤ အစိရဝတီမြစ်နား သင်းချိုင်း၌ သင်္ဂြိုဟ်အပ်သော သင်၏သမီးသည်၊ ဤတယောက်ထည်း မဟုတ်၊ အလုံးစုံသောအားဖြင့် ရှစ်သောင်းလေးထောင်ရှိလေပြီ။ ထိုသမီးတို့သည်လည်း ဇီဝန္တီတည်းဟူသောအမည်တွင်ကြသည်သာဖြစ်၏၊ ထိုသမီးဇီဝန္တီတို့တွင် အဘယ်ဇီဝန္တီကို အောက်မေ့ သနည်း ဟူ၍ မေးတော်မူသည်ရှိသော်၊ ထိုကိုအစဉ်လျှောက်သဖြင့် အဘိညာဉ်ကိုသိ၍ အနိစ္စ,ဒုက္ခ,အနတ္တ ဟု ဝိပဿနာကို ပွားစေသည်ရှိသော်၊ မိမိ၏ ရှေးကောင်းမှု ရှိသောကြောင့် ရပ်လျက်ပင် အရိယာမဂ် အစဉ် အရဟတ္တဖိုလ်၌ တည်လျက် အရဟတ္တဖိုလ်သို့ ရောက်၍ သာသနာတော်၌ ရဟန်းပြုသဖြင့် ဥပရိထေရီ ဟု ထင်ရှားစွာ ဖြစ်၏။

# တရားနာကြားရသော ဘာဝနာ ကုသိုလ်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ဘူးသော အဝရောဇဝတ္ထု။

တရားတော်ဟောရာ နာခံရသော ဘာဝနာ ကုသိုလ်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ဘူးကြောင်းသက်သေကား၊ ဝိပဿိ မြတ်စွာဘုရား လက်ထက်တော်၌ ဦးရိုးသည် ဂန္ဓကုဋိ ဆောက်သည့်ရှိသော် ငါလည်းအတူ ဆောက်လို၏ဟု ခွင့်တောင်းသော်လည်း မရသောအဝရောဇမည်သောသူသည် ဂန္ဓကုဋိ၏ ရှေ့တူရူသောအရပ်၌ ရွှေစီသောသစ်, ငွေစီသောသစ်, ပတ္တမြားစီသောသစ်တိုင်တို့ကိုရင်း။ အမိုး,အချင် စသည်တို့ကိုရင်း ရွှေဖြင့်ပြီးစေ၏။ရတနာခုနစ်ပါးဖြင့်ပြီးသော ကုဋိရမည်သော စရပ်ကိုဆောက်၏။ ထိုစရပ်၏ အလယ်၌ ရတနာမဏ္ဍပ်၊ ထိုမဏ္ဍပ်၏ အလယ်၌ ရွှေခြေ,ရွှေပေါင်းဘို့ဖြင့်ပြီးသော တရားဟောပလ္လင် ရွှေဆိတ်လေးခုတို့ကို တရားဟောနေရာ ခြေလေးခုအောက်၌ထား၍၊ နှစ်ခုသောဆိတ်ရုပ်တို့ကိုလည်း တရားဟောနေရာ ခြေဘမိုးပေါ်၌ ထား၏။ ရွှေဆိတ်ရုပ် ခြောက်ခုတို့ကို လုပ်၍ မဏ္ဍပ်ဝန်းကျင်၌ တင်ထား၏၊ တရားဟောပလ္လင်ကိုလည်း ရှေးဦးစွာ ကြိုးအလယ် ရွှေကြိုးအထက်၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော ကြိုးတို့ဖြင့် ရက်စေ၏။ စန္ဒကူးတကဲကိုလည်း လျှောက်ပတ်စွာထား၏။ ဤသို့ ကုဋိရမည်သော စရပ်ကိုပြီးစေ၍၊ ဘုရားအမှူးရှိသော ခြောက်သောင်း ရှစ်ထောင်သော သံဃာတော်တို့အား လေးလပတ်သုံး ကောင်းမှုကိုပြု၍ ထိုမှစုတေသော် နတ်ပြည်၌ဖြစ်၏။ ဤသို့ လူပြည်, နတ်ပြည်ကျင်လည်၍ ဘဒ္ဒကပ်ကဿပ၌ များစွာသောစည်းစိမ်ဥစ္စာရှိသောသူဌေးမျိုး၌ဖြစ်၏၊ဗာရာဏသီသူဌေးကြီးတွင်၏။ ထိုအခါ မင်းအိမ်သို့သွားခိုက် ပုရောဟိတ်ပုဏ္ဏားကို မြင်၍ နက္ခတ်ကြည့်စေသော်၊ သူဌေးကြီး-ဤနှစ်နှစ်မှသုံးနှစ်လွန်လျှင် ဝတ်မွတ်သော ဘေးကြီးဖြစ်လတ့်ဟု ကြား၍၊ များစွာသော စပါးတို့ကို ဆည်းပူးလျက်

တထောင် နှစ်ရာငါးဆယ်သော ဂါထာတို့ကို စပါးအပြည့် သွင်း၏။ အိုးခွက်စသည်တို့ကိုလည်း အပြည့်လှောင်ပြီးသော်၊ မြေနှင့်နယ်၍ နံရံစသည်တို့၌ ကပ်လျက်ထား၏ အစဉ်အတိုင်းသုံးဆောင်သော် စပါးတို့သည်ကုန်၍ အစအပါးတို့ကို ချမ်းသာစွာ အသက်မွေး လေလော့၊ ဝပြောသော ကာလသမှလာလိုလျှင် လာတော့ဟုဆို၍ လွှတ်လိုက်၏။ အမှုကြီးငယ်ကိုပြုသော ကျွန်ပုဏ္ဏားတယောက်သာ ကြွင်း၏။ သူဌေးမယား, သူဌေးသား, သူဌေးချွေးမ, ပုဏ္ဏားသူဌေး ကြီး ငါးယောက်သာ ကျန်ရစ်ကြကုန်၏။ ခိုးသူတို့ကို ကြောက်၍ မြှုပ်ထားသော ဆန်တကွမ်းစားရှိ၏။ ထိုအခါ သူဌေးသည် ငတ်မွတ်၍ တောင်းလတ်သော် ချက်၍ငါးပုံစုပြီးမှ ပေး၏။ ထိုအခါ စားမည်ပြုစဉ် အရှင်ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်၌နိရောဓ သမာပတ်မှထ၍ လှူထိုက်သော သူတို့ကို ကြည့်တော် မူလတ် သော် ထိုငါးယောက်သောသူတို့ကို မြင်တော်မူ၍ သပိတ်သင်္ကန်း ယူလျက် လာတော်မူပြီးလျှင်ရပ်လေ၏။ ထိုသူဌေးကြီးအစရှိသော ငါးယောက်သော သူတို့သည် အသင့်အားဖြင့် နှလုံးသွင်းကြပြီး သော်၊ သူဌေးကြီးသည် ရှေးဦးစွာ ဤသို့ဆုတောင်း၍လှူ၏။ “အရှင် ဘုရား-ဤစားစရာ တို့ကို လှူရသောကြောင့် မွတ်သိပ်သောဘေး ကို မတွေ့ရပါသို၊ ဇမ္ဗူဒိပါကျွန်းသူတို့အား မျိုးစေ့ထမင်းပေးစွမ်း နိုင်သော မိမိသင်္ကာဖြင့်ကား အမှုလုပ်၍ အသက်မမွေးရစေသော တထောင်နှစ်ရာ ငါးဆယ်သော ကျီတို့ကို သုတ်သင်၍ တံခါး အဝ၌နေလျက် ကောင်းကင်သို့ ကြည့်လတ်သော်၊ ကောင်းကင်မှ သလေးစပါးမိုးရွာစေသော၊ ဖြစ်လေရာရာ ဤမယား, သား, ချွေးမ, ကျွန်တို့သာ ဖြစ်စေသော-ဟု ဆုတောင်း၏။” သူဌေး မယားလည်း ဤသို့ဆုတောင်း၏။ “အကျွန်ုပ်လည်း စားရာဘို့ကို လှူရသောကြောင့် ငတ်မွတ်သောဘေးကိုလည်း မတွေ့ရစေသော၊ တကွမ်းစားသောခွက်ကို ရှေ့တွင်ထား၍ ဇမ္ဗူဒိပါ ကျွန်းသူတို့ အား ပေးသော်လည်း မထမခြင်းမကုန်စေသော၊ ဤလင်စသည် ဤအတိုင်းဖြစ်စေသော” ဟု ဆုတောင်း၏။ သားလည်း မိမိအဘို့

ကိုလှူ၍ ဤသို့ဆုတောင်း၏။ " အရှင်ဘုရား စားရာဘို့ကိုလှူရသော ကြောင့်၊ ငတ်မွတ်သောဘေးကိုလည်း မတွေ့ရလို ဥစ္စာထောင်ထုပ် ကို ရှေ့ဦးထား၍ ဇမ္ဗူဒိပါကျွန်းသူတို့ အားပေး သော်လည်း ဖိတ် သည် ပြည့်မြဲပြည့်စေသော၊ ဤအဓိစသည် ဤအတိုင်းသာ ဖြစ်စေ သော " ဟု ဆုတောင်း၏။ ချွေးမလည်း မိမိအဘို့ကိုလှူ၍ ဤသို့ ဆုတောင်း၏။ " အရှင်ဘုရား စားရာဘို့ကို လှူရသောကြောင့်၊ ငတ်မွတ်သောဘေးတို့ကိုလည်း မတွေ့ရလို၊ စပါးတောင်းကို ရှေ့ ဦးထား၍ ဇမ္ဗူဒိပါကျွန်းသူတို့အား ပေးသော်လည်း မကုန်သည် ဖြစ်စေသော၊ ဤလင် စသည် ဤအတိုင်းသာ ဖြစ်စေ သော " ဟု ဆုတောင်း၏။ ပုဏ္ဏားလည်း မိမိအဘို့ကိုလှူ၍ ဤသို့ဆုတောင်း၏။ " အရှင်ဘုရား စားရာဘို့ကို လှူရသောကြောင့် ငတ်မွတ်သော ဘေးကိုလည်းမတွေ့ရလို၊ တခေါက်ထွန်းလျှင် တဘက်သုံးချောင်း ထွဲ၍ အလယ်တချောင်းနှင့် ခုနစ်ချောင်း ထင်စေသော " ဟု သခင် တို့ကို ချီးမွမ်းမြတ်နိုးသောအားဖြင့် မင်းသေနာပတိ စသည်တို့ကို ဆုမတောင်းဘဲ " ဤအရှင်တို့သည်လည်း ဤအတိုင်းသာဖြစ်စေ သော " ဟု ဆုတောင်း၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း တောင်းတိုင်း ပြည့်စေသောဟု အနုမောဒနာ ပြုတော်မူ၍ ငါးရာသော အရှင် ပစ္စေကဗုဒ္ဓါတို့နှင့် ခွဲခြမ်းသဖြင့် သုံးဆောင်တော် မူလေ၏။ ထို နေ့ခင် သူဌေးကြီးလည်း ငတ်မွတ်၍ ထမင်းတောင်း လေသျှင် ထမင်းအိုးကိုဖွင့်၍ ကြည့်လတ်သော်၊ မြတ်လေးပုံနှင့် တူသော ထမင်းအပြည့်ဖြစ်လာ၏။ ထိုထမင်းကို ငါးယောက်သော သူတို့ သည် သုံးဆောင်၍လည်းမကုန်နိုင်၊ ယူတိုင်းအပြည့်သာ ဖြစ်လာ ၏။ အလုံးစုံသော ကျီတို့သည်လည်း ရှေးအတိုင်းပြည့်၏၊ အလို ရှိသူ ယူပါကုန်ဟု စည်လည်စေ၍ ယူသော်လည်း မကုန်နိုင် အတိုင်းသာ ဖြစ်၏။ ဇမ္ဗူဒိပါကျွန်းလုံး ထိုသူဌေးကိုမှီ၍ ဖြစ်သော ကျီမှယူကြကုန်၏၊ မကုန်နိုင်သည်သာဖြစ်၏။ နောင်အဘို့၌ မိမိတို့ ဆုတောင်းသည်အတိုင်း ပြည့်မည်-မပြည့်မည်ကို စူးစမ်းကုန်အံ့ဟု စုံစမ်းကြသော်၊ ဆုတောင်းသည်အတိုင်း ပြည့်သည်သာ ဖြစ်ကုန်

၏။ဇမ္ဗူဒိပါကျွန်းသူအပေါင်း တို့သည် သူဌေးအိမ်မှသာလျှင် ရွှေ, ငွေရတနာ စပါးစသည်ကို ရကုန်၏။ ထိုသူဌေး၏ နောက်၌ ရွှေဆိတ်ရုပ်ခံသော တရားဟောသလျှင် ရွှေဆိတ်ရုပ် ခြောက်ရုတို့ကို လှူခဲ့သော အပ္ပမာဒတည်းဟူသော ဒါနကောင်းမှုကြောင့် ရှစ်မင်း ပယ်စားအပြည့် ဆင်း,မြင်း,ဥသဘ ပမာဏရှိသော ရွှေဆိတ်ရုပ် တို့သည် မြေနှ ပေါက်လာကုန်၏။ ထိုဆိတ်ရုပ်ခံတွင်းမှ ရွှေ, ငွေ, ယောပတ်အစရှိသော လိုလိုသမျှတို့လည်း ထွက်ကုန်၏။ကုန်သည် ဟူ၍မရှိ၊ ထိုကြောင့် မေဏ္ဍက သူဌေးဟု အမည်တွင်၏။ နောက် အဘို့၌ ငါတို့မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့သို့ ကြွတော်မူလတ် သော်၊ ထိုမေဏ္ဍက သူဌေးသည် ခရီးဦးကြိုဆိုမည်ဟု ထွက်လာ သည်ကို ခရီးအကြား၌ တိတ္ထိတို့မြင်၍ " သူဌေးကြီး ကိရိယအယူ ရှိသော ဘုရားဂေါတမသို့ မသည်းကပ်လင့်, "ဤသို့ အကြိမ်ကြိမ် တားမြစ်သော်လည်း နားမထောင်မူ၍ သွားလေပြီးသော် အနီး၌ ရှိခိုးလျက် ရိုသေစွာနေ၏၊ ထိုအခါ မြတ်စွာဘုရားသည် တရား ဟောတော်မူ၏။ ဒေသနာ၏အဆုံး၌ သူဌေးသည် သောတာပတ္တိ ဖိုလ်၌ လည်လေ၏၊ခင်ပွန်းစသော လေးယောက်သော သူတို့သည် လည်း သောတာပန် ဖြစ်ကြကုန်၏။

---

## ဝိပဿနာ ဘာဝနာကို ပွားများခြင်းကြောင့် ရဟန္တာ ဖြစ်ဘူးသော မိတ္တာကာလီ ဝတ္ထု၊

ဝိပဿနာ, ဘာဝနာကို ပွားစေခြင်းကြောင့် ရဟန္တာဖြစ်ဘူး သော သက်သေကား၊ ငါတို့ဘုရား လက်ထက် မိတ္တာ ကာလီ မည်သော ထေရီသည် ရှေးရှေးသောဘုရားရှင်ထံ၌ ဒါန,သီလ, ဘာဝနာပွားစေခြင်း စသော ကောင်းမှု ကုသိုလ်ကို ပြု၍၊ ထိုထို ဘဝတို့၌ နိဗ္ဗာန်၏အကြောင်း ကောင်းမှုဘာဝနာကိုသာ ဆည်းပူး ၍ လူ့ဘုံ,နတ်ဘုံ၌ စည်းစိမ်ချမ်းသာ စံစားလျက်၊ ငါတို့ဘုရား လက်ထက် ကုရုရာဇ်တိုင်း၌ ကမ္မာသဒမ မည်သောနိဂုံး၌၊ပုဏ္ဏား သွီးဖြစ်၍ သိ-ကြား,လိမ္မာသောအရွယ်သို့ရောက်လတ်သော်၊သတိ

ပဋ္ဌာန် ဒေသနာကိုနာရသဖြင့် သဒ္ဒါကြည်ညိုခြင်းရှိလျက် ဘိက္ခုနီမတို့ အထံ၌ ရဟန်းပြု၍ ခုနစ်ရက်ပတ်လုံး လာဘသက္ကာရ မက်မောသည်ဖြစ်၍ ဗဟုသုတ ဓမ္မကထိက ဖြစ်သော ထေရီတို့နှင့် ခိုက်ရန် များရကား၊ ရဟန်းတရားကို အားမထုတ်သော်လည်း ငြ်ဲမိုလ်မရ၍ နောက်အတ္တဘော၌ အသင့် နှလုံးသွင်းလျက် ဝိပဿနာကို အားထုတ်သည်ရှိသော်၊ မကြာမြင့်မီလျှင် ပဋိသမ္ဘိဒါ ဉာဏ်နှင့်တကွ ရဟန္တာဖြစ်၍ မိတ္တကာလီဟု ထင်ရှားဖြစ်၏။

## ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်၍ ရဟန္တာ ဖြစ်ဘူးသော အပွရာဇိတ ဒါယကာဝတ္ထု

ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်၍ ရဟန္တာ ဖြစ်ဘူးသောသက်သေကား၊ လွန်လေပြီးသောအခါ ကိုးဆဲ့ တကမ္ဘာ ထက်၌ ဝိပဿီဘုရား ပွင့်တော်မူ၏။ ထိုအခါ အပွရာဇိတ မည်သော ဒါယကာသည် မြတ်စွာဘုရားနေတော်မူရာ ရတနာခုနစ်ပါးဖြင့် ပြီးသော ဂန္ဓကုဋိ ကျောင်းတော်ကို ဆောက်၏။ ကုဋိတော်၏ အနီး၌ အင်္ဂတေဖြင့် အပြေအပြစ် ပြုအပ်သော ရေကန် သုံးခုတူးစေ၍ နံ့သာမျိုး လေးပါးဖြင့်ပြည့်၏။ ဂန္ဓကုဋိတော်၏ ထက်ဝန်းကျင်၌ ရွှေ,ငွေစသော ရတနာခုနစ်ပါးတို့ကို ပုဆစ်နစ်မျှကြဲ၍ ထိုဒါယကာ နှလုံးသွင်းခြင်းကား၊ မသဒ္ဒါသောသူတို့သည် ဥစ္စာကို လိုသဖြင့် တရား နာ လာတော့မည်၊ နာရသဖြင့် ဆင်းရဲမှ လွတ်ရမည်ဟု နှလုံးသွင်း၍ကြဲ၏။ အစောင့်ထားသောသူတို့သည်လည်း တောင်းနှင့် လည်းကောင်း, အိတ်နှင့် လည်းကောင်း ယူသောသူတို့ကို တားမြစ်၏။ လက်ခုပ်နှင့် ယူသော သူတို့ကား အလိုအတိုင်းပင် ယူစေ၏၊ မြတ်စွာဘုရား ခြေတော်ရင်း အနီး၌ အဘိုး အတိုင်း မသိ ထိုက် သော သစ္စါးသီး ပမာဏ ရှိသော ပတ္တမြားရတနာကို ထား၏။ ထိုပတ္တမြားရတနာကို နောက်အတွင်း၌ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏား တယောက်သည် သဒ္ဒါသူ မြတ်စွာဘုရားအား ရှိခိုးဟန်ပြု၍ ယူလေ၏။ ထိုအခါ အပွရာဇိတမည်သောဒါယကာ

သည်၊ ငါကား၊ ဘုရား အရှောင်တော်နှင့် ပတ္တမြား အရောင် ပေါင်းဘော်မိသဖြင့် ပရိသတ်အပေါင်း ရှုခပြီးသည့် ဖြစ်ပါစေဟု ထားပါသည်ကို ယူလေဘိသနည်းဟု နှလုံးမသာဖြစ်၍၊ မြတ်စွာ ဘုရားသည်၊ ဒါယကာ - နောင်အခါ ငါဥစ္စာသည် ရန်သူနှင့် မဆက်ဆံလင့်ဟု ဆုတောင်းခြင်းငှာ မတတ်နိုင် လေသဟု မေး တော်မူလတ်သော်၊ အရှင်ဘုရား၊ ဤရတနာခုနစ်ပါးဖြင့်ပြီးသော ကြောင့် ယနေ့ကိုအစပြု၍ အကျွန်ုပ်ဥစ္စာကို မိစ္ဆာချည် တမျှင်မျှ ကိုလည်း အရာမကသောမင်း, အရာမကသော ခိုးသူ တို့ သည် မယူနိုင်သည် ဖြစ်စေသတည်း။ အကျွန်ုပ် ဥစ္စာကို မီးမလောင် နိုင်သည် ဖြစ်စေသတည်း၊ ရေမနစ်နိုင်သည် ဖြစ်စေသတည်းဟု ဆုတောင်း၏။ မြတ်စွာဘုရားလည်း တောင်းတိုင်း ပြည့်စေ သတည်းဟု အနုမောဒနာပြု၏။ ထိုဒါယကာသည် ဂန္ဓကုဋီကို ပူဇော်လိုသည်ဖြစ်၍၊ ခြောက်သန်း, ရှစ်သိန်းသော ဘုရား အမှူး ရှိသောသံဃာတော်တို့အားကိုးလအလှူကြီးကိုပေး၏။သံဃာတော် တို့အား ရသော သင်္ကန်းဘိုသည် အဘိုး တထောင်ထိုက်၏၊ ထို ဒါယကာသည် အသက်ဆက်ဆုံး ကောင်မှုကုသိုလ်ကိုပြု၍ ထိုမှ စုတေသော် နတ်ရွာ၌ဖြစ်လေ၏။ ရှည်ကြာစွာသော ကာလပတ်လုံး လူဘုံ,နတ်ဘုံ၌ဖြစ်၍ ငါတို့ မြတ်စွာဘုရားလက်ထက် စည်းစိမ် ဥစ္စာနှင့်ပြည့်စုံသော သူဌေးမျိုး၌ ဖြစ်၍၊ ဖွားသောနေ့၌ မြို့အလုံး ဝယ် လက်နက် အလုံး, တန်ဆာ အလုံး တောက်ပ သည်ကို အကြောင်းပြု၍ ဇောတိကဟု မှည့်၏၊ အရွယ်ရောက်သော အခါ အိမ်ဆောက် လို ၍ မြေသုတ် သင် လတ် သော်၊ သိကြားမင်း၏ ကျောက်ဖျာဖြင့် တင်းတင်းခက်ခာ ပူဆာခြင်းရှိ၍ ကြည့်လျှင်၊ ထိုအကြောင်းကိုသိလျက် လက်သွား အသွင် လာပြီးသော်၊ တဆဲ့ ခြောက်မင်း ပယ်စားအရပ်၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ်၊ ရတနာခုနစ်ပါးဖြင့် ပြီးသော တံတိုင်း ခုနစ်ထပ်တို့၏ အကြားအကြား၌ ပဒေသာပင်၊ ပြာသာဒ်လေးထောင့်၌ တယူဇနာ သုံးဂါဝုတ်၊ ယူဇနာခွဲ၊ တဂါဝုတ်ရှိသော ရွှေအိုးကြီး လေးလုံး၊

အောက်ကိုမြေအဆုံး ပြာသာဒ် သေးထောင့်၌ ထန်းပင် ပမာဏ ရှိသော ရွှေကြာပင်၊ ဤသို့ အဘိုင်းမသိသော ရတနာတို့ကို ဘန် ဆင်း၏၊ တံတိုင်းခုနစ်ထပ် အကြားတို့တွင် ပဌမ တံခါးမုခ်၌ အကြီးနှင့် တကွ ဘီလူးတထောင်၊ ဒုတိယ၌ အကြီးနှင့် တကွ ဘီလူးနှစ်ထောင်၊ ၎င်းအစဉ်အဘိုင်း သုံးထောင်, လေးထောင်, ငါးထောင်, ခြောက်ထောင်, ခုနစ်ထောင်သော ဘီလူး တို့သည် စောင့်နေကုန်၏။ ထိုဇောတိကနှင့် ရှေးက ကောင်းမှုပြုဘက် ခင်ပွန်းကား၊ ဥတ္တရကုရုကျွန်း၌ဖြစ်သဖြင့် နတ်တို့ ဆောင်ခဲ့၍ ဇောတိက ခင်ပွန်းအဖြစ်သို့ ရောက်၏၊ လာသောကာလ ဆန် တကွမ်းစား ဇောတိကမည်သော ကျောက်မျှသာ ပါ၏။ ထိုဆန် သည်၊ အသက်ထက်ဆုံး သုံး၍မကုန်၊ ဖှည်းငါးရာဖြင့် တင်လို သော်လည်း ပြည့်၏၊ ထိုဇောတိကသူဌေး၏ ဂုဏ်ကျေးဇူးသည် ဇမ္ဗူဒိပါကျွန်းလုံးနှံ့၍ အကြည့်အရှု လာသော သူတို့ကိုလည်း အသိအတိုင်း ရွှေ, ငွေ, ရတနာ ပေးလိုက်၏၊ ဤသို့ အတိုင်းမသိ မရေမတွက်နိုင်သော စည်းစိမ်ကို သိကြားမင်းကဲ့သို့ စံစား၍ နောက်ကာလ ရောက်လတ်သော်၊ သဗ္ဗညု ဘုရားရှင်ထံ၌ ရဟန်း ပြုချက် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်၍ ပွားစေသည်ရှိသော်၊ ပဋိသမ္ဘိဒါ အဘိညာဉ် သမာပတ်တို့နှင့်တကွ ရဟန္တာ အဖြစ်သို့ ရောက်၍ ဇောတိကမထေရ်ဟု ထင်ရှားစွာဖြစ်၏။

---

## အရိုအသေပြု၍ရှိခိုးခြင်း ဘာဝနာ ကုသိုလ်ကြောင့် အသက်ရှည်ခြင်းစသော အကျိုးလေးပါးကို ရသော ပုဏ္ဏားရှစ်ယောက်ဝတ္ထု၊

အရိုအသေပြု၍ရှိခိုးခြင်းဘာဝနာကုသိုလ်ကြောင့်အသက်ရှည် ခြင်း စသော အကျိုးလေးပါးကို ရရာ၌ သက်သေကား၊ ရှေး လွန်လေပြီးသော အခါ ဒိဃာသင်္ဂါကမြို့၌ နေသော ပုဏ္ဏား ရှစ် ယောက်တို့သည် ရသေ့ပြုကြကုန်၏။ တရံရောအခါ တယောက် သော ရသေ့သည် လူထွက်၍ အိမ်ရာထောင်ပြီးသော်၊ တရံရော

အခါ သား,မယားနှင့် တကွ မိမိအဆွေ ရသော့ကို ရှိခိုးခြင်းငှာ သွား၍ သားငယ်ကို မယားလက်၌ ထား၍ မိမိရှိခိုး လတ်သော်၊ "ဒီဃာယုကော ဟောတု" ဟူ၍ ဆို၏၊ တဖန် မယား ရှိခိုးပြန်သော်လည်း "ဒီဃာယုကော ဟောတု"ဟူ၍ဆို၏၊ သားငယ်ကို ရှိခိုးစေလတ်သော် ဆိတ်ဆိတ်နေ၏၊ အဘယ်ကြောင့် "ဒီဃာယုကော ဟောတု"ဟု မဆိုသနည်းမေးသော်၊ သူငယ်သည် ခုနစ်ရက်သာ အသက်ရှည်အံ့ အန္တရာယ်ထင်သည်ဟု ဆိုလတ်သော်၊ "အရှင်ဘုရား အန္တရာယ်ကို တားမြစ်၍ အသက်ရှည်ခြင်း၏ အကြောင်းကို ဆိုတော်မူပါ"ဟု ဆိုပြန်၏၊ "ဒါယကာ၊အသက်ရှည်ခြင်း၏ အကြောင်းကို မသိ၊ အရှင် ဂေါတမသာ သိသည်၊ အရှင်ဂေါတမသို့ ကပ်လေဟု ဆိုသောကြောင့် သား, မယားနှင့် တကွ ဘုရားမြတ်စွာ အထံသို့ ချဉ်းကပ်၍ မိမိ ရှိခိုး လတ်သော်ငင်း, မယားရှိခိုးလတ်သော်ငင်း "ဒီဃာယုကော ဟောတု" ဟု မိန့်တော်မူ၏။ သူငယ်ကို ရှိခိုးစေလတ်သော် ဆိတ်ဆိတ် နေတော်မူ၏၊ ထိုအကြောင်းကို လျှောက် ပြန် လတ် သော်၊ သူ ငယ် သည် အန္တရာယ် ထင်သည်ဟု မိန့်တော်မူ၏၊ အန္တရာယ်ကို တားမြစ်ခြင်း၏ အသက်ရှည်ကြောင်းကိုအမိန့်တော်ရှိပါသည်ဟု လျှောက်သောကြောင့်၊ "ဒါယကာ-သင့်အိမ်တံခါး၌ မဏ္ဍပ်ကို ဆောက်၍၊ မဏ္ဍပ်အလယ်၌ အင်းပျဉ် ခင်းပြီးသော် အင်းပျဉ်ကိုရံ၍ ရှစ်ခုသော နေရာကိုငင်း, တဆဲ့ခြောက်ခုသော နေရာကိုငင်း ခင်း၍ ထိုနေရာ၌ ငါ၏တပည့်တို့ကို နေစေလျက်၊ခုနစ်ရက်ပတ်လုံးမပြတ်ပရိတ်ကို အကယ်၍ရွတ်စေသည်ဖြစ်အံ့၊အန္တရာယ်ပျောက်ရာ၏ဟု မိန့်တော်မူလျှင်။ ထိုဒါယကာသည် အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံ၍ မိန့်တော်မူတိုင်း မဏ္ဍပ်ဆောက်ပြီးလျှင်၊အင်းပျဉ်ကိုငင်း, နေရာကိုငင်း ခင်းပြီးသောအခါ မြတ်စွာဘုရားသခင် ကိုယ်တော်ကြွလာတော်မူ၏၊ ထိုအခါ အလုံးစုံသော နတ်တို့သည် စည်းဝေးကုန်၏၊ တယောက်သော အဝရုဒ္ဓက ဘီလူးသည်ထည်း တဆဲ့နှစ်နှစ်ပတ်လုံး ဝဿဝဏ္ဏနတ်မင်းကို လုပ်ကျွေး၍၊ထိုနတ်မင်းအထံမှ

ထိုသူငယ်ကို ယူလေတော့ဟု ခွင့် မရသောကြောင့်၊ လာပါသော်လည်း ဘုန်းကြီးသော နတ်တို့ စည်းဝေး လာသောကြောင့် တဆဲ့နှစ်ယူဇနာတိုင် ဆုတ်၍နေရ၏။ မြတ်စွာဘုရားလည်း တညဉ့်ပတ်လုံး ပရိတ်ရွတ်တော်မူ၏။ ခုနစ်ရက်လွန်သော် အဝရုဒ္ဓကသည် သူငယ်ကို မရရှိလေ၏။ ရှစ်ရက်မြောက်သောနေ့၌ အရုဏ်တက်လတ်သော်၊ ထိုသူငယ်ကို မြတ်စွာဘုရားအား ရှိခိုးစေ၍ မြတ်စွာဘုရားလည်း " ဒီဃာယုကော ဟောတု " ဟု မိန့်တော် မူ၏။ ထိုသူငယ်သည် ရဟန်းတို့ ပရိတ်ရွတ် သဖြင့် အန္တရာယ် ကင်း၍ မြတ်စွာဘုရားအား ရှိခိုးသဖြင့် အသက်တရာ့နှစ်ဆယ် ရှည်လတံ့ဟု မြတ်စွာဘုရား မိန့်တော်မူသောကြောင့်၊ အာယုဝဍ္ဎန ကုမာရဟု အမည်မှည့်ကုန်၏။ ထိုသူငယ်သည် ကြီးသဖြင့် ငါးရာသော သီတင်းဘော် ခြံရံလျက်သွား၏။ ထိုအခါ ရဟန်းတို့သည် ဤသူငယ်ကား ခုနစ်ရက်သာ အသက်ရှည်အံ့သည် ဖြစ်လျက်၊ အသက်တရာ့နှစ်ဆယ် ရှည်အံ့သည်ဟု မိန့်တော်မူ၏။ သတ္တဝါ တို့အား အသက်ရှည်အံ့သောအကြောင်းရှိသလော စကားစပ်ပြောရာတွင် မြတ်စွာဘုရား ကြွလာတော်မူ၍ ဘယ်စကားကို ပြောလျက် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူ၏။ အကြောင်းကို လျှောက်ထားကြကုန်လတ်သော်၊ ရဟန်းဂုဏ်ရှိသောသူတို့ကို ရှိခိုးသောသူတို့သည် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အားနှင့် ပြည့်စုံခြင်း ဤလေးပါးတို့ဖြင့် ပွားခြင်းသို့ ရောက်ကုန်၏။

## ရှိခိုးခြင်းဖြင့် ပြုအပ်သော ဘာဝနာမယ ကုသိုလ်ကြောင့် ပဋိသန္ဓေ၌ ချမ်းသာသုခနှင့် ပြည့်စုံသော သမ္မာဒိဋ္ဌိ သူငယ်ဝတ္ထု၊

ထိုမှတပါး ရှိခိုးခြင်းဖြင့် ပြုအပ်သော ဘာဝနာမယ ကုသိုလ်ကို ပွားစေခြင်းကြောင့် ပဋိသန္ဓေ၌ ချမ်းသာရဘူးသော သက်သေကား၊ မြတ်စွာ ဘုရားသည် ကိုယ်တော် ထင်ရှား ရှိတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ သမ္မာဒိဋ္ဌိအမျိုး၌ သားငယ်တယောက်၊ မိစ္ဆာဒိဋ္ဌိ

အယူ၌ တယောက်၊ ဤနှစ်ယောက်တို့သည် ဂုံညင်းကစားသည်ရှိသော်၊ သမ္မာဒိဋ္ဌိ အယူရှိသော သူငယ် သည် မြတ်စွာဘုရားဂုဏ်တော်ကို အောက်မေ့လျက် "နမော ဗုဒ္ဓဿ" ဟု ရွိခိုး၍ ဂုံညင်းကိုပစ်၏၊ မိစ္ဆာဒိဋ္ဌိအယူရှိသောသူသည် ဒိဋ္ဌိတို့၏ ကျေးဇူးကို အောက်မေ့လျက်။ "နမော အရဟန္တာနံ"ဟု ရွိခိုး၍ ဂုံညင်းပစ်၏၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သူငယ်သည်ရှုံး၏။ သမ္မာဒိဋ္ဌိအယူရှိသော သူငယ်သည်အောင်၏၊ ထိုအခါ မိစ္ဆာဒိဋ္ဌိ သူငယ်သည် သမ္မာဒိဋ္ဌိသူငယ်၏ အမှုအရာကို မြင်လျှင်၊ ဤသူသည် ဘုရားကျေးဇူးကိုအောက်မေ့၍"နမော ဗုဒ္ဓဿ"ဟုဆိုလျက်ထိုး၍အောင်၏။ ငါသည်း ဤကဲ့သို့ဆိုအံ့ "ဗုဒ္ဓါနုဿတိ" ကို လေ့လာစွာပြု၏။ တရံရောအခါ အဘနှင့်တကွ ထင်းအလို့ငှာ တောသို့သွား၍ ပြန်လတ်သော် သုသာန်နား၌ လှည်းကိုချွတ်လျက် အပန်းဖြေသည်။ နွားတို့သည် မြို့တွင်းသို့ဝင်၍ အဘလိုက်စဉ် တံခါးပိတ်နှင့်သောကြောင့် သူငယ်တယောက်ထည်းသာ လှည်းအောက်၌ အိပ်၏။ ထိုအခါ မိစ္ဆာဒိဋ္ဌိ ဘီလူး, သမ္မာဒိဋ္ဌိဘီလူးသည် စားအံ့သောငှာ သူငယ်ခြေကို ကိုင်သည် ရှိသော် သူငယ်သည် ဗုဒ္ဓါနုဿတိကို လေ့လာ ပွန်းတီးလှသောကြောင့်၊ "နမော ဗုဒ္ဓဿ" ရွတ်သောအားဖြင့် ရွိခိုးသော် ဘီလူးသည် ကြောက်လန့်၍ အပြစ်ကို ကန်တော့သောအားဖြင့် ဗိမ္ဗိသာရမင်း၏ စားတော် ထမင်းကို ရွှေခွက်ဖြင့်ဆောင်၍ မိဘကဲ့သို့ တည့်ဥပတ်လုံး စောင်မသဖြင့် လုပ်ကျွေးလျက် ချမ်းသာစွာ အိပ်ရ၏။

## ရှိခိုးခြင်းဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော ကောဏ္ဍလိထေရ်ဝတ္ထု၊

ထိုမှတပါး အရိုအသေရှိခိုးခြင်း ဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကိုးဆယ့်လေးကမ္ဘာထက်၌ သိဒ္ဓတ်မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ တယောက်သော ဒါယကာသည် သိဒ္ဓတ်

မြတ်စွာဘုရားကိုကြည်ညိုလှသောစိတ်ဖြင့် တကြိမ်သာလျှင် အရိုအသေရှိခိုး၏။ ထိုဒါယကာသည် အသက်အတိုင်းနေ၍ သေလွန်သော်၊ထိုတကြိမ် ရှိခိုးသောကောင်းမှုကြောင့် တုသိတာနတ်ပြည်၌ ဖြစ်၏။ ဤသို့သောနည်းဖြင့် လူပြည်, နတ်ပြည် ကျင်လည်၍ ငါတို့ မြတ်စွာဘုရား လက်ထက် သူကြွယ်အမျိုး၌ ဖြစ်သဖြင့်၊ အရွယ်ရောက်သော် သာသနာတော်၌ ရဟန်းပြု၍ မကြာမြင့်မီ ဈာန်အဘိညာဉ် သမာပတ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၍ ကေဋ္ဌလိထေရ်ဟု အကျော်အစောဖြစ်လာ၏။

## ရှိခိုးခြင်းဘာဝနာမယကုသိုလ်ကြောင့် ရဟန္တာ ဖြစ်ဘူးသော ပါဒသညိကထေရ်ဝတ္ထု

ထိုမှတပါးလည်း ရှိခိုးခြင်းဘာဝနာကုသိုလ်ကြောင့် ရဟန္တာ ဖြစ်ဘူးသော သက်သေကား၊ ရှေးလွန်လေပြီးသော ကမ္ဘာ၌ တိဿ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ တယောက်သော ရသေ့သည် ဟိမဝန္တာတော၌နေ၏။ တိဿ မြတ်စွာဘုရားသည် ထိုရသေ့ကို သနားတော်မူသဖြင့် ဟိမဝန္တာတောသို့ ကြွတော်မူ၍ ထိုရသေ့ မြင်ရာအရပ်၌ ခြေတော်ရာကို ချတော်မူခဲ့၏။ ထိုရသေ့သည် ထိုခြေတော်ရာကို မြင်လျှင် အလွန်ကြည်ညိုစွာသော စိတ်ရှိသည်ဖြစ်၍ ငါးပါးသော ထိခြင်းဖြင့် ရိုသေစွာရှိခိုး၏။ထိုရသေ့သည် အသက်အတိုင်းနေ၍ သေလွန်သော် နတ်ပြည်၌ဖြစ်၏။ ကြီးစွာသောနတ်တို့၏ ချမ်းသာကိုစံစားရ၏။ ဤသို့သောနည်းဖြင့် ကမ္ဘာအရှည်အလျား လူတုံ့, နတ်တုံ့၌ ကျင်လည်၍ ငါတို့မြတ်စွာဘုရားလက်ထက် သူကြွယ်အမျိုး၌ ဖြစ်သည်ရှိသော်၊ သာသနာတော်၌ ရဟန်းပြုသဖြင့် ဈာန်အဘိညာဉ် သမာပတ်တို့နှင့် တကွ ရဟန္တာအဖြစ်သို့ရောက်၍ ပါဒသညိကမထေရ်ဟု ထင်ရှားစွာ ဖြစ်လာ၏။

## မေတ္တာကမ္မဋ္ဌာန်းကို အားထုတ်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်ဘူးသော အရှင်သောပါကထေရ်ဝတ္ထု။

မေတ္တာကမ္မဋ္ဌာန်းကိုအားထုတ်လျက်ပွားစေအပ်သောဘာဝနာကြောင့် အရဟတ္တဖိုလ်သို့ ရောက်ဘူးသော သက်သေကား၊ ငါတို့မြတ်စွာဘုရားလက်ထက်၌ အရှင်သောပါကမထေရ်သည် ရှေးရှေးသော ဘုရားသာသနာတော်၌ နိဗ္ဗာန်၏ အကြောင်းဖြစ်သော ဘာဝနာ ကုသိုလ်ကောင်းမှုကိုပြု၍ ကောဏ္ဍသံ မြတ်စွာဘုရားလက်ထက်တော်၌ အဍတ်မရှိသော သူကြွယ်သားဖြစ်၏။ အရွယ်ရောက်လတ်သော် တနေ့သ၌ မြတ်စွာဘုရားကို ကြည်ညိုသောကြောင့် ရှောက်ချိုသီးကိုလှူ၏၊ မြတ်စွာဘုရားသည်လည်း သနားတော်မူသည်ဖြစ်၍ အလှူခံတော်မူ၏။ ရဟန်းသံဃာ တို့၌လည်း အလွန် ကြည်ညိုသည်ဖြစ်၍ " သလာကဘတ် " ဟူသော စာရေးတန်ဆွမ်း ဖြစ်စေခြင်းငှာ၊ သံဃာ မှည့်ဆွန်း၍ရသော သုံးဦးသော ရဟန်းတို့အား အသက်ထက်ဆုံး နွားနို့ဆွမ်းကိုလှူ၏။ ထိုသူသည် မြတ်စွာဘုရားအား ရှောက်ချိုသီးလှူခြင်း,စာရေးတန် နွားနို့ဆွမ်းလှူခြင်းဟူသော ကုသိုလ်ကောင်းမှု စေတနာကြောင့် အဆင့်ဆင့် လူ့ဘုံ, နတ်ဘုံ၌ လူတို့၏ စည်းစိမ်ချမ်းသာကိုသာ ခံစား၍ တဖန်လည်း တခုသောဘဝ၌ ဖြစ်သဖြင့်၊ သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်လျက် တဆူသော အရှင်ပစ္စေကဗုဒ္ဓါအား နို့ရည်ဆွမ်းကိုလှူ၏။ ဤသို့ ထိုထိုဘဝ၌ ကုသိုလ်ကောင်းမှုပြု၍ သုဂတိ ဘုံ၌သာလျှင် ကျင်လည်ခြင်းရှိသဖြင့်၊ လူမင်း, နတ်မင်းတို့၏ စည်းစိမ်ချမ်းသာကို စံစားပြီး၍ ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ အစမထင် ရှေးရှေးသော သံသရာဘဝ၌ ပြုအပ်သော မကောင်းမှုကံသည် နှောက်ရှက်သောကြောင့် အလွန်ဆင်းရဲလှသော မိန်းမဝမ်း၌ ပဋိသန္ဓေ နေသဖြင့် ဆယ်လစေ့၍ ထိုသူငယ်ကို ဖွားအံ့သော ကာလ၌ မဖွားနိုင်သည်ရှိသော်၊ အမိသည် မိန်းမောလျက် ကြာမြင့်စွာ အိပ်

သည်ကို အဆွေညာတကာတို့သည် သေလေပြီဟူသော အမှတ်ဖြင့် သုသာန်သို့ဆောင်၍ ထင်းပုံသို့ တင်သည်ရှိသော်၊ နတ်တို့သည် မိုးနှင့်တကွသော လေကိုလာစေ၍ မီးမတောက်ဘဲ နေကြကုန်၏။ သူငယ်သည် ပစ္ဆိမ ဘဝိကဖြစ်၍ နတ်တို့၏ အာနုဘော်ဖြင့် အမိဝမ်းမှ ချမ်းသာစွာဖွား၏။ အမိမူကား စုတေရလေ၏။ နတ်တို့လည်း သူငယ်ကိုယူ၍၊ လူ၏အသွင်ဖြင့် သုသာန်စောင့်၏ အိမ်၌ နေစေလျက်၊ နှစ်ကြိမ်,သုံးကြိမ် ကာလပတ်လုံး လူ၏အသွင် မွန်မြတ်သော အာဟာရကိုပေး၍ လုပ်ကျွေး၏။ ထိုနောင်မှ သုသာန်စောင့်သည် ထိုသူငယ်ကို မိမိသား ပြုလျက် မွေးကျွေး၏။ ဤသို့သောနည်းဖြင့် ကြီးသည်ရှိသော်၊ သုသာန်စောင့်၏သား သုပ္ပိယနှင့်တကွ ကစားလျက်နေ၏။ သုသာန်၌ဖွား၍ သုသာန်၌ကြီးသောကြောင့် သောပါကဟုမှည့်၏။ တနေ့သ၌ ထိုသူငယ် ခုနစ်နှစ်ရှိပြီးသော်၊ မြတ်စွာဘုရားသည် ထိုအခါသဗ္ဗညုတ တည်းဟူသော ကွန်ရက်ကို ဖြန့်တော်မူလျှင်၊ ထို သောပါက သူငယ်ကို ဉာဏ်ကွန်ရက်၌ထင်သည်ကိုမြင်တော်မူ၍ သုသာန်သို့ကြွတော်မူ၏။

ထို သောပါက မည်သော သူငယ်သည် ရှေး၌ ပြုခဲ့ဘူးသော ကောင်းမှုကံ တိုက်တွန်းသည် ဖြစ်၍ သဗ္ဗညု မြတ်စွာ ဘုရားကို မြင်လျှင်ပင် အလွန် ကြည်ညိုသော စိတ် ရှိသည်ဖြစ်၍ မြတ်စွာဘုရား အထံသို့ ချဉ်းကပ်လျက် ရိုသေစွာ ရှိခိုး၍ နေ၏။ သဗ္ဗညု မြတ်စွာဘုရား သည်လည်း တရား ဟောတော်မူ၏။ သောပါကလည်း တရားတော်ကို နာသဖြင့် အလွန်ကြည်ညိုလှသောကြောင့် ရဟန်းပြုလိုသော စိတ်ဖြင့် မြတ်စွာဘုရားအား ရဟန်းအဖြစ်ကို ခွင့်တောင်း၏။ "အဘတို့ ခွင့်ပြုသလော" ဟု မိန့်တော်မူသော်၊ ခွင့်မပြုကြောင်းကို လျှောက်သဖြင့်၊ သုသာန်စောင့်အထံသို့ ဆောင်၍ ခွင့်ပြုပြီးသော် ရဟန်းအဖြစ်ကို ပေးတော်မူ၏။ "မေတ္တာဘာဝနာကို အားထုတ်လော့" ဟုတိုက်တွန်းတော်မူ၏။ မေတ္တာကမ္မဋ္ဌာန်းကို ယူ၍ သုသာန်၌ နေလျက် အားထုတ်သည်ရှိသော်၊ မကြာမြင့်မီ မေတ္တာ ဈာန်ကို ရ၍ ထိုဈာန်ကို အခြေပြုလျက် ဝိပဿနာကို

အဆင့်ဆင့်ပွားစေ၍ ခုနစ်နှစ်အရွယ်ကပင် အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ သောပါက မထေရ် ဟု ထင်ရှားစွာဖြစ်၏။

---

## ဘုရားကိုအမှီပြု၍ ပွားများအပ်သော ဘာဝနာ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော ဘဒ္ဒဇိမထေရ် ဝတ္ထု။

ဘုရားကို အမှီပြု၍ ပွားစေအပ်သော ဘာဝနာဖြင့် ရဟန္တာဖြစ်သော သက်သေကား၊ ငါတို့ မြတ်စွာဘုရား သာသနာတော်၌ ထင်ရှားသော ဘဒ္ဒဇိမထေရ်သည် ပဒုမုတ္တိုရ်ဘုရား လက်ထက် ပုဏ္ဏားအမျိုး၌ဖြစ်၍ ဗေဒင်သုံးပုံကို တတ်ခြင်း၌ အနှစ်မရှိ သည်၏ အဖြစ်ကိုမြင်သဖြင့် ကာမဂုဏ်ကိုစွန့်၍ ရသေ့ရဟန်းပြုပြီးသော် မဟာပုန်နဲတော၌ သင်္ခမ်းဆောက်၍နေစဉ်၊ တနေ့သ၌ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူသော ပဒုမုတ္တိုရ်ဘုရားကိုမြင်၍ ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ လက်အုပ်ချီလျက် ရပ်၏။ မြတ်စွာဘုရားသည် ထိုသူ၏ ကြည်ညိုသောစိတ်ကို သိတော်မူ၍ ကောင်းကင်မှ သက်တော်မူသည်ရှိသော်၊ ထိုရသေ့သည် မြတ်စွာဘုရားအားပျားရည်ကိုလည်းကောင်း, ကြာစွယ်ကိုလည်းကောင်း, ထောပတ်ကို လည်းကောင်း, နို့ရည်ကို လည်းကောင်း လှူ၏။ မြတ်စွာဘုရားသည် ထိုသူအား သနားသဖြင့် အလှူကိုခံပြီးသော် အနုမောဒနာပြု၍ ကြွတော်မူ၏။ ထိုသူသည် ဤ လေးပါးသော ကောင်းမှုကြောင့် တုသိတာ နတ်ပြည်၌ဖြစ်၍ မရေတွက်နိုင်သော နတ်၏ စည်းစိမ်ချမ်းသာကို စံစားလျက် အသက် အတိုင်းမသိ နေ၍ စုတေသည်ရှိသော်၊ အဆင့်ဆင့် သုဂတိဘုံ၌သာကျင်လည် လူ, နတ်တို့၏ စည်းစိမ်ချမ်းသာကို စံစားလျက် ကျင်လည်သည်ဖြစ်၍ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌ များလှစွာသော ရတနာ ရွှေ,ငွေ,ဥစ္စာရှိသော သူဌေးကြီး ဖြစ်သဖြင့်၊ ခြောက်သောင်း ရှစ်

ထောင်သော ရဟန်း,သံဃာ အပေါင်းအား ဆွမ်းလုပ်ကျွေး၍ သင်္ကန်းအစုံ သုံးထည်ကို လှူ၏။ ဤသို့ များစွာသော ကောင်းမှုကို ပြု၍ ထိုကိုယ်၏ အဖြစ်မှ ရတေသည်ရှိသော်၊ နတ်ပြည်၌ ဖြစ်၍ နတ်၏ စည်းစိမ်ချမ်းသာကို အသက် အတိုင်း စံစားပြီးမှ ရတေ သည်ရှိသော်၊ ငါတို့ဘုရား မပွင့်မီ ငါးရာသော အရှင် ပစ္စေက ဗုဒ္ဓါ ဘုရားတို့ကို ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ဟူသော ပစ္စည်း လေးပါးတို့ဖြင့် လုပ်ကျွေး၏။ ဤကုသိုလ်ဓမ္မကို အားထုတ်လျက် ထိုကိုယ်အဖြစ်မှ ရတေသည်ရှိသော်၊ မင်းမျိုး၌ဖြစ်၍ မင်းကျင့် တရားနှင့်ညီစွာ လူအပေါင်းကို ဆုံးမလျက် မင်းပြု၏။ ထိုအခါ မိမိ၏သားသည် ပစ္စေကဗုဒ္ဓါ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ အဘ မင်းသည်လည်း သားဖြစ်သော ပစ္စေကဗုဒ္ဓါ ဘုရားကို ရှိသေစွာ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးလျက် အသက်တော်ရှည် သ၍ ကာလပတ်လုံး ကိုးကွယ်ပြီးမှ ပရိနိဗ္ဗာန် ပြုသည် ရှိသော်၊ ဓာတ်တော်တို့ကို စေတီတည်၍ နေ့တိုင်းပူဇော်၏။ ဤသို့ များစွာ သော ကုသိုလ်ကောင်းမှုကို ပြု၍ ငါတို့မြတ်စွာဘုရားလက်ထက် တော်ဝယ် ဘဒ္ဒိယမြို့၌ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော ဘဒ္ဒိယ သူဌေးသားဖြစ်၏။ ဘဒ္ဒဇိ ဟူသော အမည်ဖြင့် တင့်တယ်စွာ သံသရာ၏ အဆုံးဖြစ်သော ပစ္ဆိမဘဝိက ဖြစ်လျက် ဤဘဝ၌ ဘုရားလောင်းကဲ့သို့ အနန်းပြာသာဒ်သုံးဆောင်၌အတိုင်းမသိသော ခြွေရံ ပရိသတ်နှင့်တကွ အံ့ဩ,ချီးမွမ်း၍ မကုန်နိုင်သော ကြီးစွာ သော စည်းစိမ်ချမ်းသာကို စံစားလျက်နေ၏။ ထိုအခါ ငါတို့ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်မူပြီး၍၊ ဘဒ္ဒဇိ သူဌေးသားကို ချီးမြှင့်တော် မူခြင်းငှာ များ စွာ သော ရဟန်း အပေါင်း ခြံရံလျက် ဘဒ္ဒိယမြို့သို့ ကြွတော်မူ၍ စမ္ပါယ်တော်မူ၏။ ဘဒ္ဒဇိ သူဌေးသား သည်လည်း အထက် ပြာသာဒ်၌ နေလျက် ခြသေ့ံခံသော လေသာနန်း ပြူတင်းကိုဖွင့်၍ ကြည့်သည်ရှိသော်၊ မြတ်စွာဘုရား အထံတော်သို့ တရားနာခြင်းငှာ သွားသော လူ အပေါင်းကိုမြင်လျှင် မိမိလည်း များစွာသော ခြွေရံ ပရိသတ်နှင့်

တကွ ဘုရားသခင် အထံသို့သွား၍ တရားတော်မြတ်ကို နာသည်ရှိသော်၊ အလုံးစုံသော တန်ဆာတို့ဖြင့် သိကြားမင်းကဲ့သို့ တန်ဆာဆင်လျက် ကိလေသာအပေါင်းကိုကုန်စေလျက် အရဟတ္တဖိုလ်သို့ရောက်၍ လူရဟန္တာ ဖြစ်၏။ ဤသို့ ဘဒ္ဒိယသည် အရဟတ္တဖိုလ်၌တည်သည်ရှိသော်၊ ဘဒ္ဒိယသူဌေးကို ခေါ်တော်မူ၍ သင်၏ သားသည် တန်ဆာ ဆင်လျက်ပင် လူရဟန္တာ ဖြစ်ပြီ၊ ရဟန်းပြုပါမူကား၊ အသက် ရှည်တော့မည်၊ ရဟန်း မပြုပါမူကား၊ ယနေ့ပင် ပရိနိဗ္ဗာန် ပြုပေအံ့ဟု မိန့်တော်မူလျှင် ပုတ္တသိနေဟာ ဖြင့်သား၏ ငယ်စဉ် ကာလကပင် ပရိနိဗ္ဗာန် ပြုခြင်းသည် မသင့်၊ အခွင့် ပေးပါတော့သည်၊ ရဟန်း ပြုတော်မူပါ လျှောက်သောကြောင့်၊ ရဟန်း ပဉ္စင်း အဖြစ်သို့ ရောက် စေပြီးသော်၊ သတ္တသတ္တာဟ ပတ်လုံး ထိုဘဒ္ဒိယမြို့၌နေ၍ ကောဋိဂါမသို့ ကြွတော်မူလေ၏။ ကောဋိဂါမရွာသူတို့လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာ အပေါင်းအား အလှူကြီးကို ပေးကြကုန်၏။ ဘဒ္ဒိယ ထေရ်သည်ကား အနုမောဒနာ ပြုတော်မူစဉ်၊ ရွာပသို့သွား၍ ဂင်္ဂါမြစ်နားခရီးအနီး၌ မြတ်စွာဘုရား ကြွတော်မူလာမှ တပည့်ဟုမိဗ္ဘာန်လျက်သမာပတ်ဝင်စား၍နေ၏၊ သိကြားကြီး,ထေရ်ကြီး,ဝါကြီးတို့သည်ကြွလာသော်လည်းမထ၊ သဗ္ဗညု မြတ်စွာဘုရားကြွလာတော်မူမှသမာပတ်မှထ၍ ထိုအခါ ပုထုဇဉ် ရဟန်းတို့သည် ဘဒ္ဒိယကားယခုပင် ရဟန်းသစ်သာ ဖြစ်လျက်နှင့် မထေရ်ကြီးတို့ ကြွလာသည်ကို မာန်ခက်ထန်သော အားဖြင့် မထဘဲ နေဘိ၏တကားဟုကဲ့ရဲ့သောစကားကို ဆိုကြကုန်၏၊ ကောဋိဂါမရွာသားတို့သည်ဘုရားအမှူးရှိသော သံဃာ အပေါင်းအား ကူးသွားစေခြင်းငှာများစွာသော လှေအပေါင်းတို့ကို ဖွဲ့ကုန် စီရင်ခန့်ကုန်၏၊ မြတ်စွာဘုရားသည် ယနေ့ ဘဒ္ဒိယထေရ်၏ ဂုဏ်အထူး ဝိသေသ တန်ခိုးအာနုဘော်နှင့်တကွ ရဟန္တာဖြစ်ကြောင်းကို သိစေခြင်းငှာ လှေဘောင်ရင်း၌ ရပ်တော်မူပြီးလျှင်၊ ဘဒ္ဒိယ-ငါနှင့်အတူ လှေဘောင်စီးလော့ဟု မိန့်တော်မူသော်၊ ရှိသေစွာ လက်အုပ်ချီလျက် အထံ

တော်သို့လာ၍ သဗ္ဗညု မြတ်စွာဘုရား၏ အနီး၌ လှေဘောင်စီး၍ ကြွတော်မူစဉ်၊ ဘုရားသခင်သည် ဂင်္ဂါမြစ်လယ်သို့ ရောက်သော အခါ ဘဒ္ဒဇိ-သင်သည်လည်း ရှေး မဟာပနာဒမင်း ဖြစ်သော အခါ စံစားသော ပြာသာဒ်ကား အဘယ်မှာရှိသနည်းဟု မိန့်တော် မူလျှင်၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အရှင် ဘုရား၊ ဤအရပ်ဝယ် ရေထဲ၌ပင် ရှိပါသည်ဘုရားဟု ရွှေနားတော် ကြားလျှောက်ထားပြီးမှ ပြာသာဒ်ထွတ်ကို ခြေမဖြင့် ညှပ်လျက် အမြင့် နှစ်ဆဲ့ငါးယူဇနာရှိသော အလျား အနံ သုံးယူဇနာခွဲရှိသော ရတနာခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ်ကို ရေထဲမှဖော်၍ ကိုယ် တော်မြတ်အား ပြရ၏။ ထိုအခါ မဟာပနာဒ ဖြစ်သော အခါ အဆွေအမျိုးတို့သည် ပြာသာဒ်ကိုမက်မော၍ သေလေခြင်းကြောင့် ထိုရေထဲ ပြာသာဒ်၌ ငါး၊ လိပ်၊ မကာရ်း ဖြစ်လျက် ကျင်လည်ရ၏။ မြတ်စွာဘုရားသည်၊ ဘဒ္ဒဇိ-သင်၏ အဆွေအမျိုးတို့သည် ပင်ပန်း ရှာလေတော့မည်၊ ချေ၍ ချဘိလောဟု အမိန့်တော် ရှိတိုင်း ချပြီး သော် ဘုရားသခင်ကို ရှိသေစွာ ရှိခိုးလျက်နေ၏၊ ဤသို့သောအရာ ကိုမြင်မှ ပုထုဇဉ်ရဟန်းတို့သည် ရဟန္တာ ဖြစ်ကြောင်းကို သိ၍ ယုံမှားခြင်း သံသယပျောက်ကြလေကုန်၏။ ထိုအခါ ပြာသာဒ်ကား မဟာပနာဒမင်း မဖြစ်မီ ရှေး ဘဝက ကျူထရံသည် သား အဘ ဖြစ်ကြသောအခါ၊ အရှင်ပစ္စေကဗုဒ္ဓါ ဘုရားအား ကျူထရံ တို့ဖြင့်ပြီးသော ကျောင်းငယ်ကိုဆောက်၍ လှူခဲ့ဘူးသောစေတနာ ကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်၏။ ထိုကိုယ်၏အဖြစ်မှ စုတေသော် ဝိဒေဟရာဇ်တိုင်း၌မင်းသားဖြစ်၍ ရွှေနန်းပြာသာဒ်တည်အံ့ဟု ကြံ သည်ကို သိကြားမင်းသိမြင်၍ ဝိသကြုံနတ်သားကို ဖန်ဆင်းစေ သဖြင့်၊ အတိုင်းမသိသော မောင်းမကိုယ်လုပ်တို့ဖြင့် ခြံရံလျက် သိကြားမင်းကဲ့သို့ စည်းစိမ်ချမ်းသာကို စံစားပြီးမှ အစဉ်အတိုင်း လူ့ပြည်၊ နတ်ပြည် ကျင်လည်၍ ဆိုခဲ့ပြီးသော နည်းဖြင့် ငါတို့ ဘုရားသခင်လက်ထက် ဘဒ္ဒဇိအမည်ရှိသော ရဟန္တာအဖြစ်သို့ ရောက်ပြီးသော် ရှေးကျောင်းငယ်ဆောက်၍ လှူသောအခါ၊ ကျူ

ထရံသည့် အဘမုကား တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ကို စံစား၍နေ၏။ ထိုအဘသည် နောင် အရိမေတ္တေယျ ပွင့်တော်မူသောအခါ သင်္ခစကြာဝတေးမင်းဖြစ်လတ့်၊ ထိုအခါ ပြာသာဒ်သည် ဂင်္ဂါမြစ်၌ပေါ်၍ ထိုစကြာဝတေးမင်း၏ စံရာပြာသာဒ် ဖြစ်လတ့်၊ ထိုကြောင့် ယခုတိုင်အောင်ရေထဲ၌ ရှိသည်၏အဖြစ်ကို ဟောတော်မူ၏။

---

## ဝိပဿနာ အဆင့်ဆင့် အားထုတ်၍ ရဟန္တာဖြစ်ဘူးသော ဒါသကထေရ် ဝတ္ထု

ဝိပဿနာ အဆင့်ဆင့် အားထုတ်၍ ရဟန္တာ ဖြစ်ဘူးသော သက်သေကား၊ ငါတို့ သဗ္ဗညုလက်ထက်တော်၌ ဒါသကမထေရ် သည် ဤကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက်၌ ဘုရားသခင် မပွင့်မီ၊ အဇိတ အမည်တော်ရှိသော အရှင်ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်မှ လူတို့၏ ခရီးသို့သက်၍ တခုသောရွာ၌ ဆွမ်းခံကြွတော်မူ၏၊ ထိုအခါ ဒါသကအလောင်း ဖြစ်သောသူသည် အဆင်းအနံ့နှင့် ပြည့်စုံသော မြိန်မြတ်သော အရသာ ရှိသော ချိုစွာသော သရက်သီးကို သဒ္ဓါကြည်ညို လှစွာသော စိတ်ဖြင့်လှူ၏။ ထိုသူသည် ဤကုသိုလ် စေတနာ ကြောင့် လူ့ဘုံ, နတ်ဘုံ၌ လူတို့၏ စည်းစိမ် ချမ်းသာကို စံစား လျက်သာ ကျင်လည်သည်ရှိသော်၊ တဖန် ဤကမ္ဘာဝယ် ကဿပ မြတ်စွာဘုရား သာသနာတော်၌ လည်း ကုသိုလ်ကောင်းမှုကို များစွာဆည်းပူးခြင်းကြောင့်၊ ကာမသုဂတိ ခုနစ်ဘုံ၌သာ လူမင်းတို့၏ စည်းစိမ်ချမ်းသာကို စံစားပြီး၍ ငါတို့ဘုရား သာသနာတော်၌ သာဝတ္ထိပြည်ဝယ် ကုလဂေဟာ၌ ဖြစ်၍ ဒါသက ဟူသော အမည်ကို မှည့်၏၊ ထိုဒါသကကို အနာထပိဏ်သူဌေးသည် ဇေတဝန် ကျောင်းတော်ကို သုတ်သင်စိမ့်သောငှါကျောင်းတော်၌ထား၍ ကျောင်းတော်ကိုသုတ်သင်စေ၏၊ ရှိသေစွာ ကျောင်းတော်ကိုသုတ်သင်လျက် မပြတ် သဗ္ဗညုမြတ်စွာ ဘုရားကို ဖူးမြင်ရခြင်း, တရားတော်ကို နာခံရခြင်း သဒ္ဓါတရားကို

ရ၍ ရဟန်း ပြု၏။ ဥပဒေသနည်းတပါးသော်ကား၊ ဤဒါသက မထေရ် အလောင်းသည် ကဿပဘုရားသခင် သာသနာတော် ဝယ်၊ ကုလဂေဟာ၌ဖြစ်၏။အရွယ်ရောက်သော် သဒ္ဓါကြည်ညိုခြင်း နှင့် ပြည့်စုံစွာ တဦးသော ရဟန္တာ မထေရ်ကို လုပ်ကျွေးလျက် ဆည်းကပ်၍နေ၏။ ထိုအခါ တစုံတခုသော အမှုကို ပြုစေလိုသော ကြောင့် ထိုဆရာမထေရ်ကို စေလိုက်၏။ ထိုသူသည် ရဟန္တာ မထေရ်ကို ခိုင်းမိသော မကောင်းမှု အကုသိုလ်ကံ အကျိုးပေး၍ ငါတို့ဘုရားသခင် လက်ထက်တော်ဝယ် သာဝတ္ထိပြည်၌ အနာ ထပိဏ် သူဌေး၏ ကျွန်မသားဖြစ်၏။ အရွယ်ရောက်လတ်သော် အနာထပိဏ် သူဌေးသည် ကျောင်းတော်ကို သုတ်သင်ရမည့် အမည်၌ထား၏။နောက်အဘို့၌ဘုရားကိုဖူးမြင်ရခြင်း,တရားတော် ကို နာရခြင်း သဒ္ဓါပသန္နနှင့် ပြည့်စုံသည်ကို သူဌေးကြီး သိ၍ တော်လှန်စေလျက် အလိုအတိုင်း ရဟန်းပြုလေလောဟုဆို၏။ ထို ကြောင့် ကျောင်းတော်သုတ်သင်သော ဒါသကကို နောက်ကာလ ၌ ရဟန်းအပေါင်းတို့သည် ပဗ္ဗဇ္ဇဥပသမ္ပဒကံကိုပေး၍ ရဟန်းပြု ကုန်၏။ထိုသူသည် ရဟန်းပြုပြီးသောကာလမှစ၍ ပျင်းခြင်း, လုံ့လ နည်းခြင်းဖြင့် ဝတ်ကြီး-ဝတ်ငယ်ကိုမပြု၊ အလိုအတိုင်း ဝမ်းပြည့် အောင်စားခြင်း၊ အိပ်မွေ့ခြင်း၊ ပျက်ခြင်း ပမာဒဖြင့်သာ နေ၏။ တရားတော်ကို နာသောအခါ၌လည်း အထောင့်အကွေ့၌သာ နေ လျက် တရှူးရှူး ဟောက် သဖြင့်သာ အိပ်၏။ ထိုအခါ မြတ်စွာ ဘုရားသည် သူ၏ရဟန္တာဖြစ်အံ့သောအကြောင်းကို မြင်တော်မူ ၍ သံဝေဂဖြစ်စေခြင်းငှာ ဤသို့မိန့်တော်မူ၏၊ဝစွာစား၍ အိပ်မွေ့ လျက် တလူးလဲလဲ လျောင်းကာ-လျောင်းကာ နေသောသူသည် အစာပေး၍ မွေးအပ်သော ဝက်ကြီးသည် ဆူပြိုးလှသောကြောင့် တပြောင်းပြန်ပြန် တလူးလဲလဲ ဝပ်လျက်နေသကဲ့သို့ အမိဝမ်းတိုက် ၌ အဖန် တလဲလဲ ပဋိသန္ဓေ နေရခြင်း အစရှိသော ဝဋ်ဆင်းရဲ အပေါင်း ကိုသာ တွေ့ရမည် မလွတ်ဇကန်တည်းဟု အဆုံးအမ သြဝါဒအားဖြင့် အနုသာသနပေးတော်မူသည်ရှိသော်၊ ထိတ်လန့်

ခြင်း သံဝေဂကိုရ၍ ဝိပဿနာအဆင့်ဆင့် အားထုတ် သဖြင့်၊ ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါးနှင့်တကွ ပြည့်စုံသော ဒါသက မထေရ်ဟု ထင်ရှားစွာ ဖြစ်၏။ နောက်အဘို့၌ အရှင်ဥပါလိ အထံမှာ ဝိနည်း ပိဋကတ်သုံးပုံကို သင်သည်ရှိသော် အကုန်တတ်၏။

---

## ဝိပဿနာကမ္မဋ္ဌာန်းကို အဆင့်ဆင့် အားထုတ်ခြင်းကြောင့် ရဟန္တာဖြစ်ဘူးသော သုပ္ပိယမထေရ် ဝတ္ထု။

ဝိပဿနာကမ္မဋ္ဌာန်းကို အဆင့်ဆင့် အားထုတ်သဖြင့် ရဟန္တာဖြစ်ဘူးသော သက်သေတဦးကား၊ ငါတို့ သဗ္ဗညု မြတ်စွာဘုရား သာသနာတော်၌ သုပ္ပိယ မထေရ်သည် ကမ္ဘာတသိန်း ထက်၌ ပဒုမုတ္တိုရ်ရ ဘုရားသခင်ပွင့်တော်မူသော အခါ၊ သိ-ကြား လိမ္မာ သဒ္ဓါတရားနှင့် ပြည့်စုံသော သူတော်ကောင်းဖြစ်သဖြင့် အရွယ် ရောက်လျှင် ရသေ့ပြု၍ တော၌နေ၏။ ထိုအခါ ရသေ့ကို သနား တော်မူသဖြင့်၊ မြတ်စွာဘုရား တောသို့ ကြွလာသည်ကို မြင်၍ သဒ္ဓါကြည်ညိုသော စိတ်စေတနာဖြင့် သစ်သီး ကြီး, ငယ် တို့ကို ရှိသေစွာလှူ၏။ ရဟန်းသံဃာ အပေါင်းတို့အားလည်း များစွာ သော သစ်သီး ကြီး,ငယ်တို့ကိုလှူ၏။ ထိုရသေ့သည် ထိုကုသိုလ် ကောင်းမှုကံကြောင့် ထိုကိုယ်အဖြစ်မှ စုတေသော် နတ်ပြည်၌ ဖြစ် သဖြင့်၊ ချီးမွမ်းအံ့သြ၍ မဆုံးနိုင်သော နတ်မင်းတို့၏ စည်းစိမ်ချမ်း သာကို စံစားရ၏။ ဤသို့သောနည်းဖြင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး အပါယ်လေးပါး မလားဘဲ လူ့ဘုံ, နတ်ဘုံ၌သာလျှင် လူတို့၏ စည်းစိမ်ချမ်းသာကို စံစားလျက် ကျင်လည်သည်ရှိသော်၊ ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ မင်းမျိုး၌ဖြစ်၏။ အစဉ် သဖြင့် အရွယ် ရောက်သတ်သော်၊ သိ-ကြား လိမ္မာသည် ဖြစ်၍ နတ်ရွာ နိဗ္ဗာန်မဂ်ဖိုလ်၏ အကြောင်းကိုသာ တိုက်တွန်း နှိုးဆော် ပေသော ကလျာဏ မိတ္တ အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဘော် ရ၏။ကာမဂုဏ်၌ အပြစ်များကြောင်း၊ သံသရာဘဝ အဆက်ဆက်

၌ ဇာတိအစရှိသော ဝဋ်ဆင်းရဲမှ ဘေးရန်များ ကြောင်းကို အောက်မေ့သဖြင့် ထိတ်လန့်ခြင်း သံဝေဂဖြစ်၍ ကဿပမြတ်စွာ ဘုရား သာသနာတော်၌ ရဟန်းပြုပြီးသော်၊ ကျမ်းဂန်သင်ကြား ခြင်းဟူသောပရိယတ်တို့ကိုအားထုတ်သဖြင့်ပိဋကတ်သုံးပုံကိုသင် ၍ ဗဟုဿုတရှိသော ပုဂ္ဂိုလ်အဖြစ်သို့ရောက်၍၊ထိုအခါ ငါ မင်း မျိုးဟူသော မာန်ယစ်ခြင်း၊ငါသာလျှင် ပိဋကတ်သုံးပုံ တတ်၏ဟု ဗဟုဿုတကိုမှီ၍ဖြစ်သော မာန်ယစ်ခြင်း၊ဤနှစ်ပါးသော မာန်ယစ် ခြင်းရှိသဖြင့် မိမိကိုယ်ကိုကား ချီးမြှင့်၍၊သူတပါးကိုကား နှိပ်စက် ရှုတ်ချတတ်သော အလေ့ရှိ၏။ ထိုရဟန်းသည် ဤသို့ မိမိကိုယ်ကို ချီးမြှောက်သည်၊ သူတပါးကိုယ်ကို နှိပ်စက်ခြင်း ဟူသော မကောင်းမှု အကုသိုလ်ကံ အခွင့်ရလေ၏။ ငါတို့ သဗ္ဗညု မြတ်စွာ ဘုရားလက်ထက်တော်၌ သာဝတ္ထိပြည်ဝယ် သူတပါးတို့ကို နှိပ်စက်ပြစ်တင် ကဲ့ရဲ့ရှုတ်ချအပ်သော သုသာန်စောင့်အမျိုး၌ ဖြစ်ရ လေသည်နှင့် သုပ္ပိယဟူသောအမည်ကိုမှည့်၏။ ထို သုပ္ပိယသည် သိ-ကြား လိမ္မာသော အရွယ်သို့ ရောက်လတ်သော်၊မိမိအဆွေ ခင်ပွန်းဖြစ်သော အရှင်သောပါက မထေရ်အထံသို့ကပ်၍ တရား တော်ကိုကြားနာရသဖြင့် ထိတ်လန့်ခြင်း သံဝေဂကိုရ၍ သာသ နာတော်၌ ရဟန်းပြုသည်ရှိသော်၊ ကောင်းစွာ ကျင့်အပ်သော ပဋိ ပတ္တိ သာသနာတော်ကိုဖြည့်လျက် အဆင့်ဆင့် ဝိပဿနာကို အား ထုတ်၍ မကြာမြင့်မီ ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက် ပါး, သမာပတ်ရှစ်ပါးနှင့် ပြည့်စုံစွာ ရဟန္တာအဖြစ်သို့ ရောက် လေ၏။

ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက် ဘူးသော သက်သေ တဦးကား၊ ငါတို့ သဗ္ဗညု မြတ်စွာ ဘုရား လက်ထက်တော်၌ မေတ္တစိတ္တ မထေရ်သည် တသင်္ချေနှင့် ကမ္ဘာ တသိန်း ထက်ဝယ်၊ အနောမဒဿီ မြတ်စွာ ဘုရား လက်ထက် တော်၌ ကုလဂေဟတွင် ဖြစ်သဖြင့် အရွယ်ရောက် လတ်သော်၊ သိ-ကြား လိမ္မာ သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ ဗောဓိပင်ကို

အခြွတ်တိုင်း ပွတ်တိုင်၏ အထွင့်ဖြင့် ဆန်းကြယ်စွာ ပြုလျက် အင်္ဂါတော်ဖြင့် ဖွေးဖွေး အပြေအပြစ် ပြု၏။ ထိုအခါ အနောမ ဒဿီ မြတ်စွာ ဘုရားသည်၊ ထို ဒါယကာ ကုလပုတ္တအား ဗောဓိ ပင်ကို အခြွတ်ဖြင့် စီ၍ ပွတ်တိုင်ထွင့် စသည်ဖြင့် အပြေအပြစ် ပြု၍ ပူဇော်ချီးမြှင့်ရသော ကောင်းမှုကုသိုလ်ကံစေတနာကြောင့်၊ ဖြစ်လေတိုင်း ဘဝတို့၌ ကြည်ညိုဖွယ်ရှိသော မျက်နှာအဆင်းနှင့် ပြည့်စုံသည် ဖြစ်လတ့်၊ တည်ကြည်သော မြတ်သော သမာဓိနှင့် ပြည့်စုံသည်လည်း ဖြစ်လတ့်။ ဤကမ္ဘာမှ နောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ပုဏ္ဏအမည်ရှိသော စကြဝတေး မင်း ဖြစ်လတ့်၊ ဂေါတမ ဘုရား သာသနာတော်၌ တန်ခိုး အဘိညာဉ်နှင့် ပြည့်စုံသော မေတ္တစိတ္တ အမည်ရှိသော ရဟန္တာ ဖြစ်လတ့်ဟု အနုမောဒနာ ပြုတော်မူ၏။ ထိုသူသည် ဗောဓိပင်ကို သန္ဒါ ကြည်ညို သဖြင့် ပူဇော်သော ကောင်းမှုကြောင့် သာလျှင်၊ နတ်ပြည်၌ဖြစ်၍ နတ်တို့၏ စည်းစိမ်ချမ်းသာကို စံစားရ၏။ နတ် ပြည်မှ ကျင်လည်သည် ရှိသော်၊ အနောမဒဿီ မြတ်စွာ ဘုရား ဗျာဒိတ် ကြားတော်မူတိုင်း များစွာသော လူမင်း, နတ်မင်းတို့၏ စည်းစိမ်ချမ်းသာကို စံစားပြီးမှ ငါတို့ မြတ်စွာဘုရား လက်ထက် တော်ဝယ်၊ မဂဓရာဇ် တိုင်း၌ ပုဏ္ဏားသူကြွယ်သား ဖြစ်၍ မေတ္တ စိတ္တဟူသော အမည်ကို မှည့်၏၊ ထို မေတ္တစိတ္တ သည် သိ-ကြား လိမ္မာသော အရွယ်သို့ရောက်လတ်သော်၊ ကာမဂုဏ်၌ အပြစ်ကို မြင်၍ ရသေ့ ပြုပြီးသော် တော၌နေစဉ်၊ ဘုရား ဖြစ်တော်မူသော အကြောင်းကို ကြား၍ ရှေး၌ ပြုအပ်သော ကောင်းမှုကံ ပါရမီ မည်သည် တိုက်တွန်း နှိုးဆော်အပ်သည် ဖြစ်၍၊ သဗ္ဗညု မြတ်စွာ ဘုရား အထံ တော်သို့ သွားသဖြင့် ဖြစ်တတ်-ပျက်တတ်သော တရားတို့ကို အကြောင်းပြု၍ ပုစ္ဆာ မေး လျှောက်၏၊ ထိုသူအား သနားသဖြင့် ဘုရား ဖြေတော် မူပြီးသော်၊ သာသနာတော်၌ အလွန်ကြည်ညိုသဖြင့် ရဟန်းပြု၍ ကမ္မဋ္ဌာန်းဘာဝနာတို့ကို အား ထုတ်သော် မကြာမြင့်မီ ရဟန္တာအဖြစ်သို့ ရောက်၏။

## ဝိပဿနာကမ္မဋ္ဌာန်းကို အဖန်ဖန်စီးဖြန်းခြင်းကြောင့် ရဟန္တာဖြစ်ဘူးသော သိင်္ဂါလပိတာဝတ္ထု၊

ဝိပဿနာကမ္မဋ္ဌာန်းကို အဖန်တလဲလဲ စီးဖြန်း၍ ရဟန္တာဖြစ်ဘူးသော သက်သေတဦးကား၊ ငါတို့ မြတ်စွာဘုရား လက်ထက် သိင်္ဂါလပိတာ အမည်ရှိသော မထေရ်သည်၊ ဤကမ္ဘာမှ ကိုးဆဲ့လေးကမ္ဘာထက်၌ သုတရံသီ မည်သော ပစ္စေကဗုဒ္ဓါ ဘုရား ဆွမ်းခံသည်ကို မြင်၍ ကြည်ညိုသော စိတ် ရှိသဖြင့် ရှိုးလျက် မိမိလက်၌ရှိသော ထန်းသီးကို လှူ၏။ ထိုသူသည် ဤ ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်၏။ အဆင့်ဆင့် ကုသိုလ်ကောင်းမှုကိုပြု၍ ကာမသုဂတိဘုံတို့၌ သာလျှင် ဖြစ်လျက် စည်းစိမ် ချမ်း သာကို စံစား ပြီးသော် ကဿပ ဘုရားရှင် လက်ထက် လူ့ဘုံ၌ ဖြစ်မူ သာသနာတော်ဝယ် သဒ္ဓါကြည်ညိုသဖြင့်ရဟန်းပြုပြီးလျှင်၊ "အဋ္ဌိ အဋ္ဌိ အယံကာယော၊ အဋ္ဌိပုဉ္စော" ဟု ဆိုလျက်။ ဤ ကိုယ်ကား၊ အရိုးစုတကားဟုဆို၍ အဋ္ဌိကသညာ ကမ္မဋ္ဌာန်းကြောင့် နတ်ရွာ၌ ဖြစ်၏။ ဤသို့ လူ့ဘုံ,နတ်ဘုံ ကျင်လည်၍ ငါတို့ ဘုရားလက်ထက် သာဝတ္ထိပြည်ဝယ် ကုလဂေဟာ၌ဖြစ်၍ အရွယ်သို့ ရောက်လတ်၍ အိမ်ရာ သိမ်းဆည်းသည် ရှိသော် သားတယောက် မြင်၏။ ထို သားကို သိင်္ဂါလ ဟုသ်၏။ ထိုကြောင့် သားကိုစွဲ၍ သိင်္ဂါလပိတာ ဟု တွင်၏။ နောက်အဘို့၌ ဃရာဝါသကို စွန့်လျက်၊ သာသနာ တော်၌ ရဟန်းပြု၏။ မြတ်စွာ ဘုရားသည်၊ ထို သိင်္ဂါလပိတာ၏ စိတ်ကို ကြည့်တော်မူသည် ရှိသော်၊ ရှေးဘဝ၌ အဋ္ဌိကသညာ ကမ္မဋ္ဌာန်းကို လေ့လာဘူး၏။ ထို လေ့လာဘူးသော ကမ္မဋ္ဌာန်းကို ဟောသည်ရှိသော် လျင်စွာ ရဟန္တာ ဖြစ်လတ္တံ့ဟု မြင်တော်မူ၍ ထိုအဋ္ဌိကသညာ ကမ္မဋ္ဌာန်းကို ပေးတော်မူလျက် အဋ္ဌိ, အဋ္ဌိ-ဟု အဖန် တလဲလဲ စီးဖြန်းလေ့ မိန့်တော်မူ၏။ ထို သူသည်လည်း၊ အဋ္ဌိကသညာ ကမ္မဋ္ဌာန်းကိုယူ၍ ဘုရား မိန့် တော်မူတိုင်း လျှင် အဋ္ဌိတိုင်း၌နေလျက် အားထုတ်၏။ ထိုအခါ နတ်သားတယောက် သည် ထိုရဟန်းအား ကမ္မဋ္ဌာန်း အားထုတ် စိမ့်သော်ငှာ ဤသို့

ဆို၏။ အကြွင်သူသည် ဤကိုယ်တစိတ်ကို ''အဋ္ဌိ-အဋ္ဌိ''ဟု နှလုံးသွင်းသဖြင့် အလုံးစုံသော တကိုယ်လုံးသည် အရိုးသာ ထင်၏။ ထိုရဟန်းသည်၊ ''အဋ္ဌိ-အဋ္ဌိ''ဟု နှလုံးသွင်းသဖြင့် ရအပ်သော ဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွားစေသည်ဖြစ်အံ့။ အနာဂါမိမဂ်ဖြင့် ကာမရာဂကို၊ အရဟတ္တမဂ်ဖြင့် တဏှာကို၊ အကြွင်းမဲ့ ဘဝငြိမ်းရာ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရောက်၏ဟု ဆိုလာ၏။ ထိုစကားကို ကြား၍ ထိုသိင်္ဂါလပိတာ မည်သော မထေရ်သည် ဝိပဿနာကို အားထုတ်သည်ရှိသော်၊ အရဟတ္တဖိုလ်သို့ ရောက်၍ သိင်္ဂါလပိတာ မထေရ်ဟု ထင်ရှားစွာဖြစ်၏။

---

## ရှိခိုးခြင်း ချီးမွမ်းခြင်း ဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော မာဏဝကမထေရ် ဝတ္ထု။

ရှိခိုးခြင်း, ချီးမွမ်းခြင်း ဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ ငါတို့မြတ်စွာဘုရား လက်ထက် မာဏဝက မထေရ်သည်၊ ရှေးဘုရားတို့၌ ကောင်းမှုကိုပြု၍ ထိုထိုဘဝတို့၌ နိဗ္ဗာန်၏အကြောင်း ကောင်းမှုကိုသာ ဆည်းပူးလျက် ကိုးဆဲ့တကမ္ဘာထက်ဝယ်ပုဏ္ဏားမျိုး၌ဖြစ်၏၊လက္ခဏာကျမ်းတို့ကို သင်သည်ရှိသော် ထတ်မြောက်၏။ ထိုအခါ ဝိပဿီဘုရားလောင်း ဘွားတော်မူသော နေ့၌ လက္ခဏာကို ဆင်ခြင်သည်ရှိသော်၊ ဤမင်းသားကား သဗ္ဗညု ဖြစ်လတ့်ဟု နိမိတ်ဘတ်လျက် အထူးထူးသော နည်းဖြင့်၊ ဘုရားလောင်းကို ချီး မွမ်း၍ ရှိသေစွာ ရှိခိုးပြီးသော် လက်ျာရစ်လှည့်ပြီးလျှင် သွား၏။ ထိုသူသည် ထိုဘုရားလောင်းကို ချီးမွမ်းခြင်း ကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်း သုဂတိဘုံ၌သာ ကျင်လည်၍ စည်းစိမ်ချမ်းသာကို စံစားလျက် ငါတို့ဘုရားလက်ထက် သာဝတ္ထိပြည်၌ အတိုင်းမသိသော စည်းစိမ် ဥစ္စာ ကြွေ့ရှိ ပရိသတ်တို့နှင့် ပြည့်စုံသော ပုဏ္ဏား သူကြွယ်မျိုး၌ ဖြစ်၍ မာဏဝကဟု မည့်၏။ ထိုမာဏဝကသည် ခုနစ်နှစ်ပတ်လုံး လူ၏ဘောင်မှာ နေပြီးမှ၊ ခုနစ်နှစ် မြောက်သော နှစ်၌

ဥယျာဉ် စမွါယ် မိမိသောဌာ ဆောင်လေသော်၊ ခရီးအကြားနှိ သူအိ,သူနာ,သူသေ တို့ကိုမြင်၍ အစေအပါးတို့ကို မေးလတ်သော် သူအိ,သူနာ,သူသေတို့ဟု ကြား၏။ ငါလည်း အိုရ,နာရ,သေရအံ့ ဟု ပြင်းစွာ သံဝေဂဖြစ်၍၊ ထိုမှ ပြန်ခဲ့သော် ကျောင်းတော်သို့ သွားလျက် ဘုရားအရှင်ထံ၌ တရားတော်ကိုနာ၍ မိဘတို့ကို ခွင့်ပြု စေပြီးမှ သာသနာ တော်၌ ရဟန်း ပြုပြီးသော်၊ ဝိပဿနာကို အားထုတ်၍ မကြာမြင့်မီ အဘိညာဉ်ခြောက်ပါး တန်ခိုးနှင့်တကွ ရဟန္တာဖြစ်၍ မာဏဝကထေရ်ဟု ထင်ရှားစွာဖြစ်၏။ ဤမထေရ် သည် ရှေးဝိပဿီ ဘုရားလောင်းအား ချီးမွမ်းခြင်း, ရှိခိုးခြင်း, ကောင်းမှုကြောင့် ချမ်းသာ သုံး ပါး ကို ရတုံသေး၏၊ သဗ္ဗညု မြတ်စွာ ဘုရားကို လည်းကောင်း, ဘုရားရှင်,စေတီ, ဆင်းတုကို လည်းကောင်း ရှိခိုးသော သူတို့ကား အဘယ် ဆိုဖွယ်ရာ ရှိအံ့ နည်းဟု နှလုံးသွင်း၍ ရှိခိုးပူဇော်ကြောင်း၏ သက်သေတည်း။

---

## တိဿဘုရားရှင်၏သက်န်းတော်ကို ရှိခိုးရခြင်းကြောင့် ချမ်းသာသုံးပါးနှင့် ပြည့်စုံဘူးသော ပုဏ္ဏမာသ ရဟန္တာဝတ္ထု၊

ဘုရားအမွေတော် သင်္ကန်းကို ရှိခိုးခြင်း ဘာဝနာမယ ကုသိုလ် ကြောင့် ချမ်းသာသုံးပါးကို ရဘူးသော သက်သေကား၊ ကိုးဆဲ့ နှစ်ကမ္ဘာထက်၌ တိဿဘုရားရှင်သည် တော၌နေတော်မူသည် ရှိသော်၊ တယောက်သော ဒါယကာသည် တောသို့ သွားသည် ရှိသော်၊ထိုဒါယကာကို မြင်တော်မူ၍ သင်္ကန်းတော်ကို သစ်ခက်၌ ဆွဲ၍ ထားတော် မူ၏။ ထို ဒါယကာသည် ထို သင်္ကန်းတော်ကို အရိုအသေ ကြည် ညို လှ သော စိတ်ဖြင့် ရှိခိုး၏။ ထိုကောင်းမှု ကြောင့်၊ ကိုးဆဲ့နှစ်ကမ္ဘာပတ်သုံး အပါယ်မလားဘဲ၊ လူ့ဘုံ, နတ် ဘုံ၌ ကောင်းကျိုး ချမ်းသာကို စံစား၍ ငါတို့ဘုရား လက်ထက် တော်၌ သာဝတ္ထိပြည်ဝယ် သူကြွယ်အမျိုး၌ ဖြစ်၏။ ထိုသူသည် ဘွားသည်နေ့မှ မိဘအိမ်၌ ရွှေရတနာတို့သည် လည်းကောင်း,

ရွှေဒိုး, ငွေခွက် တို့သည်လည်းကောင်း အတိုင်းမသိရောက်လာသည်ကို အကြောင်းပြု၍ ပုဏ္ဏမာသ ဟူသော အမည်ကို မှည့်ကုန်၏၊ အရှယ် ရောက်လတ်သော် ဃရာဝါသ ကို စွန့်၍ သာသနာတော်၌ ရဟန်းပြုသဖြင့် အဘိညာဉ် ခြောက်ပါးနှင့်တကွ ပြည့်စုံ၍ ပုဏ္ဏမာသ မည်သော ရဟန္တာ ဖြစ်၏။ ဤသို့ သက်န်းတော်ကို ကြည်ညိုခြင်းဖြင့်ပင်လျှင် သုံးပါးသော ချမ်းသာကို ရတုံသေး၏။ ဘုရားဆင်းတု ဥဒ္ဒိဿစေတီတို့ကို ကြည်ညိုရှိခိုးပူဇော်သော သူတို့ကား အဘယ်ဆိုဘွယ်ရှိအံ့နည်းဟု နှလုံးသွင်း၍ ရှိခိုးပူဇော်ခြင်းကို ပြုကုန်ရာသည်။

---

## ရှိခိုးခြင်း ကြည်ညိုခြင်း ဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော မထေရ်လေးပါး ဝတ္ထု၊

ရှိခိုးခြင်း ကြည်ညိုခြင်း ဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေတဦးကား၊ ငါတို့မြတ်စွာဘုရားလက်ထက်တော်၌ ထင်ရှားကုန်သော ဂေါတိကထေရ်, သုဗာဟုထေရ်, ဝလ္လိယထေရ်, ဥတ္တိယထေရ် တို့သည် ရှေးရှေး ဘုရားရှင် သာသနာ တော်၌ ကောင်းမှုကို ပြုကုန်၍ ထိုထို ဘဝ တို့၌ နိဗ္ဗာန်၏အကြောင်း ကောင်းမှုကိုသာ ပြုကုန်လျက် ဤကမ္ဘာမှ ကိုးဆဲ့ တကမ္ဘာထက် သိဒ္ဓတ်ဘုရားရှင် လက်ထက် ကုလဂေဟ၌ ဖြစ်၍၊ သိ-ကြား လိမ္မာသော အရွယ်သို့ ရောက်သည်ရှိသော်၊ အချင်းချင်း အဆွေခင်ပွန်းကောင်း ဖြစ်ကြကုန်လျက်၊ တနေ့သ၌ ထိုလေးယောက်တို့တွင် တယောက်သည် ဆွမ်းခံဝင်တော်မူသော ဘုရားရှင်အား တယောက်မျှသော ဆွမ်းကိုလှူ၏။ တယောက်ကား ကြည်ညိုသော စိတ်ဖြင့် ငါးပါးသော ထိခြင်းဖြင့် ရှိသေစွာရှိခိုး၏။ တယောက်ကား ပန်းတလက် ဖက် ဖြင့် ပူဇော်၏။ တယောက်ကား မြတ်လေးပန်းဖြင့် ပူဇော်၏။ ဤသို့မြတ်စွာဘုရား၌ ကြည်ညိုလျက် ပြုအပ်သော ကောင်းမှုကြောင့် နတ်ပြည်၌ဖြစ်၍ တဖန်လည်း အဆင့်ဆင့် ကောင်းမှုကုသိုလ်ကို ပြုကုန်၏။ လူဘုံ,

နတ်ဘုံ၌ လူမင်း, နတ်မင်း တို့၏ စည်းစိမ်ချမ်းသာကို စံစားလျက် ကဿပ မြတ်စွာဘုရားရှင် လက်ထက်တွင် တဖန်လျှင် ထိုလေးယောက်သော သူတို့သည် လူဖြစ်ပြန်ကြ၍ မြဲမြံသော အဆွေ ခင်ပွန်းဖွဲ့ကြလျက် သာသနာ တော်၌ ရဟန်းပြုကြသော်၊ ရဟန်းတရားကို ကောင်းစွာအားထုတ်ကုန်၏။ ထိုသို့သော ကောင်းမှုတို့ကြောင့်၊ ကဿပဘုရားနှင့် ငါတို့ဘုရားအကြား ကာလပတ်လုံး လူ့ဘုံ, နတ်ဘုံ၌ ကျင်လည်၍ ငါတို့ဘုရား သဗ္ဗညုလက်ထက်ပါဝါပြည်၌ လေးယောက်သော မင်းတို့၏သား အသီးသီးဖြစ်ကြကုန်၏။ ထိုလေးယောက်တို့ကို အစဉ်အတိုင်း ဂေါတိက, သုဗာဟု, ဝလ္လိယ, ဥတ္တိယဟူ၍ မှည့်ကုန်၏။ ထိုလေးယောက်သော သူတို့သည် အချင်းချင်း ချစ်သောအဆွေခင်ပွန်း ဖြစ်ကြကုန်၏။ ထိုလေးယောက် သော သူ တို့ သည် တစုံ တခုသောသူ, တစုံ တခုသော ပြုဘွယ် ကိစ္စကြောင့် ကပိလဝတ်ပြည်သို့ ရောက်ကုန်လတ်သော်၊ ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ နိဂြောဓာရုံ ကျောင်းတော်၌ နေတော်မူလျက်၊ ရေမိုး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူလျက် သုဒ္ဓေါဒနမင်းကြီး အမှူးရှိသော တသိန်းခြောက်သောင်းသော ဆွေတော်-မျိုးတော်တို့ကို ဆုံးမတော်မူ၏။ ထိုအခါ ထိုလေးယောက်သော မလ္လာမင်းသားတို့သည် ထိုတန်ခိုးပြာဋိဟာကိုမြင်၍ အလွန်ကြည်ညိုသည်ဖြစ်လျက် ရဟန်းပြုပြီးသော် ဝိပဿနာ အဆင့်ဆင့် အားထုတ်၍၊ မကြာမြင့်မီ ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါးတို့နှင့် တကွ ရဟန္တာဖြစ်ကြကုန်၏။ ရဟန္တာဖြစ်ကုန်ပြီးသော် ဤလေးယောက်သော မထေရ်တို့သည် လောက၌ အလွန် ထင်ရှားကုန်၍ မင်းအမတ်ကြီးတို့၏ ဆရာဖြစ်ကုန်၏။ မဟာလာဘ သက္ကာရသို့ ရောက်ကုန်၍ ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း အပေါင်းတို့အား မဂ်ဖိုလ်နိဗ္ဗာန်အကြောင်း ကုသိုလ်ပွားစေလျက် ဆုံးမသဖြင့် နေတော်မူကြကုန်၏။

## တံမြက်လှည်းခြင်း စသော ဝတ်ကို ဖြည့်ပွားစေအပ်သော ဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော မုတ္တာထေရိဝတ္ထု။

တံမြက်လှည်းခြင်းစသော ဝတ်ကို ဖြည့်ခြင်းပွားစေအပ်သော ဘာဝနာကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ ငါတို့ ဘုရားလက်ထက် မုတ္တာမည်သော ရဟန္တာ မိန်းမသည် ပဒုမ္မုတ္တိုရ်ရဘုရားလက်ထက်တွင် သူကြွယ်သမီးဖြစ်သဖြင့်၊ ခရီးကို တံမြက်လှည်းခြင်း၊ လမ်းရှောက်၍ ငှက်ပျောပင် စိုက်ခြင်း၊ ဒီးခိုး အထုံ ပန်းနံ့သာတို့ဖြင့် ကြဲခြင်း၊ မဏ္ဍပ်ဆောက်၍ ဘုရားရှင်အား အလှူပေးခြင်း ကောင်းမှုကိုပြုလျက် ရဟန္တာဆု ကိုတောင်း၏။ ထိုအခါမြတ်စွာဘုရားသည် ကမ္ဘာတသိန်းနောက် ဘဒ္ဒကပ်ကမ္ဘာ၌ ရဟန္တာမိန်းမဖြစ်လတ့်၊ ရဟန္တာ မဖြစ်မီအကြား၌ နတ်ပြည်, လူ့ပြည်၌ များစွာသော အခြွေအရံ ပရိသတ်တို့ဖြင့် ခြံရံလျက် လူစည်းစိမ်, နတ်စည်းစိမ်ကို မရေတွက်နိုင်အောင် စံစားရလတ့်၊ ကမ္ဘာတသိန်း ကာလပတ်လုံး သိမ်မွေ့နူးညံ့သော လက်, ခြေ, အင်္ဂါ လက္ခဏာနှင့် ပြည့်စုံလတ့်၊ အလွန်မြတ်သော အဆင်း,အလွန်မြတ်သော စည်းစိမ်, အလွန်မြတ်သော အခြွေအရံ, အလွန်မြတ်သော အသက်ရှည်ခြင်း မျက်မှောက် မျက်ကွယ် ချီးမွမ်းခြင်းကိုလည်း ကောင်းစွာလျှင် ခံစားရလတ့် ဟု ဗျာဒိတ် ပေး တော်မူ၍ ထိုဒါယိကာမသည် ထိုကိုယ် အဖြစ်၌ ကုသိုလ် ကောင်းမှုကိုပြုလျက် စုတေလတ်သော် တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။ ဤသို့သောနည်းဖြင့်ပဒုမ္မုတ္တိုရ်ရဘုရားဗျာဒိတ်ပေးတော်မူသည့်အတိုင်း လူ့ဘုံ, နတ်ဘုံ၌ ကမ္ဘာတသိန်း ကာလပတ်လုံး စည်းစိမ်ချမ်းသာကို စံစား၍၊ ငါတို့ဘုရားလက်ထက် ကောသလတိုင်းဝယ် ပုဏ္ဏား အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ပုဏ္ဏားအိုနှင့် ထိမ်းမြား၍ ငြီးငွေ့သဖြင့် သာသနာတော်၌ ရဟန်းပြုသည် ရှိသော်၊ အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာကို အားထုတ်၍ ရူပါရုံ အစရှိသည်တို့၌ စိတ်သည် ပြန့်လွင့်လတ်သော်၊ ထိုစိတ်ကို အသုဘ ကမ္မဋ္ဌာန်း

အားထုတ်နှလုံးသွင်း၍ ကောင်းစွာနှိပ်စက်လျက် အားထုတ်သည် ရှိသော်၊ မကြာမြင့်မီ အဘိညာဉ်တန်ခိုးနှင့်တကွ ရဟန္တာမိန်းမ ဖြစ်၍ မုဏ္ဏာထေရီဟု ထင်ရှားစွာဖြစ်၏။

ဘာ၀နာပွားများမှု၌ မေ့လျော့ခြင်းကြောင့် အဝိစိငရဲသို့ ကျရောက်သော ရဟန်းပြုဏ္ဏာ၀ဏ္ဏ၊

မမေ့မလျော့ နေ့ညဥ့်မပြတ် ကမ္မဋ္ဌာန်းဘာ၀နာကို ပွားစေသင့်၏၊ မေ့လျော့ခြင်း, ဘာ၀နာကို မပွားများခြင်းဖြင့် နေသောသူအား အဝိစိ၌ဖြစ်၍ ဆင်းရဲခံရသော သက်သေကား၊ ပဋ္ဌင်းငယ် တဦးသည် ကိုယ်တော်ထင်ရှား ရှိတော်မူစဉ် အရှင်မဟာကဿပ၏ နှစ်ယောက်သော သဒ္ဓိဝိဟာရိကတို့သည် ရှိကုန်၏။တယောက်သော်ကား ၀တ်ကြီး ၀တ်ငယ်နှင့် ပြည့်စုံ၏။ တယောက်ကား မိမိမပြုဘဲလျက် ၀တ်ကြီး၀တ်ငယ်ကို မိမိပြုသကဲ့သို့ သင့်ထင်စေ၏။ တရံရောအခါ အရှင်မဟာကဿပသည် ရဟန်းမည်သည် ကား၊ မိမိပြုသည်ကိုသာပြု၏ဟု ဆိုခြင်းအကြောင်း ဆုံးမသည်ကို ရန်ညိုးဖွဲ့၏။တကြိမ်လည်း အရှင်မဟာကဿပဆိုသည်ကို အဆိုးပြု၍ မထေရ်အလုပ်အကျွေးအိမ်၌ ဆွမ်းကိုယူလျက် သုံးဆောင်လတ်သော်၊ မထေရ်သိ၍ မပြုအပ်ကြောင်း ဆုံးမသည်ကို ရန်ညိုးဖွဲ့၍ မထေရ်ဆွမ်းခံ၀င်စဉ် နေရာကျောင်းကို မီးတိုက်ခြင်း၊ အိုးခွက်တို့ကို ခွဲရိုက်ခြင်းဖြင့် ဖျက်ဆီး၍ ပြေးလတ်သော်၊တခုသော အရပ်၌ တကိုယ်လုံး တောက်လောင်သော ရဟန်းပြုဏ္ဏာဖြစ်၍ သေလတ်သော် အဝိစိ၌ဖြစ်လေ၏။

## မသင့်မကင့် နှလုံးသွင်းခြင်းဖြင့် လွန်ကျူးမိသော အကုသိုလ်ကြောင့် ငရဲဘုံ၊ ပြိတ္တာဘုံ တို့၌ ဖြစ်ရသော ကျီးကန်းပြိတ္တာဝတ္ထု

ဝိရုဠှာနိပင် ဖြစ်သော်လည်း မသင့်တင့်သော နှလုံးသွင်းခြင်းဖြင့် လွန်ကျူးမိသော အကုသိုလ်ကြောင့် ငရဲခံရခြင်း၊ ပြိတ္တာဖြစ်ခြင်း သက်သေကား။ ကဿပဘုရား လက်ထက် တရွာသောရွာ၌ မထေရ်တို့ ဆွမ်းခံဝင်သော်၊ အလွန်ကြည်ညို၍ လူအပေါင်းတို့သည် ဆွမ်းစားစရပ်၌ အရှိအသေပြုပြီးသော် တရားတော်ကို နာကြ၏။ နာပြီးသော အဆုံး၌ အထူးထူးသော အရသာဖြင့် သပိတ်ကိုဆောင်ခဲ့ကုန်၏၊ ထိုအခါ ကျီးငှက်တခုသည် ဆွမ်းစားစရပ်အမိုး၌ နား၍ ရေးရှု ဆောင်ခဲ့ကာမျှသာ ဖြစ်သော ဆွမ်းကို နှစ်လုံး-သုံးလုံးယူ၏။ ထိုကျီးငှက်သည် သဃ်ာသို့ ရေးရှု ဆောင်သော ဆွမ်းကို ယူလေသော မကောင်းမှုကိုပြု၍ သေလေသော် အဝီစိ၌ ဖြစ်၏၊ အဝီစိမှ လွတ်သော်လည်း မကောင်းမှု အကျိုးအကြွင်းအားဖြင့် ဂေါတမဘုရားလက်ထက် ဂိဇ္ဈကုဋ်တောင်၌ လျှာငါးယူဇနာရှိသော အလွန်ငတ်မွတ်ခြင်း နှိပ်စက်သော ကျီးကန်းပြိတ္တာ ဖြစ်၏၊

တရံရောအခါ အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏာနှင့်ကြွစဉ် ရေး မကောင်းမှုကို မေးလတ်သော်၊ အရှင်သံဃာအား လက်ရောက် လှူပြီးသည်လည်း မဟုတ်၊ သံဃာတို့ ယူသည်မှ အကြွင်းလည်း မဟုတ်၊ လူတို့ပင် သုံးဆောင်သင့်သေး၏။ စင်စစ်ကား သံဃာကို ရည်ကာမျှသာ ဖြစ်သည်။ ထိုဆွမ်းကို စားဘူးကြောင်း အခြင်းအရာကို အကုန်လျှောက်၏၊ ဤသို့ မေးလျှောက်ခြင်း ဖြစ်သောကြောင့် ကျီးကန်းဖြစ်လျက် တဖန် မကောင်းမှုကို ပြုပြန်လေရကား ဆင်းရဲလှသော ကျီးကန်းပြိတ္တာ ဖြစ်လေ၏။

## မသင့်တင့်သော နှလုံးသွင်းဖြင့် အကုသိုလ်ကို ပွားစေခြင်းကြောင့် ဆင်းရဲကြီးစွာ ရောက်သော လယ်သမားဝတ္ထု

မသင့်တင့်သော နှလုံးသွင်းခြင်းဖြင့် အကုသိုလ်ကိုပွားစေခြင်းကြောင့် ဆင်းရဲကြီးစွာ ရောက်ရာ၌ သက်သေကား၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကိုအမှီပြု၍ အရှင်ပစ္စေကဗုဒ္ဓါအား သင်္ခမ်းဆောက်ပြီးသော်၊ လူအပေါင်းတို့သည် ပန်းနုံ့သာ လက်စွဲလျှက် သွားကြကုန်၏၊ ထိုအခါ လယ်ထွန်ယောကျ်ား တယောက်သည် မိမိလယ်ကိုနင်းနယ်၍သွားကြသည်ကိုတားမြစ်သော်လည်း မနိုင်။ "အရှင်ပစ္စေကဗုဒ္ဓါသည် ဤကျောင်း၌ ရှိ၍သာ လူအပေါင်းတို့ သွားလာနေကြသည်၊ အရှင်ပစ္စေကဗုဒ္ဓါသည် ဤအရပ်၌ နေရာမရှိသည် ဖြစ်သော်။ မနေထိုင်ရာ၊ မနေသော် လူအပေါင်းတို့ မလာရာ" ဟု ယုတ်မာသော နှလုံး သွင်းခြင်းဖြင့် မိုက်မဲသော မောဟာပမာဒကြောင့် ထိုကျောင်းတော်ကို မီးတိုက်လေ၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း ကြွတော်မူလေ၏။ လူအပေါင်းတို့သည် အလှူဒါန မပြုရလေသော် ထိုယောကျ်ား မီးတိုက်ကြောင်းကိုသိ၍ ရိုက်ပုတ်ညှဉ်းဆဲ၍ သေလေသော် အဝီစိငရဲ၌ ဖြစ်လေ၏။ အကျိုးအကြွင်းအားဖြင့် ငါတို့ ဘုရားလက်ထက် ဂိဇ္ဈကုဋ်တောင်၌ နှစ်ဆဲ့ငါးယူဇနာ ရှိသော မြွေပြိတ္တာကြီး ဖြစ်၏။ ဦးခေါင်းက မီးလျှံသည် အမြီးတိုင်အောင် လောင်၏။ အမြီးမှ မီးအလျှံသည် ဦးခေါင်းတိုင်အောင် လောင်၏။ အလယ်မှ မီးအလျှံသည် ဝမ်းကျင်ကိုလောင်၏။ အရှင်မဟာမောဂ္ဂလာန်သည် အကြောင်းကံကို မေးလတ်သော်၊ဆိုပြီးသောနည်းဖြင့်လျှောက်၏။ အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားအား လျှောက်လတ်သော်၊ ရဟန်းတို့ မကောင်းမှု မည်သည်ကား နို့ရည်နှင့် တူ၏။ ပြုသည်ခဏ၌လျှင်ပင် အကျိုးပေးသည်မဟုတ်၊ အကျိုးပေးသော အခါကား ဤသို့သော ဆင်းရဲသို့ ရောက်မြဲတည်းဟု မိန့်တော်မူ၍၊ မကောင်းမှုမည်သည် ပြုသောခဏ၌မကောင်းကျိုးပေးတတ်သည်

မဟုတ်၊ နို့ရည်သည် ညှစ်စဉ် နို့ဝါနီးမဖြစ်၊ ကြာမှ နို့ဝါနီးဖြစ်သကဲ့သို့ ထိုအတူ မကောင်းမှုကို ပြုသောသူမိုက်အား၊ ဒုတိယ-တတိယ အစရှိသော ဘဝတို့၌ မကောင်းကျိုးပေး၍ ကြီးစွာသော ဆင်းရဲအပေါင်းသို့ ရောက်၏။

## မကောင်းမှု၌ နှလုံးသွင်းခြင်း အယောနိသော မနသိကာရ ကြောင့် ပျက်စီးခြင်းသို့ ရောက်သော ဒေဝဒတ်ဝတ္ထု၊

ဘာဝနာ ကမ္မဋ္ဌာန်းကို နှလုံးမသွင်းဘဲ အယောနိသော မနသိကာရကြောင့် ပျက်စီးခြင်း အကြောင်းသို့ ရောက်ဘူးကြောင်း သက်သေကား၊ တရံရောအခါ ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ် ၅၊ ခြောက်ယောက်သော မင်းသားတို့သည် ဥပါလိနှင့်တကွ ထွက်၍ ဘုရားမြတ်စွာအထံ၌ ရဟန်းပြုကြသော်၊ ရှေးကံကောင်းမှုနှင့်လျော်စွာ ဂုဏ်ကျေးဇူးအထူးသို့ ရောက်ကြ၏။ ဒေဝဒတ်လည်း ပုထုဇဉ်တို့၏ တန်ခိုးသို့ရောက်၏။ တရံရောအခါ မြတ်စွာ ဘုရားသည် ကောသမ္ဗီပြည်၌ နေစဉ်၊ တပည့်အပေါင်းနှင့် တကွ အတိုင်း မသိသော လာဘသက္ကာရ ဖြစ်၏။ လူ အပေါင်းတို့သည် အရှင်သာရိပုတ္တရာ မထေရ်ကား အဘယ်မှာနည်း၊ ဤသို့ အစရှိသည်ဖြင့် အသီတိ မဟာသာဝက တို့၏ အမည်ကိုမေးလျက် ပူဇော်လှူဒါန်းကုန်၏၊ အရှင်ဒေဝဒတ် အားကား အမည်ကိုမျှ မေးမည်သူမရှိ။ ထိုသို့ဖြစ်သော် ငါလည်း မင်းမျိုး ရဟန်းပင်တည်း။ ထို မထေရ်တို့လည်း မင်းမျိုး ရဟန်း တည်း။ ဤသို့ စဉ်လျက် ငါ့ကိုကား အမည်မျှ မေးမည်သူ မရှိ၊ ငါလည်း လာဘသက္ကာရကို ဖြစ်စေပြီးသော်၊လာဘ်ပင်နှိပ်ပြီး၍ ရဟန်း သံဃာကို ဆောင်အံ့ဟု စိတ်ဖြစ်၏။ ဖြစ်သည်နှင့် တကွ တခဏ ရုတ်တရက် မြတ်စွာဘုရားအထံသို့သွား၍၊ အရှင်ဘုရား-အရှင်ဘုရားသည် အရွယ်တော်ကြီးပြီ၊ အကျွန်ုပ်အား သင်္ကန်းကို

အပ်နှင်းပါလောဟု ခွင့်တောင်း လတ်သော်၊ မြတ်စွာဘုရားသည် ခြိမ်းမောင်းသော်၊ အခွင့်မရမှ ရန်ညိုးဖွဲ၍ အစဥ်သဖြင့် သံဃာ ဘေဒကကံပြု၍သေလေသော် အဝီစိငရဲ၌ဖြစ်၏။ ထိုအခါ ရဟန်း တို့သည် အရှင်ဘုရား၊ ဒေဝဒတ်သည် အဘယ်မှာ ဖြစ်သနည်းဟု လျှောက်ကုန်၏။ ရဟန်းတို့-အဝီစိ၌ ဖြစ်လေ၏ဟု မိန့်လေ၏။ ထို အခါ ရဟန်းတို့သည်၊ အရှင်ဘုရား- လူပြည်၌လည်း ပူပန်လျက် သေသော်၊ တဖန် ပူပန်ရာ၌ပင် ဖြစ်လေတော့သလောဟု လျှောက် ကုန်သော်၊ ရဟန်းတို့-ဟုတ်၏။ လူဖြစ်စေ,ရဟန်းဖြစ်စေ၊ပမာဒ စာရဖြင့် မွေ့လျော်သော အကျင့် ရှိကုန်မူကား၊ ပစ္စုပ္ပန်သံသရာ ပူပန်ရကုန်သည်သာ တည်းဟု မိန့်တော်မူ၍၊ ရဟန်းတို့ - မမွေ့ မလျော့သော ပမာဒရှိသော လူ,ရဟန်းတို့သည် ပစ္စုပ္ပန်လည်း ပူပန်, သံသရာလည်းပူပန်, အဆက်ဆက်လည်း ပူပန်ရသ လျှင် တည်း။ ထို့ကြောင့် မမွေ့မလျော့ အားထုတ်ကြကုန်။ မွေ့လျော့ ခြင်းကြောင့် လောကီ, လောကုတ္တရာ ချမ်းသာမှ ရှုံးစေ၍ အဝီစိ မီးလျှံထဲသို့ သေမင်းသည် ယူ၍ ချလေ၏။

---

## ယုတ်မာသောအလိုရမ္မက်နှိပ်စက်၍ ပျက်စီးခြင်းသို့ ရောက်သော ဓမ္မကထိကရဟန်း၀တ္ထု

အယောနိသော မနသိကာရဖြင့် ယုတ်မာသော အလိုရမ္မက် နှိပ်စက်၍ မကောင်းသော အကြံရှိသော ဒုဿိလ ပုဂ္ဂိုလ်၏ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရာ၌ သက်သေကား၊ ဘုရား သခင်သည် ကျောင်းမြတ်ဇေတဝန်၌ စံနေတော်မူသော အခါ၊ ၀က်ပြိတ္တာကို အကြောင်းပြု၍ ဝါစာနုရက္ခိ အစရှိသော ဒေသနာကို ဟောတော်မူသည်။တနေ့သ၌ အရှင်မောဂ္ဂလာန်သည် အရှင်လက္ခဏ ထေရ်နှင့် ဂိဇ္ဈကုဋ်တောင်မှ သက်တော်မူသည် ရှိသော် တခုသော အရပ်၌ ပြုံးတော်မူသည်။ ပြုံးကြောင်းကို အရှင်လက္ခဏ မေးလျှောက်သော်၊ ဘုရားသခင် အထံ၌ ငါ့ကို မေးပါဆို၍ ရာဇဂြိုဟ်၌ ဆွမ်းခံပြီးသော် ဇေတဝန်ကျောင်းသို့

သွား၍ ဘုရားကို ရှိခိုးလျက် နေပြီးသော်၊ ထိုရောအခါ အရှင်လက္ခဏ, အရှင်မောဂ္ဂလာန်ကို မေးလျှင်၊ ငါ့ရှင် - လက္ခဏ၊ ပြိတ္တာတခုမြင်၍ ပြုံးသည်။ ထိုပြိတ္တာ၏ ကိုယ်ကား သုံးဂါဝုတ်ရှိသည်။ ထိုပြိတ္တာ၏ ကိုယ်ကား လူနှင့်တူသည်။ ဦးခေါင်းကား ဝက်နှင့်တူသည်။ ဦးခေါင်း၌ အမြီးပေါက်သည်။ အမြီးမှ ပိုးလောက် ယိုကျသည်။ ငါကား-ဤသို့သဘောရှိသော သတ္တဝါကို ဤကိုယ်၏ အဖြစ်၌ ငါမမြင်ဘူးပါ ဆိုသော်၊ ဘုရားသခင်လည်း ရဟန်းတို့-ငါ့သားသည့် မောဂ္ဂလာန်သည် ပညာမျက်စိနှင့် ပြည့်စုံ၏ဟု မိန့်တော်မူ၍၊ ငါသည်း,ဤပြိတ္တာကို ဘုရားဖြစ်တော်မူစကပင် မြင်တော်မူ၏။ အကြင်သူတို့သည် ငါ့စကားကို မယုံကုန်၊ ထိုသူတို့အား အစီးအပွား ပျက်သည်သာဖြစ်၏။ ထိုကြောင့် သူတပါးကို ငါမဟောသေး၊ ယခုအခါမူကား မောဂ္ဂလာန်ကို သက်သေရ၍ ငါဟောတော်မူအံ့၊ ချစ်သားရဟန်းတို့-မောဂ္ဂလာန်သည် အမှန်ကိုသာ ဆိုသည်ဟု မိန့်တော်မူလျှင် ထိုအမိန့်တော်ကို ကြား၍ ရဟန်းတို့သည် ဘုရားသခင်ကို ဖွဲ့နွားတော်လျှောက်ကုန်သည်။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ထိုပြိတ္တာ၏ ရှေးမကောင်းမှုကား၊ အသို့နည်းဟု လျှောက်ကုန်သော်၊ဘုရားသခင်သည် ရဟန်းတို့-ထိုသို့တပြီးကား၊ နာကုန်လော့ဟု မိန့်တော်မူ၍၊ လွန်လေပြီးသောအကြောင်းကို ဆိုတော်မူလျက်၊ ထိုပြိတ္တာ၏ ရှေးမကောင်းမှုကို ဟောတော်မူသည်။ ကဿပဘုရားသခင်လက်ထက်တော်၌ ရွာတရွာတွင် မထေရ်နှစ်ပါး အညီအညွတ်နေကုန်သည်။ ထိုနှစ်ပါးကို့တွင် တပါးကား-ဝါခြောက်ဆယ်ရှိသည်၊ တပါးကား-ဝါငါးဆဲ့ ကိုးဝါရှိသည်။ ထိုအငယ် မထေရ်သည် မထေရ်ကြီး၏ သပိတ်,သင်္ကန်းကို ယူဆောင်၍သွားသည်။ သာမဏေကဲ့သို့ ဝတ်ကြီး,ဝတ်ငယ်ပြုသည်။ ထိုရဟန်းနှစ်ယောက်တို့အား၊ တမိဝမ်းမှနေသော ညီအစ်ကိုကဲ့သို့ချစ်လျက် ပေါင်းဘော်၍နေကုန်စဉ်၊ တရားဟောတတ်သော ဓမ္မကထိက ရဟန်း တယောက် လာ၍ ထိုနေ့ဝယ် တရားနာသောနေ့ဖြစ်၍ မထေရ်နှစ်ပါးတို့သည် ဓမ္မကထိက

ရဟန်းကို သင်္ဂြိုဟ်ဘောက်ပင့်၍ ငါတို့အား တရားဟောပါဟု ဆိုကုန်သည်၊ ထိုဓမ္မကထိကလည်း ဟော၏။ မထေရ်တို့လည်း ဓမ္မကထိကကို ငါတို့ရပေသည်ဟု ဝမ်းမြောက်ကုန်၍ မိုးသောက်သောနေ့၌ ထိုရဟန်းကိုခေါ်လျက် အနီးရွာသို့ ဆွမ်းခံဝင်လေ၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြီးလတ်သော်၊ ငါ့ရှင်-ယမန်နေ့က ဟောသောတရားစကား အနည်းငယ်သာဖြစ်သည်၊ တရားဟောပါဆို၍ လူတို့အား တရားဟောစေသော်၊ လူတို့လည်း တရားစကားကိုကြား၍ နက်ဖြန် အလို့ငှာ ဘိတ်ပြန်ကုန်သည်။ ဤသို့ ထက်ဝန်းကျင်ရွာတို့၌ နှစ်ရက် - သုံးရက်စီ ထိုရဟန်းကိုခေါ်၍ ဆွမ်းခံကုန်သည်။ ဓမ္မကထိကရဟန်းသည် ဤသို့ကြံသည်၊ ဤရဟန်းတို့သည် အလွန်နူးညံ့သောသဘောရှိကုန်၏။ ဤရဟန်းတို့ကို ပြေးစေ၍ ဤကျောင်း၌ ငါနေရသော် ကောင်း၏ဟု ကြံလျက်၊ ထိုဓမ္မကထိကရဟန်းသည် ထိုအခါ မထေရ်ကြီးတို့ကို ဆည်းကပ်အံ့သောငှာ သွားလျက် မထေရ်ရဟန်းတို့ ထ၍ သွားသောအခါ ပြန်၍ မထေရ်ကြီးသို့ ကပ်ပြီးသော် အရှင်ဘုရား စိုးစဉ်း လျှောက် လိုပါသည်ဆိုလျှင် လျှောက်လော့ဟု မထေရ်ကြီးက ဆိုသော်၊ အရှင်ဘုရား အတန်ငယ်ကြံပါဦးမည်။ စကားကြီးလှပါသည်ဆို၍ မလျှောက်ဘဲသွားလေ၏။ မထေရ်ငယ်အထံသို့ကပ်၍ မထေရ်ကြီး နည်းပင်ဆိုသည်၊ ထိုဓမ္မကထိကသည် နှစ်ရက်သောနေ့၌ ထိုအတူ ဆို၍ သုံးရက်မြောက်သောနေ့၌ ထိုရဟန်းတို့၏ ခုတ်ဒုတ်ကျက်ကျက် ကောလာဟလ ဖြစ်ကြလတ်သော်၊ မထေရ်ကြီး ကပ်၍ အရှင်ဘုရား စကားတခွန်းလျှောက်ပါသည်ဆို၍ သုံးရက်မြောက် သောနေ့၌ ထိုသို့ပင်ဖြစ်သော်သည်း ကိုယ်တော်မျက်မှောက်တွင် မလျှောက်ဝံ့ပါဆို၍ မထေရ်လည်း မကြောက်နှင့် လျှောက်သာ လျှောက်လော့ဆို၍ ကြပ်ကြပ်မေးမှ လျှောက်လေသည်။ အရှင်ဘုရား-မထေရ်ငယ်သည် ဤသို့ဆိုပါသည်၊ သင် သူတော်ကောင်း ဖြစ်သည်၊ မထေရ်ကြီးနှင့် သံဘောဂပြုသလော၊ ပြုလျှင်သတိထား၍ပြုပါဟု ဆို၏။ သူတော်ကောင်း-အဘယ့်ကြောင့် ဤစကားကို

ဆိုသနည်း။ တမိဝမ်း၌ နေသော ညီအစ်ကို ကဲ့သို့ ချစ်လျက် ပေါင်းဘော်ကြသည်၊ ငါတို့နှစ်ယောက်၌ တယောက်မှာရလျှင် တယောက်မှာရသည်နှင့် အတူတူပင်၊ ငါတို့သည် ဤမထေရ်ငယ် နှင့် အရှည်ပေါင်းဘက်၍နေသည်။ ကျေးဇူးမဲ့ကို မကြားဘူး-မမြင် ဘူးပါဆို၏။ အရှင်ဘုရား မထေရ်ငယ်ကို မထေရ်ကြီးသည် ဤသို့ ဆို၏။သူတော်ကောင်း-သင်သည် အမျိုးကောင်းသား ဖြစ်သည်။ မထေရ်ငယ်နှင့် သံဘောဂပြုသည်ရှိသော်၊ လဇ္ဇီပေသလဖြစ်မည်- မဖြစ်မည်ကို စုံစမ်း၍ပြုပါ၊ ဤသို့ မထေရ်ကြီးသည် တပည့်တော် လာသောနေ့၌စ၍ မပြတ်ပင် ဆိုပါသည်ဟု လျှောက်လျှင်၊ ထို မထေရ်ငယ်လည်း ထိုစကားကိုကြား၍ အမျက်ထွက်ရကား၊ ဒုတ်, လှံတန်ဖြင့် ရိုက်ခတ်၍ ဒိုးခွက် ခွဲသကဲ့သို့ မေတ္တာ ပျက်လေ၏။ ဝမ္ဗကထိက ရဟန်းလည်း ထ၍ မထေရ်ငယ်အထံသို့ သွားလေ၍ ရှေးအတူသာပြောလေ၏။ မထေရ်ငယ်သည် ထိုစကားကိုကြား၍ မထေရ်ကြီးကဲ့သို့ပင် မေတ္တာပျက်လေ၏။ ထိုမထေရ် နှစ်ပါးတို့ သည် ရှည်လျားစွာသော ကာလပတ်လုံး အသီးသီး ဆွမ်းမခံဘူး သည်မရှိပါလျက်၊မေတ္တာပျက်၍ မိုးသောက်သောနေ့၌ အသီးသီး ဆွမ်းခံဝင်၍ မထေရ်ငယ်လာပြီးမှ ဆွမ်းစားစရပ်၌ တည်လတ် သော်၊ မထေရ်ကြီး နောက်မှလာသည်ကိုမြင်၍ မထေရ်ငယ်သည် ဤသို့ကြံ၏။ သပိတ်,သင်္ကန်းကို ယူဆောင်သော် ကောင်းမည် လော၊ မယူဘဲနေရသော် ကောင်းမည်လောကြံ၍ ငါသည် ဤသို့ သဘောရှိသောအမှုကို ရှေးနည်းမပြုဘူးပါ။ ဝတ်ကိုပျက်စေခြင်း ငှာ မသင့်ဟု စိတ်ကိုနူးညံ့စေ၍ မထေရ်ကြီးသို့ကပ်လျှင်၊ အရှင် ဘုရား-သပိတ်,သင်္ကန်းကို ကြိုဆိုပါမည် ပေးပါဆိုလျှင် မထေရ် ကြီးက ဆုံးမနိုင်ခက်သောငါ့ရှင်၊ သွားလေ။ သပိတ်, သင်္ကန်းကို ကြိုဆိုခြင်းငှာ မသင့်မလျော်ပတ်ပြီဟု လက်ဖြင့် တီးလတ်သော်၊ မထေရ်ငယ်လည်း ကောင်းပါပြီ အရှင်ဘုရား၊ အကျွန်ုပ်လည်း အရှင်ဘုရား-သပိတ်,သင်္ကန်းကို မကြိုဆိုပါလျှင်၊ ငါ့ရှင် သိတင်း ငယ်၊သင်သည် ငါ့ကို ဤကျောင်း၌ တပ်မက်မောခြင်း ရှိသည်ဟု

ထင်မှတ်သလောသဆိုလျှင်၊ မထေရ်ငယ်ကလည်း အရှင်ဘုရားသည် အကျွန်ုပ်ကို ဤကျောင်း၌ မက်မောခြင်းရှိသည် ထင်မှတ်သလော ဆို၍ သပိတ်၊ သင်္ကန်းကိုယူလျက် ကျောင်းမှထွက်လေ၏။ မထေရ်ကြီးလည်း ထိုအတူဆို၍ ကျောင်းမှထွက်လေ၏။ သိုမထေရ်နှစ်ပါးတို့သည် တကြောင်းသောခရီးဖြင့် အတူမသွားလို၍၊ တယောက်ကား အနောက်တံခါး၊ တယောက်ကားအရှေ့တံခါးဖြင့် ထွက်လေသည်။ ဓမ္မကထိကလည်း အရှင်ဘုရားတို့ ဤကဲ့သို့မပြုကြကုန်လင့် ဆိုသော်လည်း မနေ သွားလေ၏။ ထိုဓမ္မကထိကလည်း မိုးသောက်သောနေ့၌ အနီးရွာသို့ ဆွမ်းခံဝင်လတ်သော်၊ လူတို့က အရှင်ဘုရား မထေရ်ကြီးနှစ်ပါး အဘယ်သို့ သွားကြသနည်းဟု မေးလတ်သော်၊ မမေးပါလင့် ဒါယကာတို့ ဆရာနှစ်ပါးသည် ယမန်နေ့က ခိုက်ရန်ဖြစ်ကြကုန်၍ ကျောင်းမှ ထွက်လေပြီ၊ ငါ၊ တောင်းပန်သော်လည်း မပြန်ပါကြဆိုလျှင်၊ ထိုလူအပေါင်းတို့တွင် မိုက်သောသူတို့သည် ဆိတ်ဆိတ်နေကြကုန်၏။ ပညာရှိသော သူတို့သည်ကား၊ ဤမျှလောက်သောကာလပတ်လုံး ငါတို့ဆရာ နှစ်ပါးသည် မည်ကဲ့သို့ မကြားဘူးပါ၊ ချွတ်ချော်ခြင်း မှားယွင်းခြင်းကို မကြားဘူးပါ၊ ငါတို့ဆရာ နှစ်ပါး မသင့်မတင့် ရှိကြသည်ကား ဤရဟန်းကိုမှီ၍ဖြစ်မည်ဟု နှလုံးမသာယာရှိကုန်သည်။ ထိုနှစ်ပါးတို့လည်း ရောက်လေရာရာအရပ်၌ စိတ်ချမ်းသာကိုပင် မရပါဟု မထေရ်ကြီးလည်း ဤသို့ကြံ၏။ သြော်-သိတင်းငယ် ရဟန်း၏အမှုသည် ဝန်လေးစွ၊ ခဏ၌သာမြင်သော အာဂန္တုက ဓမ္မကထိကကို မထေရ်ကြီးနှင့် အတူတကွ သံဘောဂမပြုလင့်ဟု ဆိုလေသည်ဟု ကြံ၏။ မထေရ်ငယ်လည်း ဤသို့ကြံ၏၊ သြော်-မထေရ်ကြီး၏ အမှုသည် ဝန်လေးစွ၊ ခဏ၌မြင်သော အာဂန္တုက ဓမ္မကထိကရဟန်းကို ဤမထေရ်ငယ်နှင့် သံဘောဂ မပြုလင့်ဆိုလေသည်ဟု ကြံ၏။ ထိုမထေရ်နှစ်ပါးတို့အား စာပေသရဇ္ဈာယ်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း အစရှိသည်တို့ကို အသင့်နှစ်လုံးမသွင်းနိုင်။ ထိုမထေရ်နှစ်ပါးတို့သည်အနှစ်တရာလွန်သဖြင့် တချဲသောကျောင်းတိုက်သို့ရောက်

၏။ ထိုရဟန်းနှစ်ပါးတို့လည်း တကျောင်းတည်းသို့ ရောက်ကုန်၏။ မထေရ်ကြီးဝင်၍ ညောင်စောင်း၌ လျောင်းလတ်သော် မထေရ်ငယ် ဝင်လေ၏။ မထေရ်ကြီးလည်း မထေရ်ငယ်ကိုမြင်လျှင် သိ၍ မျက်ရည်တို့ကိုတည်တန့်စေခြင်းငှာမတတ်နိုင်။ မထေရ်ငယ်လည်း မထေရ်ကြီးကိုမြင်လျှင်သိ၍ မျက်ရည်ဖြင့် ပြည့်သော မျက်စိတို့ဖြင့်ငို၍ မထေရ်ကြီးကို ရှိခိုးလျက်၊ အရှင်ဘုရား-တပည့်တော်သည် ဤမျှလောက်သော ကာလပတ်လုံး အရှင်ဘုရား သပိတ်,သင်္ကန်းကို လှမ်းယူ၍ ပြုရပါသည်။ တပည့်တော်အား ကာယဒွါရစသည့်တို့၌ တစုံတခုမျှ ချွတ်ယွင်းသောအပြစ်ကို ပြုသည်ကား အရှင်ဘုရား မြင်ဘူးသလောဟု လျှောက်လျှင် မမြင်ဘူးပေဟု မိန့်တော်မူသော်။ ထိုသို့မမြင်ဘူးပါလျက် ဓမ္မကထိကရဟန်းကို ဤထေရ်ငယ်နှင့် အတူ သံဘောဂ မပြုနှင့်ဟု အဘယ်ကြောင့် မိန့်တော်မူသနည်း လျှောက်လျှင်၊ ငါ့ရှင်-အာဝုနိုပ် ဤသို့မဆိုပါ၊ ငါ့ရှင်လည်း ငါ့အား ဓမ္မကထိက ရဟန်းကို မထေရ်ကြီး နှင့် အတူ သံဘောဂ မပြုလင့်ဟု သင်ဆိုသည်ဟု ဓမ္မကထိက ငါ့ကိုပြောသည်ဆိုသော်၊ တပည့်တော် အရှင်ဘုရားကို မဆိုပါဟု ဆိုလတ်သော်၊ မထေရ်နှစ်ပါးတို့သည် ထိုခဏ၌ ဓမ္မကထိကသည် ငါတို့နှစ်ပါးကို ဖျက်လိုသောကြောင့် ဤသို့ဆိုသည် ဖြစ်မည်ဟူ၍သိ၏။ အချင်းချင်း အပြစ်ကို ကန်တော့၍ မထေရ်နှစ်ပါးတို့သည် အနှစ်တရာပတ်လုံး စိတ်၏ သာယာခြင်းကိုမရ၍ ကိုယ်၌ စိတ်၏သာယာခြင်းကိုရ၍ သမဂ္ဂ ဖြစ်ကြကုန်သော် သွားကုန်အံ့၊ ထိုရဟန်းကို ကျောင်းမှ နှင်ထုတ်ကုန်အံ့ကြံ၍ သွားလေကုန်သော် အစဉ်သဖြင့် ထိုကျောင်းတိုက်သို့ ရောက်ကုန်၏။ ဓမ္မကထိကလည်း မထေရ်ကို မြင်လျှင် သပိတ်,သင်္ကန်းလှမ်းယူခြင်းငှာ ကပ်လေသည် မထေရ်နှစ်ပါးလည်း သင် ဤကျောင်း၌မနေထိုက်ပြီ လက်ဖြင့်တီးကုန်၏။ ဓမ္မကထိကလည်း တည်ရပ်ခြင်းငှာ မတတ်နိုင်၊ ထိုခဏ ၌သာ ကျောင်းမှထွက်၍ ပြေးလေ၏။ ထိုရောအခါ ထိုဓမ္မကထိက ရဟန်း၌ အနှစ်နှစ်သောင်းပတ်လုံး ဖြည့်ကျင့်အပ်သော ရဟန်းတရား

သည် တည်စိမ့်သောငှာမတတ်နိုင်၊ ထိုမှ ရဘောလေလျှင် အဝိစိငရဲ၌ ခံရလေ၏။ ဘုရားတဆူနှင့် တဆူအကြား ကာလပတ်လုံးငရဲခံပြီး၍ ထိုမကောင်းမှု အကြွင်း ဖြင့်သာ ဂိဇ္ဈကုဋ်တောင်၌ဆိုပြီးသော အပြားရှိသော အတ္တဘောဖြင့် ဆင်းရဲခံရလေ၏။

---

## ပီတိကိုခွါ၍ ဝိပဿနာကိုပွားစေခြင်းဖြင့် ရဟန္တာဖြစ်ဘူးသော ဝတ္ထုများ

ပီတိကိုခွါ၍ ဝိပဿနာကို ပွားစေခြင်းဖြင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ မဟာဗောဓိပင်ကို ရှိခိုး အံ့ဟု သမုဒ္ဒရာလယ်သို့ သင်္ဘောစီး၍သွားသော မဟာဂတိဂမိယတိဿမထေရ်သည် မဟာသမုဒ္ဒရာနှင့် ပဋ္ဌာန်းကျမ်းကို နှိုင်းယှဉ်လျှင် ပဋ္ဌာန်းကျမ်း၏ အဖြစ်ကိုမြင်၍ အလွန်လျှင် တရား၌ မွေ့လျော်ခြင်း, နှစ်သက်ခြင်း ပီတိတည်းဟူသော ဓမ္မရတိဖြစ်၏။ ထိုအခါ ထိုပီတိကို ဝိပဿနာဖြင့်ခွါ၍ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်၏။ ၎င်းသက်သေ တဦးကား၊ မဟာကပ္ပိန္နမင်း အစ ရှိသော တသောင်းသော သူတို့သည် ဘောထွက်လာလတ်သော်၊ မြတ်စွာဘုရားသည် ကြားနှင့်၍ ပဉ္စောင်ခင်ရင်း၌ ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်လျက်နေတော်မူ၏။ ထိုရောင်ခြည်တော်ကို မြင်၍ အလွန်နှစ်သက်သောပီတိဖြင့် ဂုဏ်တော်ကို အောက်မေ့သဖြင့် မြစ်သုံးတန်ကို မြင်းဖြင့်စီး၍ ကူးလတ်သော်၊ မြင်းခွါများမျှ ရေမစွတ်မူ၍လာသဖြင့် မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုကြသော် ပီတိကို ဝိပဿနာဖြင့် ခွါ၍ နောက်အဘို့၌ ရဟန္တာအဖြစ်သို့ရောက်၏။ မြတ်စွာဘုရား ကိုယ်တော်ထင်ရှား ရှိတော်မူစဉ်၊ ဝက္ကလိ မည်သော ပုဏ္ဏားသည် မြတ်စွာဘုရား ကိုသာဖူးမြင်ခြင်းဖြင့် ကြည်ညိုလျက်နေ၏၊ သွားလည်းသွား၏၊ ဤသို့သောနည်းဖြင့် အစဉ်အတိုင်း ဘုရား၌ နှစ်သက်ခြင်း ပီတိကို လွန်စွာဖြစ်၍ နောက်အဘို့၌ ပီတိသို့ခွါပြီးသော် ပဋိသမ္ဘိဒါနှင့် တကွရဟန္တာအဖြစ်သို့ ရောက်၏။

## သိချင်းသံကိုစွဲ၍ ပွားစေအပ်သော ဘာဝနာကြောင့် ပစ္စေကဗုဒ္ဓါ ဖြစ်ဘူးသော ဝတ္ထု

သိချင်းသံကိုစွဲ၍ ပွားစေအပ်သော ဘာဝနာကြောင့် ပစ္စေကဗုဒ္ဓါ ဖြစ်ဘူးသော သက်သေကား၊ဘုရားတဆူနှင့် တဆူအကြား သာသနာပ၌တယောက်သောယောကျ်ားသည် သားခုနစ်ယောက်တို့နှင့် အတူ တောမှ လာသည်ရှိသော်၊ မိန်းမတယောက်သည် ကျည်ပွေ့ဖြင့်ဆန်ကို ထောင်းထုစဉ် ငါ၏ကိုယ်သည် အိုခြင်း နှိပ်စက်သော သဘောရှိ၏၊ ညှိုးနွမ်းသော အရေပါး၊အရေထူကို မှီ၍ဖြစ်၏။ဤငါ၏ ကိုယ်သည် သိတတ်သော သေမင်း၏ အနီးသို့ ရောက်သော ပိုးမျိုး၏ လားရာလည်းဖြစ်သောကိုယ်တည်း၊အထူးထူးသော အပုပ်တို့ဖြင့်ပြည့်၏။ ထမင်း၏ တည်ရာလည်း ဖြစ်၏၊ ငှက်ပျောတုံးနှင့်လည်း တူ၏။ ဤသို့သော တရားနှင့် ယှဉ်သော သိချင်းသံကိုကြား၍ သားခုနစ်ယောက်တို့နှင့်တကွ ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။ အိုခြင်း, နာခြင်း, သေခြင်းဖြင့်လျှင် ထင်းခွေ မိန်းမ ကျွန်မစကားပင် ဖြစ်သော်လည်း အကျိုးရှိသည်။ထိုထင်းခွေမိန်းမ ကျွန်မတို့သည် အိုခြင်း, နာခြင်း,သေခြင်း နှိပ်စက်သောစကားကို သိချင်းပြု၍ သိသော်လည်း နာအပ်၏-နားထောင်အပ်၏။

---

## သိချင်းသံကိုစွဲ၍ပွားများသော ဘာဝနာကြောင့် ရဟန္တာဖြစ်သော ဝတ္ထုများ

အိုခြင်း, နာခြင်း, သေခြင်းဖြင့် ထိုစကား၌ ရဟန္တာဖြစ်ဘူးသောသက်သေကား၊သိဟိုဠ်ကျွန်း၌ ခရီးအနီးအပါးတွင် ကောက်ပင်စောင့်သောကျွန်မသည် သိဟိုဠ်ကျွန်းဖြင့် ဇာတိဇရာ, ဗျာဓိ မရဏာနှင့်ယှဉ်သော သိချင်းကို သီ၍ နေသည်၊ ထိုအသံကိုကြားလျှင် ခရီးသွား ဝိပဿနာစီးဖြန်းသော ခြောက်ကျိပ်သောရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏။ ထို့မှတပါး သက်သေတဦးကား၊ ဝိပဿနာကို အားထုတ်သော တိဿအမည်ရှိသော ရဟန်းသည်

ကြာပဒုမ္မာအခိုင်၌ ကြာပွင့်ကိုချိုးနေသော အခါအခါ ကျွန်မ၏ ပွင့်သော ကြာပဒုမ္မာကို နေပူသဖြင့် ညှိုးနွမ်းသကဲ့သို့၊ ထိုအတူ လူ၏ကိုယ်သည်လည်း ဇရာ၏တမန်ဖြင့် ညှိုးနွမ်းလေ၏။ ဤအတူ သိဟိုဠ်ဘာသာဖြင့် သိချင်းသီသောအသံကိုကြား၍ ရဟန္တာဖြစ်လေ၏။

## ဘုရားရှင်ကိုချီးမွမ်းခြင်းဖြင့်ပွားစေအပ်သော ဘာဝနာ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော ထေရ်ဝတ္ထု

ဘုရားကိုချီးမွမ်းခြင်းဖြင့် ပွားစေအပ်သော ဘာဝနာကုသိုလ် ကြောင့် ရဟန္တာ ဖြစ်ဘူးသော သက်သေကား၊ အရှင်ချမ္ဘ သောဘိတမည်သောမထေရ်သည် ဇွေးပဒုမ္မုတ္တိုရ်ဘုရား ဘုရားလက် ထက် ကုလဂေဟ၌ဖြစ်၍ အရွယ်ရောက်လတ်သော်၊ တနေ့သ၌ ဘုရားရှင်ကို ရဟန်းသံဃာနှင့်တကွ ကြွတော်မူသည်ကို မြင်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်လျက်၊ဆယ်ဂါထာဖြင့် ချီးမွမ်းခြင်း ကောင်းမှုကြောင့် လူဘုံ နတ်ဘုံ၌ စည်းစိမ်ကြီးစွာ စံစား၍ ငါတို့ ဘုရား လက်ထက် ပါတလိပုတ်ပြည်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍၊ ယောကျ်ားမြတ်တို့၏ အင်္ဂါလက္ခဏာတို့ဖြင့် အလွန်ချီးမွမ်းဘွယ် တင့်တယ်လှသောကြောင့် သောဘိတဟု အမည်တွင်လေ၏။ ထို သောဘိတသည် ဘုရား ပရိနိဗ္ဗာန် လွန်တော်မူပြီးသော် အရှင် အာနန္ဒာ အထံ၌ ရဟန်းပြု၍ ဆဠဘိညာ ရဟန္တာဖြစ်၏။ရဟန္တာ ဖြစ်ပြီးသော်၊ ပဥ္စမသင်္ဂါယနာတင်အံ့ဟု သံဃာတို့ စည်းဝေးသည် ရှိသော်၊ အရှင်အာနန္ဒာကိုခေါ်ငှာဟု သံဃာတို့ စေသောကြောင့် မြေထဲသို့ငုပ်၍ အရှင် အာနန္ဒာ၏ရှေ့တော်၌ ပေါ်လျက် သံဃာခေါ် ကြောင်းကို ကြားခဲ့ပြီးသော် အရှင်အာနန္ဒာလျှင်ပင် ကောင်းကင် ဖြင့်ပြန်၍ သံဃာစည်းဝေးရာ စရည်းပင်ရောက်သော လိုဏ်တံခါး သို့ ရောက်ပြီးနေနှင့်လေ၏။ ဤသို့ဖြစ်လေတိုင်း မြင်မြင်သမျှတို့ သည် ချီးမွမ်းဘွယ်ဖြစ်သော ကိုယ်အင်္ဂါလက္ခဏာဖြင့် အလွန်တင့် တယ်ခြင်းသည် ပဒုမ္မုတ္တိုရ်ဘုရားရှင်အား ချီးမွမ်းထောပနာ

သော ကောင်းမှုကြောင့် ဖြစ်သတည်း။ ထိုကြောင့် မိမိ၏ တင့်တယ်
လှသော အဆင်းသဏ္ဍာန်နှင့် ပြည့်စုံစွာဖြစ်ခြင်းကို အလိုရှိသော
သူတော်ကောင်းတို့သည် ဂါထာဗန္ဓ စသည်တို့ဖြင့် စွမ်းနိုင်သမျှ
ဘုရားရှင်အား ချီးမွမ်းခြင်းကောင်းမှုကို ပြုကျင့်ရာသည်။

---

## ဗောဓိပင်၌ ပန်းပူဇော်ခြင်း, တံမြက်လှည်းခြင်း ဘာဝနာမယ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော ဝနဝစ္ဆမထေရ်ဝတ္ထု။

ဗောဓိပင်၌ တံမြက်လှည်းခြင်း, ပန်းပူဇော်ခြင်းဖြင့် ပွားစေအပ်သော ဘာဝနာမယကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေကား၊ ရှေးဘုရားတို့၌ ကောင်းမှုပြုပြီးသော် ဒါယကာ တဦးသည် ထိုထိုဘဝ၌ နိဗ္ဗာန်၏အကြောင်း ကုသိုလ်မျိုးစေ့ကို ပျိုး၍ ဝိပဿီဘုရားလက်ထက် ကုလဂေဟာ၌ဖြစ်၍ အရွယ်ရောက်လတ်သော် သူဘပါး အစေအပါးခံလျက် အသက်မွေးသည်ရှိသော်၊ တနေ့သ၌ တစုံတခု အပြစ်ရှိသော အမှုကို ပြုမိ၍ သေဘေးမှ ကြောက်သောကြောင့် ပြေးသည်ရှိသော်၊ ခရီးအကြား၌ ဗောဓိပင်ကိုမြင်၍ ကြည်ညိုသောစိတ်ဖြင့် ထိုဗောဓိပင်ရင်း၌ တံမြက်လှည်းခြင်း, ပန်းပူဇော်ခြင်း, ရှိခိုးခြင်းကိုပြု၍ ဗောဓိပင်သို့ ရှေးရှုထက်ဝယ် ဖွဲ၍နေသည်။ သတ်အံ့ဟု လာသောသူတို့ကို အမျက်မထွက်မူ၍ ဗောဓိပင်ကိုသာ ဆင်ခြင်လျက် အသူတရာရှိသော ကမ္ပါးပြတ်သို့ ဆင်း၍ သေလေ၏။ သေသည်၏ အခြားမဲ့၌ နတ်ပြည်၌ဖြစ်၏။ နောက်နောက်သော ဘဝတို့လည်း အဆင့်ဆင့် ကောင်းမှုပြုလျက် လူဘုံ,နတ်ဘုံတို့၏ စည်းစိမ်ကိုစံစား၍ ငါတို့ဘုရားလက်ထက် ရာဇဂြိုဟ်ပြည်၌ စည်းစိမ်များစွာ ပြည့်စုံသော ပုဏ္ဏားသူကြွယ်သားဖြစ်၍ ဝစ္ဆ ဟူသောအမည်ကိုမှည့်၏။ အရွယ်ရောက်လတ်သော် သာသနာတော်၌ ရဟန်းပြုလေလျှင် မကြာမီ ဆဋ္ဌာဘိညာရဟန္တာဖြစ်၍ ဝနဝစ္ဆမထေရ်ဟု ထင်ရှားစွာဖြစ်၏။

## ဘုရားအာရုံကို ပွားစေခြင်း ဘာဝနာကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော ဘာရဒွါဇမထေရ် ဝတ္ထု။

ဘုရားလျှင် အာရုံရှိသော ပီတိကို ပွားစေခြင်း ဘာဝနာကုသိုလ်ကြောင့် ရဟန္တာဖြစ်ဘူးသော သက်သေ တဦးကား၊ ငါတို့ဘုရား လက်ထက်တွင် ထင်ရှားရှိသော ဘာရဒွါဇ မထေရ်သည် ပဒုမုတ္တိုရ်ဘုရား လက်ထက်တော်ဝယ် ခြင်္သေ့အမျိုး၌ ဖြစ်၍ တောင်ခေါင်း၌နေ၏။ မြတ်စွာဘုရားသည် ထိုခြင်္သေ့အား ချီးမြှောက်တော်မူလိုသည်ဖြစ်၍ ခြင်္သေ့ကျက်စားရာသို့ သွားနေသောအခိုက်၌ ဂူလိုဏ်တွင်းသို့ဝင်၍ နိရောဓသမာပတ်ကို ဝင်စားလျက် နေတော်မူ၏။ ခြင်္သေ့သည် အစာယူ၍ ပြန်လာသော်၊ လိုဏ်တံခါး၌ မြတ်စွာဘုရားကိုမြင်လျှင် အလွန်ရွှင်သည်ဖြစ်၍ ရေပန်းကြည်းပန်းတို့ဖြင့် ပူဇော်၏။ အလွန်ကြည်ညိုလျက် မြတ်စွာဘုရားကို စောင့်ရှောက်ခြင်းငှာ တော၌ သားရဲဘေးရန်တို့ကို ဖယ်စေခြင်းငှာ ခြင်္သေ့သံ ဟောက်လျက် ဘုရား အာရုံ ရှိသော ပီတိဖြင့် တည်၍ ယနေ့နေ၌ကဲ့သို့ ခုနစ်ရက်ပတ်လုံး ပူဇော်၏။ မြတ်စွာဘုရား ခုနစ်ရက်လွန်လတ်သော် နိရောဓသမာပတ်မှထ၍၊ ခြင်္သေ့အား သင်သည် ဥပနိဿယရှိပြီဟု ထိုခြင်္သေ့မြင်စဉ်ပင် ကောင်းကင်ဖြင့် ပြန်၍ ကြွတော်မူ၏။ ထိုခြင်္သေ့သည် ပုလလဲ ဆင်မင်းကဲ့သို့ ဘုရားနှင့်ကင်းခြင်း ဒုက္ခကို သည်းမခံနိုင်၍ သေလေသော်၊ ဟံသာဝတီပြည်ဝယ် မြတ်သောအမျိုး၌ဖြစ်လေ၏။ အရွယ်ရောက်သော် ပြည်သူ ပြည်သားတို့နှင့်တကွ တရားတော်ကို နာသည်ရှိသော်၊ သဒ္ဓါကြည်ညိုလျက် ခုနစ်နှစ်ပတ်လုံး အလှူကြီးပေး၍ အသက်ထက်ဆုံး ကောင်းမှုပြုလျက် သေလွန်သော်၊ နတ်ရွာ၌ဖြစ်၏။ လူပြည်နတ်ပြည် လူးလာ ကြီးစွာသော ချမ်းသာသုခကို စံစား၍ ငါတို့ဘုရားလက်ထက် ကောသမ္ဗီပြည်၌ ဥဒေနမင်း၏ ပုရောဟိတ်ပုဏ္ဏားသားဖြစ်၍ ဘာရဒွါဇဟု မည်၏၊ အရွယ်ရောက်လတ်သော် ဗေဒင်သုံးပုံကို တတ်သဖြင့် ငါးရာသော တပည့်အပေါင်းတို့ကို

သင်၏။ နောက်အဘို့၌ သာသနာတော်ဝယ် ရဟန်းပြုသည်ရှိသော် မကြာမီ ဆဠာဘိညာ ရဟန္တာဖြစ်၍ ဘာရဒွါဇမထေရ်ဟု ထင်ရှားဖြစ်၏။

---

## မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားခြင်းကြောင့် လေးကြိမ် တိုင်အောင် ဘုရားရှင်၏ ချီးမွမ်းခြင်းခံရသော ရက်ကန်းသည်သမီး ဝတ္ထု။

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေ ခြင်းကြောင့်၊ ဘုရား လေးကြိမ် တိုင်အောင် ချီးမွမ်း ခြင်းကို ရရာ၌ သက်သေကား၊ တဆဲ့ ခြောက်နှစ်ရှိသော ရက်ကန်းသည် သမီး တယောက်သည်၊ ပြော်-ဘုရားတို့၏ တရားတော်သည် အံ့ဘွယ်သရဲရှိစွ။ ငါလည်း မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားစေ သည်သာတည်း။ ထိုရောအခါ တနေ့သ၌ ဘုရား သခင်သည်၊ မိုးသောက် ထ၍ လောကကို ကြည့်တော်မူလတ်သော်၊ ကိုယ်တော်၏ ဉာဏ်တော် ကွန်ရက်တွင်းသို့ ဝင်သော သတို့သမီးကို မြင်တော်မူလျှင်၊ ဤသတို့ သမီးသည် သာသနာတော်ကို ကြားသောနေ့မှစ၍ သုံးနှစ်ပတ်လုံး မရဏာ နုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားစေသည်။ ယခုအခါ အာဠဝီပြည်သို့ ကြွတော်မူ၍ ဤသတို့သမီးကို မေးတော် မူသဖြင့် သတို့သမီးဖြေရာ ပြဿနာ လေးပါးကို ကောင်းချီး ပေးတော်မူ၍ ဤဂါထာကို ငါဟောအံ့။ ဤဂါထာ၏ အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လတံ့။ ထိုသတို့သမီးကို မှီ၍၊ ဤဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးရှိလတံ့ သိတော်မူ၏။ ရဟန်း ငါးရာ ခြံရံလျက် ဇေတဝန် ကျောင်းတော်မှ ထွက်တော်မူလေ၏။ အစဉ်သဖြင့် အဂ္ဂါဝ ကျောင်းသို့ ရောက်တော်မူလျှင်၊ အာဠဝီ ပြည်သားတို့သည် ဘုရားသခင်ကြွလာသည်ဟုကြား၍ ကျောင်း သို့ သွားလျက် နေကုန်သော်၊ ထိုရောအခါ သတို့သမီးသည်၊ ဘုရား သခင် ကြွလာတော်မူကြောင်းကြား၍၊ ငါ၏ သခင် – ငါ၏ ဆရာ

ဖြစ်တော်မူသော လဝန်းနှင့်တူစွာ မျက်နှာတော်ရှိသော ဂေါတမဘုရား ကြွလာတော်မူသည်ဟု ဝမ်းမြောက်,ဝမ်းသာဖြင့်၊ ငါသည် ဤနေ့မှ သုံးနှစ်တို့၏ အသက်၌ ရွှေအဆင်းကဲ့သို့ တူစွာ အဆင်း ရှိသော ဘုရားကို ဖူးမြင်ရပေမည်။ ယခုလည်း ဖူးမြင်ရတော့ မသ။ သာယာစွာသော တရားတော်ကို ကြားနာရပေတော့မည် ဟု ကြံ၏။ ထိုသတို့သမီး၏အဘသည်ကား၊ ရက်ကန်း ရက်သော အိမ်သို့ သွားသည်ရှိသော်၊ ချစ်သမီး-ငါ သူတပါးဥစ္စာ ဖြစ်သော ပုဆိုးကို ရက်သည်။ ထိုပုဆိုးတထွာမှ မပြီးကုန်သည်ကို ယနေ့ အပြီးသတ်ရမည်ဖြစ်၍ လျင်စွာ ရက်ဖေါက် ရောက်၍ ဆောင်ခဲ့ ဆိုသည်။ ထိုသတို့သမီးသည် ဤသို့ကြံ၏။ ငါသည် ဘုရားသခင် တရားတော်ကို နာမည်ကြံပါသည်၊ အဘလည်း ငါ့ကို- ဤသို့ ဆိုခဲ့သည်။ ဘုရားတရားတော်ကို နာရအံ့လော၊ သို့မဟုတ်မူကား အဘ ရက်ဖေါက်ကိုရောက်၍ ပို့ဆောင်ရသော် ကောင်းမည်လော ဤသို့ကြံ၏။ ထိုအခါ သတို့သမီးသည် ဤသို့ကြံပြန်၏။ အဘသည် ငါ့ကို-ရက်ဖေါက်ရောက်၍ မဆောင်သည် ရှိသော်၊ ပုတ်ခတ်မူလည်း,ပုတ်ခတ်ရာချေ၏။ ပယ်မူလည်း,ပယ်ရာချေ၏။ ထိုကြောင့် ရက်ဖေါက်ရောက်၍ အဘအား ပေးပြီးမှ တရားနာအံ့ ကြံ၍၊ အင်းပုဉ်၌ နေလျက် ရက်ဖေါက်ရောက်၏။ အာဠဝိပြည်သားတို့သည်၊ ဘုရားသခင်ကို ဆွမ်းကျွေးပြီး၍ သပိတ်တော်ကို ယူပြီးသော် တရားဟောစိမ့်သောငှာ ရပ်နေကုန်၏။ ဘုရားသခင်လည်း အကြင်-သတို့သမီးကိုမှီ၍၊ ယူဇနာသုံးဆယ်သောခရီးကို ကြွတော်မူသည်။ သတို့သမီးလည်း အခွင့်ရသောအခါမှ ငါ တရားဟောမည် ကြံတော်မူ၍ တုဏှိဘာဝ နေ တော် မူ လျှင်၊ ဘုရား သ ခင် ကို နတ်နှင့်တကွသော လူ၌ တစုံတယောက်သောသူမျှ တစုံတခုကို စ၍ဆိုခြင်းငှာမဝံ့၊ မလျှောက်ဝံ့၊ ထိုသတို့သမီးလည်း ရက်ဖေါက် ရောက်၍ တောင်းနှိုထည့်ပြီးမှ အဘထံ သွားလေလျှင်၊ ပရိသတ်တို့၏ အစွန်၌ရပ်လျက် ဘုရားသခင်ကို ကြည့်၍ တည်လေ၏။ ဘုရားသခင်လည်း လည်တော်ကိုမော့၍ သတို့သမီးကိုကြည့်တော်

မူသော် အမှတ်ဖြင့်သိ၏။ ဘုရားသခင်သည် ဤသို့သဘောရှိသော ပရိသတ်အလယ်၌ နေတော်မူ၍ ဤ ငါ့ကို ကြည့်တော်မူသော်၊ ငါ၏ လာခြင်းကို အလိုရှိ၏၊ ကိုယ်တော်၏ အထံသို့၊ ငါ၏ လာခြင်းကို တောင့်တတော်မူ၏၊ ထို သတို့သမီးသည် ရက်ဖေါက်တောင်းကိုထား၍၊ ဘုရား သခင် အထံတော်သို့ ကပ်လေ၏၊ အဘယ်ကြောင့် ဘုရားသခင်သည်၊ ထိုသတို့သမီးကို ကြည့်လေသနည်း၊ ဘုရားသခင်အား ဤသို့အကြိုတော်ဖြစ်သည်၊ သတို့သမီး-ဤအရပ်မှ သွားသည်ရှိသော်၊ ပုထုဇဉ်၏ သေခြင်းဖြင့် သေ၍ မမြဲသောဂတိ ရှိလတံ့၊ ငါ့အထံသို့လာပြီးမှ တရားနာပြီးလျှက် သွားသော်ကား၊ သောတာပတ္တိဖိုလ်သို့ ရောက်၍ ဂတိမြဲသည် ဖြစ်လျက်၊ တုသိတာ နတ်ပြည်၌ ဖြစ်လတံ့။ ထို သတို့သမီးအား ထိုနေ့၌ သေခြင်းမှ မလွတ်လတံ့။ ထိုသတို့သမီးလည်း ဘုရားသခင် ကြည့်တော်မူသောအမှတ်ဖြင့်၊ ဘုရားသခင်ကို ကပ်၍ ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်အတွင်းသို့ ဝင်၍ ရှိခိုးလျက်၊ သင့်တင့်သော အရပ်၌ နေလေ၏၊ ဘုရားသခင်လည်း၊ ဤသို့ သဘောရှိသော ပရိသတ်အလယ်၌ နေလျက်၊ တုဏှိဘာဝ နေတော်မူသည်။ ဘုရားသခင်ကို ရှိခိုး၍ သတို့သမီး တည်သော ခဏ၌သာ သတို့သမီးကိုမိန့်တော်မူသည်။ သတို့သမီး၊ သင်-ဘယ်က လာသနည်း မေးတော်မူလျှင်၊ မသိပါ ဘုရားဟု လျှောက်လတ်သော်၊ သင် - ဘယ်သို့သွားမည်နည်း မေးတော်မူပြန်လျှင်လည်း၊ ဒါယိကာမ - မသိပါဘုရားဟု လျှောက်လတ်သော်၊ သင် - မသိလောဟုမေးတော်မူလျှင်သိပါ၏ဘုရားဟုလျှောက်၏၊ သင်-သိ၏လောမေးတော်မူလျှင်၊မသိပါ၏ ဘုရားဟု လျှောက်၏၊ ဤသို့လျှင် သတို့သမီးကို ဘုရားသခင် ပြဿနာလေးပါးကို မေးတော်မူသည်။ လူအများတို့ သတို့သမီး ကို ကဲ့ရဲ့ကုန်၏။ အချင်းတို့ - သတို့သမီး စကားကို နားထောင်ပါကုန်။ ဤသတို့သမီးသည်ဘုရားသခင်အား မိမိအလိုရှိတိုင်း ပြောဘိသည်။ ဤ သတို့သမီးသည် သင်-ဘယ်က လာသနည်းဟု မေးတော်မူသည်ရှိသော်၊ ရက်ကန်းသည်အိမ်က

လာခဲ့သည် လျှောက်အပ်လျက် မသိပါဟု လျှောက်သည်။ သင်-ဘယ်သို့ သွားအံ့နည်း မေးတော် မူသည်ကိုလည်း ရက်ကန်းရက်သော အိမ်သို့ သွားပါမည် လျှောက်အပ်လျက် မသိပါလျှောက်ဘိသည်ဟု ကဲ့ရဲ့ကုန်၏၊ ဘုရားသခင်လည်း လူအများတို့အသံဆိတ်သည်ရှိ၍။ သတို့သမီး၊ သင်-ဘယ်ကလာသနည်း မေးတော်မူသည့်ရှိသော် မသိပါဘုရား၊ အဘယ်ကြောင့်နည်း မေးတော်မူသော်၊ အရှင်ကိုယ်တော်မြတ် ဘုရားသည်၊ ရက်ကန်းသည်အိမ်က ဒါယိကာမ၊ သင်-ဘယ်ကလာသနည်း မေးတော်မူသည်မှာ အဘယ်ဘဝကလာ၍၊ ဤအိမ်၌ဖြစ်သနည်းမေးတော်မူပါသည်။ အဘယ်ကလာ၍ အဘယ်အိမ်၌ ဖြစ်သည်ကို မသိပါဟု လျှောက်ပေသည် ဆိုသော်၊ ထိုရောအခါ ဘုရားသခင်သည် သတို့သမီးအား သာဓု-သာဓု။ သတို့သမီး-ငါမေးသော ပြဿနာကို ဖြေပေသည်ဟု ရှေးဦးစွာ သာဓုခေါ်ပြီး၍၊ တဖန်မေးပြန်သည်၊ သင်-အဘယ်သို့ သွားမည်နည်း မေးတော်မူသည်ရှိသော်၊ အဘယ်ကြောင့် မသိပါဘုရားဟုမေးတော်မူလျှင် အရှင်ကိုယ်တော်မြတ်ဘုရားသည်၊ ဒါယိကာမ ရက်ဖေါက်တောင်းယူ၍ ရက်ကန်းသည်အိမ်သို့ သွားမည် အသိဖြစ်ပါသည်၊ ဤဘဝမှသွား၍ အဘယ်အရပ်၌ ဖြစ်လေသနည်းဟု မေးတော်မူသည်၊ ဒါယိကာမသည် ဤဘဝမှ စုတေပြီးသော်၊ အဘယ် အရပ်သို့ သွား၍ ဖြစ်မည်ကို မသိသောကြောင့်၊ မသိလျှောက်ပေသည်။ ထိုရောအခါ ဘုရားသည် ငါမေးသောပြဿနာ သင်-ဖြေနိုင်သည်။ နှစ်ကြိမ်မြောက် ကောင်းချီးပေးပြီး၍ တဖန်မေးတော်မူပြန်သည်။ အဘယ်ကြောင့် ငါမေးသည်ကို သိပါ၏ဘုရားလျှောက်သနည်းအမိန့်ရှိသော်၊ ဤဘဝမှ မချအားဖြင့် တဘဝသို့ ပြောင်းသွားရမည်ကို သိသောကြောင့် သိပါ၏ဘုရား လျှောက်ပေသည်။ ထိုရောအခါ သတို့သမီးအား ဘုရားသခင်သည်၊ ငါမေးသော ပြဿနာကို သင် ဖြေနိုင်သည်ဟု မိန့်တော်မူ၍ သုံးကြိမ်မြောက် ကောင်းချီးပေးတော်မူ၏။ ထိုမှ အထက်ကိုမေးပြန်သည်။ အဘယ်ကြောင့် သင် သိ၏လော မေးသော် မသိပါ ဘုရား

လျှောက်သနည်း မေးတော်မူလျှင် အရှင်ဘုရား ဒါယိကာမသည် သေရအံ့သည်ကိုမူကား သိပါ၏။ ညနံနက် အစရှိသည်တို့တွင် အဘယ်အခါ၌ သေရမည်ကို မသိပါဟု လျှောက်ပါသည်ဆိုလျှင် ထိုအခါ သတို့သမီးအား၊ ဘုရားသခင်သည် ငါမေးသောပြဿနာကို သင်ဖြေနိုင်သည်၊ လေးကြိမ်မြောက် ကောင်းချီးပေးတော်မူ၏။

ရခဲခြင်း ဒုလ္လဘတရား ငါးပါးကို နှလုံးထား၍ အလှူပေးခြင်း ဒါန၊ သရဏဂုံပဉ္စသီလ၊ ဒသသီလ ဆောက်တည်ခြင်းဟူသော သီလ၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းစသောဘာဝနာ၊ ဤသို့ ဒါန၊ သီလ၊ ဘာဝနာ တို့ကို နေ့ညမပြတ် ပွားစေကုန်ရာသည်။ ငါးပါးသော ရခဲခြင်း တို့တွင် လူ၏အဖြစ်ကိုလည်းရခဲ၏။ ရခဲသည်ကို အဘယ်သို့ သိရ အံ့နည်းဟူမူကား၊ အဏ္ဏဝါနှင့်မြဟ္ဗတုပြည်နှင့် ငါတို့ လူ့ပြည်မှသည်။ အလွန်ဝေးစွာ၏၊ အထုတ ယူဇနာ အလျားအနံ တယူဇနာရှိသော ကျောက်ဖျာတို့ကို ဗြဟ္မာ့ပြည်က ချလိုက်သည်ရှိသော်၊ လေးနှစ်၊ လေးလ၊ လေးရက်မှ မြေသို့ကြွလာ၏။ ထိုသို့ဝေးစွာသော အရပ် ကသည် အပ်တစင်းကိုချလိုက်အံ့။ လူ့ပြည်ကလည်း အပ်တစင်း ကို မြေ၌ စိုက်၍ထားအံ့။ ထိုအပ်သွားနှစ်ခုသော်ကား၊ အပ်သွားချင်း မချွတ်လျှင် ဆိုင်မိလွယ်၏။ ထိုသို့ ဆိုင်မိခြင်းထက် လူ့အဖြစ်ကို ရခဲ၏။

ရခဲစွာသော လူ၏အဖြစ်ကိုပင် ရပါသော်လည်း ဘုရားဖြစ် သောကာလ၌ ကြုံကြိုက်မည်ကို အလွန်ရခဲ၏။ ထိုသို့ ကြုံခဲ၊ ရခဲ သည်ကို အဘယ်သို့ သိအပ်သနည်းဟူမူကား၊ သုံးနှစ်တိုင်အောင် လွန်လေပြီးသော နွားထမ်းပိုးကြီး ထက်ခြမ်းခွဲ၍ တခြမ်းစီထား သော်၊ထွန်တုံး၊ထမ်းပိုး၊ထမ်းကြီးတို့ကို တခြားစီ၄က်၍ထားသည် ဖြစ်အံ့၊ မိုးသည်းကြီးစွာ ရွာသည်လည်း ဖြစ်အံ့၊ ထို နွားထမ်းပိုး၊ ထွန်တုံး၊ထမ်းပိုးကြီးတို့ကို မိုးရေအဟုန်ဖြင့် ပြင်းစွာလာသော ရေ၌ထိုအရပ်သို့မျောလေကုန်အံ့၊ ဂင်္ဂါမြစ်ကသည်သမုဒ္ဒရာသို့ဝင် လေအံ့၊ ထိုသမုဒ္ဒရာလှိုင်းတံပိုးတို့၏အဟုန်ဖြင့် နွားထမ်းပိုးထက် ခြမ်းခွဲသည် အချင်းချင်း စပ်မိရာ၏။ ထမ်းပိုးကြီး တို့သည်လည်း

ထမ်းပိုးတွင်း၌ လူစွပ်သကဲ့သို့ ဝင်လေရာ၏၊ ထမ်းပိုးကြီးတို့သည်လည်း လူ့ဖွဲ့သကဲ့သို့ ဖြစ်ရာ၏။ အနှစ်တရာ မှသာ တခါ ပေါ်သော ရှင်ဘုရားသည့်သောလိပ်၏ လည်ထက်၌ ထိုထမ်းပိုးကြီး, ထမ်းပိုးကြီး, တွန်တုံး, ထမ်းပိုးတို့သည် က-သကဲ့သို့ သော်ကား ဖြစ်လွယ်၏။ ထိုထက် သာသနာတော်တွင်း၌ တွေ့ကြုံမည့်အရာ အလွန်ခဲယဉ်းလှသည်ဟု မြတ်စွာဘုရားဟောတော်မူ၏၊ ရခဲလှစွာ သောလူ၏အဖြစ်ကို ရပါသော်လည်း ကြုံခဲလှစွာသော ဘုရား သခင် သာသနာတော်၌ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို ရခဲ၏။ သဒ္ဓါတရားနှင့် ပြည့်စုံသော်သည်း ရဟန်းအဖြစ်ကိုရခဲသည်၊ နဝမ ခဏနှင့်ပြည့်စုံမည့် အရာကိုလည်း အလွန်ရခဲသည်၊ ထိုကြောင့် သုတ်သိလက္ခန်အဋ္ဌကထာ၌။

> ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ၊ လောကသ္မိံ မနုဿတ္တပဋိလာဘော ဒုလ္လဘော သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ ပဗ္ဗဇ္ဇာဒုလ္လဘံ သဒ္ဓမ္မဿဝနံ-ဟု လာ၏။

လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်တော်မူသော အခါသည်၊ ဒုလ္လဘော၊ ရခဲ၏။ မနုဿတ္တံ၊ လူ၏အဖြစ်ကို၊ ပဋိလာဘော၊ ရခဲ၏။ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓါနှင့်ပြည့်စုံခြင်းသည်၊ ဒုလ္လဘော၊ ရခဲ၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ ဒုလ္လဘာ၊ ရခဲ၏၊ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကို နာရခြင်းသည်။ ဒုလ္လဘံ၊ ရခဲ၏၊

ရှစ်ပါးသောအရပ်တို့သည် ဈာန်မဂ်ဖိုလ်ရသော အရပ်မဟုတ် သောကြောင့် အရပ်ပြစ်မည်ကုန်၏၊ မဟာကုသိုလ် ရှစ်ခုမှသာ ဖြစ်ကောင်းသောကြောင့် အဋ္ဌက္ခဏမည်ကုန်၏၊ ထိုရှစ်ပါးသော အရပ်တို့၌ဖြစ်သောသူတို့သည် သာသနာတွင်း၌ ဘုရားဖြစ်သော ကာလဝယ် ကြုံပြားပါသော်လည်း ဈာန်မဂ်ဖိုလ်ရသောအကြောင်း ကို ပိတ်ပင်သောကြောင့်၊ နဝမခဏနှင့် ပြည့်စုံသည်မည်၏။ ထို ကြောင့် ဇုဒ္ဓဝင်အဋ္ဌကထာ၌၊

ပစ္စန္တရော အရူပိနော၊ ဝိကလင်္ဂေ အသညဇော၊ မိစ္ဆာဒိဋ္ဌိ တိရစ္ဆာနော ပေတော နေရယိကောပိစ၊ ဣမေ အဋ္ဌက္ခဏာ ဝုတ္တာ၊ ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ-ဟု လာ၏။

ပစ္စန္တရော၊ မဇ္ဈိမဒေသမှ တပါးသော ပစ္စန္တရာဇ် အရပ်၌ ဖြစ်သော်လည်းကောင်း။ အရူပိနော၊ နာမ်သာရှိ၍ ရုပ်မရှိသော အရူပလေးဘုံ၌ ဖြစ်သော်လည်းကောင်း။ ဝိကလင်္ဂေါ၊ အမိဝမ်းတွင်းမှ ကန်းသော, နားပင်းအ့ံသော သူဖြစ်သော်လည်းကောင်း။ အသညဇော၊ ရုပ်သာရှိ၍ နာမ်မရှိသော အသညသတ်ဘုံ၌ ဖြစ်သော်လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိ၊ အယူမှားသောသူ ဖြစ်သော်လည်းကောင်း။ တိရစ္ဆာနော၊ တိရစ္ဆာန်၌ ဖြစ်သော်လည်းကောင်း။ ပေတော၊ ပြိတ္တာဖြစ်သည်လည်းကောင်း။ နေရယိကောပိစ၊ ငရဲရှစ်ထပ်၌ ဖြစ်သော်လည်းကောင်း။ ဣမေ၊ ဤအရပ်တို့သည်။ အဋ္ဌက္ခဏာ၊ အဋ္ဌက္ခဏာဟူ၍၊ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်၊ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ထိုငါးပါးသော ဒုလ္လဘနှင့် ပြည့်စုံငြားသော်လည်း သူတော်ကောင်းတို့တရားကို နာရ,ကြားရမည့်အရာကိုလည်း အလွန်ရခဲ၏၊ သာသနာတော်တွင်း၌ဖြစ်သော ပသာဒကြည်ညိုခြင်း၊ သဒ္ဓါပသန္နနှင့် ပြည့်စုံသည်လည်း ဖြစ်စေ၊ ဘုရားမြတ်စွာကိုလည်းကောင်း၊ တပည့်သားတော်, သံဃာကိုလည်းကောင်း ဖူးတွေ့ရစေ။ ထိုသို့သောအကြောင်းနှင့် ပြည့်စုံမှ တရားတော်ကို နာကြားရသည်၊ သာသနာတော်ပ ဖြစ်သောအခါ၌ကား၊ တပုဒ်,တဂါထာကိုမျှ နာရ,ကြားရမည့်အရာကို အလွန်ရခဲ၏။ ဘုရား,သံဃာ ဟူသောအသံ နာမပညတ်မျှကိုသော်လည်း ကြားရမည့်အရာ အလွန်ခဲခက်၏။

# သာသနာပအခါ၌ တရားနာရခဲကြောင်းကိုပြသော ဓမ္မသုန္ဒရမင်းဝတ္ထု

သာသနာပအခါ တရားနာရခဲသည်၌ သက်သေကား ငါတို့ဘုရားလောင်းတော်ဓမ္မသုန္ဒရမင်းသည် ကဿပ မြတ်စွာဘုရားပရိနိဗ္ဗာန်လွန်တော်မူ၍ သာသနာတော်ကွယ်ပြီးအဆုံး၌ မင်းဖြစ်၏။ တရားသယ်ပါး စောင့်တော်မူ၍ ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန် လွန်လေကုန်ပြီဟူသော စကားမျှကိုကား ကြားတော်မူ၏။ ဘုရားဟောတော်မူသော တရားတော်၌ တပုဒ်, တဂါထာကိုမျှ ဟောတတ်သောသူမရှိ။ ထိုမင်းသည် တနေ့သ၌ တရားတော်ကို နာလို၍ တရားတော်ကို ဟောတတ်သောသူ တစုံတယောက် ရှိလေတန်၏ဟု အသပြာထောင်ထုပ်ကိုဆင်ထက်၌တင်၍ ကဿပ ဘုရား ဟောတော်မူသော တရားတော်ကို ဟောတတ်သောသူ ရှိသော် ငါ့အား ဟောပါကုန်။ ဤအသပြာထောင်ထုပ်ကို ယူပါကုန်ဟူ၍ စည်,ကြေးမောင်းခတ်၍လှည့်၏။ တရားဟောတတ်သောသူ မရှိသောကြောင့် တယောက်သော သူမျှ ငါဟောတတ်၏၊ ဟောမည်ဟုဆိုလျက် ထိုဥစ္စာကို ယူသူတယောက်မျှ မရှိသောကြောင့် နန်းတော်တွင်းသို့ ဆောင်ယူလျက် ဆင်နှင့်တကွ ပြန်လာကုန်၏။ ပြန်လာပြီးသော်လည်း လက်မချသဲ ဤသို့ကြံ၏။ ရတနာသုံးပါးသည် အနန္တဖြစ်သောကြောင့်၊ အတိုးနည်းသေး၍ မဟောသည်ဖြစ်မည်ဟု တနေ့တထောင်တိုး၍ လှည့်ရသည်။ ခုနစ်ရက်တိုင်အောင် ခုနစ်ထောင်နှင့်ရှာ၍ မရမှ၊ သြော်-ငါ မင်းဖြစ်ရခြင်းသည်ကား အနှစ်မရှိသောလက်ပံပင်နှင့်တူ၏။ ဘုရားဟောတော်မူသောတရားတော်ကို တပုဒ်,တဂါထာမျှ မနာရ,မကြားရသဲကို၊ မင်း၏ စည်းစိမ် စံစားရသဖြင့် အဘယ် အကျိုးရှိမည်နည်းဟု မှူးမတ်တို့ကိုခေါ်၍မင်းမှူးမတ်တို့မှုကား၊ ငါရှိသကဲ့သို့ပြည်ရွာအမှုကို စီရင်ကုန်။ ငါမူကား၊ ကဿပ မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို ဟောတတ်သောသူကိုရှာမည်။ တရားတော်ကို မနာရသဲကို-မပြန်ပြီဟု မှူးမတ်တို့အား ပြည်ကိုဆောင်နှင်းခဲ့၍ တကိုယ်

ထည်းသာ နန်းတော်က သက်ခဲ့၍ သွားတော်မူလေ၏။ ဘုရားလောင်း၏ တန်ခိုးအားဖြင့် အလျားယူဇနာခြောက်ဆယ်, အနံယူဇနာငါးဆယ်,အစောက် တဆဲ့ငါးယူဇနာရှိသော လယ်ခေါင်ရမ်းပန်းအဆင်းနှင့်တူသော ဘိုင်းဝါဠမ်းကဲ့သို့ အလွန်နူးညံ့စွာသော သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ခက်ထရော်ရှိသော အခြင်းအရာကို ပြုပေ၏။ အဘယ်အကြောင်းကြောင့် ထိုကျောက်ဖျာသည် ပြင်းထန်ခက်မာရှိသနည်းဟု သိကြားမင်းသည် ကျောက်ဖျာ၌ စောင့်သောနတ်သားကို။ ဟယ်နတ်သား၊ ငါကား-အမှုကိစ္စကို စီရင်သောကြောင့် အခါခပ်သိမ်း မကြည့်ရှုနိုင်။ လူ့ပြည်ဝယ်အလောင်းတော်တို့အား တစုံတခုသော ကြောင့်ကြ,ဗျာပါရရှိလျှင် ငါ့အားပြည့်နပါဟု အမိန့်ရှိပြီးဖြစ်သောကြောင့် ကိစ္စမရှိပြီ၊ မွေ့လျော်ခြင်း ကိုသာ နှလုံးပြုလေသောကြောင့် ဘုရားလောင်းသည် တရားနာခြင်းငှာ မင်း၏စည်းစိမ်ကို စွန့်လျက် နန်းတော်မှထွက်၍တောသို့ ဝင်သည်ကိုသိစေခြင်းငှာ သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာသည် ပြင်းထန်ခက်မာ ရှိအောင် ဘန်ဆင်းပေ၏။ သိကြားမင်းကား-ကျောက်ဖျာဖြင့် တင်းမာသည်ရှိလျှင် အကြောင်းကား အသို့နည်း။ ငါသည် သိကြားအဖြစ်မှ ရွေ့လိုသလော။ ယင်းသို့မဟုတ်မူကား၊ လူ့ပြည်ဝယ် အလောင်းတော်တို့အား ကြောင့်ကြ,ဗျာပါရရှိလေသလောဟု မိမိအာယုသင်္ခါရကိုကြည့်သည်ရှိသော်၊ မကုန်သေးသော အဖြစ်ကိုမြင်၍ လူ့ပြည်သို့ကြည့်ပြန်လေသော်၊ ဘုရားလောင်း ဓမ္မသုန္ဒရမင်းသည် ကဿပဘုရား ဟောတော်မူသော တရားတော်ကိုနာလို၍ ပြည်ကိုစွန့်လျက် တယောက်ထည်းထည်း တောသို့ ဝင်လေသည်ကို မြင်လေ၏။ မြင်ပြီးမှ ငါမသွားဘဲ မနေသင့်ချေဟု အကြံဖြစ်၍ လူ့ပြည်သို့ သက်လာ၏။ မင်းကို အလိုစမ်းလိုသဖြင့် ဘီဓူးဟု သိကြားမင်း၏ အသွင်ကိုစွန့်လျက် ငတ်မွတ်လှစွာ ဘီလူး အသွင် ကို ယူပြီးမှ မင်းကြီးသွားသောခရီး၌ ရင်ဆိုင်ကြို၍ မင်းကြီးရှေ့က ရပ်နှင့်၏။ မင်းကြီးလည်း အပါးသို့ရောက်လျှင်၊ အရှင်မင်းကြီးကား-အခြွေ

အရံမပါဘဲ တယောက် အထည်းထည်း အဘယ်အရပ်သို့ သွားမည်နည်းမေး၏၊ မင်းကြီးလည်း ငါ၏ တိုင်းပြည်ဝယ် ကဿပဘုရားမြတ်စွာ ဟောတော်မူသော တရားတော်ကို ဟောတတ်သောသူကို အသပြာထောင်ထုပ်နှင့် ခုနစ်ရက်တိုင်ရှာ၍မရသောကြောင့်၊ ဟောတတ်သောသူကို ရလိုရငြား ရှာမည်သွားသည်ဟုဆို၏။ ဘီလူးသည်၊ မင်းကြီး ငါ-စိုးစဉ်းမျှ ဟောတတ်၏ဟုဆို၏။ ဟောတတ်သော် ငါ့ကိုဟောပါဟု မင်းကြီးတောင်းပန်၏။ လူဘီးကား၊ မင်းကြီး-ငါသည် ယခုငတ်သည် ဖြစ်သောကြောင့်မဟောနိုင်သေး မင်းကြီး အသားကို စားရစေဦးဟု ဆိုပေ၏။ ဘီလူး-ငါ့အသားကို အလျင်စားဘိသော် ငါ အဘယ်သို့ တရားနာပါရအံ့။ တရားကိုသာ အလျင်ဟောပါဦး၊ ဟော၍အဆုံး၌ငါ့အသားကို စားလေတော့ဟုဆိုပေ၏။ ဘီလူးက ငါ-အသားကိုမစားရဘဲ မဟောတတ်ချေဟုဆိုပြန်၏။ မင်းကြီးကား၊ ဘီလူး-ယင်းသို့သော်ကား၊ ငါလည်း တရားနာရအောင်၊ ဘီလူးသည်လည်း၊ ငါ့အသားကို စားရအံ့သော အကြောင်းကိုသာ ကြံပါတော့ဟုဆိုပေ၏။ ဘီလူးလည်း ကောင်းပြီဟု မင်းကို အလိုစမ်းလို၍၊ မိမိတန်ခိုးဖြင့် အသူတရာ မျှလောက် အစောက်ရှိသောတောင်ကမ်းပါးကို ဘန်ဆင်း၍၊ မင်းကြီးမူကား တောင်ကမ်းပါးထက်သို့တက်လေ၍၊ ခံတွင်းသို့ဆင်းခဲ့၊ ငါမူကား - အောက်ကတရားဟော၍ ပါးစပ်ဖြင့်ခံအံ့ဟု ဆို၏။ ဘုရားလောင်းကလည်းကောင်းပြီ၊ တရားတော်ကိုသဒ္ဓါခြင်းရှိသဖြင့် ထိုကမ်းပါးထက်သို့တက်လေ၏။ ဟောပါတော့ဟု ဆိုလျက် ဆင်းလာ၏။ သိကြားမင်း၏ တန်ခိုးအားဖြင့် မနာမကျင် လက်ပံ့လဲဝါဂွမ်း လွင့်သကဲ့သို့ အသာပင် လွင့်၍ကျလာ၏။ သိကြားကား၊ တရားမဟောဘဲတိတ်တိတ်ပင် လက်ဝါးဖြန့်၍ ခံလင့်၏။ ဘုရားလောင်းကို လက်ဖြင့် ပိုက်လျက် နတ်ပြည်သို့ ပင့်တင်လေ၏။ နတ်ပြည်သို့ရောက်မှဘီလူးမဟုတ် သိကြားမင်းဖြစ်မှန်း သိတော်မူ၏၊

ငါတို့ဘုရားအလောင်းသည် လူ၏ အဖြစ်ဖြင့် နတ်ပြည်သို့ ရောက်လေသည်ကား သုံးဘဝတည်း။ သုံးဘဝ ဟူသော်ကား၊ နေမိမင်းကြီးဖြစ်သောအခါလည်း ကိုယ်တော်တိုင် ရောက်လေ၏။ မန္ဓာတ်မင်းဖြစ်သောအခါလည်း ရောက်လေ၍ တာဝတိံသာကို တဝက်ပေးလေ၏။ သိကြား သုံးကျိပ် ခြောက် ယောက် တို့၏ အသက်ကိုလွန်၍နေ၏။ ဂုတ္တိလ သူမင်းဖြစ်သောအခါ လှူပြည်၌ ဖွေနန်းတော် ဝယ် အနိစ္စသဘောသို့ရောက်၏။ ဤခွေသုန္ဒရမင်း အဖြစ်၌လည်း နတ်ပြည်သို့ရောက်၏။ ဘုရားလောင်းကား နတ်ပြည်သို့ရောက်၍ သိကြားမင်းမှန်း သိလျှင်၊ သိကြားမင်း-ငါ့အား ကဿပဘုရား ဟောတော်မူသောတရားတော်ကို ဟောပါလော့ဟု တောင်းပန်၏၊သိကြားမင်းလည်း ကောင်းပြီဟု တရားဟောပလ္လင် ထက်ဝယ် ဖွဲ့ခွေနေပြီးလျှင်—

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ-ဟု ဟော၏။ ။

မဟာရာဇ၊ မြတ်သောမင်းကြီး၊ သင်္ခါရာ၊ ပြုပြင်တတ်သော အကျိုးတရားတို့သည်၊ အနိစ္စာ၊ အမြဲမရှိကုန်၊ ဝတ၊ စင်စစ်ကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်တတ်ပျက်တတ်သော သဘောရှိကုန်၏၊ ဥပ္ပဇ္ဇိတွာ၊ဖြစ်ပြီး၍၊ နိရုဇ္ဈန္တိ၊ချုပ်တတ်ကုန်၏။ တေသံ၊ထိုသင်္ခါရ တရားတို့၏၊ ဝူပသမော၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်၊ သုခေါ၊ ချမ်းသာလှ၏။

နန်းမတော် မိဖုရားကြီး ဘာဝနာအခွဲအပြားကို ကြည့်ရှုတော်မူ၍ ဗဟုသုတအရာ ပညာပါရမီ ဖြည့်တော်မူခြင်း အကျိုးငှာ၊ ဒါယကာကျည်စိုးကို လျှောက်စေတော်မူသောကြောင့်၊ ဗိမာန် ဘုံကျော်တိုက် ပြာသာဒ်ကျောင်းတွင် သီတင်းသုံးနေသည့် ရှင်-သာရဒဿီ ပြုစီရင်သော ဘာဝနာ အခွဲအပြားကို ဆိုရာ ဆိုကြောင်းဖြစ်သော ဘာဝနာဒီပနီကား၊ ဤတွင်ပြီးပြည့်စုံ၏။

ဘာဝနာဖလုပ္ပတ္တိကျမ်းသည် ဤတွင်ပြီးပြီ။

## ဆုတောင်း

"ဣဒံ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု" ဣဒံပုညံ၊ဤဒါန ဘောဒနီ, သီလဘောဒနီ, ဘာဝနာဘောဒနီကို ရေးသားပြုစု စီရင်သော ကောင်းမှုသည်။ အာသဝက္ခယာ၊ အာသဝေါ လေးပါး၏ ကုန်ရာနိဗ္ဗာန်ကို။ဝဟံ၊ရွက်ဆောင်နိုင်သည်၊ ဟောတု ဖြစ်ပါစေ သတည်း။

## အမျှဝေ

ဣဒံပုညဘာဂံ၊ဤကောင်းမှု၏အဘို့ကို။ မာတာပိတာဒိနဉ္စ၊မိဘ စသော ဂုဏ်ကျေးဇူး အထူးရှိသော ဆရာ အရှင်မြတ်တို့အား လည်းကောင်း၊ဘူမိဿရနဉ္စ၊ရေ,မြေ,ဗိုးရ ဘဝသခင် အရှင် ဧကရာဇ် မင်းမြတ်အားလည်းကောင်း။ အဂ္ဂမဟေသိယာစ၊ အရှင် မိဖုယားကြီးအားလည်းကောင်း။ဥပရာဇာဿစ၊ အိမ်ရှေ့မင်းမြတ် အားလည်းကောင်း။ သေသာ ညာတိနဉ္စ၊ ကြွင်းသော မိဖုယား, သားတော်, မြေးတော်, မြွေတော်, မျိုးတော်တို့အားလည်း ကောင်း။ ဒေဝတာနဉ္စ၊ ကိုယ်စောင့်နတ်, သာသနာတော်စောင့် နတ်,မြို့စောင့်နတ်စသော နတ်ပြဟ္မာတို့အားလည်းကောင်း။ ယာမ ကာဒိနဉ္စ၊ ယမမင်းစသော ငရဲ သတ္တဝါတို့အားလည်ကောင်း။ ဒဒါမိ၊ပေးဝေပါ၏။ သမံ၊အမျှ။ လဘန္တု၊ရကြစေကုန်သတည်း။ မောဒန္တု၊ ဝမ်းမြောက်ကြစေကုန်သတည်း။

---

## နိဂုံး

ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူသည်မှ၊ သာသနာတော် သက္ကရာဇ် မုနိသိန္ဓုကြိမ်မွှာ ၅၃၄-ခု ရောက်သောအခါ၊ဇမ္ဗူဒိပါ ကျွန်း၏ မှန်ကင်းသဘွယ်ဖြစ်သော သုနာပရန္တတိုင်း၏ ဦးစွန်း ကြက်သရေဖြစ်သော၊ အမရပူရ ရွှေမြို့ကြီး တည်းဟူသော ဖွန်းတော်ဖြစ်သော သာသနာတော်ကို ပြုပြုသုတ်သင်တော်မူ ခြင်းဖြစ်သော သာသနဒါယကာ မဟာဓမ္မရာဇာမင်း ဖြစ်တော်မူ

သော ထိုထိုသီးဆောင်း မင်းအပေါင်းတို့၏ တုပ်ဝစ်ရာ ပဏ္ဍာကာယ အထူးဆက်ရောက်ခြင်း၊ ဆင်ဖြူရတနာ ဆက်ရောက်ခြင်း စသည်ဖြင့် ကြီးမြတ်သော ဘုန်းရှိတော်မူသော မဟာဓမ္မရာဇာ တရားမင်းမြတ်၏ စံပျော်တော်မူရာ နေပြည်တော်မှ မြောက်အရပ် မဟာမုနိဘုရားသခင် ကျိန်းဝပ်ရာကျောင်းတော်မှ အရှေ့တောင် ယွန်းတွင် မဟာဓမ္မရာဇာ တရားမင်းမြတ် ထည့်ထားတော်မူအပ် သော မှန်,မှန်ကင်းစသည်ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ် သော မိမာန်ဘုံကျော်တိုက်တော် ပြာသာဒ်ကျောင်းတွင် သီတင်း သုံးနေသော ရှင်သာရဒဿိပုဂ္ဂိုလ်သည် ပြုရ စီရင်အပ်သော ဒါန အခွဲအပြားကို ဆိုရာဆိုကြောင်း၊ သီလအခွဲအပြားကို ဆိုရာဆို ကြောင်း၊ ဘာဝနာအခွဲအပြားကို ဆိုရာဆိုကြောင်း။ ဒါနဘေဒနီ, သီလဘေဒနီ, ဘာဝနာဘေဒနီမည်သော ကျမ်းသည် သက္ကရာဇ် ၁၂၄၀-ပြည့် သီတင်းကျွတ်လဆန်း ၅-ရက်နေ့ သုံးချက်တီးကျော် အချိန် တနင်းလာနေ့၌ ပြီးစီးအောင်မြင်သတည်း။

---

### ဓာတလုံး-ဘုရားတဆူ

တလုံး-တလုံးသော အက္ခရာသည်လည်း ဘုရားတဆူ-တဆူ နှင့် အကြင့်ကြောင့် အလားတူသည်ဖြစ်ရာ၏။ ထိုကြောင့်သာလျှင် ပညာရှိသော ယောကျ်ားမြတ်သည် ဘုရားဟောတော်မူသော ပိဋကတ်သုံးပုံကိုရေးရာ၏၊ သို့မဟုတ် ကူး၍ယူရာ၏၊ ဝယ်၍လည်း ပူဇော်ရာ၏ဟု ဆိုလိုသည်။

ထိုကြောင့်

အက္ခရံ ဧကမေကဥ္စ၊
ဗုဒ္ဓရူပံ သမံ သိယာ။
တသ္မာဟိ ပဏ္ဍိတော ပေါသော၊
လိခေယျ ပိဋကတ္တယံ။ ။ဟု ဆို၏။

နိဗ္ဗာန ပစ္စယော ဟောတု။